# ဖတ်ရှုပါ
# ဆုတောင်းပါ
# ကြီးထွားပါ

## ဇူလိုင်–စက်တင်ဘာ

## ၂၀၂၀

"တရားတော်သည် သင်စောင့်ရှောက်ဘို့ရာ သင်နှင့်
အလွန်နီး၏၊ သင်၏နှုတ်၌၎င်း၊ သင်၏နှလုံး၌၎င်းရှိ၏"

တရား ၃၀း၁၄

ဗုဒ္ဓဟူး၊ ဇူလိုင် (၁)
**တမန် ၁း၁-၄**
လုကာ ၁း၁-၄

*"ရှေ့ဦးစွာမှစ၍ ကိုယ်တိုင်မြင်သောသက်သေဖြစ်လျက်၊ နှုတ်ကပတ်တော်မှုကို ဆောင်ရွက်သောသူတို့သည် . . . ငါတို့အား ကြားပြောသည်. . . "*

# တမန်တော်တို့ပြုသောအမှုများ

တမန်တော်ဝတ္ထုသည် ဒေသန္တရအသင်းတော်အစပြုခြင်းသမိုင်းအကြောင်းဖြစ်ပါသည်။ ဂရိခေါင်းစဉ်၏ အဓိပ္ပါယ်သည် "တမန်တော်တို့ပြုသော အမှုများ" ဟူ၍ ဖြစ်ပါသည်။ ဤကျမ်းသည် ဓမ္မသစ်ကျမ်းဖြစ်သော ခရစ်ဝင်ကျမ်းများနှင့် ဩဝါဒစာစောင်များကို တံတားသဖွယ်ဆက်စပ်ပေးသော သမိုင်းနှင့်ဆိုင်သော ကျမ်းစာဖြစ်ပါသည်။ များစွာသောဓမ္မသစ်ကျမ်းတို့ကို ကျွန်တော်တို့ သဘောပေါက်နားလည်စေခြင်းငှါ ဤကျမ်းကသမိုင်းကြောင်းနောက်ခံကို ဖော်ပြပေးထားပါသည်။ ဤကျမ်းက တပါးအမျိုးသားတို့ထံ သာသနာပြုခြင်းငှါ ဘုရားသခင်ကအသင်းတော်အား တာဝန်ပေးအပ်ကြောင်းကို ရှင်းလင်းစွာဖော်ပြထားပါသည်။

တမန်တော်ဝတ္ထု၏အဓိကအခြေပြုကျမ်းချက်မှာ အခန်းကြီး ၁ အငယ် ၈ ဖြစ်ပါသည် - "ထိုသို့မရှိသော်လည်း၊သင်တို့အပေါ် သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ၊ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏"။ ကားတိုင်ပေါ်၌ အသေသတ်ခံရစဉ် ကြောက်လန့်ထွက်ပြေးခဲ့ကြသော ခရစ်တော်တမန်တော်တို့သည် ခရစ်တော်၏အကြောင်းကို ရဲရင့်စွာ သက်သေခံကြသော၊ သတ္တိရှိသောသူများအဖြစ်သို့ ပြောင်းလဲခဲ့ကြသည်ကို ဤကျမ်း၌ တွေ့ရ၏။ သူတို့သည် ပညာမတတ်သောသူဟု ထင်မှတ်ခြင်းခံကြရသော်လည်း သူတို့ကို ကယ်တင်တော်မူသော ဘုရားသခင်အတွက် ရဲရင့်စွာသက်သေခံခြင်းဖြင့် ဤကမ္ဘာလောကကို ပြောင်းပြန်လှန်ခဲ့ကြ၏။ ခရစ်တော်၌ တည်သော သူတို့၏ယုံကြည်ခြင်းကြောင့် တမျိုးသားတည်းဖြစ်သော ယုဒလူတို့၏ ပြင်းထန်သော ဆန့်ကျင်မှုကို သူတို့သည်ကြံ့ကြံ့ခံခဲ့ကြ၏။

ဤတမန်တော်ဝတ္ထုကို ဤကျမ်း၏ အဓိကပုဂ္ဂိုလ်ဖြစ်သော၊ သန့်ရှင်းသောဝိညာဉ်တော်ပြုတော်မူသောအမှုများဟူ၍လည်း သိကြရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဟူသောအသုံးအနှုန်းကို ၆၆ ကြိမ်တွေ့ရပါသည်။ ဤကျမ်းသည် တမန်တော်တို့အပေါ် သန့်ရှင်းသောဝိညာဉ်တော်ဆင်းကြွလာခြင်းဖြင့် အစပြုခဲ့ပါသည်။ ဤသို့ဖြင့် သူတို့သည်စိတ်သဘောထားကြီးမြတ်လာသည်သာမက၊ မဟာစေခိုင်းချက်အမှုဆောင်ရွက်စုံလင်စေကြခြင်းငှါ ကြီးမြတ်သောတရားဟောဆရာ ဧဝံဂေလိဆရာများဖြစ်လာခဲ့ကြ၏။ တမန်တော်တို့အသက်တာ၌ တွေ့ရသောခရစ်တော်၏ သဏ္ဍာန်တော်နှင့် ခရစ်တော်အဖို့ အသက်စတေးလိုကြခြင်းအရာတို့သည် ထင်ရှားသောသန့်ရှင်းသောဝိညာဉ်တော်၏ အသီးအပွင့်ပင်ဖြစ်ပါသည်။

သင်သည်လည်း ဘုရားသခင်၏ဝိညာဉ်တော်၏ ကျိန်းဝပ်ခြင်းကို ခံရပါသလား။ ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ကယ်တင်ခြင်းကျေးဇူးတော်ကို သင်ခံရပြီးပြီလား။ ထာဝရအသက်ရကြောင်း သေချာပြီးပြီလား။ ယေရှု၏အသက်တာ သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်း အကြောင်းကို သင်ဟောပြောသက်သေခံပါသလား။ ချစ်သောစာဖတ်သူ၊ သင့်ကယ်တင်ခြင်း မသေချာသေးပါက သင့်အပြစ်တို့ကို နောင်တရလျက် ရှင်ပြန်ထမြောက်တော်မူသောခရစ်တော်ကို မိမိ၏သခင် ကယ်တင်ရှင်အဖြစ် သင်လက်ခံယုံကြည်ဖို့လိုပါသည် (ရောမ ၁၀း၉)။

**ဆင်ခြင်ရန်** - ကျွန်တော်အမှန်တကယ်ကယ်တင်ခြင်းရပါသလား။
**ဆုတောင်းချက်** - ကယ်တင်ခြင်းခံရသောကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါ (သို့) ယေရှုအား မိမိ၏သခင်၊ ကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံခြင်းငှါ ဘုရားသခင်၏ မစတော်မူခြင်းကို တောင်းလျှောက်ပါလော့။

ကြာသပတေး၊ ဇူလိုင် (၂)
**တမန် ၁း၁-၈**
မသဲ ၂၈း၁၈-၂၀

*“ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကိုပေးကြလော့”*

# အသင်းတော်နှင့်သာသနာပြုခြင်း

Rev Timothy Tow က တမန်တော်ဝတ္ထုကို “အသင်းတော်ကြီးထွားခြင်းနည်းလမ်း” ဟုခေါ်ခဲ့ပါသည်။ သခင်ယေရှုခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်ဘုံသို့ကြွချီတော်မူခြင်းကို မြင်တွေ့ခဲ့သော ရာဂဏန်းသာရှိသောယုံကြည်သူမှ ရက်အနည်းငယ်အတွင်း ထောင်ဂဏန်းသို့ကြီးထွားခဲ့ပြီး ယနေ့တွင် သန်းပေါင်းများစွာဖြစ်လာခဲ့၏။ လျှို့ဝှက်ချက်ကအဘယ်နည်း။ နည်းလမ်းကအဘယ်နည်း။ တမန်တော်ဝတ္ထုကို ဆုတောင်းခြင်းနှင့်တကွ သေချာလေ့လာခြင်းဖြင့် ဤမေးခွန်းတို့၏ အဖြေကို ကျွန်တော်တို့သိမြင်ဖြေနိုင်ကြပါလိမ့်မည်။

**<u>ကနဦးအသင်းတော်သမိုင်း</u>** ၊ တမန်တော်ဝတ္ထုက မြင်နိုင်သောအသင်းတော်အစပြုခြင်းကို ဖော်ပြလျက်ရှိ၏။ အသင်းတော်သည် ကြီးမြတ်သော၊ ကျော်ကြားသောသူ မဟုတ်ဘဲ ဆင်းရဲသော၊ ပညာမတတ်သော တမန်တော်တို့အားဖြင့် စတင်ခဲ့ပါသည်။ သူတို့သည်အားနည်းသောသူ၊ အတွေ့အကြုံမရင့်ကျက်သောသူ၊ ကြီးမားသောအသင်းတော်တည်ထောင်ခြင်း၌ နည်းလမ်းမရှာဖွေနိုင်သောသူများ ဖြစ်ကြပါသည်။ နာမည်ကျော်ကြားသော ဓမ္မကျမ်းစာသင်ကျောင်းများ၌ ပညာဆည်းပူးခဲ့သောသူများမဟုတ်ကြပါ။ သို့သော်လည်း သူတို့၏ငြင်းပယ်၍မရပါ။ ယနေ့အသင်းတော်များထက် ပို၍ကြီးမြတ်သော အံ့ဖွယ်အကျိုးကို ကနဦးအသင်းတော်၌ တွေ့ခဲ့ရ၏။

<u>သာသနာပြုခြင်းသမိုင်း</u>၊ တမန်တော်ဝတ္ထုထဲတွင် သာသနာပြုခြင်းအမှုအတွက် ဘုရားသခင်၏စေခိုင်းချက်နှင့် တပါးအမျိုးသားတို့အသင်းတော်၌ပါဝင်လာမှုကို တွေ့ရပါသည်။ တမန်တော်တို့သည် စည်းစိမ်၊ ဉစ္စာ၊ ငွေကြေး၌အခြေမခံဘဲ သာသနာအမှုတော်ကို လက်တွေ့စတင်ခဲ့ကြ၏။ ကမ္ဘာတစ်ဝန်းသို့ သတင်းကောင်းဝေငှဟောပြောရင်း ခရီးသွားခဲ့ကြပြီး ကြိုးစားအားထုတ်ခဲ့ကြပါသည်။ အခက်အခဲအန္တရာယ်များကြား၌ ရွက်လွှင့်ခဲ့ကြ၏။ သူတို့၏ယုံကြည်ခြင်းကြောင့် လိုက်လံနှိပ်စက်ခြင်းခံရကြသောအခါ၌ ဆင်းရဲဒုက္ခနှင့် အဆာငတ်ခြင်းတို့ကို ကြုံတွေ့ခံစားခဲ့ကြပါသည်။ သို့သော်လည်း ကြံ့ကြံ့ခံလျက် အခက်အခဲတို့ကို ကျော်ဖြတ်ခဲ့ကြပါသည်။ ညှင်းပန်းနှိပ်စက်ခြင်းခံခဲ့ကြသော်လည်း သစ္စာရှိခဲ့ကြ၏။

ဒေသန္တရအသင်းတော်၌ ယနေ့သင်တတ်ကြွစွာပါဝင်အမှုတော်ဆောင်ရွက်ပါသလား။ သာသနာပြုခြင်း၊ ဧဝံဂေလိတရားဟောခြင်း၌ သင်ပါဝင်ခွင့်ရခဲ့ပါသလား။ သို့မဟုတ် တစ်ပတ်တစ်ခါ ဘုရားကျောင်းသို့လာရောက်ဝတ်ပြုခြင်းသာပြုသော သာမန်အသင်းသားသာ ဖြစ်နေပါသလား။ ခရစ်တော်၌ စစ်မှန်သောယုံကြည်ခြင်းရှိပါလျှင် သင်သည် ခရစ်တော်၏ကိုယ်အင်္ဂါ၌ ပါဝင်သောသူဖြစ်ပါသည် (ဧဖက် ၄း၄-၆)။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ခရစ်တော်၏ကိုယ်၌ တတ်ကြွသောကိုယ်အင်္ဂါဖြစ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ သန့်ရှင်းသူများတည်ဆောက်စရာအတွက်၎င်း၊ သာသနာအမှုတော်နှင့် သတင်းကောင်းဝေငှခြင်းအမှုအတွက်၎င်း၊ ခရစ်တော်၏ကိုယ်၌ တတ်ကြွစွာအမှုတော်ဆောင်ရွက်သောသူဖြစ်ရန် အကျွန်ုပ်အားမစတော်မူပါ။

**တမန်တော် ၁း၁**

၂ တိ ၄း၁၀-၁၁

*"ဒေမသည် ငါ့ကိုစွန့်ပစ်၍. . .*
*လုကာတစ်ယောက်တည်းသာ ငါ့ထံမှာရှိ၏"*

# မှတ်တမ်းတင်ရေးသားသူနှင့်လက်ခံသောသူ

လုကာခရစ်ဝင်ကျမ်းနှင့် တမန်တော်ဝတ္ထုတို့သည် အသီးအခြားရေးသားထားခြင်းမဟုတ်ဘဲ ပုဂ္ဂိုလ်တစ်ဦးက ရေးသားထားသောအတွဲနှစ်တွဲပင်ဖြစ်ပါသည်။ တတိယမြောက်ခရစ်ဝင်ကျမ်းကို ရေးသားသောရှင်လုကာက ထိုသတင်းကောင်း၏နောက်ဆက်တွဲဖြစ်သော ဤတမန်တော်ဝတ္ထုကို ရေးသားခဲ့ခြင်းဖြစ်ပါသည်။

ရေးသားသူ၊ လုကာသည် တမန်တော်ဝတ္ထုကို ရေးသားသောသူဖြစ်၏။ သူသည် သမ္မာကျမ်းစာရေးသားသူတို့တွင် တစ်ဦးတည်းသော တစ်ပါးအမျိုးသားဖြစ်ပါသည်။ Irenaeus က တမန်တော်ဝတ္ထုကို ကိုးကားတိုင်း "ရှင်ပေါလု၏နောက်လိုက်တပည့်တော်လုကာ" ဟု ဖော်ပြလေ့ရှိပါသည်။ ထို့ပြင် "ပေါလု၏လုပ်ဖော်ဆောင်ဖက်ဖြစ်သောလုကာကလည်း သူဟောပြောသောသတင်းကောင်းကို စာအုပ်ထဲ၌မှတ်တမ်းတင်ခဲ့၏" ဟူ၍လည်း ဆိုခဲ့ပါသည်။ လုကာသည် စာရေးဆရာသာမက သမားတော်ဖြစ်ပါ၏ (ကောလောသဲ ၄း၁၄)။ ထို့ပြင် ခရစ်တော်၏ဘဝအကြောင်းကို ရေးသားခဲ့သော သမိုင်းဆရာကြီးဟုလည်း အသိအမှတ်ပြုခြင်းခံခဲ့ရ၏။ အသင်းတော်သမိုင်း၌အလွန်အရေးကြီးသော ကာလ၊ ခရစ်ယာန်စတင်ခြင်းသမိုင်းမှတ်တမ်းကိုလည်း မှတ်တမ်းတင်ရေးသားခဲ့ပါသည်။ သူသည် သတင်းကောင်းသမ္မာတရားကို အမှန်တကယ်ဖော်ပြကာကွယ်ခဲ့သော ခရစ်ယာန်ယုံကြည်ခြင်းကြိုးစားကာကွယ်သူဟု လူများက သတ်မှတ်ခဲ့ကြပါသည်။

လက်ခံသောသူ၊ သော်မိလုသည် လူပုဂ္ဂိုလ်(သို့) "ဘုရားသခင်ကိုချစ်သောသူ" များကို ခေါ်သော ကင်ပွန်းလည်း ဖြစ်နိုင်ပါသည်။ Barnes က "ထူးခြားဆန်းကြယ်သောနာမည်တို့သည် များလှပါ၏။ ထို့ကြောင့်ဤနာမည်သည်လည်း လုကာနှင့်သိကျွမ်းသောလူပုဂ္ဂိုလ်ဖြစ်မည်မှာ သံသယဝင်စရာမလိုပါ" ဟု ဆိုခဲ့၏။ "အလွန်မြတ်သော" ဟူသော ဂရိကင်ပွန်းနာမည်သည် (လုကာ ၁း၃) ဓမ္မသစ်ကျမ်းအခြားသုံးနေရာ၌သာ တွေ့ရပြီး ဖေလစ်နှင့်ဖေတ္တုတို့၏ ရာထူးဂုဏ်ပုဒ်ဖော်ပြခြင်း၌အသုံးပြုခြင်းဖြစ်ပါသည် (တမန် ၂၃း၂၆၊ ၂၄း၂၊ ၂၆း၂၅)။ ဤနာမည်က လူတို့၏အရည်အချင်းမဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်ဦး၏ဂုဏ်ပုဒ်၊ ခရစ်တော်၏နောက်လိုက်ဟုထင်ရသောသူ၊ သင်ယူရသောတရားကို ပို၍သိလိုသောသူကို ရည်ညွှန်းခြင်းဖြစ်မည်ဟု မှတ်ယူရပါသည်။

တမန်တော်ဝတ္ထုကို ကျွန်ုပ်တို့အတွက် ရေးသားမှတ်တမ်းတင်ခြင်းဖြစ်ကြောင်း သင်ယုံကြည်ပါသလား။ သမ္မာကျမ်းစာတစ်ခုလုံးသည် လူ၏စကားမဟုတ်ဘဲ ဘုရားသခင်၏စကားတော်ဖြစ်ကြောင်း သင်သိမှတ်ယုံကြည်ပါသလား။ ဤကျမ်းကို မိမိထံပို့သောစာကဲ့သို့ မှတ်ယူပါလော့။ အစဉ်မပြတ် သတိကြီးစွာဖြင့် ဖတ်ပါလော့။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာကို ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်ဟု ကျွန်တော်လက်ခံပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်တော်တို့ဖတ်၍ကြားသိရသော ကိုယ်တော်၏တရားတော်ကို လူ၏စကားကဲ့သို့မဟုတ်ဘဲ ဘုရားသခင်၏နှုတ်တော်ထွက် သမ္မာတရားဖြစ်သည်ဟု လက်ခံယုံကြည်မည်အကြောင်း မစတော်မူပါ။

စနေ၊ ဇူလိုင် (၄)
**တမန် ၁း၁-၂**
လုကာ ၁၉း၁၀

*"လူသားသည် ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသတည်း"*

# ကျမ်းစာ

Eusebius က လုကာသည် ဓမ္မသစ်ကျမ်းထဲ၌ဘုရားသခင်မှုတ်သွင်းတော်မူသော ကျမ်းနှစ်ကျမ်း၊ ရှင်လုကာခရစ်ဝင်ကျမ်းနှင့် တမန်တော်ဝတ္ထုကို ကျွန်ုပ်တို့အတွက် ချန်ထားခဲ့၏ဟု ဆိုခဲ့ပါသည်။ လုကာသည် တမန်တော်ဝတ္ထုထဲ၌တွေ့ရသော ရှင်ပေါလု၏သာသနာခရီးစဉ်တို့၌ အတူပါရှိသောပေါလု၏ လုပ်ဖော်ဆောင်ဖက်ဖြစ်ပါသည်။ ရှင်လုကာခရစ်ဝင်ကျမ်းနှင့် တမန်တော်ဝတ္ထုတို့သည် တစ်ချိန်တစ်ခါတည်း လူပုဂ္ဂိုလ်မှ ရေးသားထားသော ကျမ်းတွဲနှစ်ကျမ်းဖြစ်ကြောင်း သံသယဝင်စရာမလိုပါ။ ဤကျမ်းနှစ်ကျမ်း၏တူညီသောရည်ရွယ်ချက်မှာ လူတစ်ဦး၏ယုံကြည်ခြင်း အတည်ပြုရန်နှင့် လူတို့ထံဘုရားသခင်၏ဖွင့်ပြတော်မူချက်ဖြစ်သော ခရစ်တော်ပြုသောအမှုတို့ကို သမိုင်းကြောင်းမှတ်တမ်းအားဖြင့် ဖော်ပြခြင်းဖြင့် ဖြစ်ပါသည်။ ဤတမန်တော်ဝတ္ထုက ခရစ်ဝင်ကျမ်းထဲ၌တွေ့ရသော ခရစ်တော်၏ဂတိတော်များမှန်ကန်ကြောင်းကို ပို၍ခိုင်လုံစေခဲ့ပါသည်။ နာဇရက်မြို့သားယေရှုအပေါ် ထားရှိသောသူတို့၏ယုံကြည်ခြင်းသည် လုံးဝသေချာမှန်ကန်ကြောင်းကိုလည်း သက်သေပြလျက်ရှိ၏။

<u>အထက်ကျမ်းစာ</u>၊ လုကာက မိမိရေးသားသောခရစ်ဝင်ကျမ်းထဲ၌ ယေရှု၏ဘဝကိုဖော်ပြခဲ့ပါသည်။ ထို "အထက်ကျမ်းစာ" ထဲတွင် လုကာက ယေရှု၏လူသားဖြစ်ခြင်း၊ တရားမှာတရားဘုရားဖြစ်သကဲ့သို့ တရားမှာတရားလူသားဖြစ်ကြောင်း မျိုးရိုးစဉ်ဆက်အာဒံမှ ဆင်းသက်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ "လူသား" ဟူသော အခေါ်အဝေါ်ကို ရှင်လုကာခရစ်ဝင်ကျမ်းထဲ၌ ထပ်ကာထပ်ကာ တွေ့ရပါသည်။ အဓိကအခြေပြုကျမ်းမူကား လုကာ ၁၉း၁၀ ဖြစ်ပါသည်။ ဤသတင်းကောင်းသည် စိတ်နှလုံးကြေကွဲသောသူ၊ ဆင်းရဲသောသူ၊ နာမကျန်းဖြစ်သောသူ၊ ညှဉ်းဆဲနှိပ်စက်ခြင်းခံရသောသူ၊ ငိုကြွေးသောသူတည်းဟူသော သနားကြင်နာခြင်းလိုအပ်နေသောလူသားအပေါင်းအတွက်ပေတည်း။

<u>ဒုတိယမြောက်ကျမ်း</u>၊ ဤတမန်တော်ဝတ္ထုသည် လုကာရေးသားသောခရစ်ဝင်ကျမ်း၏ ဒုတိယတွဲဟုသတ်မှတ်နိုင်ပါသည်။ အဘယ့်ကြောင့် ဤဒုတိယတွဲလိုအပ်ပါသနည်း။ ဤဒုတိယတွဲတွင် ယေရှုခရစ်တော်၏အသင်းတော်အစပြုခြင်းသမိုင်းကြောင်းကို ဖော်ပြထားပါသည်။ တဖက်တွင် ဤလောကလူသားအပေါင်းအတွက် ယေရှုခရစ်တော်၌တည်သော မိမိ၏ကယ်တင်ခြင်းအစီအစဉ်ကို ဘုရားသခင်ပြည့်စုံစေခြင်းလည်း ဖြစ်ပါသည်။ ". . . ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏ သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။" (တမန် ၁း၈)။ သတင်းကောင်းလိုကောင်းသောအမှုက လိုက်လာခြင်းဖြစ်ပါသည်။ စစ်မှန်သော ယုံကြည်ခြင်းက ကောင်းသောအမှုကို ဖြစ်ပွားစေသကဲ့သို့ ခရစ်တော်၏ဘဝသမိုင်းကြောင်းကို ခရစ်ယာန်အသက်တာသမိုင်းကြောင်းက လိုက်လာရမည်ဖြစ်၏။

ယနေ့သင်၏အသက်တာသည် ခရစ်တော်၌ သင်ခံစားရသောဒုတိယမွေးဖွားခြင်းမှ ဆက်လက်သောအသက်တာဖြစ်ပါသလား။ သင့်ဘဝ၌ဘုရားသခင်၏အမှုတော်ကို သင်ဆက်လက်ဆောင်ရွက်နေပါသလား။ မိမိကိုယ်ကို သင်ဆင်ခြင်ရပါမည် (၂ ကော ၁၃း၅)။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် အသက်ရှင်သောခရစ်ယာန်ဖြစ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်သည် ယုံကြည်ခြင်း၌ တည်သည်မတည်သည်ကို မိမိကိုယ်ကို ဆင်ခြင်မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၅)

**တမန် ၁း၃-၄**

၁ ကော ၂း၁၄-၁၆

*"ထိုလူကို သွန်သင်နိုင်မည်အကြောင်း အဘယ်သူသည် ထာဝရဘုရား၏စိတ်တော်ကို သိသနည်း"*

# ဓနစပ်သေချာသောပြင်ဆင်မှု

ဤကမ္ဘာလောက၌ သခင်ယေရှုအမှုတော်ပြုစဉ် သန့်ရှင်းသောဝိညာဉ်အားဖြင့် ဆောင်ရွက်ခြင်းဖြစ်၏။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူ၌အစဉ်အမြဲပြုလျက်ရှိပါသည်။ လုကာက "ယေရှုသည် ဝိညာဉ်တော်တန်ခိုးနှင့် ဂါလိလဲပြည်သို့ပြန်၍၊ သိတင်းတော်သည် ပတ်ဝန်းကျင်အရပ်တို့၌ အနှံ့အပြားကျော်စောလေ၏" (လုကာ ၄း၁၄) ဟု ရေးထားပါသည်။ ဤသည်ကား ဝိညာဉ်တော်သုံးပါးတစ်ဆူဘုရား၏ တတိယပုဂ္ဂိုလ်ပြုသောအမှုကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ယေရှုက သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဆုံးမဩဝါဒကို ပေးတော်မူ၏။ ထိုနည်းအတိုင်းဘဲ လုကာက ယေရှုခရစ်တော်၏စကားကို ဤသို့ရေးမှတ်ထားပါသည် - "အကြောင်းမူကား၊ ထိုခဏခြင်းတွင်အဘယ်သို့ပြောရမည်ကို သန့်ရှင်းသောဝိညာဉ်တော်သည် အကြံပေးမည်ဟုမိန့်တော်မူ၏" (လုကာ ၁၂း၁၂)။

<u>မှာထားတော်မူခြင်း</u>၊ ဤမှာထားချက်ကို ယေရှုကမိမိရွေးကောက်ခဲ့သောတမန်တော်တို့ထံ ပေးခြင်းဖြစ်ပါသည်။ "တမန်တော်" ဟူသော စကားလုံး၏အဓိပ္ပာယ်သည် မိမိ၏မဟာစေခိုင်းချက်ကို ထမ်းရွက်ကြခြင်းငှါ ယေရှုရွေးကောက်၍ "စေလွှတ်တော်မူသောသူ" ဟူ၍ဖြစ်ပါသည်။ ကမ္ဘာစွန်းတိုင်အောင်စေလွှတ်ခြင်း ခံရသောတပည့်တော်များ၊ ခရစ်တော်၏သာသနာပြုများ ဟုဆိုရပါမည်။ ဤအမှုသည် လွယ်ကူသောအမှုမဟုတ်ပါ။ လုပ်ဆောင်ရမည့်အမှုကျေပွန်နိုင်ခြင်းငှါ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို လိုအပ်ခဲ့ကြ၏။ ထိုမှာထားတော်မူချက်ထဲတွင် ခမည်းတော်ထံမှ ဂတိတော်ကိုစောင့်ခြင်းလည်းပါ၏။ ထိုဂတိတော်သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံတည်းဟူသော တရားဟောခြင်းနှင့် သွန်သင်ခြင်းအမှုအတွက် သူတို့အား ခွန်အားပေးပြုပြင်ခြင်းပင်ဖြစ်ပါသည်။

<u>သက်သေပြခြင်း</u>၊ ယေရှုက မိမိ၏ရှင်ပြန်ထမြောက်တော်မူခြင်းကို ရက်ပေါင်းလေးဆယ်လုံးလုံး မမှားနိုင်သောသက်သေများဖြင့် ပြတော်မူ၏။ ဤသည်ကား တမန်တော်တို့အား မိမိအမှန်တကယ်အသက်ရှင်တော်မူကြောင်း ပြရန်နှင့် သူတို့ဆောင်ရွက်ရမည့်အမှုများ မှာထားတော်မူခြင်းငှါဖြစ်၏။ ထိုသန့်ရှင်းသောအမှုအတွက် စည်းလုံးခြင်းရှိ၍ သူတို့အသက်တာ၌သခင်၏အုပ်စိုးခြင်းကိုခံလျက် သာသနာပြုခြင်းအတွက် စိတ်အားထက်သန်စေရန်ဖြစ်ပါသည်။ ယေရှုက မိမိအသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်အမှုပြုခြင်းကို ပြသတော်မူခဲ့၏။ ထိုသန့်ရှင်းသောဝိညာဉ်တော်တန်ခိုးအားဖြင့် သွန်သင်ခြင်းကိုပြု၍ အုံ့ဖွယ်အမှုပြုတော်မူခဲ့၏။ ထိုနည်းတူ ခရစ်တော်၏တမန်တော်တို့သည်လည်း ပြုကြရပါမည်။ ထိုသန့်ရှင်းသောဝိညာဉ်တော်က သူတို့၏ခက်ခဲသောလမ်းခရီးနှင့် အရပ်၌ကြံ့ကြံ့ခံစေပြီး ခက်ခဲသောလူမျိုးတို့ထံ ဧဝံဂေလိတရားဝေငှါခြင်း၌ ခွန်အားကိုပေးတော်မူလိမ့်မည်။

သင့်ဘဝ၌ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြပို့ဆောင်ခြင်းကို သင်တောင်းလျှောက်ရှာနေပါသလား။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ ထိုဝိညာဉ်တော်၏ ဉာဏ်အလင်းပေးခြင်းကို သင်တောင်းလျှောက်ပါသလား။ ဘုရားသခင်၏နှုတ်ကပတ်တော်သိရှိနားလည်ခြင်းငှါ ဝိညာဉ်တော်၏ဉာဏ်အလင်းကို သင်ကိုးစားပါသလား။ ဘုရားသခင်၏ဝိညာဉ်တော်မပါဘဲ အဘယ်သူမျှ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို သိနားလည်ခြင်းမရှိနိုင်ပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ကျွန်တော်နားလည်သိရှိနိုင်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အရာရာတိုင်းကို မှန်ကန်စွာသိရှိနားလည်ဆန်းစစ်နိုင်မည့်အကြောင်းနှင့် မိန့်တော်မူချက်တို့ကို စုံလင်စွာနာခံလိုက်လျှောက်ခြင်းငှါ အကျွန်ုပ်အား ဝိညာဉ်တော်၏ဉာဏ်အလင်းပေးသနားတော်မူပါ။

တနင်္လာ၊ ဇူလိုင် (၆)

**တမန် ၁း၅**

ယောဟန် ၁၄း၁၆-၁၈

*"ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူ တည်နေ၍၊ သင်တို့၌ ရှိတော်မူသောကြောင့် . . . "*

# ဂတိပေးထားသောဗတ္တိဇံ

များစွာသောယနေ့ခရစ်ယာန်တို့သည် "ဒုတိယ" ဗတ္တိဇံဟု ခေါ်သော၊ ပြောင်းလဲပြီးမှ စစ်မှန်သောယုံကြည်သူဖြစ်ကြောင်း သေချာစေခြင်းအတွေ့အကြုံအဖြစ်အပျက်ကို ကြိုးစားရှာဖွေကြ၏။ ထိုသူတို့က "သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံ ကျွန်တော်ခံရပြီးမှ၊ ထိုဝိညာဉ်တော်၏ သွန်သင်ခြင်းအဆင့်ဆင့်ကိုခံပြီးနောက် အခြားသောဘာသာစကားကို ကျွန်တော်ပြောနိုင်၏ဟု ဆိုကြပါသည်။ သို့သော်လည်း၊ တမန်တော်ဝတ္ထုက သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံကိုဖော်ပြခြင်း မဟုတ်ပါ။ အကြောင်းမှာ ဘုရားသခင်၏ဝိညာဉ်တော်က ဗတ္တိဇံကို ပေးတော်မမူ၊ ခရစ်တော်ကသာ ပေးတော်မူ၏။

ရေဗတ္တိဇံမင်္ဂလာ၊ ဗတ္တိဇံဆရာယောဟန်၏အဓိကတာဝန်သည် မေရှိယကြွလာတော်မူခြင်း အကြောင်း ကြေငြာရန်ဖြစ်ပါသည်။ ယောဟန် ၁း၂၉ ထဲတွင် ယေရှုအား "ဤလောက၏အပြစ်ကို ဆောင်သွားသောဘုရားသခင်၏သိုးသငယ်" ဟုဖော်ပြခဲ့ပါသည်။ ယောဟန်ပေးသောဗတ္တိဇံသည် အပြစ်လွှတ်ခြင်းအတွက် နောင်တရခြင်းနှင့်ဆိုင်သော ဗတ္တိဇံပင်ဖြစ်၏။

သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံ၊ ဂတိတော်မူကား တပည့်တော်တို့အား သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံရကြမည်ဟူ၍ ဖြစ်၏ (တမန် ၁း၅)။ ထိုအမှုသည် ယုံကြည်သူတို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်ခြင်းပင်ဖြစ်ပါသည်။ ဤအဖြစ်အပျက်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းဖြစ်ကြောင်း တမန် ၂း၄ ထဲတွင် ဆက်လက်ရှင်းပြထားပါသည်။

သခင်ယေရှုခရစ်တော်၏တပည့်တော်တို့သည် ယုံကြည်သူဖြစ်ခဲ့ကြပြီဖြစ်သောကြောင့် ဝိညာဉ်တော်ကျိန်းဝပ်ခြင်းကို ခံရခဲ့ကြပြီးဖြစ်ပါသည်။ တမန် ၁း၅ သည် ဒုတိယဗတ္တိဇံ (သို့) ဒုတိယ မင်္ဂလာကဲ့သို့ ထင်မှတ်စရာရှိသော်လည်း၊ ခရစ်တော်၏တပည့်တော်တို့နှင့်ဆိုင်သော ဗတ္တိဇံဖော်ပြချက်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းပင် ဖြစ်ပါသည်။ တမန် ၂း၄ ထဲတွင် သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍ဟု ဖော်ပြထားပါသည်။ "ဤဝိညာဉ်တော်နှင့်ပြည့်ဝခြင်းဟူသော ဗတ္တိဇံသည် ကယ်တင်ခြင်းအတွက်မဟုတ်ဘဲ၊ အမှုတော်ဆောင်ခြင်းအတွက် ဖြစ်ပါသည်" (Khoo)။ သန့်ရှင်းသောဝိညာဉ်တော်စေလွှတ်မည်ဟု ယေရှုခရစ်တော်ဂတိပေးထားခြင်းသည် လူတို့ထံသူတို့ ဟောပြောမည့်သြဝါဒများကို သင်ပြပေးတော်မူရန် ဖြစ်ပါသည်။ ဒုတိယဗတ္တိဇံမဟုတ်ပါ၊ ဝိညာဉ် ဆုကျေးဇူးကို အလွန်အကျွံယုံကြည်သောသူတို့၏ "အခြားသော ဘာသာစကားပြောခြင်း" ဟုခေါ်သော၊ မသိနားမလည်သော၊ မဟုတ်မကရွတ်ဆိုအသံပြုခြင်းလည်းမဟုတ်ပါ။ အမှန်မှာ၊ ခရစ်ယာန်တို့အား အနီးအဝေးအရပ်ရပ်၌ သက်သေခံခြင်းငှါ သန့်ရှင်းသောဝိညာဉ်တော်၏ ခွန်အားပေးခြင်းပင် ဖြစ်ပါသည်။

သခင်ယေရှုခရစ်တော်ကို သင်အမှန်တကယ်ယုံကြည်ခြင်းရှိပါသလား။ ဘုရားသခင်၏ ဝိညာဉ်တော်နှင့် သင်ပြည့်ဝပါသလား။ သူတပါးထံ ယေရှုခရစ်တော်၏ သတင်းကောင်းကို သင်ဟောပြောနိုင်ပါသလား။

**ဆင်ခြင်ရန်** - သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဗတ္တိဇံပေးခြင်းကို ကျွန်တော်ခံရပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏သန့်ရှင်းသောဝိညာဉ်တော်ဖြင့် အကျွန်ုပ်ကိုပြည့်ဝစေတော်မူလျက်၊ ထာဝရအတူရှိစေတော်မူပါ။

အင်္ဂါ၊ ဇူလိုင် (၇)

**တမန် ၁း၆-၇**

လုကာ ၁း၃၂

*"သူ့အဘ ဒါဝိဒ်၏ရာဇပလ္လင်ကို ထာဝရအရှင် ဘုရားသခင်သည် သူ့အားပေးတော်မူမည်"*

---

# ဣသရေလနိုင်ငံတော်

ထာဝရဘုရားက ဒါဝိဒ်အား၍သို့ဂတိပေးတော်မူ၏ " သင်သည်အသက်ကာလစေ့၍ ဘိုးဘေးတို့နှင့်အတူ အိပ်ပျော်သောအခါ သင်၏ရင်သွေး၊ သင်မှဆင်းသက်သော သားကိုငါချီးမြှောက်၍ သူ၏နိုင်ငံကို တည်ထောင်မည်။ ထိုသားသည် ငါ၏နာမအဘို့ အိမ်ကိုဆောက်လိမ့်မည်။ သူထိုင်သောရာဇပလ္လင်ကို အစဉ်အမြဲငါတည်စေမည်။ သင်၏အမျိုးအနွယ်နှင့်၊ သင်၏နိုင်ငံသည် ငါ့ရှေ့မှာ အစဉ်အမြဲတည်လိမ့်မည်။ သင်၏ရာဇပလ္လင်သည်လည်း အစဉ်အမြဲတည်လိမ့်မည်ဟု ငါ့ကျွန်ဒါဝိဒ်အားပြောလော့ဟုမိန့်တော်မူ၏" (၂ ရာ ၇း၁၂-၁၃၊ ၁၆)။

မေးခွန်း၊ တပည့်တော်တို့က ဣသရေလနိုင်ငံတော်သည် အဘယ်အချိန်၌ ပြန်လည်တည်ထောင်ပြုပြင်မည်နည်းဟု မေးခဲ့ကြ၏။ ထိုအခါ သခင်ယေရှုက မကဲ့ရဲ့ခဲ့ပါ၊ အကြောင်းမှာ ဣသရေလနိုင်ငံတော် သူတို့မျှော်လင့်ခြင်းသည် မှန်သောအရာဖြစ်သောကြောင့်တည်း။ Rev Timothy Tow က မဟာစေခိုင်းချက်သည် မပြည့်စုံသေးသောအမှုဖြစ်သည်ဟု ဆိုခဲ့၏။ မိမိ၏နိုင်ငံတော်တည်ထောင်ခြင်းငှါ သခင်ယေရှုခရစ်တော် တဖန်ကြွလာတော်မူသောအခါ ပြည့်စုံခြင်းရှိပါလိမ့်မည်။ ထိုသို့၍ကမ္ဘာမြေကြီးသို့ ယေရှုကြွလာတော်မူသောအခါ၊ ယေရုရှလင်မြို့၌ အဘဒါဝိဒ်၏ ရာဇပလ္လင်ပေါ် တွင်ထိုင်လျက်၊ ၍ကမ္ဘာလောကကို နှစ်ပေါင်းတထောင်အုပ်စိုးတော်မူလိမ့်မည်။

အဖြေ၊ သူတို့သည် ဘယ်အချိန်၌ တည်ထောင်မည်ကိုသိဖို့မလိုပါ၊ သူတို့သိဖို့လိုသည်ကား ထိုနိုင်ငံတော်ကို စောင့်မျှော်စဉ် အဘယ်အမှုပြုရမည်ဟူသောအချက်ပင် ဖြစ်ပါသည်။ "ကိုယ်တော်မိန့်တော်မူသည်ကား၊ သင်၏ အမျိုးအနွယ်ကို အစဉ်မပြတ်ငါမြဲမြံစေမည်။ သင်၏ပလ္လင်ကိုလည်း လူမျိုးအဆက်ဆက်တည်စေမည်ဟု ငါရွေးကောက်သောသူနှင့် ငါသည်ပဋိညာဉ်ဖွဲ့၍၊ ငါ၏ကျွန်ဒါဝိဒ်အား ကျိန်ဆိုခြင်းကိုပြုပြီ။ အကယ်စင်စစ် သူ့ကိုသားဦးအရာ၌ ခန့်ထား၍လောကီရှင်ဘုရင်တို့အပေါ်မှာ ချီးမြှောက်မည်။ ငါ၏ကရုဏာကို သူ့အဘို့ ငါသည်အစဉ်စောင့်၍၊ ငါ၏ ပဋိညာဉ်တရားသည် သူ၌မြဲမြံလိမ့်မည်။ သူ၏အမျိုးအနွယ်ကိုအစဉ်အမြဲတည်စေမည်။ သူ၏ပလ္လင်သည်ကောင်းကင်ကာလကဲ့သို့ နိစ္စထာဝရဖြစ်လိမ့်မည်။ ငါ၏ပဋိညာဉ်တရားကိုလည်း မရှုတ်ချ။ ငါမိန့်မြွက်သောစကားလည်း ဖေါက်ပြန်ခြင်းမရှိရ။ ငါသည်ဒါဝိဒ်ကို မလှည့်စားဟု ငါ၏သန့်ရှင်းခြင်းပါရမီကိုတိုင်တည်၍ တခါကျိန်ဆိုပြီ။ သူ၏အမျိုးအနွယ်သည် အစဉ်အမြဲတည်ရမည်။ သူ၏ပလ္လင်သည်လည်း၊ငါ့ရှေ့၌ နေကဲ့သို့ဖြစ်ရမည်။ လကဲ့သို့၎င်း မိုးကောင်းကင်၌သစ္စာစောင့်သောသက်သေကဲ့သို့၎င်း၊ အစဉ်မြဲမြံရမည်ဟု ကိုယ်တော်သည် မိန့်တော်မူပါပြီ" (ဆာလံ ၈၉း၃-၄၊ ၂၇-၂၉၊ ၃၄-၃၇)။ ထိုသို့ နိုင်ငံတော် တည်ထောင်ခြင်းအမှုကို အမှန်ပြုတော်မူမည်အကြောင်း သေချာသောသက်သေမှုကား ပထမအကြိမ် ကြွလာတော်မူခဲ့ခြင်းပင် ဖြစ်ပါသည်။

၍ကမ္ဘာမြေကြီး၌ တည်ထောင်မည့်ထိုနိုင်ငံတော်၌ သင်ပါဝင်ပါမည်လော။ အဘဒါဝိဒ်၏ ပလ္လင်တော်၌ ထိုင်လျက်အုပ်စိုးခြင်းငှါ ခရစ်တော်ကြွလာတော်မူသောအခါ သူနှင့်အတူ သင်စိုးစံရပါမည်လော။

**ဆင်ခြင်ရန်** - ယေရှုခရစ်တော်အား အကျွန်ုပ်၏ရှင်ဘုရင်၊ သခင်ဖြစ်ကြောင်းကို ကျွန်တော် သိမှတ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ နှစ်တထောင်အုပ်စိုးခြင်း၌ အဘဒါဝိဒ်၏ပလ္လင်ပေါ်၌ ထိုင်ခြင်းငှါ ကိုယ်တော်သတ်မှတ်တော်မူသော သခင်ယေရှုခရစ်တော် ၍ကမ္ဘာကိုအုပ်စိုးသည့်အချိန်အထိ အကျွန်ုပ်ကို ကွယ်ကာစောင့်ရှောက်တော်မူ၏။

ဗုဒ္ဓဟူး၊ ဇူလိုင် (၈)
**တမန် ၁း၈**
မာကု ၁၆း၁၅-၁၆

*“သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့ သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့”*

# စေခိုင်းချက်

တပည့်တော်တို့သည် မဟာစေခိုင်းချက်ကို လက်ခံခဲ့ကြပြီး၊ ထိုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြ၏။ တမန်တော်တို့သည် ဘုရားသခင်၏တန်ခိုးတော်နှင့်နာမတော်အားဖြင့် တရားဟောကြရန် စေခိုင်းခြင်းခံခဲ့ကြပါသည်။ သူတို့သည် သခင်ဘုရား၏သံတမန်အဖြစ် ခန့်အပ်ခြင်းခံရကြသောကြောင့်၊ မိမိ၏ အစွမ်းသတ္တိကို အားမကိုးတော့ဘဲ၊ ဘုရားသခင်၏တန်ခိုးတော်ကို ကိုးစားကြရပါမည်။ ဤသာသနာလုပ်ငန်း၌ သူတို့လိုအပ်သောအရာမှုကား အထက်မှလာသောတန်ခိုးခွန်အားပင် ဖြစ်ပါသည်။

<u>သင်တို့သည် တန်ခိုးကိုခံရကြမည်</u>၊ မိမိ၏တမန်တော်တို့အား တန်ခိုးခွန်အားပေးခြင်းအမှု၌ ဘုရားသခင်၏ကောင်းမြတ်ခြင်းထင်ရှားခဲ့ပါသည်။ သူတို့ကို လူကိုဖမ်းသောတံငါသည်ဖြစ်စေမည်ဟု ဂတိတော်ပေးတော်မူသောသူသည် ဘုရားသခင်ဖြစ်တော်မူ၏ “ခမည်းတော်ထံမှထွက်လာ၍ သမ္မာတရားနှင့်ပြည့်စုံသောဝိညာဉ်တော်တည်းဟူသော ခမည်းတော်ထံမှသင်တို့ဆီသို့ ငါစေလွှတ်လတံ့သော ဥပဇ္ဈာယ်ဆရာသည် ရောက်လာသောအခါ၊ ငါ၏အကြောင်းကိုသက်သေခံလိမ့်မည်။ သင်တို့သည်လည်း ရှေးဦးစွာမှစ၍ ငါနှင့်အတူရှိနေသောကြောင့်သက်သေခံရကြလိမ့်မည်။ တဖန်ယေရှုက သင်တို့၌ ငြိမ်သက်ခြင်းရှိစေသတည်း။ ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသည်နည်းတူ၊ သင်တို့ကိုငါစေလွှတ်တော်မူသည်ဟု မိန့်တော်မူပြီးလျှင်၊ ထိုသူတို့အပေါ်၌မှုတ်လျက်၊ သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ခံကြလော့။ အကြင်သူ၏ အပြစ်ကိုသင်တို့လွှတ်လျှင်၊ ထိုသူသည် အ ပြစ်လွှတ်လျက်ရှိ၏။ အကြင်သူ၏အပြစ်ကိုသင်တို့တည်စေလျှင် ထိုသူသည် အပြစ်တည်လျက်ရှိ၏ ဟုမိန့်တော်မူ၏” (ယောဟန် ၁၅း၂၆-၂၇၊ ၂၀း၂၁-၂၃)။

<u>သင်တို့သည် ငါ၏သက်သေဖြစ်ကြလိမ့်မည်</u>၊ “သက်သေ” ဟူသောဂရိစကားလုံး၏ အဓိပ္ပာယ်၌ မာတုရ ဟူသောအဓိပ္ပာယ်ပါဝင်၏။ မာတုရဆိုသည်မှာ မိမိ၏ယုံကြည်ခြင်းကြောင့် အသေခံသောသူကို ဆိုလို၏။ “ဤသို့ကျမ်းစာလာ၏။ ဤသို့ခရစ်တော်သည် အသေခံ၍သုံးရက်မြောက်သောနေ့၌ သေခြင်းမှထမြောက်ရမည်။ခရစ်တော်၏ အခွင့်အားဖြင့် နောင်တတရားနှင့်အပြစ်လွှတ်ခြင်းတရားကို ယေရုရှလင်မြို့မှစသော လူမျိုးတကာတို့အား ဟောပြောရမည်။ သင်တို့သည်လည်း ဤအကြောင်းအရာတို့၏ သက်သေဖြစ်ကြ၏။ ငါ့ခမည်းတော်၏ ဂတိရှိသည်အတိုင်း သင်တို့၌ ငါပြုဦးမည်။ သို့ဖြစ်၍သင်တို့သည် ကောင်းကင်က တန်ခိုးကိုမခံမီတိုင်အောင် ယေရုရှလင်မြို့၌ နေကြဦးလော့ဟု မိန့်တော်မူ၏” (လုကာ ၂၄း၄၆-၄၉)။

ကိုယ်တော်အတွက်သက်သေခံခြင်းငှါ အကျွန်ုပ်သည် ဘုရားသခင်၏တန်ခိုးခွန်အားပေးခြင်းခံရပါသလား။ သတင်းကောင်းတရားအတွက် မိမိ၏အသက်ကို စတေးခံဝံ့ပါသလား။ အသွေးတော်ဖြင့်ရွေးဝယ်ခြင်းခံရသော ဘုရားသခင်၏သားဖြစ်သည့်အလျှောက် သတင်းကောင်းဟောပြောခြင်းအမှုသည် အကျွန်ုပ်ပြုရမည့်တာဝန်ဖြစ်ကြောင်းကို ကျွန်တော်သိပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏တန်ခိုးတော်အောက်၌ ကျွန်တော်လုံးလုံးလျားလျားဆက်ကပ်ခြင်းရှိပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံအဘ၊ မဟာစေခိုင်းချက်ကို သစ္စာရှိစွာဆောင်ရွက်မည်အကြောင်း၊ သတင်းကောင်းဟောပြောခြင်းငှါ ကိုယ်တော်စေလွှတ်တော်မူသောအရပ်၊ ဘယ်အရပ်မဆို သွားခြင်းငှါ မစတော်မူပါ။

ကြာသပတေး၊ ဇူလိုင် (၉)

**တမန် ၁း၉-၁၁**

၂ ပေ ၃း၈-၉

*"လူအချို့တို့သည် နှေးခြင်းကိုမှတ်သည်အတိုင်း၊ ထာဝရဘုရားသည် ဂတိတော်အရာမှာ နှေးတော်မမူ"*

# မကြာမီကြွလာတော်မူမည်

ဘုရားသခင်နှင့်လူ၏ ခြားနားကွာခြားမှုသည် အလွန်ကြီးလှသည်ဖြစ်သောကြောင့် လူတောထဲသို့ ဘုရားသခင်နှိမ့်ချစွာ ကြွဆင်းလာဖို့လိုအပ်ခြင်းဖြစ်ပါသည်။ ထိုဖန်ဆင်းရှင်ဘုရားနှင့် ဖန်ဆင်းခံလူတို့အကြားရှိအတိုင်း အဆမဲ့ကွာဟမှုကို သခင်ယေရှုခရစ်တော်က ဆက်စပ်ပေးခဲ့ပါသည်။ မိမိလူတို့အား သူတို့အပြစ်မှကယ်တင်ခြင်းကြွလာတော်မူခဲ့သကဲ့သို့၊ သင်နှင့်အကျွန်ုပ်အတွက် နေရာပြင်ဆင်ပေးခြင်းငှါ ခမည်းတော်ထံသို့ကြွသွားတော်မူခဲ့၏။

အထက်သို့ကြွတော်မူခြင်း၊ ကောင်းကင်သို့ ယေရှုကြွတော်မူခြင်းကို ကောင်းကင်တမန်တို့က သက်သေခံခဲ့၏။ ယေရှုသည် တပည့်တော်များ၏အမြင်၌ အထက်သို့ဆောင်ယူခြင်းခံခဲ့ပါသည်။ သူတို့သည် လှည့်ဖြားခြင်းမခံရလေအောင်၊ သူတို့မျက်စိရှေ့၌ ယေရှုအထက်သို့ကြွတော်မူခြင်းဖြစ်ပါသည်။

ပြန်လည်ဆင်းသက်တော်မူမည်၊ တမန် ၁း၁၁ ထဲတွင် ကောင်းကင်တမန်တို့က တပည့်တော်တို့အား "ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ကြွသွားတော်မူသည်နည်းတူ တမန်ကြွလာတော်မူလတ္တံ့" ဟု ပြောဆိုခဲ့၏။ "ဒုတိယအကြိမ်ကြွလာတော်မူသောခရစ်တော်" ဖြစ်သည်ဟု မိမိကိုယ်ကို ကြေငြာသော၊ မှားယွင်းသော ခေါင်းဆောင်များစွာ ယနေ့ရှိကြ၏။ သမ္မာကျမ်းစာကိုမသိ၊ စာတန်၏လူများသာဖြစ်ကြပါသည်။ များစွာသောလူတို့သည် လှည့်ဖြားခြင်းခံရကြ၏။ ဤမှားယွင်းသောခရစ်တော်များ၏ လှည့်ဖြားခြင်းကို သင်မခံရခြင်းငှါကျွန်တောဆုတောင်းပေးပါသည်။ ခရစ်တော်ကိုယ်တိုင်က ဤသို့မိန့်တော်မူသည်မဟုတ်လော " ထိုအခါသူတပါးက၊ ဤအရပ်၌ ခရစ်တော်ရှိသည်၊ ထိုအရပ်၌ရှိသည်ဟု ဆိုသော်လည်း မယုံကြနှင့်။ အကြောင်းမူကား၊ ခရစ်တော်၏ အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပရောဖက်တို့သည်ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင်ကြီးစွာသောနိမိတ်လက္ခဏာ၊အံ့ဘွယ်သောအမှုတို့ကို ပြကြလိမ့်မည်။ ထိုအကြောင်းတို့ကို ငါပြောနှင့်ပြီ" (မဿဲ ၂၄း၂၃-၂၅)။ နှစ်နှစ်ထောင်ကျော်ကျော်လွန်ခဲ့ပြီးဖြစ်ပါသည်၊ လူများတို့သည် ယေရှုတဖန်ကြွလာတော်မူမည့်ဂတိတော်ကို သံသယဝင်နေလျက် ရှိကြ၏။ ရှင်ပေတရုခေတ်၌ပင် ဤသို့ပြောဆိုသော၊ သံသယဝင်သူများရှိကြ၏ - "သခင်ဘုရားကြွလာမည်ဟူသော ဂတိတော်သည် အဘယ်မှာရှိသနည်း။ ဘိုးဘေးများအိပ်ပျော်သည်နောက်၊ ခပ်သိမ်းသော အရာတို့သည် ဖန်ဆင်းစကဖြစ်သကဲ့သို့၊ ဖြစ်မြဲဖြစ်ကြ၏ဟုဆိုလျက် ကဲ့ရဲ့ခြင်းနှင့်တကွပေါ်လာကြလိမ့်မည်။ လူအချို့တို့သည်၊ နှေးခြင်းကို မှတ်သည်အတိုင်း ထာဝရဘုရားသည် ဂတိတော်အရာမှာနှေးတော်မမူ။ ငါတို့တွင် အဘယ်သူမျှမပျက်စီးဘဲ ၊ ရှိသမျှတို့သည်နောင်တရစေခြင်းငှါ အလိုတော်ရှိ၍ ငါတို့ကို သည်းခံတော်မူ၏" (၂ ပေ ၃း၄၊ ၉)။

မကြာမီကြွလာတော်မူမည့်အတွက် သင်အဆင်သင့်ဖြစ်ပြီးလား။ ယေရှုသည် ညအချိန်သူခိုးကဲ့သို့ ကြွလာတော်မူမည်။ ထိုအချိန်ကို မည်သူမျှမသိ၊ ယနေ့လည်းဖြစ်နိုင်၏။

**ဆင်ခြင်ရန်** - ကယ်တင်ရှင်ကို မျက်နှာချင်းဆိုင်မြင်တွေ့ရမည်ကို ကျွန်တော်စောင့်မျှော်နေပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်၏အမှုတော်၌ ကျွန်တော်ပျင်းရိခြင်းမရှိမည်အကြောင်း၊ ပျက်စီးနေသောသူ၊ နောင်တရခြင်းလိုအပ်နေသော သူတို့အပေါ်၌ စိတ်ရှည်သည်းခံခြင်းရှိမည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဇူလိုင် (၁၀)

**တဖန် ၁း၁၂-၁၄**

၁ ယော ၄း၁၁-၁၃

*“ချစ်သူတို့၊ ဘုရားသခင်သည် ငါတို့ကိုဤမျှလောက် ချစ်တော်မူသည်မှန်လျှင်၊ ငါတို့သည်လည်း အချင်းချင်းချစ်ရကြမည်”*

# တညီတညွတ်တည်း

တမန်တော်တို့သည် ထိုသို့စောင့်နေစဉ်၊ အချင်းချင်းကူညီစောင့်ရှောက်ခဲ့ကြ၏။ မိမိ၏အလိုဆန္ဒ၊ ကိုယ်ကျိုးကိုမရှာဖွေကြပါ။ ထိုသို့စောင့်၍နေကြစဉ် ဘုရားသခင်၏နိုင်ငံတော်ကို ကြိုတင်မြည်းစမ်းခဲ့ကြရ၏။ ဘုရားသခင်ကို ချစ်ကြသောကြောင့်၊ ထိုချစ်ခြင်းသည် အချင်းချင်းချစ်ခြင်း၌ ပေါ်လွင်ထင်ရှားခဲ့၏ “ချစ်သူတို့၊ ဘုရားသခင်သည် ငါတို့ကိုဤမျှလောက်ချစ်တော်မူသည်မှန်လျှင်၊ ငါတို့သည်လည်း အချင်းချင်းချစ်ရကြမည်။ ဘုရားသခင်ကို အဘယ်သူမျှမမြင်စဖူး။ သို့သော်လည်း၊ အချင်းချင်းချစ်ကြလျှင် ဘုရားသခင်သည် ငါတို့၌တည်တော်မူ၍၊ ငါတို့သည်ချစ်ခြင်းမေတ္တာတော်နှင့် ပြည့်စုံလျက်ရှိကြ၏။ ဘုရားသခင်သည် ဝိညာဉ်တော်၏ကျေးဇူးကို ငါတို့အားပေးတော်မူသောကြောင့် ငါတို့သည်ဘုရားသခင်၌တည်သည်ကိုဎင်း၊ ဘုရားသခင်သည်ငါတို့၌တည်တော်မူသည်ကိုဎင်းသိရကြ၏” (၁ ယော ၄း၁၁-၁၃)။

<u>အတူတကွ ပြန်လာခဲ့ကြ၏</u>၊ သူတို့သည် မိန့်တော်မူချက်အတိုင်း ယေရုရှလင်မြို့သို့ ပြန်လာခဲ့ကြ၏။ ဥပုသ်နေ့တစ်နေ့ခရီးသည် ၁ ကီလိုမီတာအကွာအဝေးလောက်ဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်၏လမ်းညွှန်ချက်ကို နာခံခြင်းရှိ၍ တညီတညွတ်တည်းအမှုပြုကြ၏။

<u>အတူတကွ တည်းခိုနေကြ၏</u>၊ သူတို့သည် ယာယီနားခို၍ရသောနေရာ၊ အထက်အခန်း၌နေကြ၏။ ယုဒရှင်ကာရုတ်မပါ၊ တဆယ့်တပါးသောတမန်တော်တို့သည် တစုတဝေးတည်းနေကြကြောင်း လုကာကဖော်ပြခဲ့ပါသည်။ ယေရှု၏ကတိတော်စကားကို ယုံကြည်ကိုးစားကြပြီး၊ တလုံးတဝတည်းရှိကြ၏။

သူတို့သည် “တညီတညွတ်တည်း” နေကြ၏ဟုဆိုခြင်းသည် ရည်ရွယ်ချက်စိတ်သဘောထားကွဲပြားခြင်းမရှိဘဲ၊ ညီညွတ်နေခြင်းကို ဆိုလို၏။ ထိုအမှုတွင် ဆုတောင်းပဌနာပြုခြင်းလည်း ပါဝင်ပါသည်။ ယေရှုသည် သူတို့နှင့်အတူတူ မရှိတော့သော်လည်း ဘုရားသခင်၌တည်သောသူတို့၏ ယုံကြည်ကိုးစားခြင်းသည် ပျောက်ကွယ်မသွားခဲ့ပါ။ သခင်ယေရှုကိုယ်တိုင်ထံမှ ဆုတောင်းခြင်း၏ အရေးပါမှုကို သူတို့သင်ယူခဲ့ကြ၏။ “ထိုအရပ်သို့ရောက်တော်မူလျှင်၊ သင်တို့သည် စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း ဆုတောင်းကြလော့ဟုမိန့်တော်မူပြီးမှ၊ သင်တို့သည် အဘယ်ကြောင့် အိပ်ပျော်ကြသနည်း။ ထကြ။ စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း ဆုတောင်းကြလော့ဟု မိန့်တော်မူ၏” (လုကာ ၂၂း၄၀၊ ၄၆)။ ဆုတောင်းခြင်း၌ လိုအပ်သည်ဟု ကျွန်တော်တို့ယူဆသောအရာ တောင်းလျှောက်ခြင်းလည်း ပါဝင်ပါသည်။

အသင်းတော်၌ရှိသော ညီအစ်ကိုတို့နှင့် တညီတညွတ်တည်း သင်နေနိုင်ပါသလား။ သခင်ဘုရား၏အမှုတော်၌ အတူဆောင်ရွက်သောလုပ်ဖော်ဆောင်ဖက်တို့နှင့် သင်မိဿဟာယဖွဲ့နိုင်ပါသလား။

**ဆင်ခြင်ရန်** - ညီအစ်ကိုတို့၏ အားနည်းချက်ကိုကျွန်တော်စိတ်ရှည်သည်းခံနိုင်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အပေါ် ထားရှိသော ကိုယ်တော်၏ချစ်ခြင်းမေတ္တာကြီးမြတ်မှုကို အကျွန်ုပ်အား သဘောပေါက်နားလည်စေတော်မူလျက်၊ အံ့ဖွယ်ချစ်ခြင်းဖြင့် အကျွန်ုပ်ကိုချစ်သကဲ့သို့ သူတပါးကိုကျွန်တော်ချစ်နိုင်မည်အကြောင်း ချစ်ခြင်းစိတ်နှလုံးအကျွန်ုပ်အား ပေးသနားတော်မူပါ။

စနေ၊ ဇူလိုင် (၁၁)
**တမန် ၁း၁၅-၂၀**
မသဲ ၁၉း၂၈

*"... သင်တို့သည် တဆယ်နှစ်ခုသော ပလ္လင်ပေါ်မှာ ထိုင်လျက်၊ ဣသရေလလူတဆယ်နှစ်မျိုးကို စစ်ကြောစီရင်ရကြလတံ့"*

# ကျမ်းစာအုပ်စုံလင်ပြည့်စုံခြင်း

ယုဒနှင့်ဆိုင်သောကျမ်းစာချက်ပထမဆုံးသည် တပည့်တော်အဖြစ် ခန့်အပ်ခြင်းအကြောင်း ပင်ဖြစ်ပါသည် (မသဲ ၁၀း၄၊ မာကု ၃း၁၉၊ လုကာ ၆း၁၆)။ တပည့်တော်ဖြစ်သောကြောင့် ခရစ်တော် အထူးရွေးကောက်သော တမန်တော်တို့ထဲတွင် တဦးဖြစ်ပါသည်။ သူသည် တမန်တော်တပါးဖြစ် သောကြောင့် တပည့်တော်များစွာထဲမှအထူးရွေးကောက်ခြင်း ခံရသောသူ၊ သခင်ယေရှုနှင့်အမြဲ အတူ နေခြင်းငှါဌင်း၊ ဘုရားသခင်၏နိုင်ငံတော်အကြောင်း ဟောပြောခြင်းငှါရင်း ရွေးကောက်ခံရသောသူ ဖြစ်ပါသည်။ ထို့ကြောင့် ဤယုဒ၌လည်း အခြားတမန်တော်တို့နည်းတူ အရည်အချင်းများရှိသည်ဟု မှတ်ယူရပါမည်။

<u>ပြည့်စုံခဲ့ပါသည်</u>၊ သခင်ယေရှုခရစ်တော်၏ တမန်တော်တို့တွင် တပါးဖြစ်သောယုဒသည် လမ်းလွဲသောသူဖြစ်ရပါသည်။ မိမိ၏သခင်ထံမှ လမ်းမှားသို့ရောက်ခြင်းသည် အံ့ဩစရာကောင်းလှ ပါသည်။ သူသည် ဘုရားသခင်၏ကျေးဇူးတော်ကို အလွန်ရင်းနှီးစွာ ခံစားကြုံတွေ့ရသောသူဖြစ်၏။ မိမိ၌လေးနက်သောချစ်ခြင်းမရှိခဲ့သော်လည်း၊ ထိုချစ်ခြင်းကျေးဇူးတော်အကြောင်းကို သူတပါးထံဝေငှ ခြင်းငှါ ချီးမြှောက်ခြင်းခံရခဲ့၏။ အမှန်မှာ သူသည်အလွန်နီးလျက်ပင်၊ ဝေးနေခဲ့ပါ၏။ မှတ်သားစရာ ကောင်းသည်မှာ ထိုသို့အလွန်မိုက်မဲသောအမှုပြုခြင်း၏ အဓိကအကြောင်းရင်းသည် ငွေကိုတပ်မက် သောကြောင့် ဖြစ်သည်ဟုသော အချက်ပင်ဖြစ်ပါသည်။ သူ၏မျက်စိတို့သည် ယေရှုကိုမကြည့်ဘဲ၊ စည်းစိမ်ဥစ္စာကိုကြည့်ခဲ့၏။ သူသည် ထာဝရတည်သောအရာထက် ခဏသာတည်သောအရာကို စွဲလမ်းခဲ့ပါသည်။ ငရဲနှင့်ထာဝရပျက်စီးခြင်းအရပ်၊ "ယုဒရှကာရုတ်သည် မိမိနေရာအရပ်သို့ သွားအံ့ သောငှါ ဓမ္မဆရာ၏အရာ၊ တမန်တော်၏အရာမှ ရွေ့လျော့ဖောက်ပြန်သည်ဖြစ်၍" (တမန် ၁း၂၅) ဟု ဖော်ပြခဲ့ပါသည်။

<u>ဆက်လက်ပြည့်စုံပါလိမ့်မည်</u>၊ ဖျက်ဆီး၍မရသောကြောင့် သမ္မာကျမ်းစာသည်ပြည့်စုံခြင်းရှိ ရပါမည်။ သမ္မာကျမ်းစာသည် ထာဝရတည်မြဲလျက်ရှိပါ၏။ သခင်ယေရှုခန့်ထားတော်မူသော တမန် တော်သည် ဆယ့်နှစ်ပါးဖြစ်သောကြောင့်၊ ယုဒနေရာ၌ အစားထိုးရန်တဦးထပ်ဖြည့်ရပါမည်။ ဆာလံ ၆၉း၂၅ တွင် "သူတို့နေရာအရပ်သည် လူဆိတ်ညံရာအရပ်ဖြစ်ပါစေ။ သူတို့အိမ်၌နေသောသူ မရှိပါ စေနှင့်" ဟု ဖော်ပြထားပါသည်။ ယုဒရှကာရုတ်၏ သစ္စာဖောက်ခြင်းသည် ဘုရားသခင်၏နှုတ်တော် ထွက်စကားတော်အတိုင်း ဖြစ်ပါသည်။ သို့သော်လည်း၊ သူပြုသောအဖြစ်အတွက် သူကိုယ်တိုင်သည် တရားခံဖြစ်ပါသည်။

သမ္မာကျမ်းစာထဲ၌တွေ့ရသော ပရောဖက်ပြုချက်နှင့် ဂတိတော်စုံလင်ပြည့်စုံခြင်းကို သင်ယုံ ကြည်ပါသလား။ အချို့သည် အတိတ်၌ပြည့်စုံခြင်းရှိခဲ့ကြပြီး၊ အချို့တို့သည် အနာဂတ်၌ ပြည့်စုံခြင်း ရှိမည်ကို သင်သိပါသလား။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာ၏စကားလုံးတိုင်းကို ကျွန်တော်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နောက်တော်သို့လိုက်၍ အဆုံးထိတိုင် ကြံ့ကြံ့ခံမည် အကြောင်း၊ ကိုယ်တော်၏နှုတ်ကပတ်တော်မှစကားလုံးတိုင်းကို ယုံကြည်ခြင်းရှိ ရန် အကျွန်ုပ်အား ကျေးဇူးပြုတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၁၂)

**တမန် ၁း၂၁-၂၂**

ဖေဖက် ၄း၁၁-၁၃

*"... ဓမ္မဆရာ၏အမှုကို ပြုတတ်မည်အကြောင်း၊ သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှါ..."*

## တမန်တော်၏အရည်အသွေး

တမန်တော်ဆိုသည်မှာ အဘယ်နည်း။ ဂရိစကားလုံး apostolos သည် "သတင်းပို့သူ" (သို့) "စေလွှတ်ခြင်းခံရသောသူ" ဟူသော အဓိပ္ပါယ်ဆောင်၏။ အထူးအနေဖြင့် ဘုရားသခင်၏စေလွှတ်သောသူ၊ သခင်ယေရှုကိုယ်တိုင်သော်၎င်း၊ သခင်ယေရှုရွေးကောက်တော်မူသော တပည့်တော်ဆယ့်နှစ်ပါးကို၎င်း ဆိုလိုပါသည်။

ပေါင်းဘော်၍နေသောသူ၊ ပေတရုက သမ္မာကျမ်းစာကို အခြေခံလျက်ယုဒနေရာ၌ တဦးဦးအစားထိုးရမည်ဟု ဆိုခဲ့ပါသည်။ ထို့ကြောင့် အရည်အချင်းကို ဤသို့ဖော်ပြခဲ့၏။ သခင်ယေရှုသူတို့နှင့်အတူ ရှိတော်မူစဉ်ကာလပတ်လုံး တပည့်တော်တို့နှင့်အတူ ရှိသောသူဖြစ်ရမည်။ ဆိုလိုသည်မှာ၊ တပည့်တော်အဖွဲ့ထဲ၌ ပါဝင်သောသူဖြစ်ရပါမည်။ ထိုသူသည် ယေရှုနှင့်အတူရှိလျက်၊ ယေရှုကိုမြင်တွေ့သောသူ၊ ကြားနာသောသူဖြစ်ရမည်။ ထို့ကြောင့် အရေးကြီးသောအချက်သည် ခရစ်တော်ကိုယ်တိုင်က တိုက်ရိုက်စေခိုင်းခန့်ထားသောသူဖြစ်ရမည်ဟူ၍ ဖြစ်၏။ ထိုသို့ ဘုရားသခင်ရွေးကောက်ခြင်း၌ ရည်ရွယ်ချက်ရှိပါသည် - "ခရစ်တော်၏ ကိုယ်တော်ကိုတည်ဆောက်၍၊ ဓမ္မဆရာ၏အမှုကိုပြုတတ်မည်အကြောင်း၊ သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှါ၊ ထိုသခင်သည်လူအချို့တို့ကိုတမန်တော်အရာ၌၎င်း၊ အချို့တို့ကိုပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကိုသင်းအုပ်အရာ၊ ဆရာအရာ၌၎င်း ၊ခန့်ထားတော်မူ၏။ ငါတို့ရှိသမျှသည်ယုံကြည်ခြင်းသို့၎င်း၊ဘုရားသခင်၏ သားတော်ကိုသိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူ၏အဖြစ်သို့ရောက်သည်တိုင်အောင်ဖြစ်သတည်း" (ဖေဖက် ၄း၁၁-၁၃)။

ပေါင်းဘော်၍နေသောကာလ၊ အချိန်ကာလကို တမန် ၁း၂၂ ထဲတွင် ဤသို့ဖော်ပြထားပါသည် - "ယောဟန်သည် ဗတ္တိဇံကိုပေးသည်ကာလမှစ၍၊ သခင်ယေရှုသည် ငါတို့နှင့်ခွာ၍ အထက်သို့ဆောင်ယူခြင်းကို ခံတော်မူသည့်နေ့ရက်တိုင်အောင်၊" ဟုဖော်ပြခဲ့၏။ ထိုသူသည် "ထိုသခင်ထမြောက်တော်မူသည်အကြောင်းကို ဟောပြော၍ ငါတို့နှင့်အတူသက်သေခံ" သောသူဖြစ်ရပါမည်။ ဆိုလိုသည်မှာ ယေရှုခရစ်တော်ခန္ဓာကိုယ်အားဖြင့် ရှင်ပြန်ထမြောက်ခြင်းကို မြင်တွေ့သောမျက်မြင်သက်သေဖြစ်ရပါမည်။

ဤအရည်အချင်းများကို ကြည့်ခြင်းဖြင့် မည်သူမျှယနေ့၌ တမန်တော်မဖြစ်ထိုက်ပါ။ သို့ပါလျက်၊ အဘယ့်ကြောင့် အချို့သည် "တမန်တော်" ဟူသော အခေါ်အဝေါ်ဂုဏ်ပုဒ်ကို လိုချင်ကြပါသနည်း။ သူတို့ပြုသောအမှုတော်နှင့်တူညီသော အမှုတော်ဆောင်ရွက်ခြင်းသာလျှင် အဓိကကျသည်မဟုတ်လော။ ခရစ်ယာန်ဟူသော ဂုဏ်ပုဒ်၌အလွန်အရေးကြီးသောတာဝန်ဝတ္တရားရှိပါ၏။ ကျွန်တော်တို့သည် ယဇ်ပုရောဟိတ်များဖြစ်ကြပါ၏၊ ဘုရားသခင်၏အလိုတော်နှင့်ညီသော အမှုကိုပြုခြင်းငှါ ဘုရားသခင်၏ဝိညာဉ်တော်သည် အကျွန်ုပ်တို့၌ ကျိန်းဝပ်တော်မူပါသည်။

သင့်အသင်းတော်၌ ဘုရားသခင်ခန့်အပ်ထားသောတာဝန်ကို သင်ကျေပွန်စွာ ဆောင်ရွက်ပါသလား။ ပေးအပ်ထားသောတာဝန်၌ မိမိ၏အကောင်းဆုံးကိုသင်ပေးလျက်ရှိပါသလား။ ဘုရားသခင်၏သန့်ရှင်းသောအမှုတော်အတွက် သင်မိမိကိုယ်ကို ဆက်ကပ်သန့်ရှင်းစေပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းငှါ ကျွန်တော်ထိုက်တန်ပါသလား။

**ဆုတောင်းချက်** - အို သခင်၊ အကျွန်ုပ်၏တာဝန်ဝတ္တရားကျေပွန်မည်အကြောင်း ခွန်အားပေးသနားတော်မူပါ။

# အလုံးစုံကို သိမြင်တော်မူသောဘုရားသခင်

စာရေးတံချခြင်းသည် ခက်ခဲသောအမှု၌ ဘုရားသခင်၏အလိုတော်ကို သိရခြင်းငှါ ဓမ္မဟောင်းထဲ၌ ကျင့်သုံးသောအမှုဖြစ်ပါသည်။ ရှောလမုန်က “စာရေးတံတို့ကို အိတ်ထဲ၌ လောင်းလျက်ရှိရာတွင်၊ ခွဲဝေစီရင်ခြင်းအမှုကိုထာဝရဘုရားပိုင်တော်မူ၏” (သုတ္တံ ၁၆း၃၃) ဟုဆိုထားပါသည်။ “စာရေးတံပြုခြင်းအားဖြင့် အငြင်းအခုံငြိမ်း၍၊အားကြီးသောသူတို့အမှုကို ဆုံးဖြတ်၏” (သုတ္တံ ၁၈း၁၈)။ ထိုနည်းတူ ခါနန်ပြည်အား ဣသရေလအမျိုးထံသို့ စာရေးတံချ၍ ခွဲဝေပေးခဲ့ပါသည် “တော ၂၆း၅၅၊ ယောရှု ၁၈း၅၊၁၀)။

ခန့်ထားကြ၏၊ ယုဒ၏နေရာ၌ အစားထိုးရန်အရည်အချင်းပြည့်မှီသောတပည့်တော်နှစ်ဦး ခန့်ထားကြ၏။ “ဗာရှဗဟုခေါ်ဝေါ်၍ ယုတ္တုအမည်သစ်ကို ရသောယောသပ်နှင့်မဿိ” (တမန် ၁း၂၃) တို့ဖြစ်ကြပါသည်။ တဦးသာ ရွေးရမည်ဖြစ်သောကြောင့် ဘုရားသခင်၏အလိုတော်ကို ဆုတောင်း တောင်းလျှောက်ကြပါသည်။

ဆုတောင်းကြ၏၊ မှတ်သားရမည့်အချက်မှာ သူတို့သည် စာရေးတံကိုလွယ်လင့်တကူချကြသည်မဟုတ်၊ ဘုရားသခင်၏အလိုတော်ကို ကြိုးစားဆုတောင်းခြင်းဖြင့် ရှာဖွေခဲ့ကြ၏။ ထို့နောက်မှ ဘုရားသခင်၏အလိုတော်အတိုင်း ပြုခြင်းငှါ ဘုရားသခင်အား လုံးဝယုံကြည်ကိုးစားခဲ့ကြ၏။ သိနားလည်နိုင်သောဉာဏ်အလင်းသည် ဘုရားသခင်ထံမှလာသည်ဖြစ်သောကြောင့် ရွေးကောက်ခံရသောသူကို သိရမည်အကြောင်း၊ ဘုရားသခင်၏လမ်းညွှန်မှုကို သိခြင်းငှါ ဆုတောင်းခဲ့ကြ၏။

စာရေးတံချကြ၏၊ ဘုရားသခင်ရွေးကောက်သောသူကို လူတို့သည်သိရခြင်းငှါ စာရေးတံကို ချကြလေ၏။ ဤပုဂ္ဂိုလ်နှစ်ဦးတွင် အဘယ်သူသည်ဘုရားသခင်သတ်မှတ်သောသူဖြစ်သည်ကို ဆုံးဖြတ်ရန်ထိုသို့ပြုကြခြင်းဖြစ်ပါသည်။ Rev Timothy Tow က “Andrew Gih နှင့် John Sung အား တရားဟောရန် နေရာအသီးသီး၌ ဖိတ်ခေါ်ခြင်းခံရကြသောအခါ၊ ဘယ်သူဘယ်အရပ်သို့ သွားမည်ကို ဆုံးဖြတ်ခြင်းငှါ စာရေးတံချ၍ဆုံးဖြတ်ခဲ့ကြကြောင်း” ဥပမာဖော်ပြခဲ့ဖူးပါသည်။ ကောင်းသောအမှုအတွက် စာရေးတံချခြင်း၌ ဘုရားသခင်ရှိတော်မူတတ်၏။ တူညီသောအရာနှစ်ခု၌ အရေးကြီးသောဆုံးဖြတ်ချက်ချတော့မည်ဆိုလျှင် ကြိုးစားဆုတောင်းခြင်းပြုပြီးမှ စာရေးတံချခြင်းဖြင့် ဆုံးဖြတ်ရပါမည်။

သင့်ဘဝ၏အရေးကြီးသောအရာတို့၌ ဘုရားသခင်၏လမ်းပြပို့ဆောင်ခြင်းလက်တော်ကို သင်ယုံကြည်ကိုးစားပါသလား။ ဘုရားသခင်၏ဆုံးဖြတ်ချက်အလိုကိုသိခြင်းငှါ ကြိုးစား၍ သင်ဆုတောင်းပါသလား။ ဘုရားသခင်၏အလိုတော်မှန်လျှင် အဘယ်အရာမဆို လိုက်နာခြင်းငှါ သင်အလိုဆန္ဒရှိပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ဘုရားသခင်သည် အလုံးစုံကိုသိတော်မူသော ဘုရားဖြစ်ကြောင်းကို ကျွန်တော်သိပါသလား။

**ဆုတောင်းချက်** - အလုံးစုံကို သိကျွမ်းတော်မူသောဘုရား၊ ကမ္ဘာဦးမှစ ထာဝရအနာဂတ်တိုင်အောင် အရာခပ်သိမ်းကို သိမြင်တော်မူသောကိုယ်တော်အား လုံးဝယုံကြည်ကိုးစားခြင်းရှိမည်အကြောင်း အကျွန်ုပ်အား ယုံကြည်ခြင်းစိတ်နှလုံးပေးသနားတော်မူပါ။

*"... အလိုလိုပြုသောပူဇော်သက္ကာကို ဆောင်ခဲ့ရမည်။ ... သင်၏ဘုရားသခင်ထာဝရဘုရားအဘို့ ခုနှစ်သိတင်းပွဲကိုခံ၍... "*

# ပင်တေကုတ္တေ

ပင်တေကုတ္တေသည် ပသခါပွဲပြီးမှရက်ပေါင်း ၅၀ တွင် ဆင်နွှဲသောယုဒလူတို့၏ ရိတ်သိမ်းပွဲ (ကောက်ရိတ်သိမ်းပွဲ) ဖြစ်ပါသည်။ ယုဒလူယောကျ်ားအပေါင်း ယေရုရှလင်မြို့သို့ စုဝေးရမည့်ပွဲတော်သုံးပွဲတွင် တပွဲပင်ဖြစ်ပါသည်။ ဂရိစကားလုံး pentekoste သည် ၅၀ မြောက်ကို ဆိုလိုပြီး၊ ပသခါပွဲပြီးမှ ရက်ပေါင်း ၅၀ မြောက်ကိုရည်ညွှန်းပါသည် (၁ ရာ ၁၆း၉-၁၂)။ ပသခါပွဲတော်သည် (နှစ်တနှစ်၏ဒုတိယဥပုသ်နေ့)၊ အဲဂုတ္တုပြည်မှ ဣသရေလထွက်မြောက်ခြင်းကို အောက်မေ့သတိရခြင်းပွဲဖြစ်ပါသည်။ ပသခါပွဲတော်က သခင်ယေရှု ဤကမ္ဘာလောကလူတို့၏ အပြစ်ကိုဆောင်ယူသွားသော ဘုရားသခင်၏သိုးသငယ်သေခြင်းကို ပုံဆောင်ထားပါသည်။ ပင်တေကုတ္တေတွင် "အသီးအနှံများကို ရိတ်သိမ်းလျက် (ထွက် ၂၃း၁၆၊ ၃၄း၂၂၊ တော ၂၈း၂၆) အိမ်သို့သယ်ဆောင်သိုထားခြင်းပွဲ" (ISBE) ဆင်နွှဲကြခြင်းဖြစ်ပါသည်။ လူတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းလျက် ရှေ့တော်သို့ရောက်ရှိလာကြ၏။

<u>ထိုနေ့ရက်</u>၊ ယုဒလူတို့ဝမ်းမြောက်ရွှင်လန်းရသောနေ့ဖြစ်ပါသည်။ မိမိလူတို့အပေါ် ဘုရားသခင်လုံးဝအစိုးရတော်မူကြောင်း မိမိလူတို့အား ဘုရားသခင်သိမှတ်စေခြင်းဖြစ်ပါသည်။ ရိတ်သိမ်းသီးနှံထဲမှ အနီးဆုံးအသီးအနှံကို ဘုရားသခင်ထံ ပူဇော်ကြရ၏။ နှစ်တနှစ်လုံးလုံး ဘုရားသခင်ထံမှ ရရှိသော စောင့်ရှောက်ကျွေးမွေးခြင်းကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းကြရန် ထိုဘုရားသခင်ထံ အသစ်တဖန် ဆက်ကပ်ကြခြင်းဖြစ်ပါသည်။ လူတို့သည် ဤပင်တေကုတ္တေကျေးဇူးတော်ချီးမွမ်းပွဲအတွက် ယေရုရှလင်မြို့ရှိဗိမာန်တော်သို့ လာရောက်စုဝေးတတ်ကြ၏။

<u>စိတ်သဘောထား</u>၊ "တညီတညွတ်တည်း" ဟူသောစကားလုံးက ထိုသို့စုဝေးကြသည့်လူတို့၏စိတ်သဘောကို ဖော်ဆောင်လျက်ရှိ၏။ အကျယ်တဝင့်အဓိပ္ပာယ်ကောက်မည်ဆိုလျှင် ခရစ်တော်၌တည်သောသူတို့၏ စိတ်သဘောညီညွတ်ခြင်းဟု ဆိုနိုင်ပါသည်။ "ထိုသူအပေါင်းတို့သည် တညီတညွတ်တည်းစည်းဝေး၍နေကြ၏" ဟူသော မူရင်းစကားစု၏အဓိပ္ပာယ်မှာ စိတ်နှလုံး၊ သဘောထားနှင့် ရည်ရွယ်ချက် လုံးဝညီညွတ်ခြင်း၊ စည်းလုံးခြင်းကိုဖော်ပြပါသည် (Walke) က ဤအရာသည် ယနေ့အသင်းတော်၌လိုအပ်လျက်ရှိသော အရာပေတည်း။ အမည်ခံယုံကြည်သူတို့သည် ဘုရားသခင်၏ဘုန်းတော်ကိုမဟုတ်ဘဲ၊ မိမိကိုယ်ကျိုးကိုသာ ရှာခြင်းငှါဤလောကီကမ္ဘာက လွှမ်းမိုးထားသောကြောင့် သူတို့စိတ်နှလုံးထဲ၌ ညီညွတ်ခြင်းမရှိနိုင်ခဲ့ပါ။

ဘုရားသခင်၏သန့်ရှင်းသောနေ့ရက်မြတ်ကို သန့်ရှင်းသောစိတ်နှလုံးဖြင့် စောင့်လျက်နေပါသလား။ ထိုနေ့ရက်ကို လောကီအမှုအတွက် အပျော်ကျူးခြင်းအတွက်မဟုတ်ဘဲ ဘုရားသခင်အတွက်သာ သင်အသုံးပြုပါသလား။ ဘုရားသခင်၏နေ့ရက်မြတ်၌ သင်ဝမ်းမြောက်ခြင်းရှိပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်ဘုရားသခင်၏နေ့ရက်ကို သန့်ရှင်းစွာကျွန်တော်စောင့်ပါသလား။
**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်၏သန့်ရှင်းသောနေ့ရက်ကို ကိုယ်တော်၏ဘုန်းတော်ထင်ရှားခြင်းအတွက် မည်သို့စောင့်ရမည်ကို အကျွန်ုပ်အားပြတော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၁၅)
**တမန် ၂း၂-၄**
ယောဟန် ၃း၇-၈

*"လေ၏အသံကို သင်သည်ကြားရသော်လည်း၊*
*အဘယ်အရပ်ကဖြစ်သည်၊*
*အဘယ်အရပ်သို့သွားသည်ကိုမသိနိုင်"*

# ကောင်းကင်မှနိမိတ်လက္ခဏာ

ယေရုရှလင်မြို့၌ လူများစွာရှိနေသောအချိန်၊ ပင်တေကုတ္တေနေ့၌ ဤအံ့ဖွယ်သောအမှု (တမန် ၂း၂-၄ ၌ဖော်ပြထား၏) ဖြစ်ပွားခဲ့ပါသည်။ အသီးသီးသောဘာသာစကားကို ပြောကြသော လူမျိုးအသီးသီးမှ ယုဒလူတို့အား ဤသို့စုရုံးစေခြင်း၌ ဘုရားသခင်ရည်ရွယ်ချက်ရှိတော်မူ၏။ ဤ အံ့ဖွယ်အဖြစ်အပျက်အားဖြင့် ခရစ်တော်၏သတင်းကောင်းသည် နေရာအနှံ့ပျံ့နှံ့ခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်တော်ထွက်စကားသည် အစဉ်စုံလင်ခြင်းရှိ၍ မှန်ကန်မှုရှိ၏။ ဘုရားသခင်၏ အဆုံးစွန်အာဏာရှိခြင်းအကြောင်းကို သိမှတ်သောယုံကြည်သူတို့အဖို့ ဤတရားသည် အလွန်စိတ် သက်သာလုံခြုံမှုကို ဖြစ်စေတော်မူ၏။

ထိုအသံ၊ လူတို့ထံမှမဟုတ်ဘဲ၊ ထိုအသံသည်ကောင်းကင်မှလာ၏။ ထိုအသံသည် လေပြင်း မုန်တိုင်းကဲ့သို့သောအသံဖြစ်၏။ သမ္မာကျမ်းစာထဲ၌ "လေ" သည် သန့်ရှင်းသောဝိညာဉ်တော်၏ လက္ခဏာတံဆိပ်တစ်ခုဖြစ်ပါသည်။ ကောင်းကင်မှ တကယ့်လေရောက်လာခြင်းမဟုတ်ဘဲ အသံသာ ရောက်လာခြင်းဖြစ်ပြီး၊ အထက်အခန်း၌ပြည့်လေ၏။ လေကဲ့သို့လှုပ်ရှားမှုမရှိသော်လည်း ဟာရီကိန်း မုန်တိုင်းကဲ့သို့ အသံဖြစ်ပေါ်ခြင်းသည် အံ့ဖွယ်အမှုပင်ဖြစ်ပါသည်။

ကွဲပြားသောလျှာ၊ ထို့နောက် ကွဲပြားသောမီးလျှာပေါ်လာ၍ သူတို့အပေါ်၌တည်နေကြ၏။ ထိုလျှာ၏ပုံသဏ္ဌာန်သည် ခရစ်တော်အပေါ်သို့ ဆင်းသက်ခဲ့သော ချိုးငှက်၏ပုံသဏ္ဌာန်ကဲ့သို့ ဖြစ်ပါ သည် (ယောဟန် ၁း၃၂)။ "ထိုအရာသည် ခရစ်တော်၏ဇာတိသဘောနှင့် အမှုတော်ညီညွတ်မှုကို ထင်ရှားစေပြီး ယခုအခါ ထိုသို့သောလက္ခဏာကို ဘုရားသခင်ထင်ရှားစေလျက် တမန်တော်တို့၌ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးနှင့် အမှုပြုခြင်းသက်ရောက်မှုကို ဖော်ပြခြင်းဖြစ်ပါသည်" (Calvin )။ လျှာသည် မီးမဟုတ်ပါ။ မီးကဲ့သို့လျှာပင်ဖြစ်ပါသည်။ တကယ့်မီးကို ဤကျမ်းပိုဒ်၌မတွေ့ ရပါ။ သူတို့အပေါ်၌တည်နေသည်ဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးသည် သူတို့တစ် ယောက်ချင်းစီအပေါ်၌ သက်ရောက်ခြင်းဖြစ်၍အသီးသီးသော ဘာသာစကားကို စပြောခဲ့ကြ၏။ ထိုစကားကို သန့်ရှင်းသောဝိညာဉ်တော်က ပေးခြင်းဖြစ်ပါသည်။ ဤသည်ကား စကားပြောခြင်း၌ ဝိညာဉ်တော်၏လွှမ်းမိုးခြင်းသာသာမဟုတ်ဘဲ ပြည့်ဝခြင်းဖြစ်သောဝိညာဉ်တော်၏ လုံးဝထိန်းချုပ်မှု ကို ဆိုလိုပါသည်။ သူတို့ပြောသောစကား (ဘာသာစကား) သည် ယုဒလူတို့နှင့် ဧည့်သည်အပေါင်း တို့ နားလည်သဘောပေါက်သောစကားဖြစ်ပါသည်။

ကိုယ်တော်၏နှုတ်ကပတ်တော် ဟောပြောခြင်း၌ ဝိညာဉ်တော်၏ခွန်အားပေးခြင်းတည်း ဟူသော ပြည့်ဝခြင်းကို သင်ခံရပါသလား။

**ဆင်ခြင်ရန်** - ကိုယ်တော်၏ခွန်အားခံရခြင်း၌ အကျွန်ုပ်သည်ဘုရားသခင်အသိအမှတ်ပြုသော သူဖြစ်ပါသလား။

**ဆုတောင်းချက်** - အလုံးစုံကို တတ်နိုင်တော်မူသောအကျွန်ုပ်တို့၏ဘုရားသခင်၊ ကိုယ်တော်အတွက် ရဲရင့်စွာသက်သေခံခြင်း၌ အကျွန်ုပ်အားကိုယ်တော်၏သန့်ရှင်းသော ဝိညာဉ် တော်နှင့် ပြည့်ဝစေတော်မူပါ။

**တမန် ၂း၅-၁၁**

၁ ကော ၁၄း၃၃

*“ဘုရားသခင်သည် ရုန်းရင်းခက်သောအမှုကို ပြုစုတော်မမူ. . . ငြိမ်ဝပ်ခြင်းကို ပြုစုတော်မူ၏”*

# သူတို့သည်ဘာသာစကားများကိုကြားခဲ့ကြ၏

တမန် ၂း၉-၁၁ ကိုအခြေခံခြင်းဖြင့် ယေရုရှလင်မြို့၌ ၁၆ နိုင်ငံမှလူများစုဝေးကြကြောင်း သူတို့ပြောသောဘာသာစကားအရ မှတ်သားရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အတူပါရှိတော်မူခြင်းကို ထင်ရှားစေသောလက္ခဏာနှစ်မျိုးအားဖြင့် ဘုရားသခင်ပြုတော်မူသော အံ့ဖွယ်အမှုကိုဖော်ပြထားပါသည်။ ဤရေတွက်၍မကုန်သော၊ တိုင်းတာ၍မရသော၊ ဘုရားသခင်၏တန်ခိုးတော်သည် သာမာန်လူတို့ကိုပင် သတင်းကောင်းဟောပြောကြခြင်းငှါ အံ့ဖွယ်ခွန်အားပေးတော်မူနိုင်၏။

ကြားသိကြ၏၊ ဂရိစကားသည် သူတို့၏ဘုံစကားဖြစ်သော်လည်း လူများစုက မိမိတို့၏ဇာတိစကားဖြင့် ပြောကြ၏။ တပည့်တော်တို့သည် သူတပါးဇာတိစကားဖြင့် စကားပြောကြသောအခါ လူတို့သည် အံ့သြခြင်းရှိကြ၏။ ကျွန်တော်တို့မှတ်သားရမည်မှာ တမန်တော်တို့သည် (ခရစ်ဝင်ကျမ်းမှတွေ့ရသည်အတိုင်း) အခြားသောဘာသာစကားကို သင်ယူရန်ဟူ၍မိမိပြည်မှအခြားသောပြည်သို့မသွားခဲ့ကြပါ။ ထိုနေ့ယေရုရှလင်မြို့၌ ရှိခဲ့ကြသော အခြားသောပြည်တို့၏ ဇာတိဘာသာစကားတို့ကို သူတို့မပြောနိုင်ခဲ့ပါ။ အချင်းချင်းဘာသာစကားနားမလည်နိုင်ခြင်းငှါ ဘုရားသခင်ကဒဏ်ပေးခဲ့ခြင်းကို ယခုအဖြစ်အပျက်ဖြင့် ချေဖျက်တော်မူခဲ့၏။

မိမိတို့ဘာသာစကား၊ အခြားသောဘာသာစကားဖြင့် တပည့်တော်တို့စကားပြောကြခြင်းအကြောင်း သတင်းပြန့်ခဲ့ပါသည် (တမန် ၂း၆)။ “ဘာသာစကား” (တမန် ၂း၆) နှင့် “ဘာသာစကား” (တမန် ၂း၈) တို့သည် တူညီသောဂရိစကားလုံးဖြစ်ပါသည်။ တပည့်တော်တို့၏ပြောစကားအသံကို လူတို့ကြားသိကြသောအခါ အချင်းချင်းသတင်းဖြန့်ဝေခဲ့ကြပါသည်။ ဤသို့ဖြင့် ထိုအံ့ဖွယ်အမှုသည် တမြို့လုံးသို့ ချက်ချင်းပျံ့နှံ့ခဲ့လေ၏။ ဘာပဲဖြစ်ဖြစ် သတင်းသည်တောမီးကဲ့သို့ ပျံ့နှံ့ခဲ့ပါသည်။ ဘာသာစကားပြောနိုင်ခြင်း ဆုကျေးဇူးဆိုသည်မှာ လူတို့သည်ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို လွယ်ကူစွာကြားနာသဘောပေါက်ကြစေခြင်းငှါ တရားဟောဆရာအား သူတပါးဘာသာစကားပြောနိုင်၊ ပြောတတ်သောအခွင့်ပေးခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ကယ်တင်ခြင်းဆုကျေးဇူးကို ကြားနာသူတို့ သိကြားရခြင်းငှါ အခြားသောဘာသာစကားပြောနိုင်ခြင်းဆုကို ပေးခြင်းဖြစ်ပါသည်။

အခြားသောဘာသာစကားပြောခြင်းသည် လူတို့မသိနားမလည်သော အသံဗလံပြုခြင်းကို ရည်ညွှန်းသည်ဟု သင်ယုံကြည်ပါသလား။ ထိုအမှုသည် သမ္မာကျမ်းစာနှင့်ဆန့်ကျင်လျက်ရှိသည်ဟု သင်ထင်ပါသလား။

**ဆင်ခြင်ရန်** - အခြားသောဘာသာစကားပြောခြင်းနှင့်ပတ်သတ်၍ သမ္မာကျမ်းစာ၏အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျွန်တော်သိပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်ပြုသောအမှုတို့သည် ရှင်းလင်းပြတ်သားလှသည်ဖြစ်သောကြောင့် ရန်သူ၏လှည့်စားခြင်းမှအကျွန်ုပ်ကို စောင့်ရှောက်တော်မူပါ။

**တမန် ၂း၁၁-၁၂**

လုကာ ၁း၄၈-၅၂

*"တန်ခိုးနှင့်ပြည့်စုံတော်မူသောဘုရားသည် အံ့ဖွယ်သောကျေးဇူးတော်ကို ငါ့အား ပြုတော်မူပြီ"*

# ဘာသာစကားများ၌ပြုသောအမှုများ

ကြားသိသောသူတို့အား အံ့သြစေသောအချက်နှစ်ချက်ရှိပါသည်။ ပထမအချက်မှာ တမန်တော်တို့သည် ထိုသို့ဘုရားသခင်၏အံ့သြဖွယ်အမှုတို့ကို ကြားသိလျှက်ဟောပြောခြင်းငှါ ဆရာအတတ်သင်တန်းတို့၌ ပညာမဆည်းပူးခဲ့သောသူ၊ ပညာမတတ်သောသူဖြစ်ကြသည်ဟု လူတို့သိထားကြ၏။ ဒုတိယအချက်မှာ ချက်ချင်းအခြားသောဘာသာစကားကို သင်ယူတတ်မြောက်ကြခြင်းနှင့် သူတို့က ကောင်းကောင်းနားလည်သဘောပေါက်ကြခြင်းပင်ဖြစ်ပါသည်။

<u>ပြောကြားသောသတင်း၊</u> "ဘုရားသခင်၏အံ့ဖွယ်သောအမှုတို့" သည် အဘယ်များနည်း။ သခင်ယေရှုအသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်ဘုံသို့ဆောင်ယူခံရခြင်းတို့၌ ထင်ရှားသောအံ့ဖွယ်အမှုများပင်ဖြစ်ပါသည်။ ထို့ပြင် လူတို့ကို ရွေးနှုတ်ကယ်တင်၍ ယုံကြည်သူတို့အား သန့်ရှင်းသောဝိညာဉ်တော်စေလွှတ် ကျိန်းဝပ်စေတော်မူခြင်းအမှုတည်းဟူသော "ဘုရားသခင်ပြုသောအံ့ဖွယ်အမှု" လည်း ပါဝင်ပါလိမ့်မည်။ ဘုရားသခင်ပြုတော်မူသောအံ့ဖွယ်အမှုတို့ကို ဟောပြောကြသည်သာမက သူတို့အသက်တာဖြင့် ဘုရားသခင်ပြုသောအံ့ဖွယ်အမှုကို ထင်ရှားပြသကြ၏။

<u>တုံ့ပြန်မှု၊</u> "ထိုသူအပေါင်းတို့သည် မိန်းမောတွေးတောသောစိတ်ရှိကြ၏ (တမန် ၂း၁၂)။ ပညာမတတ်သောသူတို့၏နှုတ်မှ သူတို့၏ဘာသာစကားကြားနေကြရသည်ကို အံ့သြခြင်းရှိကြ၏။ ဤလူတို့၏တုံ့ပြန်မှုအားဖြင့် သူတို့ပြောသောစကားကို နားလည်သဘောပေါက်ကြကြောင်း ထင်ရှားလှပါသည်။ ယနေ့စိတ်ဝိညာဉ်ဆုကျေးဇူး အလွန်အကျွံယုံကြည်သောသူတို့၏ ယုံကြည်ချက်နှင့် ဆန့်ကျင်ဘက်ပင်ဖြစ်ပါသည်။ သူတို့ပြောသော၊ ပြုသောအသံဗလံတို့သည် ဤကျမ်းပိုဒ်၌ တွေ့ရသောဘာသာစကားမဟုတ်ပါ။ ဟောသောသူကိုယ်တိုင်ပင် နားမလည်ပါ။ သဘောမပေါက်ပါ။ လုကာ၏ဖော်ပြချက်သည် ထိုသို့မဟုတ်ပါ - "ဘုရားသခင်၏အံ့ဖွယ်သောအမှုတို့ကို" (တမန် ၂း၁၁) ဟောပြောကြ၏။ ထိုအခါ ချက်ချင်းဆန့်ကျင်ခဲ့ကြ၏။ သို့သော်လည်း သူတို့သည် အံ့သြတွေဝေခြင်းရှိကြပါ၏။ ထိုအခါ စိတ်နှလုံးထဲ၌ တွေးတောဆင်ခြင်ခြင်းပြု၍ သံသယဝင်ကြ၏။ အဓိပ္ပာယ်ကို မေးလျှောက်ကြ၏။ ကြားသော၊ မြင်တွေ့သောအရာ၏ အဖြေကိုအချို့တို့သည် ရှာဖွေမေးမြန်းခြင်းပြုကြ၏။

ဘုရားသခင်၏နှုတ်ကပတ်တော်သွန်သင်ပေးသောသူတို့၏ ပညာရေးအရည်အချင်းကို သင်ကြည့်ပါသလား။ ဘုရားသခင်၏အံ့ဖွယ်အမှုတို့ကို သင့်နှုတ်ဖြင့်၎င်း၊ သင့်အသက်တာဖြင့်၎င်း၊ သင်ဖော်ပြပြောကြားခြင်းဖြစ်ပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို လက်ခံခြင်းငှါ ကျွန်တော်နှိမ့်ချခြင်း အသက်တာရှိပါသလား။

**ဆုတောင်းချက်** - သန့်ရှင်းတော်မူသော သုံးပါးတဆူဘုရား၊ ကိုယ်တော့်ကို ငြင်းပယ်ဆန့်ကျင်လျက်ရှိသော ဤလောကီလူသား၊ အပြစ်သားများအလယ်၌ ကိုယ်တော်ပြုသောအံ့ဖွယ်အမှုတို့ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

စနေ၊ ဇူလိုင် (၁၈)
**တမန်** ၂း၁၃
၂ တိ ၃း၁၂

*"... ဘုရားဝတ်၌ မွေ့လျော်၍နေခြင်းငှါ အလိုရှိသောသူအပေါင်းတို့သည် ညှဥ်းဆဲခြင်းကို ခံရကြလိမ့်မည်"*

# ကဲ့ရဲ့ခြင်း

အစကတည်းက ရန်သူတို့သည် ဘုရားသခင်ပြုသောအမှုတို့ကို ကဲ့ရဲ့ခဲ့ကြပါသည်။ ဓမ္မဟောင်းကျမ်းမှ ပရောဖက်တို့နှင့် ဓမ္မသစ်ကျမ်းမှ တမန်တော်တို့ကိုလည်း ကဲ့ရဲ့ကြ၏။ သူတို့၏ စိတ်နှလုံးသည် ခိုင်မာခြင်းရှိ၍ မျက်စိသည် ကန်းကြသည်ကြောင့် မကြားနိုင်၊ ပေတရုဆိုသည်အတိုင်း၊ ထိုသို့ ဆက်လက်ဖြစ်နေပါအုံးမည်။

ကဲ့ရဲ့ပြောဆိုသောသူရှိကြ၏၊ နားမလည်နိုင်သော၊ ဘုရားသခင်ပြုသောအမှုတော်မြတ်ကို လက်ခံခြင်းငှါ နှိမ့်ချခြင်းရှိနေမည့်အစား၊ ကဲ့ရဲ့ခဲ့ကြ၏။ ဘုရားသခင်ပြုတော်မူသော မြတ်သောအမှုတိုင်းကို ဆန့်ကျင်သောလူစုတို့ကို ဤလူတို့ကကိုယ်စားပြုကြ၏။ သူတို့သည် ခရစ်တော်၏တမန်တော်တို့ကိုဆန့်ကျင်၍ ရန်ဘက်ပြုကြ၏။ မသဲ ၁၀း၂၂ ထဲမှ မိမိတပည့်တော်တို့အား သခင်ယေရှုသတိပေးချက်ကို ဖတ်ပါလော့။

သူတို့သည် မှားယွင်းစွပ်စွဲသူများဖြစ်ကြ၏၊ အံ့ဘွယ်အမှုကို အရက်သေစာမူးယဇ်ခြင်းအဖြစ် ရှုတ်ချကြ၏။ အံ့ဘွယ်အမှုပြုခြင်း၏အကြောင်းရင်းကို ချိုသောစပျစ်ရည်ဖြစ်သည်ဟု မှတ်သားကြ၏။ ဘုရားသခင်ပြုသောအံ့ဘွယ်အမှုဖြစ်ကြောင်းကို မသိမှတ်ကြပါ။ ထိုသို့ကဲ့ရဲ့ခြင်းကိုပြုစဉ်၊ သူတို့သည်မှန်သည်ဟု မိမိကိုယ်ကိုထင်မှတ်ကြ၏။ သူတို့သည် ဘုရားသခင်၏ကျေးဇူးတော်မခံရကြဘဲ၊ မျက်ကန်းဖြစ်ကြသောကြောင့် ဘုရားသခင်ပြုတော်မူသော အံ့ဘွယ်အမှု၌ ဘုရားသခင်ကို လက်မခံလိုကြခြင်းဖြစ်ပါသည်။

စစ်မှန်သောယုံကြည်သူဖြစ်သည်အလျှောက်၊ လူတို့ကမည်သို့ပင် ကဲ့ရဲ့ပါစေ၊ သင်၏ထာဝရနေရပ်ကို သေချာသိမှတ်ပါလော့။ ထိုစိတ်သဘောသည် ဘုရားသခင်၏အမှုတော်၌ သင့်ကို ခွန်အားဖြစ်စေပါလိမ့်မည်။ များစွာယုံကြည်သူတို့သည် ကဲ့ရဲ့ခြင်းခြင်းခံရမည်ကို ကြောက်သောကြောင့် အမှုတော်ဆောင်ခြင်း၌ ရှေ့ဆက်မတိုးနိုင်ဖြစ်ကြ၏။ ကဲ့ရဲ့သောသူသည် မိမိ၏အပြစ်ဆိုးကျိုးကို ခံရမည်ဖြစ်သောကြောင့် သနားစရာကောင်းသောအရာများဖြစ်ကြောင်း ယုံကြည်သူတိုင်းသိမှတ်ရပါမည်။ သူတို့အတွက်ပင်လျှင် ကောင်းသောအမှုကို ကျွန်တော်တို့ဆက်လက်လုပ်ဆောင်ကြပါစို့။

သင်၏ယုံကြည်ခြင်းကြောင့် ကဲ့ရဲ့ခြင်းခံခြင်းငှါ သင်အဆင်သင့်ရှိပါသလား။ ကျရောက်လာနိုင်သောညှဥ်းပန်းနှိပ်စက်ခြင်း (ခရစ်တော်အတွက်) အတွက် သင်အဆင်သင့်ရှိပါသလား။

**ဆင်ခြင်ရန်** - ယေရှုအတွက် ဘုရားတရားနှင့်ညီသောအသက်တာဖြင့် ကျွန်တော်အသက်ရှင်လိုပါသလား။

**ဆုတောင်းချက်** - ဘုန်းကြီးတော်မူသောအဘဘုရား၊ ဤလောကီလူတို့၏ကဲ့ရဲ့ခြင်းအလယ်၌ ခရစ်တော်၏သတင်းကောင်းကိုအစဉ်မပျက်ဟောပြောမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၁၉)

**တမန် ၂း၁၄-၁၅**

လုကာ ၂၂း၃၁-၃၂

*“ သင်၏ယုံကြည်သောစိတ် မပျက်စေခြင်းငှါ ငါသည် သင့်အဘို့ဆုတောင်းလေပြီ”*

## ယေရှုအတွက်ရပ်တည်ကြလော့

သခင်ယေရှုကားတိုင်ပေါ်၌ အသေသတ်ခြင်းမခံမှီည၌ မိမိသခင်ကိုငြင်းပယ်ခဲ့သော ပေတရုသည် ယခုအခါရဲရင့်စွာ တရားဟောခဲ့ပါသည်။ သူရဲဘောကြောင်ခဲ့သောသူသည် ယခုအခါ သတ္တိရှိစွာ မိမိသခင်အတွက်ရပ်တည်လျက် နှုတ်ကပတ်တော်ဟောပြောခဲ့၏။ သူသည် လူထုကြားသိရအောင် ကျယ်သောအသံနှင့်ဟောပြောခဲ့၏။ ဤသည်ကား ဘုရားသခင်၏ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၏ရလဒ်ဖြစ်ပါသည်။ ပေတရုသည် ဝိညာဉ်တော်၏လုံးဝထိန်းချုပ်အုပ်စိုးခြင်းခံရသည်ဖြစ်၍ မိမိ၏အားနည်းချက်တို့ကို အလေးမထားတော့ဘဲ ဘုရားသခင်၏တန်ခိုးတော်ကို လုံးဝယုံကြည်ကိုးစားခဲ့ပါသည်။ ထောင်သောင်းမကသော ပညာတတ်လူထုကြီးရှေ့မှောက်၌ တရားဟောဖို့ရန် ကြောက်ရွံ့ခြင်းမရှိတော့ပါ။ ပေတရုသည် မိမိဟောပြောမည့်တရားတော်အတွက် သန့်ရှင်းသောဝိညာဉ်တော်ကိုသာ ကိုးစားခြင်းရှိခဲ့၏။

<u>ထလော့</u>၊ ပေတရုသည် တကျိပ်တပါးသောတမန်တော်တို့နှင့်တကွ ထခဲ့ပါသည်။ သူတို့အတွက် ဘုရားသခင်ပြုခဲ့သောအမှုကို ကွယ်ကာဟောပြောခြင်းငှါ ရဲရင့်ခြင်းရှိခဲ့၏။ ပေတရုဟောပြောမည့်တရားကို သဘောတူညီမှုရှိကြောင်း ပြသလျက် ကျန်တမန်တော်တို့သည်လည်း ပေတရုနှင့်အတူရှိနေကြ၏။ သူတို့အားလုံးသည်လည်း ဝိညာဉ်တော်နှင့်ပြည့်ဝကြပြီး ပေတရုနှင့်အတူ ရပ်တည်ခဲ့ကြ၏။ သူတို့ဟောပြောခဲ့လျှင်လည်း ပေတရုနည်းတူ ဟောပြောကြမည်ဖြစ်ကြောင်းပြသလျက် သူနှင့်အတူ ရပ်တည်ခဲ့ကြ၏။

<u>ဟောပြောလော့</u>၊ ပေတရုသည် မှားယွင်းသောစွပ်စွဲချက်ကို ထောက်ပြခဲ့ပါသည်။ တပည့်တော်တို့သည် အရက်မူးနေကြ၏ ဟူသော လူတို့၏မှားယွင်းသောအမြင်ကို ချေပခဲ့ပါသည်။ လူတို့သည် နံနက်အချိန်၌ ယဇ်မူးခြင်းမရှိကြကြောင်း သင့်တော်သောသက်သေပြလျက် ချေပခဲ့၏။ အမှန်တရားကို လူတို့ကြားသိရအောင် မိမိအသံကိုကျယ်စေပြီး ဟောပြောခဲ့ပါသည်။ သေချာမှန်ကန်သောအသံသည် တိုးတိတ်မနေပါ၊ တွန့်ဆုတ်မနေပါ။ လူတို့သဘောပေါက်ခြင်းငှါ မိမိစကားသံကို လူတို့ကြားရအောင် ကျယ်ကျယ်ဟောပြောခဲ့၏။ နားထောင်သောသူ မကြားရသောစကားသံသည် အချည်းနှီးပင်ဖြစ်ပါသည်။ တရားဟောသောအခါ၊ နားထောင်သောသူတို့ကြားသိရလောက်အောင် ကျယ်ကျယ်ဟောပြောရပါမည်။ ပေတရုက ယေရုရှလင်မြို့သားနှင့် ယုဒလူတို့ဟု လူတို့ကိုရည်ညွှန်းနှုတ်ဆက်ခဲ့ပါသည်။ ဤအံ့ဘွယ်အမှုဘုရားသခင်ပြုရခြင်းအကြောင်းသာမက၊ သူတို့သည် ယေရှုခရစ်တော်ကို အသိကသိကြခြင်းငှါ မိမိတရားဟောချက်ကို ကောင်းကောင်းနားထောင်ကြရန် နိုးဆော်တိုက်တွန်းခဲ့ပါသည်။

လောကီလူတို့သည် သခင်ယေရှုပြုသောအမှုနှင့် နှုတ်ကပတ်တော်ကို ကဲ့ရဲ့ကြသောအခါ သခင်ယေရှုအတွက် သင်ရပ်တည်ပါသလား။ သခင်ယေရှုကိုယ်စား သင်ထ၍ ဟောပြောခဲ့ပါသလား။

**ဆင်ခြင်ရန်** - ယေရှုအတွက် ထလျက်တရားဟောပြောခြင်းငှါ ကျွန်တော်ရဲရင့်ခြင်းရှိပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကဲ့ရဲ့သောသူနှင့် ညှဉ်းပန်းနှိပ်စက်သောသူတို့အလယ်၌ပင် သူတပါးထံသမ္မာတရားဟောပြောခြင်းငှါ ဉာဏ်ပညာနှင့်ရဲရင့်ခြင်းဖြင့် အကျွန်ုပ်ကိုပြုပြင်လွှမ်းခြုံတော်မူပါ။

*“လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။ သင်တို့၏သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်”*

# ပရောဖက်ပြုချက်

သန့်ရှင်းသောဝိညာဉ်တော်သည် မိမိအလိုတော်နှင့်ရည်ရွယ်ချက်သို့ ဆက်ကပ်သောသူတို့အား ဟောပြောမည့်စကားတော်ပေးတော်မူတတ်၏။ ပင်တေကုတ္တေနေ့တွင်၊ အမှောင်ထဲ၌ ရှိနေကြသောလူတို့အား ပြောင်းလဲစေခြင်းအမှုကို ဘုရားသခင်၏ တန်ခိုးတော်ဖြင့်စတင်ဆောင်ရွက်ခဲ့ပါသည်။ “ပေတရုခေတ်မှ ယနေ့ခေတ်အထိ အသင်းတော်သည် ထိုကောင်းကြီးမင်္ဂလာကိုခံရ၍ လူမျိုးတကာတို့၌ ပျောက်ဆုံးဝိညာဉ်ရိတ်သိမ်းခြင်းကို တွေ့ရလေ့ရှိပါသည်” (Rev Tow)။ ဤအမှုပြည့်စုံဖို့ရန် နှစ်ပေါင်းများစွာ ကြာခဲ့သော်လည်း၊ ဘုရားသခင်၏ချိန်းချက်တော်မူသောအချိန်သည် ဘယ်တော့မှစောလွန်းသည်၊ နောက်ကျသည်ဟူ၍မရှိ မိမိ၏အဆုံးစွန်အာဏာတော်အတိုင်း ပြီးပြည့်စုံသောအချိန်၌ ပြည့်စုံခြင်းရှိ၏။

<u>ပရောဖက်ပြုချက်</u>၊ ဤအမှုသည် ယောလ ၂း၂၈-၂၉ ၌တွေ့ရသော ယောလ၏ပရောဖက်ပြုချက်ပြည့်စုံခြင်းဖြစ်ပါသည် - “ထိုနောက်မှ လူမျိုးတကာတို့အပေါ်သို့ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။ သင်တို့၏သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့်ဟောပြောရကြလိမ့်မည်၊ အသက်ကြီးသောသူတို့သည် နိမိတ်အိပ်မက်တို့ကို မြင်မက်ရကြလိမ့်မည်။ အသက်ငယ်သောသူတို့သည်လည်း ဗျာဒိတ်ရူပါရုံတို့ကို မြင်ရကြလိမ့်မည်။ ငါ၏အမှုကိုဆောင်ရွက်သော ယောကျ်ားမိန်းမတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်း၍၊ သူတို့သည်ပရောဖက်ဉာဏ်နှင့်ဟောပြောရကြလိမ့်မည်”။ ယောလက ဘုရားသခင်၏သားတော်ကိုယ်တိုင် ကြွလာတော်မူ၍ ဘုရားသခင်၏နိုင်ငံတော်သို့ကျွန်ုပ်တို့အား ခေါ်ဆောင်မည့်အချိန်မတိုင်မီကာလကို ထာဝရဘုရား၏ထူးမြတ်သောနေ့ဟုခေါ်တော်မူ၏။

<u>ရည်ရွယ်ချက်</u>၊ ဤသည်ကား သခင်ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံကြရန်လူတို့အား ဖိတ်ခေါ်တိုက်တွန်းခြင်းဖြစ်ပါသည်။ ထိုနေ့ထူးနေ့မြတ်ကြီးသည် စတင်ပြီဖြစ်၍ တရားစီရင်ခြင်းအမှန်ရောက်ရှိလာမည်ဟု ကြွေးကြော်ခဲ့ပါသည်။ ဤတရားကိုပေတရုက မိမိ၏ဩဝါဒစာစောင်ထဲတွင် ဆက်လက်အတည်ပြုခဲ့ကြ၏ - “လူအချို့သည်နှေးခြင်းကို မှတ်သည့်အတိုင်း ထာဝရဘုရားသည်ဂတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင်အဘယ်သူမျှမပျက်စီးဘဲရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုတော်ရှိ၍ ငါတို့ကိုသည်းခံတော်မူ၏။သူခိုးသည် ညဉ့်အခါလာသကဲ့သို့ ထာဝရဘုရား၏နေ့ရက်သည် လာလိမ့်မည်။ ထိုနေ့၌မိုးကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွ ပျောက်သွားလိမ့်မည်။ လောကဓာတ်တို့သည် ပူအားကြီး၍ပျက်ကြလိမ့်မည်။ မြေကြီးကိုယ်မှစ၍ မြေကြီးပေါ်မှာပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်” (၂ပေ ၃း၉-၁၀)။ “အကြောင်းမူကား၊ ထာဝရဘုရာကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့” (ရောမ ၁၀း၁၃) ဟူသောတမန်တော် ပေါလု၏ ယေရှုခရစ်တော်အကြောင်းဟောပြောချက်သည် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရသောလမ်းသည် ယေရှုခရစ်သာလျှင် ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ ခရစ်တော်၏နာမတော်သာလျှင် ကယ်တင်နိုင်သော၊ တန်ခိုးရှိသောနာမတော်ဖြစ်ပါသည်။

ဓမ္မသစ်ကို ဖတ်သကဲ့သို့ ဓမ္မဟောင်းကိုလည်း သင်ဖတ်ပါသလား။ ဓမ္မဟောင်း၌တွေ့ရသော ပရောဖက်ပြုချက်များ ဓမ္မသစ်၌ မည်သို့ပြည့်စုံသည်ကို သင်မြင်တွေ့ပါသလား။

**ဆင်ခြင်ရန်** - ဓမ္မဟောင်းမှ ပရောဖက်ပြုချက်တို့ကို ကျွန်တော်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်၏တပည့်တော်များပြုသော အံ့ဘွယ်အမှုတို့သည် ကိုယ်တော်စီမံသတ်မှတ်တော်မူသောအရာများ ဖြစ်ကြပါ၏။ ယုံကြည်ခြင်းငှါ အကျွန်ုပ်အား မစတော်မူပါ။

**တမန် ၂း၂၂-၂၄**
လုကာ ၁၈း၃၁-၃၄

*"သူတို့သည် လူသားကိုရိုက်ပုတ်၍ သတ်ကြလိမ့်မည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်"*

# နာဇရက်မြို့သားယေရှု

ပေတရုသည် ဣသရေလလူအပေါင်းတို့အား နားထောင်ကြစေရန် ယခုတရားဟောခဲ့ပါသည်။ သူက ဘုရားသခင်အသိအမှတ်ပြုသောပုဂ္ဂိုလ်တဦးအကြောင်းကို စဟောခဲ့ပါသည်။ ထိုပုဂ္ဂိုလ်သည် ဘိသိက်ပေးခြင်းခံရသောသူ၊ အပ်နှံခြင်းခံရ၍ ခမည်းတော်တောင်းလျှောက်သောအရာမှန်သမျှကို စုံလင်စေတော်မူသောသူဖြစ်၏။ ယခုအခါ သူသည်ဘုရားသခင်၏ ခွဲခန့်မှတ်သားတော်မူခြင်း ဆုံးဖြတ်ချက်အစီအစဉ်အတိုင်း သေခြင်းကို ခံပြီးမှဆောင်ယူခြင်းကို ခံရခဲ့လေပြီဖြစ်၏။

<u>သက်သေကိုရသောသူ</u>၊ ဘုရားသခင်၏ခွင့်ပြုချက်သက်သေရသောသူကို သတိရကြရန် လူတို့အား ပေတရုတရားဟောခဲ့၏။ ထိုပုဂ္ဂိုလ်ပြုသောအံ့ဖွယ်အမှုနှင့် နူတ်တော်ထွက်နိမိ့သိမိ့ခြင်း စကားတို့ကို လူတို့ကြားသိခဲ့ပြီဖြစ်ပါသည်။ ယေရှု၏ ပြင်းစွာသောဝေဒနာခံခြင်းနှင့် ရက်စက်သောအသေခံခြင်းတို့သည် ခမည်းတော်၏ခွဲခန့်မှတ်သားခြင်းတရားအတိုင်း ဖြစ်ကြောင်းရှင်းပြခဲ့ပါသည်။ သေချာသည်မှာ လူ့အလိုအားဖြင့်မဟုတ်၊ မတော်တဆမဟုတ်ဘဲ၊ ဘုရားသခင်၏ခွဲခန့်မှတ်သားတော်မူခြင်းဉာဏ်တော်အတိုင်း ဖြစ်ပျက်ခြင်းဖြစ်ပါသည်။ ယေရှု ရှင်ပြန်ထမြောက်တော်မူခြင်းသည် ဤလောကသို့ ကြွလာတော်မူခြင်းရည်ရွယ်ချက်ကို ပို၍ထင်ရှားစွာပြသသောသက်သေပင်ဖြစ်ပါသည်။ ဓမ္မဟောင်းထဲ၌ ပရောဖက်ပြုထားခဲ့ပြီး၊ သခင်ယေရှုခရစ်တော်၌ စုံလင်ခြင်းရှိတော်မူခဲ့၏။

<u>အပ်နှံခြင်းကိုခံသောသူ</u>၊ သခင်ယေရှုသည် ခမည်းတော်၏ကြိုတင်စီစဉ်ခွဲခန့်မှတ်သားတော်မူသည်အတိုင်း ဥပဒေမဲ့လူများဖြစ်သော ယုဒလူတို့နှင့် ရောမလူတို့ထံ အပ်နှံခြင်းခံခဲ့၏။ ယုဒကသခင်ယေရှုကိုသစ္စာဖောက်ခဲ့၏။ ဤအမှုသည်လည်း ထိုသို့ရောမလူတို့လက်၌ ကဲ့ရဲ့ခြင်း၊ ညှဉ်းဆဲခြင်းခံစေခြင်းငှါ ရှေးမစွကပင် ကြိုတင်စီစဉ်သတ်မှတ်ထားတော်မူ၏။ ဤအမှုအလုံးစုံတို့ကို ခရစ်တော်ကြုံတွေ့ရခြင်းသည် လူတို့အတွက် ဘုရားသခင်၏ကယ်တင်ခြင်းအစီအစဉ်ကြောင့် ဖြစ်ပါ၏။

<u>ထမြောက်သောသူ</u>၊ ယေရှုသည် ထမြောက်ခဲ့ပါသည်။ ဤသည်ကား သေခြင်းမှရှင်ပြန်ထမြောက်ခြင်းကို ဆိုလို၏။ သေခြင်းသည် သခင်ယေရှုအပေါ်၌ တန်ခိုးမရှိပါ။ ရှင်ပြန်ထမြောက်ခြင်းငှါ အသေခံဖို့လိုပါ၏။ သေခြင်းနှင့်သင်္ချိုင်းသည် ယေရှု၏အောင်မြင်မှုလမ်းစပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းသည် သခင်ယေရှု၏စုံလင်သောအသက်တာနှင့် အသေခံခြင်း၌သာမဟုတ်ဘဲ သေခြင်းမှရှင်ပြန်ထမြောက်တော်မူခြင်း၌လည်း အခြေခံတော်မူ၏။

ယေရှုခရစ်တော်၏ရှင်ပြန်ထမြောက်တော်မူခြင်းတရားကို သင်သိမှတ်ယုံကြည်ပါသလား။ ဤကြီးမြတ်သောသတင်းကို သူတပါးထံသင်ဟောပြောပါမည်လော။

**ဆင်ခြင်ရန်** - ကျွန်ုပ်အတွက် ယေရှုအသေခံတော်မူခြင်းကို ကျွန်တော်သဘောပေါက်နားလည်နိုင်ပါသလား။

**ဆုတောင်းချက်** - အလုံးစုံကိုတတ်နိုင်တော်မူသောအဘ၊ ကိုယ်တော်ရွေးကောက်တော်မူသောသူတို့၌ ကျွန်တော်ပါဝင်ပါသဖြင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ ဇူလိုင် (၂၂)
**တမန် ၂း၂၅-၂၈**
ဆာလံ ၁၆း၈-၁၁

*“ကိုယ်တော်သည် အကျွန်ုပ်၏ဝိညာဉ်ကို မရဏာနိုင်ငံ၌ ပစ်ထားတော်မမူ၊ ကိုယ်တော်၏ သန့်ရှင်းသောသူအားလည်း ပုပ်စပ်ခြင်းကို ရှိစေတော်မမူ. . . ”*

# ဒါဝိဒ်၏မေရှိယနှင့်ဆိုင်သောပုရောဖက်ပြုချက်များ

ခရစ်တော်သည် ဤလောကသို့ ဘုရား-လူ အဖြစ် ကြွလာတော်မူခဲ့၏။ သို့သော်လည်း သမ္မာကျမ်းစာတွင် ကျွန်တော်တို့ (ဘုရားတရားအကြောင်း အနည်းအကျဉ်းသာသိသောသူ) နားလည်နိုင်ခြင်းငှါ လူ့အသုံးအနှုန်းဖြင့် ခေါ်ဝေါ်ဖော်ပြခဲ့ပါသည်။ ဒါဝိဒ်က မေရှိယအကြောင်း စကားအားဖြင့် ဖော်ပြသောအခါ လူ့အသုံးအနှုန်းဝေါဟာရဖြင့် ဖော်ပြခြင်းသည် သခင်ဘုရားကိုအဆင့်နိမ့်ကျ၍ဖော်ပြခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ဉာဏ်တော်ကြီးမြတ်မှုကို နားမလည်နိုင်သောကျွန်တော်တို့ သဘောပေါက်နားလည်နိုင်ခြင်းငှါ ယေရှု၏လူ့ဇာတိခံခြင်းကို ဖော်ပြခြင်းဖြင့် ရေးသားခြင်းဖြစ်ပါသည်။ သခင်ယေရှုအား ဘုရားထက်နိမ့်ကျသောသူဟု ဖော်ပြခြင်းသည် လူတို့၏မိုက်မဲမှုနှင့်အပြစ်ကြောင့်သာလျှင် ဖြစ်ပါသည်။ ဘုရားသခင်ကိုကဲ့ရဲ့ခြင်းဖြစ်၏။

<u>ပြန်၍သက်သေပြခြင်း</u>၊ ဆာလံ ၁၆း၈-၁၁ ထဲ၌ ဒါဝိဒ်ကသခင်ဘုရားနှင့်အစဉ် မိဿဟာယဖွဲ့ခြင်းရှိခြင်းအကြောင်းနှင့် ယုံကြည်ကိုးစားခြင်းအကြောင်း ရေးသားမှတ်ထားချက်ကို ပေတရုက တမန် ၂း၂၅-၂၈ တွင် ကိုးကားဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏ ဒါဝိဒ်၏လက်ယာဘက်၌ အစဉ်ရှိတော်မူ ၏။ ဆိုလိုသည်မှာ ဒါဝိဒ်ကဘုရားသခင်သည် မိမိ၏အကွယ်အကာဖြစ်သည်ဖြစ်သောကြောင့် မိမိသည် ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိကြောင်း ဖော်ပြခြင်းဖြစ်၏ (မှတ်ချက်၊ စစ်မြေပြင်တွင် စစ်သား သည် မိမိလက်ဝဲဘက်၌ရှိသောသူကို မိမိ၏ဒိုင်းဖြင့်ကာလျက် ကွယ်ကာတတ်၏။ တရားရုံးတွင် ရှေ့နေသည် မိမိအမှုသည်၏လက်ယာဘက်တွင် ရပ်တည်၍သက်သေထွက်ဆိုပြောကြားပေး၏။

<u>ရွှင်လန်းခြင်း</u>၊ ဘုရားသခင်၌တည်သော မိမိ၏မျှော်လင့်ခြင်းကြောင့် စိတ်နှလုံးရွှင်လန်းခြင်းရှိကြောင်း ဒါဝိဒ်ပြောကြားခဲ့ပါသည် (ဆာလံ ၁၆း၉)။ သခင်ယေရှု၏ကိုယ်သည် ရှင်ပြန်ထမြောက်မည်အကြောင်း ခမည်းတော်သတ်မှတ်ထားသည်အတိုင်း ကတိတော်ရှိ၏။ ဤထမြောက်ခြင်းသည် အနာဂတ်၌ဖြစ်လာမည့် ဘုန်းတော်နှင့်ဆိုင်သော ရှင်ပြန်ထမြောက်ခြင်းကို သေချာစေသောသက်သေဖြစ်ပါသည်။ “ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသောသခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော်လကျာ်ဘက်၌ ထိုင်နေတော်မူ၏” (ဟေဗြဲ ၁၂း၂)။

<u>ထမြောက်ခြင်း</u>၊ ယေရှုသည် ငရဲသို့သွားခဲ့၏ဟူသောအချက်သည် မှားယွင်းသောနားလည်သဘောပေါက်မှုဖြစ်ပါသည်။ အကြောင်းမူကား ထိုအရပ်မှ အဘယ်သူမျှကောင်းကင်သို့မသွားနိုင်ကြောင်း သခင်ယေရှုမိန့်တော်မူချက်ကို လုကာသိခဲ့ပါသည်။ ဟေဗြဲစကားလုံး “Sheol”ကို လုကာက ဂရိစကား “hades” ဟု ဘာသာပြန်အသုံးပြုခဲ့ပါသည်။ ထို့ကြောင့် ဤမရဏာနိုင်ငံသည် သင်္ချိုင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ပေတရုက သင်္ချိုင်း၌ခန္ဓာကိုယ်ပျက်စီးပုပ်စပ်ခြင်းကို ဖော်ပြခြင်းဖြစ်၏။ ထိုသင်္ချိုင်းသည် သခင်ယေရှုကိုမလွှမ်းမိုးနိုင်။ သုံးရက်မြောက်သောနေ့၌ထမြောက်တော်မူ၏။

သခင်ယေရှုသည် တရားမှာတရားဘုရားဖြစ်၍ တရားမှာတရားလူသားဖြစ်ကြောင်းကို သင်သိမှတ်ပါသလား။

**ဆင်ခြင်ရန်** - ရှင်ပြန်ထမြောက်ခြင်းမျှော်လင့်ချက် ကျွန်တော်၌သေချာအမှန်ရှိပါသလား။
**ဆုတောင်းချက်** - အသက်ရှင်ခြင်းပေးတော်မူသောအဘဘုရား၊ သေခြင်းမှရှင်ပြန်ထမြောက်တော်မူသော သားတော်ယေရှုခရစ်တော်ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ သခင်ယေရှုကိုယုံကြည်သောအကျွန်ုပ်သည်လည်း နောက်ဆုံးနေ့၌ ပြန်လည်ထမြောက်ပါလိမ့်မည်။

ကြာသပတေး၊ ဇူလိုင် (၂၃)
**တမန် ၂း၂၉-၃၆**
၂ ရာ ၇း၁၂-၁၃

*"သူထိုင်သောရာဇပလ္လင်ကို အစဉ်အမြဲပါတည်စေမည်"*

# ဒါဝိဒ်၏သားတော်

ဒါဝိဒ်သည် ဘုရားသခင်၏စိတ်တော်နှင့်တွေ့သောသူဟု ဖော်ပြခြင်းခံရပါသည်။ ပေတရုက ဤကျမ်းပိုဒ် (တမန် ၂း၂၉-၃၆) တွင် ဒါဝိဒ်အား ယုဒလူတို့၏အဘတစ်ဦးအဖြစ် ဖော်ပြခဲ့၏။ မေရှိယသည် "ဒါဝိဒ်၏သားတော်"အဖြစ် ကြွလာတော်မူမည်ဟု ပရောဖက်ပြုခဲ့ပါသည်။ ဓမ္မဟောင်းထဲမှ ပရောဖက်ပြုချက်တို့သည် ဓမ္မသစ်ထဲ၌ပြည့်စုံခြင်းရှိကြခြင်းက သမ္မာကျမ်းစာသည် သာမာန်စာအုပ်မဟုတ်ဘဲ ဘုရားသခင်မှုတ်သွင်းတော်မူခြင်းအားဖြင့်ဖြစ်သော ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ကြောင်း သက်သေပြလျက်ရှိ၏။ ထို့ကြောင့် ဓမ္မသစ်ထဲမှ ပရောဖက်ပြုချက်တို့ကိုလည်း ကျွန်ုပ်တို့ယုံကြည်ကြရပါမည်။

ဒါဝိဒ်သိခဲ့၏၊ ဒါဝိဒ်က ဘုရားသခင်သည်မိမိ၏ရာဇပလ္လင်ပေါ်၌ ထိုင်မည့်ပုဂ္ဂိုလ်အား မိမိ၏မျိုးဆက်မှဖြစ်ပွားစေမည်ဟူသော ဂတိတော်ကိုပြည့်စုံစေလိမ့်မည်အကြောင်း သိခဲ့ပါသည်။ ထိုသားတော်သည် သခင်ယေရှုခရစ်တော်ပင်ဖြစ်ပါသည်။

ဒါဝိဒ်မြင်တွေ့ခဲ့၏၊ ဒါဝိဒ်က မိမိမှဆင်းသက်လာသောသူသည် သေခြင်းကိုအောင်နိုင်မည်အကြောင်း ယုံကြည်ခဲ့ပါသည်။ "အကြောင်းမူကား၊ ကိုယ်တော်သည်အကျွန်ုပ်၏ဝိညာဉ်ကို မရဏာနိုင်ငံ၌ ပစ်ထားတော်မမူ" (ဆာလံ ၁၆း၁၀)။ ဤခရစ်တော်သေခြင်းမှ ရှင်ပြန်ထမြောက်မည့်တရားကို ဒါဝိဒ်က ယေရှု ဖွားမြင်ခြင်းမခံမီ နှစ်ပေါင်းတစ်ထောင်ကျော်မှသိမြင်ခဲ့ပါသည်။ ထိုဒါဝိဒ်ပရောဖက်ပြုခဲ့သော ခရစ်တော်ရှင်ပြန်ထမြောက်ခြင်းအကြောင်း မျက်မြင်သက်သေတို့တွင် တစ်ဦးဖြစ်ကြောင်း ပေတရုက ဖော်ပြခဲ့၏။

ဒါဝိဒ်ကြွေကြော်ခဲ့၏၊ တမန် ၂း၃၀ တွင် ပေတရုက မေရှိယနှင့်ဆိုင်သောဆာလံကို ထပ်၍ကိုးကားကြောင်း မှတ်တမ်းတင်ခဲ့၏ - "ထာဝရဘုရားက၊ သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ၊ ငါမချမထားမီတိုင်အောင်၊ ငါ့လက်ျာဘက်၌ ထိုင်နေလော့ဟု ငါ၏သခင်အား မိန့်တော်မူ၏" (ဆာလံ ၁၁၀း၁)။ ဤသည်ကား ဒါဝိဒ်၏ပလ္လင်၌ထိုင်ခြင်းငှါ ဘိသိက်ပေးထားသောယေရှုကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ဘုရားသခင်က နာဇရက်မြို့သားယေရှုအား (ကားတိုင်၌တင်သတ်ခြင်း ခံရ၍ သင်္ဂြိုလ်ပြီးမှ ရှင်ပြန်ထမြောက်သောသူ) ဓမ္မဟောင်း၏ ယေဟောဝါနှင့်တလုံးတဝတည်းဖြစ်သည်ဟူ၍၎င်း၊ ဤကမ္ဘာသို့ကြွလာတော်မူပြီး၊ နိုင်ငံတော်၌ထာဝရစိုးစံမည့် ခမည်းတော်၏ဘိသိက်ခံမေရှိယဖြစ်ကြောင်းကို၎င်း ပေတရုက ဖော်ပြနိဂုံးချုပ်ခဲ့ပါသည်။

ဤကမ္ဘာမြေကြီး၌ နှစ်တစ်ထောင်အုပ်စိုးမည့်ရှင်ဘုရင်အဖြစ် ယေရှုကို သင်မြင်ပါသလား။ ယေရှုကို ဓမ္မဟောင်း၏ယေဟောဝါနှင့် တလုံးတဝတည်းဖြစ်သည်ကို ယုံကြည်လျက် ကိုးကွယ်ဝတ်ပြုပါသလား။

**ဆင်ခြင်ရန်** - ယေရှုခရစ်တော်ကို ဓမ္မဟောင်း၌၎င်း၊ ဓမ္မသစ်၌၎င်း ကျွန်ုပ်မြင်ရပါသလား။

**ဆုတောင်းချက်** - ကျေးဇူးတော်ဂရုဏာတော်နှင့်ပြည့်စုံတော်မူသောအဘ၊ ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ သမ္မာကျမ်းစာသည် မမှားနိုင်သော၊ အမှားကင်းစင်သောနှုတ်ကပတ်တော်ဖြစ်ကြောင်း ယုံကြည်ကိုးစားခြင်းငှါ အကျွန်ုပ်၏မယုံကြည်ခြင်းကို ဖယ်ရှားပေးတော်မူပါ။

သောကြာ၊ ဇူလိုင် (၂၄)
**တမန် ၂း၃၇-၄၀**
မသဲ ၄း၁၇

*"နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ"*

# နောင်တရခြင်းနှင့်ဗတ္တိဇံမင်္ဂလာ

ကယ်တင်ခြင်းခံရခြင်းငှါ ကျွန်တော်ဘာလုပ်ရမည်နည်း။ နည်းလမ်းကိုမသိသော ဇာတိပကတိလူ၏မေးခွန်းသည် ကယ်တင်ခြင်းငှါ အဘယ်အမှုပြုရမည်နည်းဟူ၍ ဖြစ်ပါသည်။ ယိုယွင်းပျက်စီးသောလူ၏စိတ်နှလုံးက ကယ်တင်ခြင်းခံရခြင်းငှါ အမှုတစ်ခုခုပြုရမည်ဟု ထင်မှတ်ထားပါ၏။

စိတ်နှလုံးပူပန်ခြင်း၊ ပေတရု၏တရားကို ကြားသိကြသောအခါ သူတို့၏စိတ်နှလုံးသည် ပူပန်ခြင်းရှိကြ၏။ သန့်ရှင်းသောဝိညာဉ်တော်က သူတို့၏စိတ်နှလုံးကို ထိုသို့ဖြစ်စေခြင်းဖြစ်ပါလိမ့်မည်။ ယုဒလူတို့သည် ပေတရုကိုမငြင်းနိုင်ကြပါ။ သူတို့၏အဘ၊ ဒါဝိဒ်၏စကားအမှန်ဖြစ်ကြောင်းကို သိခဲ့ကြ၏။ သူတို့ခံရမည့်အရာကား တရားစီရင်ခြင်းသာဖြစ်ကြောင်း သိကြသဖြင့် ပေတရုအား "အဘယ်သို့ပြုရပါမည်နည်း" (တမန် ၂း၃၇) ဟု မေးကြခြင်းဖြစ်ပါသည်။

ချက်ချင်းအဖြေပေး၏၊ ပေတရုက ခရစ်တော်ထံသွားရာလမ်းသည် နောင်တရခြင်းနှင့်ယုံကြည်ခြင်းသာလျှင်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်ရှေ့၌သူတို့၏အပြစ်ကို သိမှတ်ကြခြင်းငှါ နောင်တရခြင်းကိုပေတရုက အရင်ဖော်ပြ၏။ နောင်တရခြင်းဆိုသည်မှာ စိတ်နှလုံးပြောင်းလဲခြင်းဖြစ်ပါသည်။ လူတဦး၏အသက်တာ၊ အကျင့်၊ နေပုံထိုင်ပုံ၊ အတွေးအခေါ် ပြောင်းလဲခြင်းဖြစ်၏။ ထိုသို့ပြောင်းလဲသောစိတ်နှလုံးက အပြစ်ကြောင့်ခံရမည့်တရားစီရင်ခြင်းကို သိသဖြင့်သခင်ယေရှုခရစ်တော်အား ယုံကြည်ကိုးစားလာခဲ့၏။ ကြားနာသူက ယုံကြည်သောအခါ အသက်တာအတွင်း၌ခံရသောကျေးဇူးတော်၏ တံဆိပ်လက္ခဏာအဖြစ် ဗတ္တိဇံကိုခံဖို့လိုပါသည်။ စိတ်နှလုံးတို့ထိပူပန်စေခြင်းသည် ရွေးကောက်သောသူတို့အား ဘုရားသခင်မှအတွင်းပိုင်းခေါ်ခြင်းဖြစ်ပါသည်။ ဘုရားသခင်ခေါ်ခြင်းခံရသောသူတို့သည် ယုံကြည်ခြင်းရှိကြပါလိမ့်မည်။ ရေဗတ္တိဇံမင်္ဂလာခံခြင်းအားဖြင့် အပြစ်လွှတ်ခြင်းခံရကြသည်ဟူ၍မရှိပါ။ ရေဗတ္တိဇံမင်္ဂလာသည် သစ္စာရှိသောယုံကြည်သူအဖို့ တံဆိပ်လက္ခဏာသာဖြစ်၏။ အပြစ်လွှတ်ခြင်းသည် ခရစ်တော်၌ယုံကြည်ခြင်းတစ်ခုတည်းကြောင့် ဖြစ်ပါသည်။

ကတိတော်၊ ကယ်တင်ခြင်းကတိတော်သည် ယုဒလူတို့ထံ ရှေးဦးစွာပေးတော်မူခဲ့၏။ အာဗြဟံအမျိုး ဣသရေလသည် ကျေးဇူးတော်မင်္ဂလာအရင်ခံရကြပြီး သူတို့မှတစ်ဆင့် ဤကမ္ဘာလောကသားတို့ထံ ရောက်ရှိလာပါ၏။ ဘုရားသခင်က တစ်ပါးအမျိုးသားတို့ကိုလည်း ရွေးကောက်တော်မူသောကြောင့် ကျေးဇူးတော်ကိုချီးမွမ်းပါ၏။ ရွေးကောက်ခြင်းခံရသောသူတို့သည် ခေါ်ခြင်းခံရ၍ ဖြောင့်မတ်စေခြင်းကို ခံရကြ၏။

ယေရှုကိုသင်ယုံကြည်ပြီးပြီလား။ သင့်အပြစ်မှနောင်တရပြီးပြီလား။ နောင်တရခြင်း၏အသီးအပွင့်တည်းဟူသော စိတ်နှလုံးအလိုပြောင်းလဲခြင်းရှိပါသလား။

**ဆင်ခြင်ရန်** - ခရစ်တော်၌အသစ်ပြုပြင်ခြင်းခံရသောသူ ကျွန်တော်ဖြစ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ နောင်တရလျက် ယေရှုကိုယုံကြည်လိုပါ၏။

စနေ၊ ဇူလိုင် (၂၅)
**တမန် ၂း၄၁-၄၂**
၂ တိ ၃း၁၂-၁၇

*“အထက်ကသင်၍ နှလုံးသွင်းမိသော အယူဝါဒ၌တည်နေလော့”*

# မြဲမြံတည်ကြည်သော

အမှုတော်မြတ်၌ ကျွန်တော်အတွေ့အကြုံနည်းသေးသော်လည်း၊ ယေရှုခရစ်တော်ကို မိမိ ယုံကြည်သည်ဟုဝန်ခံလျက် ဗတ္တိဇံခံပြီးမှ ယုံကြည်ခြင်းကိုစွန့်၍ပျောက်ကွယ်သွားသော လူများစွာ ကျွန်တော်တွေ့ခဲ့ပါသည်။ ထိုသို့သောအမည်ခံခရစ်ယာန်များကို သင်လည်းမြင်တွေ့ဖူးမှာပါ။ ဗတ္တိဇံ ခံပြီးမှ အနည်းစုသည် နှစ်နှင့်ခံပြီး၊ အများစုသည် လအနည်းငယ်သာခံကြ၏။ တမန် ၂း၄၁-၄၂ က ကယ်တင်ခြင်းရရန် ရေဗတ္တိဇံမင်္ဂလာလိုအပ်သည်ဟုဆိုသော မှားယွင်းသောအချက်ကို သေချာ စေပါသည်။ ဗတ္တိဇံသည် ယုံကြည်သောသူကိုအတည်ပြုခြင်းသာဖြစ်၏။ ထာဝရအသက်ရဖို့ရန် ထပ်ဖြည့်စွက်ရမည့်အရာမဟုတ်ပါ။

<u>နှလုံးသွင်းမိသောသူ</u>၊ သုံးထောင်သောသူတို့သည် ယုံကြည်ခဲ့ကြ၏။ “ထိုစကားကို အသင့် နှလုံးသွင်းမိခဲ့၏” (တမန် ၂း၄၁)။ ဤလူတို့သည် ဝိညာဉ်တော်၏စိတ်နှလုံးပူပန်စေခြင်းခံရသော ဘုရားသခင်၏စီရင်ခြင်းနှင့်ထိုက်တန်သောသူဟု မိမိကိုယ်ကိုသိသောသူများဖြစ်ပါသည်။ ထို့ကြောင့် ပေတရုအား ကယ်တင်ခြင်းခံရခြင်းငှါ အဘယ်အမှုပြုရမည်နည်းဟု မေးခဲ့ကြ၏။ ပေတရုက နောင်တရ၍ ဗတ္တိဇံခံကြလော့ဟုဆိုခဲ့ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်က အတွင်းပိုင်းခေါ်ခြင်း ဖြင့် ခေါ်သောသူတို့သည် ပေတရု၏စကားကို ယုံကြည်ကြပြီး ဗတ္တိဇံခံခဲ့ကြပါသည်။

<u>ဗတ္တိဇံခံကြ၏</u>၊ ဗတ္တိဇံခံသောသူတို့က မိမိတို့အမှန်ပြောင်းလဲခြင်းရှိကြောင်းကို သက်သေပြ ကြ၏။ သူတို့သည် တမန်တော်တို့နှင့်“အမြဲ” ဆက်လက်နေကြ၏။ သူတို့သည်အမှန်ယုံကြည်ခြင်း ရှိကြပြီး ဗတ္တိဇံကိုခံခဲ့ကြ၏။ ဗတ္တိဇံက လူကိုကယ်တင်တော်မမူ။ အသက်တာ၌ခံစားရသော ကယ်တင်ခြင်းကျေးဇူးတော်ကို အပြင်၌ပေါ်လွင်စေလျက် တံဆိပ်လက္ခဏာအဖြစ် ဗတ္တိဇံခံကြခြင်း ဖြစ်ပါသည်။

<u>ဆက်လက်နေကြ၏</u>၊ သို့သော်လည်း ရေဗတ္တိဇံခံခြင်းသည် အဓိကစမ်းသပ်ချက်မဟုတ်ပါ။ လုကာက သူတို့သည် (နှလုံးသွင်းမိ၍ဗတ္တိဇံခံသောသူ) တမန်တော်တို့၏ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏ဟု ဖော်ပြထား ပါသည်။ ခရစ်တော်၏အသက်တာနှင့်ညီသော အသက်တာဖြင့် ဆက်လက်ကြိုးစားအသက်ရှင်ခြင်း သည် စစ်မှန်သောပြောင်းလဲခြင်း၏ လက္ခဏာပင်ဖြစ်ပါသည်။

ဗတ္တိဇံက သင့်ကိုကယ်တင်ခြင်းမပေးနိုင်ကြောင်းကို သင်သိပါသလား။ သို့သော်လည်း နာခံခြင်းစိတ်သဘောရှိကြောင်း ပြသခြင်းငှါ ဗတ္တိဇံလိုအပ်သည်ကို သင်သိပါသလား။

**ဆင်ခြင်ရန်** - သခင်ယေရှုခရစ်တော်ကိုသာ ကျွန်တော်ယုံကြည်ကိုးစားခြင်းရှိပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏သခင် ကယ်တင်ရှင်ယေရှုခရစ်တော်၌ အစဉ်ကျင်လည် တည်မြဲမည်အကြောင်း ဤလောကခရီးလမ်း၌ ကြံ့ကြံ့ခံမြဲခြင်းရှိနိုင်ရန် ကြိုးစား အားထုတ်သည်းခံနိုင်သော ကျေးဇူးတော်ကို အကျွန်ုပ်အားပေးသနားတော်မူပါ။

**တမန် ၂း၄၃-၄၇**
၁ ယော ၃း၁၆-၁၈

*"ငါတို့သည် စကားပြောကာမျှအားဖြင့်သာ မချစ်ဘဲစိတ်ပါကိုယ်ရောက် ဇေကန်အမှန် ချစ်ကြကုန်အံ့"*

## အတူတကွသုံးဆောင်ခြင်းဝါဒ

ကြောက်လန့်ခြင်းရှိသော်လည်း တမန်တော်တို့ဟောပြောသောတရား မှန်ကန်ကြောင်းကို အံ့ဘွယ်နိမိတ်လက္ခဏာတို့ဖြင့် သက်သေပြခြင်းငှါ ဘုရားသခင်၏ကျေးဇူးတော်၊ လက်တော်ကို တွေ့ရပါသည်။ အံ့ဖွယ်နိမိတ်လက္ခဏာတို့သည် သူတို့၏အမှုတော်ကို သက်သေပြသောဘုရားသခင်၏ တံဆိပ်တော်ဖြစ်၏။ ထိုသို့ဘုရားသခင်ကို ချီးမွမ်းကြလျက်ဘုရားသခင်စိတ်တော်နှင့် ထိတွေ့ခြင်းရှိသောကြောင့် အသင်းတော်သို့ကယ်တင်ခြင်းခံရသူများကို နေ့စဉ်အသင်းဝင်စေတော်မူ၏။

ဘုရားသခင်ကြောက်ရွံ့ခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်သွန်သင်ဟောပြောခြင်းအားဖြင့် အသင်းတော်သည် ကြောက်လန့်ခြင်းရှိပါ၏။ သို့သော်လည်း ဤကြောက်လန့်ခြင်းသည် လူအပေါင်းတို့ကို စီရင်ပိုင်သောဘုရားသခင်ရှေ့၌ တုန်လှုပ်ခြင်းမျိုးဖြစ်သော ကြောက်လန့်ရိုသေခြင်းပင်ဖြစ်ပါသည်။ တမန်တော်တို့ပြုသော အံ့ဖွယ်အမှုတို့ကို များစွာတွေ့မြင်ရခြင်းဖြင့် တမန်တော်တို့သည် ဘုရားသခင်၏လူအမှန်ဖြစ်ကြသည်ကို သဘောပေါက်ကြပါသည်။ ထိုအခါ ခေါင်းဆောင်တို့ကို ကြောက်ရွံ့လေးစားမှုရှိ၍ ဟောပြောသောစကားကို ဘုရားသခင်၏စကားအဖြစ် ယုံကြည်လက်ခံကြ၏။

ဘုရားသခင်ချစ်ခြင်း၊ သူတို့၌ရှိသောအရာတို့ကို ယူဆောင်လာကြပြီး ဘုရားသခင်၏အမှုပြုခြင်းကို ထင်ရှားစေလျက် အတူတကွသုံးဆောင်ကြ၏။ ခရစ်တော်၌လွတ်မြောက်ခြင်းကို ခံရကြသည်ဖြစ်၍ သူတို့ပိုင်ဆိုင်သော ဥစ္စာများကိုရောင်းလျက် လိုအပ်သောသူတို့အား ဝေမျှကြ၏။ "အတူတကွသုံးဆောင်ခြင်းဝါဒ" ပေတည်း (Jeffrey Khoo)။ ခရစ်ယာန်တို့သည် အချင်းချင်းချစ်ကြသောအခါ၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာထင်ရှားလျက်ရှိ၏။ လိုအပ်သောသူကို မျှဝေကြ၏။ သူတို့၏ ဘုရားသခင်ချစ်ခြင်းကို အချင်းချင်းပြုစုကြခြင်း၌သာမက၊ အတူတကွ ဘုရားသခင်ချီးမွမ်းခြင်း၌ တွေ့ရပါသည်။

ဘုရားသခင်ထံမှပွားများခြင်း၊ ဘုရားသခင်သည် ပစ္စည်းဥစ္စာ၌သာမက အသင်းတော်သို့ ကယ်တင်ခြင်းခံသောသူ ပို့ဆောင်ပေးခြင်းဖြင့် ဝိညာဉ်တော်ရေးရာအမှု၌လည်း အကောင်းဆုံးသော ပေးကမ်းထောက်မသောသူဖြစ်ပါသည်။ ပုံသေမဟုတ်သော်လည်း ဘုရားသခင်သည် မိမိအား ကြောက်ရွံ့သောသူ၊ ချစ်သောသူတို့ကို ကောင်းကြီးပေးတော်မူ၏။ ထိုသို့အသင်းတော်၌ ဘုရားသခင်ကောင်းကြီးပေးသောအခါ လူဦးရေတိုးပွားလာသည်သာမက ယုံကြည်သူများပြားလာခဲ့၏။

ဘုရားသခင်ထံမှရရှိသော ကောင်းကြီးမင်္ဂလာများကို သူတပါးအား ကျွန်တော်တို့ဝေမျှကြပါသလား။ ထိုသို့ပြုသောအခါ ချစ်ခြင်းဖြင့်ပြုသလား။ အပေါ်ယံသဘောဖြင့် ပြုသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်၌ရှိသောအရာမှန်သမျှသည် ဘုရားသခင်ထံမှဖြစ်ကြောင်း ကျွန်တော်နားလည်သိမှတ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်တို့၏သိုးထိန်းကြီး အကျွန်ုပ်၏လိုအပ်သောအရာ၊ အစဉ်ပြုစုကျွေးမွေးပေးတော်မူသော ကိုယ်တော်၏ချစ်ခြင်းလက်တော်ကို အစဉ်သိမြင်လိုပါ၏။ ထို့ပြင် အကျွန်ုပ်ကိုလည်း သူတပါးထံဝေမျှခြင်းငှါ ကိုယ်တော်၏တန်ဆာပလာဖြစ်စေတော်မူပါ။

**တမန် ၃း၁**

လုကာ ၁၁း၁

*“တပည့်တော်တစ်ယောက်က သခင်၊ ဆုတောင်းစေခြင်းငှါ . . . အကျွန်ုပ်တို့အား နည်းပေးတော်မူပါဟု လျှောက်သော်. . . ”*

# ဆုတောင်းခြင်း

ဆုတောင်းခြင်းအစီအစဉ်သည် အသင်းသူအသင်းသားများ ဝိညာဉ်ရေးရာ၌ရင့်ကျက်ခြင်း ရှိမရှိ တိုင်းတာရန် အလွန်ကောင်းသောအရာဖြစ်ပါသည်။ ပုံမှန်အားဖြင့် အတူတကွဆုတောင်းခြင်း အရေးပါမှုကို သဘောပေါက်နားလည်သော ရင့်ကျက်သောယုံကြည်သူတို့သည် အများအားဖြင့် အသင်းတော်ဆုတောင်းခြင်းအစီအစဉ်၌ ပါဝင်တတ်ကြ၏။ အမှန်မှာ ခရစ်ယာန်တိုင်းသည် မိမိအသင်းတော်၏ ဆုတောင်းခြင်းအစီအစဉ်၌ ပါဝင်ဖို့ရန် စိတ်အားထက်သန်ခြင်းရှိရပါမည်။

ဆုတောင်းသောသူ၊ တမန်တော်တို့သည် ဆုတောင်းပဌနာပြုခြင်းငှါ ဗိမာန်တော်သို့သွားကြ၏။ သူတို့သည် ဘုရားသခင်ကိုချီးမွမ်းရင်း ဗိမာန်တော်၌အမြဲရှိတတ်ကြ၏။ တမန် ၂း၄၆ ကိုကြည့်ခြင်းအားဖြင့် တပည့်တော်တို့သည် ဗိမာန်တော်၌ ဆုတောင်းခြင်းအမှုကို နေ့စဉ်လိုလိုပြုကြကြောင်း တွေ့ရပါသည်။ သူတို့စိတ်နှလုံးထဲ၌ ဆုတောင်းလိုသောဆန္ဒ၊ ဆုတောင်းခြင်းအကျင့်ရှိခဲ့၏။ ဤစိတ်သဘောကို သခင်ယေရှုထံမှ သူတို့ရရှိခြင်းဖြစ်ပါသည်။ သခင်ယေရှုလက်အောက်၌ သုံးနှစ်လုံးလုံး သင်တန်းတတ်စဉ် သူတို့သည်ဆုတောင်းသောသူအဖြစ် ပြောင်းလဲခဲ့ကြ၏။ အမှုတော်၌လိုအပ်သော အရာအတွက် ဆုတောင်းပဌနာပြုတတ်ကြ၏။

ဆုတောင်းမည့်နေရာ၊ ဆုတောင်းသောနေရာသည် ဗိမာန်တော်ဖြစ်ပါသည်။ ယေရှုကိုယ်တိုင်က ဗိမာန်တော်အား “ဆုတောင်းရာအိမ်” (လုကာ ၁၉း၄၆) ဟု ဖော်ပြခဲ့ပါသည်။ ဆုတောင်းခြင်းကို အိမ်တိုင်း၌လည်းပြုလုပ်လျက် (တမန် ၁၂း၁၂) အတူတကွ ဆုတောင်းပဌနာပြုခြင်းအမှုကို ဘုရားကျောင်း၌ပြုလုပ်ကြပါသည်။ ဗိမာန်တော်သည် ယောဟန် ၂း၁၆ ၌ ယေရှုမိန့်တော်မူသကဲ့သို့ “ခမည်းတော်၏အိမ်တော်” ဖြစ်ပါသည်။ ထို့ကြောင့် ခမည်းတော်ထံဆုတောင်းခြင်းအမှုကို ထိုအရပ်၌ ပြုလုပ်ခြင်းဖြစ်ပါသည်။

ဆုတောင်းချိန်၊ “ပဌနာပြုရသောအချိန်” (တမန် ၃း၁) ဟုဖော်ပြသောကြောင့် သူတို့သည် ဆုတောင်းချိန်သတ်မှတ်ထားကြောင်း တွေ့ရပါသည်။ ထိုအချိန်၌ပေတရုနှင့်ယောဟန်တို့သည် ဗိမာန်တော်သို့သွားခဲ့ကြ၏။ “ဆုတောင်းချိန်” ဆိုသည်မှာ ဆုတောင်းဖို့သက်သက်အတွက် ဆက်ကပ်ထားသော သတ်မှတ်ထားသောအချိန်ဖြစ်ပါသည်။ ယုဒလူတို့သည် ဆာလံ ၅၅း၁၇ နှင့် ဒံယေလ ၆း၁၀ ကို အခြေခံလျက် ဆုတောင်းချိန် သုံးချိန်သတ်မှတ်ထားကြပါသည်။ ထိုအချိန်များမှာ “တစ်ချက်တီးအချိန်” (တမန် ၂း၁၅၊ နံနက် ၉ နာရီ)၊ “နှစ်ချက်တီးအချိန်” (တမန် ၁၀း၉၊ နေ့လယ် ၁၂ နာရီ) နှင့် “သုံးချက်တီးအချိန်” (တမန် ၃း၁၊ ညနေ ၃ နာရီ) ဖြစ်ပါသည်။ ဤအချိန်များ၌ အခြားအမှုကို မပြုကြဘဲ ဆုတောင်းချိန်အဖြစ်သတ်မှတ်ကြသောကြောင့် ထိုအရပ်၌နေကြ၏။

အသင်းတော်ဆုတောင်းခြင်းအစီအစဉ်၌ သင်ပုံမှန်ပါဝင်ပါသလား။ မိမိတစ်ကိုယ်တည်းနှင့် မိသားစုဆုတောင်းခြင်းအချိန် ပုံမှန်သတ်မှတ်ထားပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံ ဆုတောင်းခြင်းမပြုဘဲ တရက်တာကျွန်တော်ကျော်ဖြတ်နိုင်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အချိန်မှန်ဆုတောင်းခြင်းငှါ၊ အစဉ်မပြတ်ဆုတောင်းခြင်းငှါ အကျွန်ုပ်ကိုသွန်သင်တော်မူပါ။

## တမန်တော်နှင့်ဆိုင်သောအံ့ဖွယ်နိမိတ်လက္ခဏာ

သခင်ယေရှုထံမှ တပည့်တော်တို့သင်ယူရရှိသော အခြားစိတ်သဘောထားဟူမူကား နာမကျန်းသောသူတို့အပေါ် သနားကြင်နာခြင်းပင်ဖြစ်ပါသည်။ ယေရှုက လူများတို့ကို ကျန်းမာစေခဲ့၏။ သခင်ယေရှုဘယ်သွားသွား နောက်မှလိုက်သောသူများ ရှိကြ၏။ အနာငြိမ်းခြင်းလိုအပ်သောသူနှင့် ထိုအနာငြိမ်းခြင်းကို မြင်တွေ့လိုသောသူဖြစ်ကြ၏။ သခင်၏စိတ်ချင်းမေတ္တာစိတ်နှလုံးသည် မိမိ၏တပည့်တော်တို့၏ စိတ်နှလုံး၌ပေါ် လွှင်လာခဲ့ပါသည်။

<u>မဖြစ်နိုင်သောအခြေအနေ</u>၊ လုကာက အမိဝမ်းတွင်းကပင် - မွေးရာပါ ခြေမစွမ်းသောသူဟု ဖော်ပြထားပါသည်။ ဤအခြေအနေသည် ယနေ့ဆေးပညာအမြင့်ဆုံးကာလ၌ပင် ပြန်၍ကောင်းမွန်ခြင်းငှါ မဖြစ်နိုင်သောအနေအထားဖြစ်ပါသည်။ ဤခြေမစွမ်းသောသူရှင်သန်ခြင်းသည် လူတို့၏ အလှူငွေအားဖြင့်သာဖြစ်၏။ သူပြန်၍ခြေထောက်ကောင်းမွန်ဖို့ရန် လူတို့မတွေး တောနိုင်သောစွမ်းအားတန်ခိုးလိုအပ်ပါသည်။ သူလမ်းထလျှောက်နိုင်ခြင်းငှါ အံ့ဖွယ်တန်ခိုး၏အမှုလိုအပ်ပါသည်။ မွေးရာပါ ခြေမစွမ်းဖြစ်ခြင်းအမှုက အံ့ဖွယ်နိမိတ်လက္ခဏာ၏တန်ခိုးအစွမ်းကို မြင်သာစေပါသည်။

<u>မဖြစ်နိုင်သောမျှော်လင့်ခြင်း</u>၊ ပေတရုနှင့်ယောဟန်တို့သည် ဆေးပညာမတတ်ခဲ့ပါ၊ ဤခြေမစွမ်းသောသူကို ကျန်းမာစေခြင်းငှါ သူတို့၌တန်ခိုးစွမ်းအားမရှိပါ။ ခြေမစွမ်းသောသူကလည်း သူတို့ထံမှ ကျန်းမာခြင်းကိုမမျှော်လင့်ခဲ့ပါ။ မိမိကိုယ်ကို ပုံမှန်ပြန်ဖြစ်မည်ဟု စဉ်းစားတွေးတောခဲ့လိမ့်မည်မဟုတ်။ နှစ်ပေါင်းလေးဆယ်လုံးလုံးတောင်းခဲ့သည်အတိုင်း အလှူငွေအနည်းငယ်သာ သူမျှော်လင့်နေခြင်းဖြစ်ပါ၏။ ပေတရုနှင့်ယောဟန်က ရိုးရှင်းစွာ "ငါ၌ရွှေ ငွေမရှိ" (တမန် ၃း၆) ဟုဆို၏။ ဤသည်ကား တမန်တော်တို့၏ သန့်ရှင်းသော၊ ရှုတ်ချ၍မရသော၊ အပြစ်တင်ခွင့်နှင့်လွတ်သောအသက်တာဖြစ်ပါသည်။ သူတို့သည် သိုးအုပ်စုထံမှ အကျိုးအမြတ်မရရှိခဲ့ကြပါ။

<u>မဖြစ်နိုင်သောအနာငြိမ်းခြင်း</u>၊ ပေတရုက ထိုသူအားသူတို့၌ ပိုက်ဆံမရှိ၊ သို့သော်လည်း ရှိသည့်အရာ၊ သခင်ယေရှုခရစ်တော်ကို ပေးမည်ဟုဆိုခဲ့ပါသည်။ ထို့နောက် ပေတရုက "နာဇရက်မြို့သားယေရှုခရစ်၏နာမတော်အားဖြင့် ထ၍လမ်းသွားလော့" (တမန် ၃း၆) ဟုဆိုခဲ့ပါသည်။ လုကာက ထိုသူ၏ခြေသည် မည်သို့စွမ်းအားရကြောင်းကို (ခြေနှစ်ဖက်ဖမျက်စိ) တိကျစွာဖော်ပြခဲ့ပါသည်။ အနာငြိမ်းခြင်းသည် ချက်ချင်းသက်ရောက်ခဲ့၏။ လမ်းလျှောက်ခဲ့ဖူးခြင်းလုံးဝမရှိသော ထိုသူသည် ထခုန်၍မတ်တပ်ရပ်ပြီး လမ်းသွား၍ဘုရားသခင်ကို ချီးမွမ်းခဲ့ပါသည် (တမန် ၃း၈)။

အနာငြိမ်းစေခြင်းငှါ ဘုရားသခင်၏တန်ခိုးကို သင်ယုံကြည်ပါသလား။ တစ်စုံတစ်ယောက်နေမကောင်းသောအခါ သင်ဆုတောင်းပါသလား။ ဘုရားသခင်ကသာလျှင် သင့်ကိုကျန်းမာစေနိုင်ကြောင်း သင်ယုံကြည်ပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အနာငြိမ်းစေနိုင်ခြင်းတန်ခိုးကို သင်သံသယဝင်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်နှင့်မိသားစုကို ဒုက္ခအန္တရာယ်မှ ကွယ်ကာစောင့်ရှောက်တော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၂၉)
**တမန် ၃း၉-၁၀**
လုကာ ၁၇း၁၁-၁၉

*"သင်ထ၍သွားလော့။ သင်၏ယုံကြည်ခြင်းသည် သင်၏အနာကိုငြိမ်းစေမည်"*

# ဘုရားသခင်အားချီးမွမ်းခြင်း

များစွာသော ယနေ့အံ့ဖွယ်အမှုပြုခြင်းတို့ကို ယေရှုခရစ်တော်၏နာမတော် အမှီပြု၍ ပြုကြသော်လည်း၊ ဝမ်းနည်းစရာကောင်းသည်မှာ ယေရှု၏နာမတော်ကို အချည်းနှီးမြွက်ဆိုအသုံးပြုကြခြင်း ပင်ဖြစ်ပါသည်။ ယနေ့ အနာငြိမ်းစေခြင်းတို့သည် အတုများသာဖြစ်ကြ၏။ သမ္မာကျမ်းစာနှင့်ညီသော အနာငြိမ်းခြင်းမဟုတ်ပါ။ ယနေ့တွေ့ရသော ယုံကြည်ခြင်းဖြင့် အနာငြိမ်းစေခြင်းအမှုပြုသောသူတို့သည် ငွေနောက်လိုက်သူများသာဖြစ်ကြောင်း သတိပြုကြပါ။ လူတို့အား မုသာကိုယုံကြည်စေသော ဤမုသာသုံးသောသူတို့သည် ကြီးမားသောပြစ်ဒဏ်ခံရကြပါလိမ့်မည်။ သမ္မာကျမ်းစာထဲရှိ ဘုရားသခင်၏ကတိတော်နှင့်ရောင့်ရဲခြင်းရှိကြပါစို့။ ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကို ကျွန်တော်တို့ ဂရုစိုက်ကြရပါမည်။ သို့သော်လည်း ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန်သာ ဖြစ်ပါစေ။

<u>လူအပေါင်းတို့က မြင်ကြ၏</u>၊ လူတို့သည် မွေးရာပါခြေမစွမ်းသောသူကို လမ်းလျှောက်နေသည်သာမက ဘုရားသခင်အားချီးမွမ်းနေသည်ကို မြင်တွေ့ကြ၏။ ဤအံ့ဖွယ်အမှုက ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေပါသည်။ သူသည် မိမိအသက်တာ၌ ဖြစ်ပျက်သောအမှုကို ဖုံးကွယ်မထားပါ။ သူသည် ရွှင်လန်းဝမ်းမြောက်ခြင်းနှင့်ပြည့်ဝခဲ့ပါသည်။ ဤသည်ကား ခန္ဓာကိုယ်အနာငြိမ်းစေခြင်းဖြစ်ပါသည်။ သို့ဆိုလျှင် မွေးရာပါအပြစ်သားတစ်ဦး သခင်ယေရှုခရစ်တော်ကို ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် အပြစ်လွတ်ခြင်းခံ၍သန့်ရှင်းစေခြင်းခံရလျှင် မည်မျှဝမ်းမြောက်ပါလိမ့်မည်နည်း။ အသင်းတော်ရှိ ယနေ့များစွာသောလူတို့သည် လျို့ဝှက်သောခရစ်ယာန်များဟုဆိုနိုင်ပါသည်။

<u>လူအပေါင်းတို့သည် သိကြ၏</u>၊ အံ့ဖွယ်အမှုကိုမြင်ကြသောအခါ လူတို့သည်ထိုသူအားသိကြ၏။ တင့်တယ်တံခါးနား၌ တောင်းစားသောသူဖြစ်ကြောင်း သိမှတ်ကြ၏။ ဤအချက်ကသူသည် ထိုနေရာ၌အချိန်ကြာမြင့်စွာ ရှိနေခဲ့သောသူဖြစ်သည်ကို ဖော်ပြလျက်ရှိ၏။ ထိုအချက်သည် အရေးပါလှပါသည်။ လူတို့က ဤအံ့ဖွယ်အမှုသည် မည်သို့သောအမှုဖြစ်သည်ကို သိကြခြင်းငှါဖြစ်၏။

<u>လူအပေါင်းတို့သည် အံ့သြမိန်းမောတွေဝေခြင်းရှိကြ၏</u>၊ လူတို့သည် ထိုအံ့ဖွယ်အမှုကို သိကြသောကြောင့် အံ့သြခြင်းရှိကြ၏။ ဤအမှုကလူများတို့ကို သတိပြုစေပါသည်။ ဤအမှုသည် အံ့သြဖွယ်နိမိတ်လက္ခဏာအစစ်ဖြစ်ကြောင်း လူတို့သိကြပါသည်။ ယနေ့အနာငြိမ်းခြင်းတို့သည် သက်သေမရှိသောအတုများသာ ဖြစ်ပါသည်။ ယခုအမှုသည် အစစ်ဖြစ်၏။ ထိုလူသည်မွေးရာပါခြေမစွမ်းသောသူဖြစ်ပြီး ယခုအခါသွားလျက်၊ ခုန်လျက် ရှိပါသည်။

ငွေနောက်လိုက် ယနေ့အနာငြိမ်းခြင်းအစီအစဉ်၊ လွတ်မြောက်ခြင်းအစီအစဉ်များ၏ လှည့်ဖြားခြင်းကို သင်ခံရပါသလား။ ယေရှုခရစ်တော်ကို အမှန်ယုံကြည်သောသူအပေါင်းတို့သည် ဘုန်းတော်နှင့်ပြည့်စုံသော ခန္ဓာကိုယ်ရရှိကြလိမ့်မည်ဟူသော ဂတိတော်ကိုသင်ယုံကြည်ပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်အား အကျွန်ုပ်ကိုအသက်ရှင်ခြင်းပေးသောကြောင့် ကျွန်တော်ချီးမွမ်းနေပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်သည် အကျွန်ုပ်၏မပြည့်စုံမှု၊ အားနည်းမှုကို သိတော်မူ၏။ ခန္ဓာကိုယ်ပြဿနာကြုံတွေ့သောအခါ အကျွန်ုပ်ကိုကျန်းမာစေတော်မူပါ ဘုရား။

ကြာသပတေး၊ ဇူလိုင် (၃၀)
**တမန် ၃း၁၁-၁၂**
ယောဟန် ၃း၃၀

*"ထိုသခင်သည် တိုးပွားခြင်းရှိရမည်။ ငါမူကား ဆုတ်ယုတ်ခြင်းရှိရမည်"*

# အလွန်အံ့ဩမိန်းမောတွေဝေခြင်း

ဤကျမ်းပိုဒ်သည် အသင်းတော်၏ခေါင်းဆောင်များနှင့် အသင်းသားများအတွက် အလွန်အရေးကြီးပါသည်။ အသင်းတော်ဦးဆောင်သောသူတို့သည် လွယ်ကူစွာမာနထောင်လွှားနိုင်ကြပါသည်။ ထိုနည်းတူ အသင်းသားတို့ကလည်း မိမိခေါင်းဆောင်များကို သူတပါးထက်ပို၍ ချီးမွမ်းလိုသောဆန္ဒရှိတတ်ကြ၏။ ဘုရားသခင်ထက် လူကိုချီးမွမ်းအလေးမထားမည်အကြောင်း၊ ရုပ်တုကိုးကွယ်ခြင်းအပြစ် မဝင်ရောက်လေအောင် အချိန်မှီသတိပြုဖို့လိုပါသည်။

<u>တမန်တော်တို့ကို ရှာဖွေကြ၏</u>၊ လူတို့သည် အမှုတော်ဆောင်တမန်တော်တို့ကို ရှာဖွေခဲ့ကြ၏။ ခြေမစွမ်းသောသူကို အနာငြိမ်းစေသောသူအဖြစ် တာဝန်ရှိသောသူသည် ပေတရုနှင့်ယောဟန်ဖြစ်သည်ဟု ထင်ကြသောကြောင့် ရှာဖွေကြခြင်းဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်သည် (ဝမ်းမြောက်ရွှင်လန်းစွာ) ပေတရုနှင့်ယောဟန်ကို ဖက်တွယ်လျက် (မူရင်းအဓိပ္ပာယ်အရ) ဝင်လေ၏။ ဤသည်ကား ဝမ်းမြောက်ခြင်းစိတ်ဖြစ်ပါသည်။ ပေတရုနှင့်ယောဟန်တို့သည် ဤလူကောင်းကြီးမင်္ဂလာခံစားရာ ဘုရားသခင်၏အသုံးတော်ခံများသာ ဖြစ်ကြသော်လည်း၊ ကျွန်ုပ်တို့ကို မစခြင်း၌ ဘုရားသခင်အသုံးပြုသောသူတို့ကို အသိအမှတ်ပြုခြင်းသည် ကောင်းသောအမှုဖြစ်ပါသည်။

<u>တမန်တော်တို့ကို ကြည့်ညိုကြ၏</u>၊ လူတို့သည် "အံ့ဩမိန်းမောတွေဝေခြင်း" (တမန် ၃း၁၀) ရှိကြ၏။ ဘုရားသခင်၏လူတို့သည် ဘုရားသခင်၏အမှုတော်ကို သစ္စာရှိစွာဆောင်ရွက်သော အမှုတော်ဆောင်တို့ကို ရှာဖွေကြရပါမည်။ အမှုတော်ဆောင်တို့အတွက် သတိပြုရမည်မှာ တန်ခိုးအစွမ်းရှိတော်မူသောသူသည် ခရစ်တော်ဖြစ်ကြောင်း ချက်ချင်းညွှန်ပြကြရပါမည်။

<u>တမန်တော်တို့က ငြင်းပယ်၏</u>၊ ဤလူကို ပေတရုနှင့်ယောဟန်က အနာငြိမ်းစေသည်ဟူသော လူတို့၏အတွေးခေါ် ကို ပေတရုကချက်ချင်းငြင်းပယ်ခဲ့ပါသည်။ ဤလူကျန်းမာခြင်းသည် မိမိတို့၏သန့်ရှင်းခြင်း၊ အစွမ်းတန်ခိုးကြောင့်မဟုတ်ဟု ဆိုခဲ့၏။ လူတို့ကသူတို့သည် အံ့ဖွယ်တန်ခိုးပိုင်ဆိုင်သောသူဟု ထင်မှတ်နိုင်ပါသည်။

သူတို့သည် ဘုရားသခင်၏ဘုန်းတော်ကို လုယူသောသူမဖြစ်လိုကြကြောင်း နောက်ကျမ်းပိုဒ်တွင် ဖော်ပြခဲ့ကြပါသည်။ လူသည် အံ့ဖွယ်အမှုပြုခြင်းငှါ တန်ခိုးပေးတော်မူသောဘုရားသခင်ထက် အသုံးတော်ခံအမှုတော်ဆောင်အပေါ်၌ ပို၍အာရုံရောက်တတ်၏။ အမှုတော်ဆောင်နှင့်အသင်းသားများ မာရ်နတ်၏ကျော့ကွင်းထဲသို့ မကျမည်အကြောင်း သတိပြုကြလော့။

အရာရာတိုင်း၌ ဘုရားသခင်၏လက်တော်ကို သင်မြင်ရပါသလား။ ဆေးဝါးကုသခြင်းတို့သည် ဘုရားသခင်၏လက်တော်မပါရှိလျှင် အချည်းနှီးဖြစ်သည်ကို သင်သိပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်နေမကောင်းဖြစ်ခြင်းမှ ကျန်းမာခြင်းကြောင့် ဘုရားသခင်ကိုကျေးဇူးတင်ပါသလား။

**ဆုတောင်းချက်** - ကျေးဇူးတော်နှင့်ပြည့်စုံတော်မူသော ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်သည် မြတ်စွာသောအနာငြိမ်းစေသောသူဖြစ်တော်မူ၏။ အားနည်းလှသောအကျွန်ုပ်ခန္ဓာကိုယ်ကို ချစ်ခြင်းမေတ္တာဖြင့် စောင့်ရှောက်ပေးတော်မူသောသူသည် ကိုယ်တော်ဖြစ်ကြောင်း သိမှတ်စေတော်မူပါ။ ကျန်းမာခြင်းအတွက် ကိုယ်တော်ကို ချီးမွမ်းမည်အကြောင်း အမှတ်ရစေတော်မူပါ။

သောကြာ၊ ဇူလိုင် (၃၁)

**တမန် ၃း၁၃**

ယောဟန် ၁၇း၁-၂

*"သားတော်သည် ကိုယ်တော်၏ဘုန်းကိုထင်ရှားစေပါမည်အကြောင်း သားတော်၏ဘုန်းကိုထင်ရှားစေတော်မူပါ"*

# သားတော်ယေရှု

ကျွန်ုပ်တို့၏သခင် ကယ်တင်ရှင်ယေရှုခရစ်တော်သည် ခမည်းတော်၏အလိုကိုနာခံခြင်းဖြင့် အထက်ကောင်းကင်ဘုံမှ ကြွလာတော်မူခဲ့၏။ ထိုသို့ ခမည်းတော်၏အလိုသို့ ဆက်ကပ်ခြင်းငှါရင်း ဤဆိုးညစ်သောကမ္ဘာလောက၌ စုံလင်သောအသက်တာဖြင့် အသက်ရှင်လျက် ကျွန်ုပ်တို့ကို ထာဝရအပြစ်စီရင်ခြင်းမှ ရွေးနှုတ်ကယ်တင်ဖို့ရန် ကားတိုင်ပေါ်၌အသေခံခြင်းငှါရင်း မိမိကိုယ်တိုင် ဆန္ဒရှိတော်မူခဲ့၏။ သူပေးဆပ်ခဲ့သောအဖိုးအခသည် အလွန်ကြီးမြတ်လှပါ၏။ ထိုအရာကား ဘုရားသခင်၏ သားတော်ကိုယ်တိုင် ကားတိုင်ပေါ်၌အသေခံခြင်းဖြစ်ပါသည်။

<u>ဘုရားသခင်ကဘုန်းတော်ကို ထင်ရှားစေတော်မူ</u>၏၊ လုကာက ခြေမစွမ်းသောသူ၊ အနာငြိမ်းစေသောသူသည် အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်၏သားဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။ ယေရှု၏ဘုန်းကို ထင်ရှားစေခြင်းသည် သူအဘယ်သူဖြစ်သည်ကို သိမှတ်ဖော်ပြခြင်းပေတည်း။ ဘုရားသခင်က ယေရှု၏ဘုန်းကို ထင်ရှားစေတော်မူ၏။ ပေတရုက ခရစ်တော်အား ယုဒလူတို့နားလည်သဘောပေါက်လွယ်သော နည်းလမ်းဖြင့်ဖော်ပြခဲ့ပါသည်။ ယေရှုခရစ်တော်၏ဘုန်းကိုထင်ရှားစေတော်မူသောသူသည် အာဗြဟံ၊ ဣဇာက်နှင့်ယာကုပ်၏ ဘုရားသခင်ဖြစ်တော်မူကြောင်း ဆိုခဲ့ပါသည်။ ဆိုလိုသည်မှာ ယုဒလူတို့၏ဘိုးဘေးတို့၏ ဘုရားသခင်ကယေရှုကို ချီးမြှောက်ခဲ့ပြီး ယခုယုဒလူတို့က ကားတိုင်ပေါ်၌ အသေသတ်ခြင်းငှါ အပ်နှံခဲ့ကြပါသည်။

<u>လူတို့ကအပ်နှံခဲ့</u>၏၊ ယေရှုခံရသောအမှု၌ ပေတရုက ယုဒလူတို့ကိုအပြစ်တင်ခဲ့ပါသည်။ သူတို့က သခင်ယေရှုကိုယုဒခေါင်းဆောင်တို့ထံ အပ်နှံ၍ ထိုသူတို့ကလည်း ရောမလူတို့ထံသို့ အပ်နှံခဲ့ကြ၏။ သစ္စာဖောက်ခံရခြင်းသည် လွယ်ကူသောအမှုမဟုတ်ပါ။ သခင်ယေရှုသည် ထိုသို့သစ္စာဖောက်ခံခဲ့ရ၏။ ကျွန်တော်တို့လည်း ခံရနိုင်ပါသည်။

<u>လူတို့ကငြင်းပယ်ခဲ့ကြ</u>၏၊ ပေတရုက ရောမလူတို့ထံ ယေရှုအပ်နှံခံရခြင်းအမှု၌ ယုဒလူတို့ကို အပြစ်တင်ခဲ့ပါသည်။ ခရစ်ဝင်ကျမ်းအရ ပိလတ်မင်းသည် ခရစ်တော်ကိုလွှတ်လိုခဲ့သော်လည်း လူထုကို ကြောက်သောကြောင့် မလွှတ်ခဲ့ပါ။ ဤအချက်ကိုပေတရုဖော်ပြလျှက် ယုဒလူတို့၏အပြစ်ကြီးမားမှုကို ဖော်ပြခဲ့ပါသည်။

မွေးဖွားသည့်အချိန်မှ အသေခံသည့်အချိန်အထိ၊ ကျွန်ုပ်တို့၏သခင်ယေရှု အဘယ်မျှလောက် ဆင်းရဲဒုက္ခဝေဒနာခံစားခဲ့သည်ကို သင်သိမှတ်ပါသလား။ ကျွန်ုပ်တို့အပြစ်သားအားလုံးအတွက် ထိုသို့ဒုက္ခဆင်းရဲခံလိုခဲ့သောကြောင့် သင်ကျေးဇူးတင်ပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ကယ်တင်ခြင်းခံရသောကြောင့် အစဉ်ဝမ်းမြောက်ခြင်းရှိပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်၏တစ်ပါးတည်းသောသားတော် သခင်ယေရှုခရစ်တော်အား ဤလောကသို့စေလွှတ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ သခင်ယေရှုမရှိခဲ့လျှင် ကျွန်တော်တို့အားလုံးသည် ထာဝရငရဲမီးအိုင်ထဲ၌ ပြစ်ဒဏ်စီရင်ခြင်းခံရမည်ဖြစ်ပါသည်။

စနေ၊ ဩဂုတ် (၁)
**တမန် ၃း၁၄-၁၅**
ယောဟန် ၁း၄-၅

*"ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။
ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏"*

## အသက်ရှင်ခြင်း၏အရှင်

ယေရှုသည် အသက်ရှင်ခြင်းအမှန်ဖြစ်တော်မူသောကြောင့် "အသက်ရှင်ခြင်းသို့ပို့ဆောင်တော်မူသောအရှင်" (တမန် ၃း၁၅) ဟုခေါ်ခြင်းခံရခဲ့၏။ "အရှင်" ဆိုသည်မှာ ပေးပိုင်သောသူ၊ ယေရှုသည်အသက်ရှင်ခြင်းကို ပေးသောသူဟုဆိုလိုပါသည်။ သူသည်အသက်ကိုဖန်ဆင်းတော်မူသောသူဖြစ်၍ ထာဝရအသက်ကိုပေးတော်မူသောသူလည်း ဖြစ်ပါသည်။ သူသည် အသက်ရှင်ခြင်း၏အရှင်၊ မိမိကိုယ်တိုင်သည် အသက်လည်းဖြစ်တော်မူ၏။ သခင်ယေရှုကိုယုံကြည်ကိုးစားသောသူအတွက် သူသည်အသက်ရှင်ခြင်း၏အရှင်ဖြစ်တော်မူသည်နှင့်အညီ များစွာသောကောင်းကြီးမင်္ဂလာများစွာသိထားပါသည်။ ထာဝရအပြစ်တင်ခြင်းနှင့်ထိုက်တန်သော အပြစ်သားကျွန်ုပ်တို့ကိုယ်စား အသက်ရှင်ခြင်း၏ အရှင်အားအသေခံစေရန် ခမည်းတော်ဘုရားက စီစဉ်သတ်မှတ်ခဲ့ပါသည်။

သူတို့သည် ငြင်းပယ်ခဲ့ကြ၏၊ လူတို့က ထိုသခင်ကိုသိလျက်နှင့်ငြင်းပယ်ခဲ့ကြ၏။ ကားတိုင်၌အသေသတ်ခြင်းခံစေရန် ပြစ်တင်ခဲ့ကြ၏။ ထိုလူတို့သည် အတင်းခိုင်းစေခြင်း၊ လှည့်ဖြားခြင်းခံကြရသည်မဟုတ်။ သူတို့ဆန္ဒအတိုင်း "လက်ဝါးကားတိုင်မှာ ရိုက်ထားပါ၊ ရိုက်ထားပါ" (လုကာ ၂၃း၂၁) ဟု အော်ဟစ်ကြွေးကြော်ခဲ့ကြ၏။ ဤသည်ကား မကြာသေးမီက "ဟောရှဏ္ဏ" (ယောဟန် ၁၂း၁၃) ဟု ကြွေးကြော်လျက်နှုတ်ဆက်ခဲ့ကြသော ထိုယုဒလူတို့၏ ငြင်းပယ်ခြင်းပင်ဖြစ်ပါသည်။

သူတို့သည် ဆန့်ကျင်ခဲ့ကြ၏၊ သခင်ယေရှုအစား လူသတ်သမားဗာရဗ္ဗကို လွှတ်ရန်တောင်းဆိုခဲ့ကြ၏။ ပိလတ်မင်းက သူခိုး၊ လူသတ်သမားလွှတ်ရန် သူတို့၏တောင်းဆိုမှုကို လက်ခံခဲ့ပါသည်။ "သန့်ရှင်းဖြောင့်မတ်တော်မူသော" (တမန် ၃း၁၄) ဟူသောစကားလုံးက အပြစ်ကင်းသောသူ၊ ပြစ်မှုကျူးလွန်ခြင်းမရှိသောသူကို ရည်ညွှန်းပါသည်။ ဥပဒေနှင့်ငြိစွန်းခြင်းမရှိသောသူ၊ ဥပဒေအရမှန်ကန်သောသူ၊ အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူဖြစ်ပါသည်။ ထို့ကြောင့် သခင်ယေရှုသည် ကိုယ်တိုင်အပြစ်ကင်းရှင်းသောသူဖြစ်သည်သာမက ထိုတရားသူကြီးတို့ရှေ့၌လည်း ပြစ်မှုနှင့်ကင်းသောသန့်ရှင်းသောသူ ဖြစ်ခဲ့ပါသည်။

သူတို့သည် ကွပ်မျက်ကြ၏၊ အသက်ရှင်ခြင်းသခင်ကို အသေသတ်ခဲ့ကြပြီး သူတို့သည် ခမည်းတော်ဘုရား၏အမျက်တော်ကို ခံရကြပါသည်။ သူသည်အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသောသူဖြစ်သော်လည်း၊ ဖန်ဆင်းခံတို့အတွက် အသေခံခဲ့ပါသည်။ ပေတရုသည် မိမိတရားဟောချက်ကို ခရစ်တော်အသေခံခြင်းဖြင့် အဆုံးမသတ်ခဲ့ပါ။ မိမိကိုယ်တိုင်မြင်တွေ့ခဲ့သော ယေရှု၏ရှင်ပြန်ထမြောက်တော်မူခြင်းကို ဖော်ပြခဲ့ပါသည်။ လုကာက ဤအမှုကို လုကာ ၂၄း၁၂ ထဲတွင် ဤသို့ဖော်ပြခဲ့ပါသည် "သို့သော်လည်း ပေတရုသည် ထ၍သင်္ချိုင်းတော်သို့ ပြေးလေ၏။ ရောက်သောအခါငုံ့ကြည့်၍ ပိတ်ပုဆိုးသာရှိရစ်သည် ကိုမြင်လျှင်၊ ထိုအကြောင်းအရာကိုအံ့ဩ၍ မိမိအိမ်သို့ ပြန်သွား၏"။

မိမိကိုယ်ပိုင်အသက်မရှိကြောင်းကို သင်သိပါသလား။ သခင်ဘုရားပေးသနားတော်မူခြင်းဖြစ်သည်ကို သင်သိပါသလား။ ထို့ကြောင့် မိမိအလိုရှိသောအချိန်၌ ထိုအသက်ကို ခွေယူနိုင်တော်မူ၏။

**ဆင်ခြင်ရန်** - ယေရှုအတွက် ကျွန်တော်အသက်ရှင်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ဘုန်းကို ထင်ရှားစေခြင်းငှါ ကိုယ်တော်၏အလိုတော်ကို အကျွန်ုပ်အားပြတော်မူပါ။

တနင်္ဂနွေ၊ ဩဂုတ် (၂)
**တမန် ၃း၁၆**
မသဲ ၁း၂၁

*"ထိုသားသည် မိမိလူတို့ကိုအပြစ်မှ ကယ်ချွတ်မည့်*
*သူဖြစ်သောကြောင့်၊ ယေရှုဟူသော*
*အမည်ဖြင့် မှည့်ရမည်"*

---

# နာဇရက်မြို့သားယေရှု

"ယေရှု" ဟူသောအမည်သည် ထိုအချိန်ကာလသရေလ၌ များစွာရှိသည်ဖြစ်သောကြောင့်၊ သမ္မာကျမ်းစာထဲ၌ ယေရှုကို နာဇရက်မြို့သား ယေရှုအသေသတ်ခြင်းခံ၍ သင်္ဂြိုလ်ပြီးမှသုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်သောသူဟု ဖော်ပြလေ့ရှိ၏။ ဤဖော်ပြချက်က လူတစ်ဦးကိုသာ ရည်ညွှန်း၏။ ယေရှုဟု နာမည်ပေးသောမာရိ (သို့) ယောသပ်လည်းမဟုတ်ပါ။ ယေရှုဟု အဓိပ္ပါယ်ရသော ဓမ္မဟောင်းထဲမှ "ယောရှု"သည် "ဘုရားသခင်ကယ်တင်တော်မူ၏" (သို့) ကယ်တင်ရှင်ဟု အဓိပ္ပာယ်ရပါသည်။ ဤနာမသည် ဘုရားသခင်ပေးထားသောနာမဖြစ်၍ ဘုရားသခင်စေလွှတ်တော်မူသော ကောင်းကင်တမန်က ကြေငြာခဲ့ခြင်းဖြစ်ပါသည်။

အစွမ်းကို ပေး၏၊ ပေတရုက ယေရှုခရစ်တော်၏နာမတော်၌ ယုံကြည်ခြင်းအားဖြင့်သာလျှင် ဤမွေးရာပါခြေမစွမ်းသောသူသည် လမ်းလျှောက်နိုင်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ "အစွမ်း" (တမန် ၃း၁၆) ဟူသောစကားလုံးက ခန္ဓာကိုယ်နှင့်ဆိုင်သော ခွန်အားကိုဆိုလိုပါသည်။ ခြေမစွမ်းသောသူထ၍ လမ်းလျှောက်နိုင်ခြင်း၊ ခွန်အားကိုဆိုလိုပါ၏။ ပေတရုနှင့်ယောဟန်တို့က ဤခြေမစွမ်းသောသူ၊ အနာငြိမ်းခြင်းအမှု၌ မိမိတို့တစ်စုံတစ်ယောက် ပါဝင်ပတ်သတ်ကြောင်း မဖော်ပြခဲ့ပါ။ အနာငြိမ်းခြင်းသည် "ထိုသခင်၏နာမတော်၌ ယုံကြည်ခြင်းအားဖြင့်" (တမန် ၃း၁၆) သာလျှင်ဖြစ်၏။ တမန်တော်တို့က ယေရှုနာမတော်အားဖြင့် မိမိတို့တာဝန်ကို ပြုခဲ့ကြ၏။ ယေရှု၏နာမတော်အားဖြင့် မတောင်းလျှောက်သောဆုတောင်းခြင်းသည် ဘုရားသခင်၏ပလ္လင်တော်သို့ မရောက်နိုင်ပါ။

"စေ့စုံခြင်းအခွင့်"၊ "စေ့စုံခြင်း" ဟူသောဂရိစကားလုံးသည် တစ်လုံးတည်းဖြစ်၍ "စုံလင်သောကျန်းမာခြင်း၊ အင်္ဂါတိုင်းကျန်းမားခြင်း" ကိုဆိုလို၏။ ယေရှုခရစ်တော်၏တန်ခိုးသည် အဖျားသက်သာစေခြင်းသာသာမဟုတ်ပါ။ အနာငြိမ်းစေတော်မူသောအခါ လုံးဝစုံလင်စွာကျန်းမာခြင်း ရှိကြ၏။ ဤသည်ကား ယုံကြည်သောသူတို့ထံ ပေးလိမ့်မည့်ဘုန်းတော်နှင့်ပြည့်စုံသောခန္ဓာကိုယ်အား ကြိုတင်အရိပ်ပြဖော်ပြခြင်းဖြစ်၏။ ဘုန်းတော်နှင့်ပြည့်စုံသောခန္ဓာကိုယ်သည် နာခြင်း ၊ထိခိုက်ခြင်းမရှိသော်လည်း ထာဝရအတွက် စုံလင်သောခန္ဓာကိုယ်ဖြစ်ပါသည်။

ခရစ်ယာန်တို့သည် ကိုယ်ကျန်းမာခြင်း၊ စိတ်ကျန်းမာခြင်းကို လိုချင်ကြရပါမည်။ ကျန်းမာမှ ဘုရားသခင်၏အမှုတော်ကို ကောင်းစွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိ၏ပျော်ရွှင်မှုအတွက်မဟုတ်ဘဲ ဘုရားသခင်၏ဘုန်းတော်အတွက် ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကို ကောင်းမွန်စွာစောင့်ရှောက်ကြရပါမည်။ လောကီအပျော်ကြူးခြင်းသည် ခန္ဓာကိုယ်ကို ဖျက်ဆီးတတ်ပါ၏။ အသက်ရှည်လိုခြင်းသည် ဘုရားသခင်၏အမှုတော်ကို ပို၍ဆောင်ရွက်နိုင်ရန်ဟူသော စိတ်သဘောဖြင့်သာဖြစ်ရပါမည်။ နာဇရက်မြို့သားယေရှုကို မိမိ၏သခင်၊ ကယ်တင်ရှင်အဖြစ် လက်ခံယုံကြည်ပါသလား။ ကိုယ်တော်သာလျှင် ကျန်းမာခြင်းတန်ခိုး ခွန်အားဖြစ်တော်မူသည်ကို သင်သိပါသလား။

**ဆင်ခြင်ရန်** - သခင်ဘုရားအတွက် အကျွန်ုပ်သည်အသက်ရှင်သော ပူဇော်သက္ကာဖြစ်ပါသလား။

**ဆုတောင်းချက်** - ဘုန်းတန်ခိုးနှင့်ပြည့်စုံတော်မူသောအဘ၊ စိတ်နှလုံးအစွမ်းသတ္တိရှိသမျှနှင့် ကိုယ်တော်၏အမှုတော်ကိုဆောင်ခြင်းငှါ အကျွန်ုပ်အား အသက်ရှင်စေတော်မူပါ။

တနင်္လာ၊ ဩဂုတ် (၃)
**တမန် ၃း၁၇-၁၈**
လုကာ ၂၄း၁၇-၂၆

*"ခရစ်တော်သည် ဤသို့ပင်အသေခံ၍ မိမိဘုန်းစည်းစိမ်တော်ကို ဝင်စားရမည်လော"*

## ခရစ်တော်၏နာကျင်ခြင်းဝေဒနာခံရခြင်း

ခရစ်တော်၏ဝေဒနာခံစားခြင်းအကြောင်းကို ဟေရှာယ ၅၃း၃-၅ ထဲတွင် ဤသို့ရှင်းလင်းမြင်သာစွာဖော်ပြခဲ့ပါသည် - "မထီမဲ့မြင်ပြုခြင်းကိုခံ၍ လူတို့တွင် အယုတ်ဆုံးသောသူ ဖြစ်၏၊ ပြုငြင်သောသူ၊ နာကြည်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ သူတပါးမျက်နှာလွှဲခြင်းကို ခံရသောသူကဲ့သို့ ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကိုခံလျှက်ရှိ၍၊ ငါတို့သည်မရိုသေကြ။ သို့သော်လည်း ထိုသူသည် ငါတို့၏အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကိုငှင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုငှင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။ ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍၊ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏"။

<u>လူတို့၏မိုက်မဲမှု</u>၊ ပေတရုက သခင်ဘုရားအားညှဉ်းပန်းနှိပ်စက်ခြင်းကို ပြုသောလူတို့၏ ယိုယွင်းဖျက်ဆီးမှုကို မြင်တွေ့ခဲ့ပါသည်။ သူတို့သည်သမ္မာကျမ်းစာကို မသိကြသဖြင့် အသေသတ်ခြင်းငှါ ဘုရားသခင်၏သားတော်ကို ရောမတို့လက်ထဲသို့ အပ်နှံခဲ့ကြ၏။ ထိုသို့မသိဘဲပြုကြသည်ဖြစ်သော်လည်း အပြစ်တင်ခြင်းနှင့် မလွတ်ကြပါ။ ဘုရားသခင်ကိုဆန့်ကျင်လျက် ပြုသောသူတို့၏အပြစ်၌ သူတို့သာလျှင် တရားခံဖြစ်ပါသည်။ ပေတရုသည် လူတို့ကိုကျေနပ်စေခြင်းငှါ မိမိစကားသံကို လျှော့ချခြင်းမပြုခဲ့ပါ။ သမ္မာတရားကို သူတို့အားပြသခဲ့ပါသည်။ သူတို့၏မိုက်မဲမှုသည် အပြစ်တရား၏မျက်ကန်းစေခြင်းကြောင့် ဖြစ်ပါသည်။ သူတို့သည် ဝိညာဉ်အရာ၌သေသောသူဖြစ်ကြသောကြောင့် သူတို့၏ဆိုးညစ်မှုသည် များပြားခြင်းရှိ၏။ သူတို့၏မှားယွင်းသော ကြိုးစားအားထုတ်မှုနှင့် မိုက်မဲမှုကြောင့် ဤဆိုးညစ်သောအရာကို ပြုကြ၏။ ပေတရုက ခရစ်တော်ကိုငြင်းပယ်ခြင်းတည်းဟူသော သူတို့၏အပြစ်ကိုဖော်ပြခဲ့ပါသည်။

<u>ဘုရားသခင်၏နှုတ်ထွက်စကား</u>၊ ဤအမှုကို ပရောဖက်တို့၏နှုတ်ဖြင့်ဖော်ပြနှင့်ခဲ့ပြီး ဖြစ်ပါသည်။ အာဒံအပြစ်ထဲသို့ ကျဆုံးပြီးနောက် ဘုရားသခင်ကိုယ်တိုင် ပထမဆုံးဟောပြောခဲ့သော သတင်းကောင်းထဲ၌လည်း ယေရှုဝေဒနာခံမည့်အကြောင်း ပါဝင်ပါသည်။ ကျွန်ုပ်တို့အား ထာဝရငရဲမီးအိုင်ထဲ၌ ပြစ်ဒဏ်ခံစေခြင်းမှ ကယ်လွှတ်၍ ကျွန်ုပ်တို့အပြစ်များကို ခွင့်လွှတ်ခြင်းငှါ ကျွန်ုပ်တို့ကိုယ်စား ကားတိုင်ပေါ်၌ ယေရှုအသေခံဖို့ရန် ဘုရားသခင်ကချမှတ်စီရင်ခဲ့ပါသည် "ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့်အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အားထင်ရှားစွာပြတော်မူ၏" (ရောမ ၅း၈)။

ဘုရားသခင်၏အမျက်တော်မှ လွတ်မြောက်စေခြင်းငှါ သခင်ယေရှုခရစ်တော်၏ သင့်အဖို့ အသေခံခြင်းတရားကို သင်နားလည်သဘောပေါက်ပါသလား။ ထိုတိုင်းတာ၍မရသောချစ်ခြင်း မေတ္တာကို သင်မည်သို့တုန့်ပြန်ပါမည်နည်း။

**ဆင်ခြင်ရန်** - ကျွန်တော်ချစ်သင့်သည်အတိုင်း ယေရှုကိုကျွန်တော်ချစ်ပါသလား။
**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကျွန်ုပ်တို့ထံယေရှုကို စေလွှတ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

*"နောင်တရခြင်းနှင့်
ထိုက်တန်သောအကျင့်ကို ကျင့်ကြလော့"*

# နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြလော့

ဓမ္မဟောင်း၌ တွေ့ရသောဟေဗြဲစကားလုံး "နောင်တ" သည် "ငိုကြွေး" (သို့) "ဝမ်းနည်းခြင်း" ကိုရည်ညွှန်းပါသည်။ ဂရိစကားလုံး metanoeo သည် ဓမ္မသစ်ကျမ်း၏အဓိပ္ပာယ်မှန်ဖြစ်သော အပြစ်သားတစ်ဦး ဘုရားသခင်ထံလှည့်ပြန်ခြင်းဖြစ်သော ဝိညာဉ်ရေးရာပြောင်းလဲခြင်းကို ရည်ညွှန်းပါသည်။ ဤဂရိစကားလုံးက အပြစ်မှပြောင်းလဲသောစိတ်နှလုံး အတွေးအမြင် ရည်ရွယ်ချက်ရှိခြင်းကို ဖော်ဆောင်ပါသည် (ISBE)။

အပြစ်များပယ်ရှင်းခြင်း၊ နောင်တရခြင်းဆိုသည်မှာ အပြစ်နှင့်ပတ်သတ်၍ ပြောင်းလဲသောအတွေးအမြင်ရှိခြင်းဖြစ်ပါသည်။ မိမိအပြစ်သားဖြစ်ကြောင်းကိုသိ၍ ယေရှု၏နာမတော်ကို ယုံကြည်ခြင်းဖြင့် ခရစ်တော်ထံတိုးဝင်ခြင်းဖြစ်ပါသည်။ "... အတိုင်းထက်အလွန် များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ ထိုသားတော်၏အသွေးတော်အားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏" (ဧဖက် ၁း၈)။

ယေရှုကြွလာတော်မူလိမ့်မည်၊ နောင်တရ၍ ပြောင်းလဲသောသူတို့အတွက် ယေရှုကြွလာတော်မူမည်ဟူသောအချက်သည် မျှော်လင့်ခြင်းရောင်ခြည်ဖြစ်ပါသည်။ စစ်မှန်သောယုံကြည်သူသည် ယေရှု၏ဖြောင့်မတ်ခြင်း လွှမ်းခြုံခြင်း ခံရ၍ ထိုသခင်ယေရှုခရစ်တော်ကြွလာမည့်အချိန်ကို မျှော်လင့်စောင့်စားလျက်ရှိကြ၏။ "အချိန်ပြည့်စုံပြီ၊ဘုရားသခင်၏ နိုင်ငံတော်သည် တည်လုနီးပြီ၊ နောင်တရကြလော့" (မာကု ၁း၁၅)။

ကောင်းကင်ဘုံသည် ခံယူသိမ်းဆည်းလိမ့်မည်၊ "ခံယူသိမ်းဆည်း" ဆိုသည်မှာ စုံလင်သောအမှုကို ဖော်ဆောင်လျက်ရှိ၏။ ယေရှုသည် ကောင်းကင်ဘုံသို့ခံယူသိမ်းဆည်းခြင်း အမှန်ခံရပါ၏။ ထိုနည်းတူ နောင်တရ၍သခင်ယေရှုခရစ်တော်ကို ယုံကြည်သောသူ၊ ခရစ်တော်၏လူတို့သည်လည်း ကောင်းကင်ဘုံ၌ သိမ်းဆည်းခြင်းခံရကြပါလိမ့်မည်။ "အသစ်ပြုပြင်တော်မူခြင်း" သည် မူလအခြေအနေသို့ ပြန်လည်ပြုပြင်ခြင်းဖြစ်ပါသည်။ ဤကောင်းကင်ဘုံ၌ခံယူသိမ်းဆည်းခြင်းသည် ကာလရေလလူတို့ထံ နိုင်ငံတော်တည်ထောင်၍ သခင်ယေရှုခရစ်တော်သည် ဒါဝိဒ်၏ပလ္လင်ပေါ်၌ထိုင်လျက် ဤလောကကိုနှစ်တထောင်အုပ်စိုးပြီးမှ ဖြစ်ပါလိမ့်မည် "ပလ္လင်များကိုလည်းငါမြင်၏။ ပလ္လင်ပေါ်မှာထိုင်သောသူတို့သည်တရားစီရင်ရသောအခွင့်ကိုရကြ၏။သားနှင့်သူ၏ရုပ်တုကို မကိုးကွယ်၊ သူ၏တံဆိပ်လက်မှတ်ကို နှဖူး၌မခံ၊ လက်၌မခံဘဲနေ၍၊ ယေရှု၏သက်သေ ခံတော်မူချက်နှင့်ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့် လည်ပင်းဖြတ်ခြင်းကို ခံရသောသူတို့၏ ဝိညာဉ်များကိုငါမြင်၏။ သူတို့သည်အသက်ရှင်၍ အနှစ်တထောင်ပတ်လုံး ခရစ်တော်နှင့်အတူ စိုးစံ၏" (ဗျာဒိတ် ၂၀း၄)။

ခရစ်တော်နှင့်အတူ နှစ်တထောင်အုပ်စိုးခြင်း၌ အတူစိုးစံမည်ကို သင်သေချာပါသလား။ ဘုရားသခင်၏နိုင်ငံတော်၌ သင့်အဖို့သေချာသောနေရာရှိပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ကောင်းကင်ဘုံသို့သွားနေပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အပြစ်များကို နောင်တရ၍ ယေရှုခရစ်တော်ကိုအကျွန်ုပ်ယုံကြည်ပါ၏။

*"သင်၏ဘုရားသခင်ထာဝရဘုရားသည် သင်၏အမျိုးသား ချင်းတို့အထဲ၌ ငါနှင့်တူသောပရောဖက်တပါးကို သင့်အဖို့ ပေါ်ထွန်းစေပါမည်"*

# အကြီးမြတ်ဆုံးသောပရောဖက်

မောရှေက ပေါ်ထွန်းလာမည့် "ပရောဖက်တဦး" (တမန် ၃း၂၂) အကြောင်းကို ပရောဖက်ပြုခဲ့ပါသည်။ ထိုပရောဖက်သည် သခင်ယေရှုခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သူသည် အလုံးစုံကိုသိကျွမ်းတော်မူသောဘုရားဖြစ်သောကြောင့် ပရောဖက်အပေါင်းတို့တွင် အကြီးမြတ်ဆုံးသောသူဖြစ်တော်မူ၏။

<u>မောရှေကဲ့သို့သော ပရောဖက်</u>၊ သခင်ယေရှုခရစ်တော်ဖွားမြင်တော်မမူမှီ၊ နှစ်ပေါင်းထောင်ချီကတည်းက ဘုရားသခင်သည် မိမိလူတို့အတွက် ပရောဖက်တစ်ဦးဘိသိက်ပေးတော်မူမည်ဟု ကြိုတင်ဟောထားခဲ့ပါသည်။ "ထာဝရဘုရားက သူတို့စကားသည်၊ လျောက်ပတ်ပေ၏။ သူတို့အမျိုးသားချင်းတို့အထဲ၌ သူနှင့်တူသော ပရောဖတ်တပါးကို သူတို့အဖို့ ငါပေါ်ထွန်းစေ၍ ထိုပရာဖက်နှုတ်၌ ငါ့စကားကို ငါအပ်သဖြင့် ငါမှာထားသမျှတို့ကို သူတို့အားတဆင့်ဆိုရလိမ့်မည်။ ထိုပရောဖတ်သည် ငါ့အခွင့်နှင့်ဟောပြောသော ငါ့စကားတို့ကို အကြင်သူသည် နားမထောင်ဘဲနေအံ့၊ ထိုသူတို့ကို ငါစစ်ကြောမည်" (တရား ၁၈း၁၇-၁၉)။

<u>ရှင်ဘုရင်ပရောဖက်</u>၊ နောင်တမရသောသူ၊ ပြောင်းလဲခြင်းမရှိသောသူတို့အား နောက်ဆုံးသောနေ့၌တရားစီရင်တော်မူမည့်တန်ခိုးကြီးသောရှင်ဘုရင်ဖြစ်တော်မူ၏ "ငါ့ကို ယုံကြည်သမျှသောသူတို့သည် မှောင်မိုက်၌ မနေစေခြင်းငှာ ငါသည် အလင်းဖြစ်လျက်ဤလောကသို့ ကြွလာပြီ။ ငါ့စကားကို ကြားသောသူသည် မယုံကြည်ဘဲနေလျှင် ထိုသူကို ငါသည်အပြစ်မစီရင်။ လောကီသားတို့ကို အပြစ်စီရင်အံ့သောငှာ ငါလာသည်မဟုတ်၊ လောကီသားတို့ကိုကယ်တင်အံ့သောငှာ ငါလာ၏။ ငါ့ကို ပယ်၍ ငါ့စကားကို နားမခံသောသူအား အပြစ်စီရင်သောသူရှိသေး၏။ ငါဟောပြောသောစကားပင် နောက်ဆုံးသော နေ့၌ ထိုသူအား အပြစ်စီရင်လိမ့်မည်။" (ယောဟန် ၁၂း၄၆-၄၈)။

<u>အကြီးမြတ်ဆုံးသောပရောဖက်</u>၊ သူသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသောကြောင့် ပရောဖက်တို့တွင် အကြီးမြတ်ဆုံးဖြစ်တော်မူ၏။ သူသည်လူတို့ထံ ဘုရားသခင်မိမိကိုယ်ကိုဖော်ပြခြင်း၊ နောက်ဆုံးနှင့်အသက်ရှင်လျက်ဖော်ပြခြင်းဖြစ်တော်မူ၏။ "ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသောဘုရားသခင်သည် ဤနောက်ဆုံးကာလ အခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ" ( ဟေဗြဲ ၁း၁)။

သမ္မာကျမ်းစာထဲရှိ ပရောဖက်ပြုချက်တို့ကို သင်သတိပြုပါသလား။ ဘုရားသခင်၏နှုတ်ကပတ်စကားတော်ကို သင်နာခံလိုက်လျှောက်ပါသလား။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာထဲမှ ပရောဖက်ပြုချက်တို့ကို ကျွန်တော်ယုံကြည်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို နာခံသတိပြုမည်အကြောင်း အကျွန်ုပ်အား နာခံခြင်းစိတ်သဘောပေးသနားတော်မူပါ။

ကြာသပတေး၊ ဩဂုတ် (၆)
**တမန် ၁၃း၂၅-၂၆**
တရား ၇း၆-၁၁

*“သင်သည် အခြားသောလူမျိုးထက်သာ၍ များသောကြောင့် ထာဝရဘုရားသည် သင့်ကိုချစ်၍ရွေးချယ်တော်မူသည်မဟုတ်”*

# ရွေးချယ်ခြင်းခံရသောဣသရေလ

ဣသရေလသည် မင်္ဂလာရှိသောကောင်းကြီးခံစားရသော လူမျိုးဖြစ်ပါသည်။ ယုဒလူတို့ သာမက တပါးအမျိုးသားတို့ကို ကယ်တင်မည့်သူ၊ မေရှိယကြွလာတော်မူခြင်းအတွက် ဣသရေလကို ဘုရားသခင်က ရွေးကောက်တော်မူခဲ့၏။ ဣသရေလသည် မေရှိယကြွလာတော်မူမည်ကို ကြိုသိထား ပါသည်။ သူတို့အားဖြင့် ခရစ်တော်အကြောင်းကို ပရောဖက်ပြုကြ၏။ ယေရှုကိုပထမအကြိမ်ကြွလာ တော်မူသောအချိန်၌ လက်ခံရန်အဆင်သင့်ရှိခဲ့သောလူမျိုးသည် ယုဒလူတို့သာလျှင်ဖြစ်ပါသည်။ သို့သော်လည်း လက်မခံခဲ့ကြပါ။

<u>ကောင်းကြီးမင်္ဂလာအရင်းအမြစ်</u>၊ ယေရှုခရစ်တော်သည် ဤကမ္ဘာလူသားအပေါင်းတို့အား မိမိအားဖြင့် ကောင်းကြီးခံစားကြရမည်ဟု ရှေး၌ဂတိတော်ထားခြင်းခံရသော အာဗြဟံ၏အမျိုး အနွယ်ဖြစ်ပါသည်။ ထိုကတိတော်ကို ကမ္ဘာ ၁၈း၁၇-၁၈ ထဲတွင် ဤသို့ထပ်၍ဖော်ပြခဲ့၏ “ထာဝရ ဘုရားကလည်း ငါပြုမည့်အမှုကို အာဗြဟံအား မဖော်ပြဘဲ ဝှက်ထားရမည်လော။ အာဗြဟံသည် ကြီးမြတ်၍၊ တန်ခိုးနှင့်ပြည့်စုံသော လူမျိုးဖြစ်လိမ့်မည်။ လူမျိုးအပေါင်းတို့သည် သူ့အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည”။ ဤကောင်းကြီးမင်္ဂလာသည်အဘယ်နည်း။ ဤကောင်းကြီး မင်္ဂလာသည် လူတို့၏အပြစ်လွှတ်ခြင်း အတွက် ဘုရားသခင်မစတော်မူခြင်းပင်ဖြစ်ပါသည်။ ခရစ်ယာန်တို့သည် ရောင့်ရဲခြင်းရှိလျက်၊ လောကီအရာတပ်မက်ခြင်းကို ရှောင်ကြဉ်ရပါမည်။ အကြောင်းမှာ အကြီးမြတ်ဆုံးသော ကောင်းကြီး မင်္ဂလာသည် ကျေးဇူးတော်ကြောင့် သခင်ယေရှု ခရစ်တော်အား ယုံကြည်ခြင်းအားဖြင့် ရရှိသောကယ် တင်ခြင်းဖြစ်သောကြောင့်တည်း။

<u>ဆေးကြောသန့်စင်ခြင်းပုံသာဓက</u>၊ ဘုရားသခင်ကလူသည်မည်သို့ ဆေးကြောသန့်ရှင်းစေ ခြင်းခံရမည်ကို ယုဒလူတို့ထံဦးစွာ သာဓကပြခဲ့ပါသည်။ ယေရှု၏အသက်တာ၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့ကို ယုဒလူတို့မြင်တွေ့ခဲ့သော ပုံသာဓကတို့၌ ကြိုတင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သူတို့သည် မေရှိယကိုကြိုသိရသောအခွင့်ထူး မင်္ဂလာကိုခံရကြ၏။ ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင် သောပူဇော်သကာအပေါင်းတို့သည် ခရစ်တော်ကိုကြိုတင်ညွှန်ပြခြင်းဖြစ်ပါသည်။ ဓမ္မဟောင်းထဲ၌ ဖော်ပြထားသော ခမည်းတော်၏ဂတိတော်တို့ကို စုံလင်စေခြင်းငှါ သခင်ယေရှုသည် စေလွှတ်ခြင်း ကိုခံခဲ့ရပါသည်။ “ကျမ်းစာလိပ်၌ အကျွန်ုပ်ကို အမှတ်ပြု၍ ရေးထားသည်နှင့်အညီ၊ အကျွန်ုပ်သည် ကိုယ်တော်၏အလိုကို ဆောင်အံ့သောငှါ သွားပါမည်ဟု အကျွန်ုပ် ဝန်ခံပါသည်ဟုလျှောက်ဆို၏။ ပညတ်တရားအတိုင်း ပြုရသောဝတ်ကိုရည်ဆောင်လျက် ခရစ်တော်က၊ မီးရှို့ရာယဇ်၊ အပြစ်ဖြေရာ ယဇ်အစရှိသော ယဇ်များနှင့်ပူဇော်သက္ကာများတို့ကို ကိုယ်တော်သည် အလိုတော်မရှိ၊ အားရနှစ်သက် တော်မမူဟု အထက်ကဆိုနှင့်ပြီးမှ၊ တဖန်တုံ၊ အိုဘုရားသခင်၊ အကျွန်ုပ်သည် ကိုယ်တော်၏အလိုကို ဆောင်အံ့သောငှါ သွားပါမည်ဟုဆိုသည်တွင်၊ ဒုတိယဝတ်ကို တည်စေခြင်းငှါ ပဌမဝတ်ကိုပယ်၏။ ထိုအလိုတော်နှင့်အညီ ယေရှုခရစ်၏ ကိုယ်တော်ကိုတခါတည်းပူဇော်သောအားဖြင့်၊ ငါတို့သည် စင်ကြယ်ခြင်းသို့ ရောက်ကြ၏” (ဟေဗြဲ ၁၀း၇-၁၀)။

ဣသရေလတို့၏မေရှိယကြောင့် မင်္ဂလာရှိသောလူမျိုးထဲ၌ သင်ပါဝင်ရပါသလား။ ဣသရေလနှင့် မြို့တော်ယေရုရှလင်အတွက် သင်ဆုတောင်းပါသလား။

**ဆင်ခြင်ရန်** - ဒါဝိဒ်၏ပလ္လင်ပေါ်၌ထိုင်လျက် ယေရှုအစိုးရတော်မူမည့်အကြောင်းကို ကျွန်တော်သက်သေခံပါမည်လော။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ရွေးကောက်တော်မူသောလူမျိုးအတွက် ဆုတောင်းလို သော စိတ်နှလုံးအကျွန်ုပ်အား ပေးသနားတော်မူပါ။

သောကြာ၊ ဩဂုတ် (၇)
**တမန် ၄း၁-၂**
၁ ကော ၁၅း၁-၄

*"ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သော နေ့၌ ထမြောက်တော်မူ၏"*

# ယေရှုရှင်ပြန်ထမြောက်ခြင်း

သတင်းကောင်းဟောပြောခြင်းကို သူတပါးနှောင့်ယှက်ခြင်းဖြစ်သည်ဟု ခံယူလာကြသော ခေတ်တွင်၊ များစွာသောခရစ်ယာန်တို့သည် ကယ်တင်ခြင်းသတင်းကောင်းဟောပြောခြင်းကို မပြုဘဲ နေကြ၏။ လူတို့အား ယုံကြည်ခြင်းမရှိအောင် တားမြစ်သောစာတန်၏နည်းလမ်းမှုကား သင်ယုံကြည် လျှင် သင့်ပစ္စည်းဥစ္စာများ ရှုံးဆုံးမည်ဟူ၍ဖြစ်ပါသည်။ သို့ဆိုလျှင် ဧဝံဂေလိကိုလက်မခံကြသော လူ့အသိုင်းအဝိုင်း၌ ခရစ်ယာန်တို့သည် မည်သို့သတင်းကောင်းဟောပြောရမည်နည်း။ အချို့နိုင်ငံတွင် ခရစ်ယာန်ဘာသာကို အေးတိအေးစက်ဆက်ဆံ၍၊ လူတို့သည် သင့်ယုံကြည်ခြင်းကို ပေါ်တင် ဆန့်ကျင်ခြင်းမပြုဘဲ နည်းအမျိုးမျိုးဖြင့် စွပ်စွဲအပြစ်တင်တတ်ကြ၏။ သို့သော်လည်း၊ သင့်နေပုံထိုင်ပုံ၊ သူတို့နှင့်ဆက်ဆံပုံနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်လျက် ဆုတောင်းခြင်းတို့ကြောင့် သူတို့၏သက်သေခံရသောအခွင့် ဘုရားသခင်လည်း ဖွင့်ပေးပါလိမ့်မည်။ သူတို့ကိုယ်တိုင်က "ယုံကြည် ခြင်း" အကြောင်းကို မေးမြန်းလာကြပါလိမ့်မည်။

<u>ယုံကြည်သူတို့က ဟောပြောခဲ့ကြ၏</u>၊ သူတို့သည် သခင်ယေရှုခရစ်တော်ရှင်ပြန်ထမြောက် ခြင်းအကြောင်းကို စိတ်အားထက်သန်စွာ ဟောပြောခဲ့ကြ၏။ ဤရှင်ပြန်ထမြောက်ခြင်းသတင်း ကောင်းကို သခင်ယေရှုခရစ်တော်အသက်ရှင်တော်မူကြောင်း မြင်တွေ့ခဲ့သောသူ၊ ကောင်းကင်သို့ ဆောင်ယူခြင်းမခံမီအထိ ထိုသခင်နှင့်အတူရှိခဲ့သောသူများမှအပ အဘယ်သူကမျှ မဟောပြောဝံ့ပါ။ သူတို့ဟောပြောမှုကို နှောင့်ယှက်နိုင်ကြသော်လည်း၊ ဆီးတား၍မူ မရပါ။ ခရစ်တော်၏အံ့ဘွယ်ထ မြောက်တော်မူခြင်းကို ဆက်လက်ပြောကြားခဲ့ကြပါသည်။ အထူးသဖြင့် ဇဒ္ဒုကဲတို့က ဆန့်ကျင်ကြ မည်ကို သိကြသော်လည်း ဆက်လက်ဟောပြောခဲ့ကြ၏။ အကြောင်းမှာ ဇဒ္ဒုကဲတို့သည် ရှင်ပြန်ထမြောက်ခြင်းကို မယုံကြည်ကြပါ။ သို့သော်လည်း တပည့်တော်တို့သည် သတင်းကောင်းကို ဆက်လက်ဟောပြော၍၊ ကြုံတွေ့နိုင်သည့် ဆန့်ကျင်ခြင်းကလည်း သူတို့အား ဆီးတား၍မရပါ။

<u>မယုံကြည်သူတို့ကို ဝမ်းနည်းစေ၏</u>၊ ဆန့်ကျင်ခြင်းပြုသောလူစုသည် ထိုခေတ်က ဘာသာရေးခေါင်းဆောင်များဖြစ်ကြ၏။ သူတို့သည် အာဏာရှိသောသူဖြစ်ကြ၏။ ပေါ်ပေါက်ခါစ ခရစ်တော်၏အသင်းတော်ကို အညွန့်ချိုးခြင်းငှါ သူတို့၌ဘာသာရေးနှင့်ဆိုင်သော အာဏာရှိကြ၏။ ဤသည်ကား အသင်းတော်စတင်ခြင်းကို ဖျက်ဆီးခြင်းငှါ စာတန်၏ကြိုးစားအားထုတ်မှုပင်ဖြစ်ပါ သည်။ ထိုသမ္မာတရားကို လူတို့ကြားသိမှာကို အလိုမရှိခဲ့ကြပါ။

ခရစ်တော်ကို သေခြင်းမှဘုရားသခင်ထမြောက်စေတော်မူကြောင်း သင့်စိတ်နှလုံးထဲမှ ယုံ ကြည်ပါသလား။ သခင်ယေရှုပြန်လည်ကြွလာတော်မူသောအခါ သင်လည်း ထမြောက်လိမ့်မည်ဟူ သော မျှော်လင့်ခြင်းသင်၌ရှိပါသလား။

**ဆင်ခြင်ရန်** - ခရစ်တော်ကြွလာတော်မူမည့်အချိန်ကို ကျွန်တော်မျှော်လင့်နေပါသလား။
**ဆုတောင်းချက်** - အို အဘဘုရား၊ ခရစ်တော်ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ကျွန်တော်သက် သေခံလိုပါ၏။

စနေ၊ ဩဂုတ် (၈)

**တမန် ၄း၁-၄**

လုကာ ၉း၁၈-၂၇

*"ကိုယ်လက်ဝါးကားတိုင်ကို နေ့တိုင်းထမ်း၍ငါ့နောက်သို့ လိုက်ရမည်"*

# သရုပ္ပမတိုင်မီ ကားတိုင်အရင်နေရာကျ၏

ဧဝံဂေလိဟောပြောခြင်းကို ဆီးတားသောအရာများစွာရှိပါသည်။ အထူးသဖြင့် အစိုးရက ဆန့်ကျင်ဆီးတားခြင်းပြုသောအခါ အဆိုးဆုံးဖြစ်ပါသည်။ သမ္မာကျမ်းစာကလည်း ခရစ်ယာန်တို့အား အစိုးရသောအာဏာကို နာခံရမည်ဟုသွန်သင်ထား၏။ သို့သော်လည်း ဤတရားက သခင်ယေရှု၏ မဟာစေခိုင်းချက်ကို မလွှမ်းမိုးနိုင်ပါ။

ဆန့်ကျင်ခြင်း၊ ဘာသာရေးခေါင်းဆောင်တို့သည် တမန်တော်တို့၏ သွန်သင်ချက်ကြောင့် ပြဿနာတတ်ကြ၏။ တမန်တော်တို့သည် လူတို့အားယေရှုရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ဟောပြော၍ များစွာသောလူတို့သည် ယုံကြည်ပြီး၊ တမန်တော်တို့၏ နောက်သို့လိုက်ကြ၏။ ထို့ကြောင့် ဘာသာရေးခေါင်းဆောင်တို့က သူတို့ကိုဆီးတားလိုခြင်းဖြစ်၏။ "ဖမ်းဆီး" ဟူသောစကားသည် ရိုက်နှပ်ခြင်းကိုလည်း ရည်ညွှန်းနိုင်ပါသည်။ ထိုဘာသာရေးခေါင်းဆောင်တို့က တမန်တော်တို့၏တရားဟောခြင်းအမှုကို ဆီးတားခြင်းငှါ တညလုံးချုပ်ထားခဲ့ကြ၏။

အကျိုးရလဒ်၊ ဘုရားသခင်သည် မိမိတပည့်တော်၊ အစေခံကျွန်များအလယ်၌ အမှုပြုတော်မူ၏။ ဆန့်ကျင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းတို့သည် ခရစ်ယာန်အသက်တာ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ဤဆန့်ကျင်ဆီးတားခြင်းမှကျွန်တော်တို့ မလွတ်မြောက်နိုင်ပါ။ ကြုံတွေ့ရမည်ဖြစ်ပါသည်။ တမန်တော်တို့ကဲ့သို့ ကြုံတွေ့ရသောစိန်ခေါ်မှုကို သည်းခံ၍ကြိုးစားကျော်ဖြတ်ရမည်ဖြစ်၏။ ဘုရားသခင်သည် ကြိုးစားအားထုတ်သောအမှုတော်ဆောင်ကို များစွာကောင်းကြီးပေးတော်မူလိမ့်မည်။ တမန်တော်တို့သည် ရန်သူတို့၏ဆန့်ကျင်ခြင်းခံရကြသော်လည်း၊ နှုတ်ကပတ်တော်ကို ဆက်လက်ကြိုးစားဟောပြောခဲ့ကြပါသည်။ "သို့ဖြစ်၍ ယုံကြည်ခြင်းသည် ကြားနာခြင်းအား ဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏" (ရောမ ၁၀း၁၇)။ နှုတ်ကပတ်တော်ကို ကြားနာသောသူတို့စိတ်နှလုံးထဲ၌ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအမှုပြုသောအခါ၊ များစွာသောလူတို့သည် ယုံကြည်ခဲ့ကြ၏။ များသည်သာမက အလွန်များပြားသောသူတို့က ယုံကြည်ကြ၏။ ငါးထောင်သောသူတို့သည် ကယ်တင်ခြင်းရခဲ့ကြပါ သည်။ ဇဒ္ဒုကဲများနှင့် အခြားယုဒခေါင်းဆောင်တို့၏ ခြိမ်းခြောက်မှုကြောင့် တပည့်တော်တို့သည် တရားမဟောဘဲနေခဲ့ကြလျှင် အဘယ်မျှလောက်ဆုံးရှုံးမှုဖြစ်ခဲ့ပါလိမ့်မည်နည်း။

ဆန့်ကျင်ခြင်းကြုံတွေ့ရသောအခါ၊ ခရစ်ယာန်တို့သည် သခင်ဘုရားထံတိုးဝင်၍ လမ်းပြမှုတောင်းလျှောက်ကြရပါမည်။ ဧဝံဂေလိတရားဟောပြောခြင်းအမှုကို စိတ်ဓာတ်ကျစေနိုင်သောလှုပ်ရှားမှုတို့ကို ရှောင်ရှားကြရပါမည်။ ပြောင်းလဲသောသူများစွာ ယနေ့မတွေ့ရလျှင်လည်း၊ တရားဟောပြောခြင်းအမှုကို မရပ်နားရပါ။ ကယ်တင်ခြင်းသည် ဘုရားသခင်ပိုင်တော်မူသည်ဖြစ်၍ မိမိအချိန်၌ တိုးပွားများပြားစေတော်မူလိမ့်မည်။ ခရစ်ယာန်တို့၏ တာဝန်ဝတ္တရားကား သတင်းကောင်းမျိုးစေ့ဆက်လက်ကြဲချခြင်းပင် ဖြစ်ပါသည်။

အသင်းတော်၏ဧဝံဂေလိတရားဟောခြင်းအမှု၌ စိတ်အားထက်သန်စွာ သင်ပါဝင်ပါသလား။ အချိန်မှန်သတင်းကောင်းဝေစာကို သင်ဝေခဲ့ပါသလား။ သူတပါးအား သတင်းကောင်းပြောပြပါသလား။

**ဆင်ခြင်ရန်** - ညှဉ်းပန်းနှိပ်စက်ခြင်းကို ကျွန်တော်ကြောက်ပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ဆန့်ကျင်ခြင်းကို ရင်ဆိုင်ကျော်လွှားနိုင်ခြင်းငှါ အစွမ်းသတ္တိပေးသနားတော်မူပါ။

တနင်္ဂနွေ၊ ဩဂုတ် (၉)

**တမန် ၄း၅-၇**

ဆာလံ ၁၁၉း၄၁-၄၈

*"သက်သေခံတော်မူချက်တို့ကို မင်းများထံမှာ ပြန်ပြော၍၊ ရှက်ကြောက်ခြင်းနှင့် ကင်းလွတ်ပါလိမ့်မည်"*

# ပေးသနားတော်မူသောအခွင့်ထူး

သခင်ယေရှုခရစ်တော်က မသဲ ၁၀း၁၇-၁၈ ထဲတွင် ဤသို့မိန့်တော်မူခဲ့ပါသည် - "လူတို့ကို သတိပြုကြ။ အကြောင်းမူကား၊ သင်တို့ကိုလွှတ်ရုံးသို့ အပ်နှံကြလိမ့်မည်။ တရားစရပ်တို့၌ ရိုက်ကြလိမ့်မည်။ ထိုသူတို့မှစ၍ တပါးအမျိုးသားတို့အား သက်သေဖြစ်စေခြင်းငှါ မြို့ဝန်မင်း၊ ရှင်ဘုရင်ထံသို့ ငါ့ကြောင့် သင်တို့ကိုပို့ဆောင်ကြလိမ့်မည်"။ ခြေမစွမ်းသောသူကို အဘယ်တန်ခိုးဖြင့် ကျန်းမာစေကြောင်းကို ရှင်းပြဖို့ရန်တမန်တော်တို့အား ခေါ်ခဲ့ကြ၏။ ထိုစိုးရိမ်စရာအခြေအနေသည် ထိုခေါင်းဆောင်များ မုန်းတီးသော တရားတော်ဟောပြောခြင်းငှါ အခွင့်ကောင်းအဖြစ်သို့ ပြောင်းလဲခဲ့ပါသည်။

<u>သက်သေခံခြင်းငှါ ဖမ်းဆီးခံရခြင်း</u>၊ နက်ဖြန်နေ့တွင် ယုဒခေါင်းဆောင်များ၊ အကြီးအကဲများနှင့် ကျမ်းပြုဆရာတို့သည် ထိုအံ့ဖွယ်နိမိတ်လက္ခဏာအကြောင်း ဆွေးနွေးရန် ယေရုရှလင်မြို့၌ စုဝေးကြ၏။ သူတို့အတွက် ဤအမှုသည်သေးငယ်သောအမှုမဟုတ်ပါ။ နည်းလမ်းဟောင်းကို ခြိမ်းခြောက်သောခရစ်တော်၏ ယုံကြည်သူများအဖွဲ့တည်းဟူသော အဖွဲ့သစ်ပေါ် ပေါက်လာခဲ့ခြင်းဖြစ်၏။ ယုဒဘာသာ၌ အကြီးအကဲများဖြစ်သော ယဇ်ပုရောဟိတ်အကြီးနှင့် အခြားခေါင်းဆောင်များ ပါဝင်ကြ၏။ ယဇ်ပုရောဟိတ်မင်းအန္နတ်နှင့် သူ၏အမျိုးများလည်း ပါဝင်ကြ၏။ ရိုးရိုးအစည်းအဝေးမဟုတ်ဘဲ၊ တပည့်တော်တို့အား တရားမဟောခြင်းငှါ ဆီးတားရန်စုဝေးကြခြင်းဖြစ်ပါသည်။ ဤပုဂ္ဂိုလ်များ၏ နာမည်ဖော်ပြမှတ်တမ်းတင်ခြင်းက ဤအဖြစ်အပျက်သည် ဘယ်နှစ်၊ ဘယ်ကာလ၌ဖြစ်သည်ကို ဆုံးဖြတ်စေနိုင်ပါသည်။ သို့သော်လည်း၊ အရေးကြီးသောအချက်ဟူမူကား တမန်တော်တို့အား ဆီးတားနှောင့်ယှက်နိုင်သောသူတို့၏ ရာထူးဂုဏ်ပုဒ်များပင်ဖြစ်ပါသည်။

<u>သက်သေခံခြင်းငှါ ခေါ်တော်မူခြင်း</u>၊ ဤစုဝေးခြင်းသည် တမန်တော်တို့အတွက် ကြီးမြတ်သောအခွင့်ထူးဖြစ်ပါသည်။ ခေါင်းဆောင်တို့ကိုတွေ့ရခြင်းငှါ သူတို့အချိန်းအချက်ယူစရာ မလိုခဲ့ပါ။ ထိုအာဏာရှိခေါင်းဆောင်များကိုယ်တိုင်က တမန်တော်တို့အား သူတို့၏သွန်သင်ချက်များအကြောင်း သက်သေခံခြင်းငှါ ဖိတ်ခေါ်မေးမြန်းခြင်းဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲပုဂ္ဂိုလ်တို့ရှေ့၌ သွားရောက်ခြင်းသည် ကြောက်လန့်တုန်လှုပ်စရာကောင်းသောအမှုဖြစ်သော်လည်း ထိုသူတို့အတွက် နှုတ်ကပတ်တော်ကြားကြရခြင်းအခွင့် ဖြစ်ပါလျှင် ကျွန်တော်တို့သည်ရဲရင့်စွာနှင့် သစ္စာရှိစွာ သခင်ယေရှုခရစ်တော်၏သတင်းကောင်းကို ပြောကြားကြရပါမည်။ တမန်တော်တို့သည် မိမိကိုယ်ကို မကိုးစားဘဲ သခင်ဘုရားကို ကိုးစားခြင်းရှိကြ၏။ သူတို့၏သက်သေခံချက်ကို ဘုရားသခင်ကကောင်းကြီးပေးတော်မူ၏။ သူတို့သည် သခင်ဘုရားပေးတော်မူသောအခွင့်ကို ဒီအတိုင်းစောင့်၍မနေ၊ ကြိုးစားရှာဖွေအရယူခဲ့ကြ၏။

သင့်အလုပ်ရှင်၊ အကြီးအကဲ၊ ခေါင်းဆောင်၊ မန်နေဂျာနှင့် ကျောင်းအုပ်ကြီးတို့က သင်သည်ခရစ်ယာန်ဖြစ်ကြောင်းသိမည်ကို သင်စိုးရိမ်နေပါသလား။ ညှဉ်းဆဲခြင်း (သို့) အလုပ်ဖြုတ်ခြင်းခံရမည်ကို သင်စိုးရိမ်ထိတ်လန့်ခြင်းရှိပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ခရစ်ယာန်ဖြစ်ခြင်းအကြောင်းကို ကျွန်တော်ဖုံးကွယ်နေပါသလား။

**ဆုတောင်းချက်** - အို အဘဘုရား၊ ကိုယ်တော်အတွက် ထွန်းလင်းခြင်းငှါ အကျွန်ုပ်အားတောက်ပသောအလင်းဖြစ်စေတော်မူပါ။

တနင်္လာ၊ ဩဂုတ် (၁၀)
**တမန် ၄း၈-၁၀**
မဿဲ ၁၀း၃၂

*“ထာဝရဘုရား၏နာမတော်သည်*
*ဘုန်းကြီးတော်မူသည်ဟု ဝန်ခံလျက်. . . ”*

# ဝိညာဉ်တော်၏တန်ခိုး

လူတစ်ဦးသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောအခါ လူမပြုနိုင်သောအမှုကို ပြုနိုင်လာ၏။ သူသည် ဉာဏ်အလင်းပေးခြင်းခံရရုံသာမက၊ လူမတတ်နိုင်သောအမှုကိုပင် ပြုခြင်းငှါ ဘုရားသခင်ကအစွမ်းသတ္တိခွန်အားပေးခြင်း ဖြစ်ပါသည်။

ခွန်အားပေးခြင်း၊ ယုဒလူတို့၏အာဏာအရှိဆုံးပုဂ္ဂိုလ်တို့ရှေ့၌ မေးမြန်းခံရခြင်းသည် တမန်တော်တို့၏ ယုံကြည်ခြင်းကိုတုန်လှုပ်စေနိုင်ပါသည်။ ထိုသို့သောအခြေအနေကို ရင်မဆိုင်လိုဘဲ ထွက်ပြေးတိမ်းရှောင်လိုသောဆန္ဒ အလွယ်တကူပေါ်လာနိုင်ပါသည်။ သို့သော်လည်း၊ သေချာသော ညှဉ်းပန်းနှိပ်စက်ခြင်းမှ မရှောင်ပုန်းဘဲ ပေတရုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက် ခြေမစွမ်းသောသူကို ကျန်းမာစေတော်မူသော ယေရှု၏တန်ခိုးတော်ကို ရဲရင့်စွာဟောပြောခဲ့ပါသည်။ ထိုဘာသာရေးခေါင်းဆောင်တို့ကို ရည်ညွှန်းလျက် ဘုရားသခင်သားတော် ကားတိုင်ပေါ်၌အသေသတ်ကြခြင်းအမှုကြောင့် သူတို့ကို ပြစ်တင်ရှုတ်ချခဲ့ပါသည်။

အစွမ်းပေးခြင်း၊ ပေတရုက ရှင်းလင်းစွာ ဤကျန်းမာစေခြင်းအမှုသည် ယေရှုခရစ်တော်၏ နာမတော်အားဖြင့်ဖြစ်ကြောင်း ကြွေးကြော်ခဲ့ပါသည်။ သံသယရှိနေသေးကြလျှင် ထိုသို့ကျန်းမာစေခြင်း အမှု၏ရည်ရွယ်ချက်ကိုလည်း မေးမြန်းနိုင်ကြကြောင်းဆိုသေး၏။ အဘယ်အမှုဖြစ်သည်၊ အဘယ်သို့ ဖြစ်သည်ကို သိလိုခဲ့ကြ၏။ ထိုအစွမ်းသတ္တိတန်ခိုးသည် နာဇရက်မြို့သားယေရှု၏နာမတော်ကြောင့် ဖြစ်ပါသည်။ ထိုနာမကိုကြားကြခြင်းသည် ဘာသာရေးခေါင်းဆောင်တို့အား တုန်လှုပ်စေပါသည်။ အကြောင်းမှာ ယေရှုကားတိုင်ပေါ်၌အသေသတ်ခံရခြင်း၌ သူတို့သည်တာဝန်ရှိကြ၏။ ဘုရားသခင် ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ရန်သူများအလယ်၌ကိုယ်တော်အတွက် ရပ်နိုင်ခြင်းငှါ ခွန်အား အစွမ်းသတ္တိပေးတော်မူတတ်၏။ သခင်ယေရှုက ဤသို့သတိပေးတော်မူခဲ့၏ “အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံအံ့၊ ကောင်းကင်ဘုံ၌ ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါဝန်ခံမည်။ အကြင်သူသည်လူတို့ရှေ့မှာ ငါ့ကိုငြင်းပယ်အံ့၊ ကောင်းကင်ဘုံ၌ရှိသော ငါ၏ ခမည်းတော်ရှေ့မှာ ထိုသူကို ငါငြင်းပယ်မည်” (မဿဲ ၁၀း၃၂-၃၃)။

သူတပါးထံ သက်သေခံခြင်းငှါ သန့်ရှင်းသောဝိညာဉ်တော်၏မစခြင်းကို သင်တောင်းလျှောက်ပါသလော။ ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောသောအခါ ဘုရားသခင်ထံမှဉာဏ်အလင်း သင်တောင်းလျှောက်ပါသလား။

**ဆင်ခြင်ရန်** - သက်သေခံခြင်းအမှုကို ကျွန်တော်ပုံမှန်ဆောင်ရွက်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်အတွက် သက်သေခံခြင်းငှါ အကျွန်ုပ်၏နှုတ်ကိုဖွင့်ပေးတော်မူပါ။

အင်္ဂါ၊ ဩဂုတ် (၁၁)

**တမန် ၄း၁၁-၁၂**

၁ ကော ၃း၁၁

*“ယေရှုခရစ်တည်းဟူသော ချလျက်ရှိသောတိုက်မြစ်မှတပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်”-*

# ယေရှုတပါးတည်းသာလျှင် ကယ်တင်တော်မူ၏

“ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့် ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည် အကြောင်းတည်း” (ဖိလိ ၂း၉-၁၁)။

အခြားသောကျောက်မရှိ၊ ဤအကြောင်းကို ဆာလံ ၁၁၈း၂၂ မှ ယူထားခြင်းဖြစ်ပြီး ယေရှုကလည်း ခရစ်ဝင်ကျမ်းထဲတွင် ဖော်ပြထားပါသည်။ “တိုက်ကိုတည်လုပ်သောသူများ ပယ်ထားသောကျောက်သည် နောက်တဖန် တိုက်ထောင့်အထွဋ်အဖျားသို့ ရောက်ပြန်၏. . . ကျမ်းစာ၌သင်တို့သည် တရံတခါမျှ မဖတ်ဖူးသလော” (မသဲ ၂၁း၄၂)။ ယေရှုသည် တိုက်ထောင့်အထွဋ်အဖျားကျောက်ဖြစ်တော်မူ၏။ ဆိုလိုသည်မှာ ဤကျောက်သည်ပို၍ကြီးသောကျောက်၊ တိုက်အိမ်နံရံနှစ်ခုကို ဆက်ပေးခြင်း၌ အသုံးပြုသောကျောက်၊ တိုက်တစ်ခုလုံး၏အလေးချိန်နှင့် အားကိုထမ်းရွက်သောကျောက်ဖြစ်ပါသည်။ ဤကျောက်မရှိလျှင် တိုက်တစ်လုံးသည် လှိုင်းထန်၊ လေထန်သောအခါ ပြိုကျ၍ အမှိုက်ပုံသာဖြစ်ပါလိမ့်မည်။ ယေရှုသည် တိုက်ထောင့်အထွဋ်အဖျားဖြစ်တော်မူ၏။ သူသည် တိုက်ဆောက်သူတို့ငြင်းပယ်ခဲ့သောကျောက်၊ ဘုရားသခင်၏ဝိညာဉ် အိမ်တော်တစ်ခုလုံးကို ထောက်မခြင်းငှါ ဘုရားသခင်ကအမိကနေရာ အထွဋ်အထိပ်၌ ထားတော်မူသောကျောက်ဖြစ်ပါသည်။ အသင်းတော်၌ အုတ်မြစ်တစ်ခုသာလျှင်ရှိပါ၏။ ထိုတိုက်မြစ်ကား သခင်ယေရှုခရစ်တော်ဖြစ်ပါသည်။ “အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော ၊ ချလျက်ရှိသော တိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်” (၁ ကော ၃း၁၁)။

အခြားသောနာမ မရှိ၊ ကယ်တင်ခြင်းခံရခြင်းငှါ သခင်ယေရှုခရစ်တော်၏နာမမှတစ်ပါး အခြားသောနာမမရှိပါ။ သခင်ယေရှုသာလျှင် စုံလင်သောကျွန်ုပ်တို့၏ ကိုယ်စားဖြစ်တော်မူ၏။ ယေရှုက “ငါသည်လမ်းခရီး ဖြစ်၏။သမ္မာတရားလည်းဖြစ်၏။အသက်လည်းဖြစ်၏။ ငါကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ” (ယောဟန် ၁၄း၆) ဟု မိန့်တော် မူ၏။ ယခုအခါ များစွာသောအသင်းတော်၌ လူအပေါင်းတို့သည် ကယ်တင်ခြင်းခံရကြမည်ဟု ဟောပြောကြပါသည်။ သူတို့သည် သမ္မာကျမ်းစာသွန်သင်ပေးသော သမိုင်း၌တွေ့ရသော ယုံကြည် ခြင်းတည်းဟူသော ယေရှုသာလျှင် လူသားတို့၏တစ်ပါးတည်းသောကယ်တင်ရှင်ဖြစ်ကြောင်းကို မေ့လျော့ခဲ့ကြ၏။ ကောင်းကင်နိုင်ငံသို့ဝင်ရောက်ခြင်းငှါ တစ်ခုတည်းသောနာမသည် ယေရှုခရစ်တော် ၏ နာမတော်သာလျှင်ဖြစ်သည်ဟူသော ဩဝါဒတရားကို အလေးမထားခြင်းသည် အလွန်အန္တရာယ်ကြီးလှပါ၏။ “သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရ၏။ သားတော်ကို ပယ်သောသူ မူကား အသက်ကိုမတွေ့ရ။ ထိုသူ၏ အပေါ်၌ ဘုရားသခင်၏ အမျက်တော်တည်နေသည်ဟု ယောဟန်ဟောလေ၏” (ယောဟန် ၃း၃၆)။

သင်၏ကယ်တင်ခြင်းအတွက် ယေရှုခရစ်တော်တစ်ပါးတည်းကိုသာ သင်ယုံကြည်ကိုးစားသည်မဟုတ်လော။ ယေရှုခရစ်တော်ယုံကြည်ခြင်းအားဖြင့်သာ ကယ်တင်ခြင်းရနိုင်ကြောင်းကို သင်သိမှတ်သည်မဟုတ်ပါလော။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာဖော်ပြသောယေရှုကို ကျွန်တော်ယုံကြည်ကိုးစားပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ယေရှုတစ်ပါးတည်းကိုသာ ယုံကြည်မည်အကြောင်း အကျွန်ုပ်အား ယုံကြည်ခြင်းပေးသနားတော်မူပါ။

ဗုဒ္ဓဟူး၊ ဩဂုတ် (၁၂)
**တမန် ၄း၁၃**
၂ ကော ၅း၁၇

*“လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏”*

## သူတို့သည်ယေရှုနှင့်အတူ ရှိခဲ့သောသူဖြစ်ကြ၏

ယေရှုနှင့်အတူရှိခဲ့သော သူတို့၏လက္ခဏာများက အဘယ်နည်း။ ဘာသာတရားကိုင်းရှိုင်းခြင်းလော။ ဘုရားတရားသိကျွမ်းခြင်းလော။ ဤအရာများပါသော်လည်း ယေရှုနှင့်အတူရှိခဲ့သောသူ၌ ထိုအရာများ မဖြစ်မနေရှိရမည်ဟုမဆိုလိုပါ။

ယုံကြည်စိတ်ချမှုတွေ့ရ၏၊ သူတို့သည် သခင်ယေရှုခံမှ သင်ကြားခဲ့သောသမ္မာတရားကို အမှန်ယုံကြည်ခြင်းရှိသည်ဖြစ်၍ တွန့်ဆုတ်ခြင်းမရှိဘဲ ရဲရင့်စွာဟောပြောကြပါသည်။ တမန်တော်တို့သည် သခင်ယေရှု၏အကြောင်းကို ကြိုးစားဟောပြောခဲ့ကြ၏။ ယုဒဘာသာရေးခေါင်းဆောင်တို့၏ သုံးသပ်ချက်အရဆိုလျှင် သူတို့၏ပညာအရည်အချင်းနှင့် လူနေမှုအဆင့်အတန်းသည် ဘာမှမဟုတ်ပါ။ သို့သော်လည်း သူတို့၏အသက်တာသည် အလွန်ခြားနားခြင်းရှိ၍ ထူးခြားမှုရှိ၏။ ဘာသာရေးခေါင်းဆောင်တို့သည် အံ့သြခြင်းရှိ၍ “သူတို့သည် ယေရှုနှင့်အတူရှိခဲ့ကြသောသူများ” (တမန် ၄း၁၃) ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ကြပါသည်။ ဤအချက်အားဖြင့် မြင်တွေ့ရသည်မှာ ယေရှုခရစ်တော်၏အကြောင်း သက်သေခံလျက်အသက်ရှင်သောအသက်တာသည် ကောင်းသောအမှုပြုရုံမဟုတ်၊ နိုင်ငံသားကောင်းပီသစွာ အသက်ရှင်ခြင်းသာသာမဟုတ်ကြောင်း၊ တွေ့ရပါသည်။ ခေါင်းဆောင်တို့တွင် တွေ့ရသောအချက်ဟူမူကား တမန်တော်တို့သည် ယေရှုခရစ်တော်၌တည်သောသူတို့၏ ကယ်တင် ခြင်းနှင့်ဆိုင်သော သမ္မာတရားကို အခိုင်အမာယုံကြည်စိတ်ချမှုရှိကြခြင်းပင်ဖြစ်ပါသည်။

ခံယူချက်ခိုင်မာမှု သိရှိရကြ၏၊ ကျွန်ုပ်တို့၏နေပုံထိုင်ပုံ၊ အသက်ရှင်လှုပ်ရှားပုံတို့က ကျွန်ုပ်တို့၏လူမျိုး၊ ထုံးတမ်းစဉ်လာတို့ကို လွယ်ကူစွာဖော်ပြလေ့ရှိကြ၏။ ပြောပုံဆိုပုံနှင့် နေပုံထိုင်ပုံက ထိုလူမျိုး၏ခံယူချက်ဝါဒကိုလည်း ဖော်ပြလျက်ရှိ၏။ တမန်တော်ပေါလုနှင့်ယောဟန်တို့ကလည်း သူတို့ဟောပြောသောတရားအားဖြင့် သူတို့အကြောင်းကို ထင်ရှားစေခဲ့ပါသည်။ သူတို့သည်နာဇရက်မြို့သားယေရှုအကြောင်းနှင့် ပြုတော်မူသောအမှုကိုသာ အဓိကထားခဲ့ကြပြီး အခြားအဓိပ္ပာယ်မရှိသောစကားကို သူတို့ထံမှမကြားရပါ။ သမ္မာတရားကိုမလေ့လာ၊ မသင်ကြားဖူးသော ဤလူတို့သည် အလွန်ဉာဏ်ပညာရှိလာကြသည်ဖြစ်သောကြောင့် ခေါင်းဆောင်တို့သည် အံ့သြခြင်းရှိခဲ့ကြ၏။ အပြင်ပန်းအားဖြင့်ကြည့်လျှင် ထိုခေတ်က ကျမ်းတတ်ပုဂ္ဂိုလ်မဟုတ်၊ ပညာမဲ့ဖြစ်ကြသော်လည်း မေရှိယနှင့်ပတ်သက်သော သမ္မာကျမ်းစာသိခြင်း၌ သူတို့ထက်အလွန်သာလွန်ခြင်းရှိသည်ကို တွေ့ကြသောကြောင့် အံ့သြကြခြင်းဖြစ်ပါသည်။ နောက်ဆုံးမှတ်ချက်စကားဟူမူကား သူတို့သည် ယေရှုနှင့်အတူရှိခဲ့ကြသောသူများဖြစ်ကြ၏ဟူ၍ ဖြစ်ပါသည်။

ယေရှုခရစ်တော်နှင့် ပြုတော်မူသောအမှု၌လုံးဝယုံကြည်စိတ်ချမှု သင်ရှိပါသလား။ သခင်ယေရှုခရစ်တော်၌ သင်တည်နေပါသလား။

**ဆင်ခြင်ရန်** - လူတို့က “ယေရှုနှင့်အတူရှိခဲ့သောသူ” ဟု ကျွန်ုပ်ကိုမြင်ကြပါသလား။
**ဆုတောင်းချက်** - အို အဘဘုရား၊ သခင်ယေရှုခရစ်တော်၌ ကျွန်တော်အသက်ရှင်လှုပ်ရှားလိုပါ၏။

ကြာသပတေး၊ ဩဂုတ် (၁၃)
**တမန် ၄း၁၄**
ရောမ ၃း၁၉-၂၀

*"ထိုသို့ဖြစ်၍ လောကီသားအပေါင်းတို့သည် စကားတစ်ခွန်းမျှမပြောနိုင်ဘဲ ဘုရားသခင်ရှေ့တော်၌ အပြစ်သင့်သောသူဖြစ်ကြ၏"*

# ငြင်းစုံဆိုဖွယ်ရာမရှိမတွေ့

သခင်ယေရှုက တပည့်တော်တို့အား ဤသို့ကြိုတင်သတိပေးတော်မူခဲ့၏ "ထိုအမှုအရာများ မဖြစ်မီ လူများတို့သည် ငါ၏နာမကြောင့် သင်တို့ကို ဘမ်းဆီးညှဉ်းဆဲ၍ တရားစရပ်၌၎င်း၊ ထောင်ထဲ၌၎င်း အပ်နှံကြလိမ့်မည်။ ရှင်ဘုရင်၊ ဝန်မင်းထံသို့ပို့ဆောင်ကြလိမ့်မည်။ ထိုသို့သောအားဖြင့်၊ သင်တို့သည် သက်သေခံရသောအခွင့်ရှိကြလိမ့်မည်"( လုကာ ၂၁း၁၂-၁၃)။ ယဇ်ပုရောဟိတ်တို့သည် ဤအံ့ဖွယ်နိမိတ်လက္ခဏာ နှင့်ပတ်သတ်၍ ဘာမှငြင်းခုံဖွယ်ရာမတွေ့။ အကြောင်းမှာ သူတို့ရှေ့၌သက်သေခိုင်လုံစွာ မြင်တွေ့ ရသောကြောင့်ဖြစ်ပါသည်။

<u>ငြင်း၍မရသောသက်သေ</u>၊ ဤအံ့ဖွယ်အမှုကို ယုဒခေါင်းဆောင်များ လုံးဝငြင်း၍မရခဲ့ပါ။ သူတို့မျက်စိဖြင့်အနာကင်းလွတ်သောသူကို မြင်တွေ့ရကြ၏ (တမန် ၄း၁၄)။ အတင်းအဖျင်းသာဖြစ်သည်ဟု မငြင်းနိုင်ကြပါ။ အနာငြိမ်းသောသူသည် ထိုနေရာ၌နှစ်ပေါင်းများစွာ တောင်းစားနေခဲ့သောကြောင့် ယေရှုရှလင်မြို့သူ၊ မြို့သားအပေါင်းက သိကြပါ၏။ ဤအံ့ဖွယ်အမှုကို ကြုံတွေ့ရသောသက်သေကိုယ်တိုင်ကို ဝှက်ထား၍မရပါ။ ပို၍အံ့ဩစရာကောင်းသောအမှုဟူမူကား လာဇရုအားသေပြီးမှလေးရက်လွန်ပြီးနောက်တွင် ယေရှုကထမြောက်စေတော်မူခြင်းဖြစ်ပါသည်။ ထိုအကြောင်းကို မြင်တွေ့သောလူများက ထိုအံ့ဖွယ်အမှုကို သက်သေခံခဲ့ကြ၏။ ပေတရုနှင့်ယောဟန်အမှုတွင် ယုဒလူတို့၏ပစ်မှတ်မှာ ထိုအံ့ဖွယ်အမှုမပျံ့အောင် တမန်တော်တို့ကိုဖျက်ဆီးရန် ဖြစ်ပါသည်။

<u>ငြင်းခုံ၍မရသောအဖြစ်အပျက်</u>၊ တချိန်တခါက ခြေမစွမ်းသောသူသည် သူတို့ရှေ့၌ မတ်တပ်ရပ်လျက်နေသည်ဖြစ်သောကြောင့် ဤအမှုကိုဘယ်လိုမှငြင်း၍ အဘယ်စွပ်စွဲချက်မျှ မပြောနိုင်ကြပါ။ ထိုအမှုကိုသာမာန်ဖြစ်ရပ်သာဖြစ်သည်ဟု အကြောင်းပြဖို့ရန် စကားလုံးမရှိပါ။ ထိုအံ့ဖွယ်အမှုကို ဘယ်လိုမှမငြင်းနိုင်သောကြောင့် တမန်တော်တို့အား နောက်ထပ်အနာငြိမ်းခြင်းမပြုရန် သတိပေးခဲ့ကြ၏။ တမန်တော်တို့ကိုလည်း ဘယ်လိုမှမစွပ်စွဲနိုင်ကြပါ။ တမန်တော်တို့၏အသက်တာကိုလည်း မကောင်းကြောင်းမပြောနိုင်ကြပါ။ အကြောင်းမှာ သူတို့၏အသက်တာအလင်းသည် သူတပါးထံထင်ရှားသည်ဖြစ်၍ သူတို့အားဖြင့်ကောင်းကင်ဘုံ၌ရှိတော်မူသော ခမည်းတော်၏နာမတော်ဘုန်းထင်ရှားခဲ့ပါသည်။

ခရစ်တော်၌တည်သော သင်၏အသက်တာသည်မယုံကြည်သူများက မကောင်းကြောင်း မပြောနိုင်လောက်အောင် အပြစ်တင်ခွင့်နှင့်လွတ်သောအသက်တာဖြစ်ပါသလား။ သင်၏အသက်တာသည် ကောင်းကင်ဘုံ၌ရှိတော်မူသော အကျွန်ုပ်တို့၏အဘ ဘုန်းတော်ထင်ရှားစေသောအသက်တာဖြစ်ပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် သန့်ရှင်းစင်ကြယ်သောအသက်တာဖြင့် အသက်ရှင်နေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်အပေါ် ကျူးလွန်မိသော အကျွန်ုပ်၏အပြစ်ကို နေ့စဉ်အသိပေးတော်မူပါ။

သောကြာ၊ ဩဂုတ် (၁၄)
**တမန် ၄း၁၅-၁၇**
ရောမ ၁၀း၁၄-၁၅

*"သတင်းမကြားလျှင် အဘယ်သို့ယုံကြည်နိုင်မည်နည်း"*

## မဟောမပြောဘဲ နေရမည်လော

သခင်ယေရှုခရစ်တော်၌ မိမိလက်ခံရသော ကျေးဇူးတော်အကြောင်းကို မဟောမပြောဘဲ နှုတ်ဆိတ်၍နေသော ယုံကြည်သူတည်းဟူသော "လျှို့ဝှက်သောခရစ်ယာန်" ဟူ၍ သမ္မာကျမ်းစာထဲမှာ မရှိပါ။ ခရစ်ယာန်တိုင်းသည် သခင်ယေရှုအကြောင်းကို ဟောပြောကြရပါမည်။

<u>မှတ်သားဖွယ်ရာအံ့ဖွယ်အမှု</u>၊ အံ့ဖွယ်နိမိတ်လက္ခဏာတစ်ခု ဖြစ်ပွားခဲ့ပြီး၊ ထိုအမှုကို လူများစွာကသိကြ၏။ ယေရုရှလင်မြို့၌ရှိကြသော လူအပေါင်းတို့သည် ဗိမာန်တော်၏တင့်တယ်တံခါးဝ၌ နှစ်ပေါင်းများစွာတောင်းစားနေသော မွေးရာပါခြေမစွမ်းသောသူသည် ယခုထလျှက်ခုန်လျှက် ဘုရားသခင်ကို ချီးမွမ်းခဲ့ကြောင်း သိကြပါ၏။ ဤအမှုကိုဖုံးကွယ်၍မရ၊ ငြင်း၍မရပါ။ သူသည်လူသိများသော သူတောင်းစားဖြစ်ခဲ့ပြီး ယခုအခါ လူသိများသောယုံကြည်သူဖြစ်ပါသည်။ သူ့ကိုဖမ်း၍ သတ်မည်ဆိုလျှင်လည်း ထိုအံ့ဖွယ်အမှုသည်ပျံ့နှံ့ခဲ့ပြီဖြစ်ပါသည်။ ထိုသို့ပြုခဲ့ကြလျှင် ယဇ်ပုရောဟိတ်တို့သည် ပို၍ဆိုးသောအခြေအနေသို့ရောက်ကြပါလိမ့်မည်။

<u>ငြင်းခုံ၍မရသော အံ့ဖွယ်အမှု</u>၊ အားလုံးမဟုတ်ရင်တောင်မှ ယေရုရှလင်မြို့ရှိ များစွာသော လူတို့သည် အနာငြိမ်းသောသူကိုသိကြသဖြင့် ဘယ်လိုမှထိုသေချာသောအမှုကို ငြင်း၍မရပါ။ ထိုအနာငြိမ်းခြင်းပြောင်းလဲမှုသည် အလွန်သိသာထင်ရှားလှသည်ဖြစ်သောကြောင့် ကလေးသူငယ်များကပင် ထိုအဖြစ်အပျက်ကို ပြောပြနိုင်ကြပါလိမ့်မည်။ ကယ်တင်ခြင်းသည် ဤလူကြုံတွေ့သော အမှုထက်ပို၍ အံ့ဩစရာကောင်းလှပါသည်။ သေခြင်းမှအသက်ရှင်ခြင်း၊ ဝိညာဉ်အသက်ရှင်ခြင်း သာသာမဟုတ်၊ ထာဝရအသက်ရှင်ခြင်းဖြစ်ပါသည်။ ဤအံ့ဖွယ်အမှုကို လူတိုင်းသိမှတ်ကြပါလိမ့်မည်။ ကယ်တင်ခြင်းခံရခြင်းသည် ပြောင်းလဲသောအသက်တာ၌ ထင်ရှားရမည်ဖြစ်၏။ ခြေမစွမ်းသော ဤလူ၏ခန္ဓာကိုယ်အနာငြိမ်းခြင်း၊ ထလျက်ခုန်လျက်လမ်းလျှောက်ခြင်းပြုသည်ထက် ပို၍မှတ်သားဖွယ်သော ပြောင်းလဲမှုရှိရပါမည်။

<u>လုပ်ရှားမှုကိုဖြစ်စေသောအံ့ဖွယ်အမှု</u>၊ လူတို့ကို ပြောင်းလဲခြင်းမဖြစ်စေခြင်းငှါ ယုဒလူတို့က တမန်တော်တို့အား ခရစ်တော်အကြောင်း မဟောပြောမသင်ပေးရန် အမိန့်ပေးထားပါသည်။ ထိုအခါ တမန်တော်တို့က "ငါတို့သည်ကြားလျှက်၊ မြင်လျှက် ရှိသောအရာတို့ကို မဟောမပြောဘဲမနေနိုင်ဟု ထိုသူတို့အားဆိုကြ၏" (တမန် ၄း၂၀)။ မိမိအသက်တာ၌ ခရစ်တော်၏တန်ခိုးတော်ကို ကြုံတွေ့ခံစားရသော တမန်တော်တို့၏နှုတ်ကိုမပိတ်နိုင်ခဲ့ကြပါ။ သူတို့၏ကယ်တင်ရှင်သခင်၏အကြောင်းကို သက်သေမခံဘဲ မဟောပြောဘဲနေစေခြင်းငှါ တမန်တော်တို့အား သူတို့သည်မဆီးတားနိုင်ကြပါ။

သင်ယုံကြည်သူဖြစ်လာသောအချိန်မှစ၍ သင့်အသက်တာပြောင်းလဲမှုကို လူတို့သည် သိမြင်ကြပါသလား။ ထိုသို့ အသက်တာပြောင်းလဲခြင်း၌ ဘုရားသခင်၏တန်ခိုးထင်ရှားခြင်းရှိပါသလား။

**ဆင်ခြင်ရန်** - ခရစ်တော်၌တည်သော ယခုအကျွန်ုပ်အသက်တာသည် ခြားနားသောသူဖြစ်ပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်အတွက် လင်းလက်တောက်ပမည်အကြောင်း အကျွန်ုပ်အား နေ့စဉ်သန့်ရှင်းစေတော်မူပါ။

စနေ၊ ဩဂုတ် (၁၅)
**တမန် ၄း၁၈-၂၀**
၁ ကော ၉း၁၅-၁၈

*"ဧဝံဂေလိတရားကို . . .
မဟောဘဲနေလျှင် အမင်္ဂလာရှိ၏"*

# ငါတို့သည်မဟောမပြောဘဲမနေနိုင်

လုကာ ၂း၁၅-၁၈ ထဲတွင် ကောင်းကင်တမန်ထံမှ သတင်းကောင်းကြားခဲ့ရသော သိုးထိန်းတို့၏တုံ့ပြန်မှုကိုတွေ့ရပါသည်။ သူတို့သည် ကြီးမြတ်သောအရာ၊ သူတို့မြင်တွေ့ခဲ့သောအကြောင်းကို မပြောဘဲမနေနိုင်ခဲ့ကြပါ။ သမ္မာတရားကိုဆန့်ကျင်သောသူတို့အား နာခံခြင်းသည် သူတို့၏မုသာကို ပျံ့နှံ့စေခြင်းပင်ဖြစ်၏။ မလင်းလက်အောင် အလင်းကာထားခြင်းသည် အမှောင်ဆက်ရှိနေစေခြင်းဖြစ်၏။ ယေရှုခရစ်တော်၏နာမတော်အကြောင်း ဟောပြောခြင်းတားမြစ်ခြင်းသည် ငရဲနှင့်ငရဲမီးအိုင်ထဲသို့ လူ၏အသက်ဝိညာဉ်ထာဝရပစ်ချခြင်းပေတည်း။

ယေရှု၏နာမတော်၊ တပည့်တော်တို့သည် ယေရှု၏နာမတော်ကို မဟောမပြောဘဲနေခြင်းငှါ အမိန့်ပေးခြင်းခံရကြ၏။ ကျမ်းပြုဆရာများနှင့် ဖာရိရှဲတို့သည် ကားတိုင်၌အသေသတ်ခြင်းခံရသော ယေရှုခရစ်တော်၏အသွေးတော်အားဖြင့် ရရှိသောကယ်တင်ခြင်း၊ ဘုရားတရားနှင့်ဆိုင်သော သွန်သင်ချက်မဟုတ်သော အခြားသောသွန်သင်ချက်နှင့်အခြားသောနာမကို ခံယူလိုကြ၏။ တမန်တော်တို့၏သွန်သင်ချက်သည် ဘုရားသခင်၏သမ္မာတရားဖြစ်၍ တောမီးကဲ့သို့ပျံ့နှံ့ခဲ့ပါသည်။ သို့သော်လည်း ယေရှုခရစ်တော်၏နာမတော်ကို ဟောခွင့်မပေးကြပါ။ ထိုတရားသည် လူများတို့ကိုအနှောင့်အယှက်ပေး၏။ ကျဉ်းမြောင်းသောအယူဝါဒဖြစ်၏။ အချို့ဘာသာနှင့်မဝင်ဆံ့နိုင်။ လုံးဝမှားနိုင်သော မှန်ကန်သောတရား၌ အခြေခံထားပါသည်။ လောကီလူတို့သည် ယေရှု၏နာမတော်ကို ဘယ်လိုမှ လက်မခံနိုင်ကြပါ။

မြင်သောကြားသိသောအရာများ၊ သူတို့သည် မြင်တွေ့ခဲ့သော၊ ကြားသိခဲ့သောအရာကို ဟောပြောခြင်းငှါ ရဲရင့်ခြင်းရှိကြ၏။ သူတို့မြင်တွေ့ကြားသိသောအရာကား အဘယ်နည်း။ ထိုအရာတို့တွင် သခင်ယေရှုခရစ်တော်၏ ဤလောက၌ကျင်လည်စဉ် ပြုခဲ့သောအမှုများနှင့် ရှင်ပြန်ထမြောက်ပြီးမှ မိမိကိုယ်ကိုထင်ရှားခြင်းအကြောင်းပါဝင်ခဲ့ပါသည်။ သခင်ယေရှု၏စကားတော်နှင့်ပြုသော အံ့ဖွယ်အမှုတို့သည် ဟောပြောဖို့ရန်ထိုက်တန်ခြင်းရှိကြ၏။ ထိုတရားတို့သည် သမ္မာတရားဖြစ်၍ ယေရှု၏ဘုရားဖြစ်ခြင်းကို ထင်ရှားစေသောအရာများဖြစ်ကြပါသည်။ ခရစ်တော်ပြုတော်မူသော အမှုတည်းဟူသော ဖြောင့်မတ်ခြင်းတရား စုံလင်စေခြင်းနှင့်ဆိုင်သော နာခံခြင်းနှင့်လူတို့ကိုယ်စား ကားတိုင်ပေါ်၌အသေခံခြင်းတို့သည် လူတို့ကယ်တင်ခြင်းအတွက် လိုအပ်သောအရာဖြစ်ပါသည်။ ယေရှုခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် စိတ်ကူးယဉ်အတွေးမဟုတ်၊ ပုံပြင်ဒဏ္ဍာရီမဟုတ်။ သူတို့ကိုယ်တိုင်ကြားသိခဲ့ရသော အဖြစ်အပျက်အမှန်ဖြစ်ပါသည်။

သင်၏ကယ်တင်ခြင်းခံရခြင်းအကြောင်း သက်သေခံစေသောအခါ ပြောစရာစကားမရှိဖြစ်ပါသလား။ ထိုသို့သက်သေခံခြင်း၌ စိတ်အားထက်သန်မှုနှင့် ပျော်ရွှင်မှု သင့်စိတ်နှလုံးထဲ၌ ရှိပါသလား။

**ဆင်ခြင်ရန်** - သူတပါးအတွက် အကျွန်ုပ်၌သတင်းကောင်းရှိပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အံ့ဖွယ်အမှုတို့ကို အကျွန်ုပ်နှုတ်ကဟောပြောပါစေသော။

တနင်္ဂနွေ၊ ဩဂုတ် (၁၆)

**တမန် ၄း၂၁-၂၂**

လုကာ ၁၉း၄၅-၄၈

*“. . . သတ်နိုင်သောအခွင့်ကို မတွေ့မရကြ”*

## စွဲချက်တင်စရာမရှိ

တရားခံအားလွှတ်ပေးခြင်းသည် “စွဲချက်တင်စရာမရှိ” သောကြောင့် ဖြစ်ပါသည်။ တရားစီရင်ရေးအဖွဲ့ (Sanhedrin) ရှေ့၌ တမန်တော်တို့၏အမှုသည်လည်း ထိုသို့ဖြစ်ပါသည်။ တမန်တော်တို့အား ပြစ်ဒဏ်စီရင်ခြင်းငှါ အဘယ်အမှုမျှ မတွေ့ခဲ့ကြပါ။ တိုင်းပြည်ဥပဒေ (သို့) ဘာသာရေးဥပဒေကို မကျူးလွန်ခဲ့ကြပါ။ သူတို့ပြုသောအမှုသည် ကောင်းသောအမှု၊ သနားကြင်နာခြင်းအမှု၊ နှစ်ပေါင်းလေးဆယ်ကျော် လမ်းမလျှောက်နိုင်သော ခြေမစွမ်းသောသူကိုအနာငြိမ်းစေခြင်းပင် ဖြစ်ပါသည်။

<u>အပြစ်ကျူးလွန်ခြင်းမရှိ</u>၊ စွဲချက်တင်စရာမရှိသောကြောင့် တရားစီရင်ရေးအဖွဲ့လုပ်နိုင်သောအရာကား တမန်တော်တို့ကို ခြိမ်းခြောက်ခြင်းပင်ဖြစ်၏။ တမန်တော်တို့၌ အဘယ်ပြစ်မှုမျှ မတွေ့ရကြ။ ဘုရားသခင်၏တန်ခိုးတော်ဖြင့် သူတို့အဘယ်စွဲချက်မျှ မတင်နိုင်အောင် ချုပ်တည်းထားခြင်းခံရ၏။ လူတို့ကိုကြောက်သောကြောင့် တမန်တော်တို့ကိုလည်း အန္တရာယ်မပြုရဲကြပါ။ ယေရှု၏နောက်လိုက်တပည့်တော် ၈၀၀၀ ကျော်ရှိခဲ့ကြပြီးကို သတိပြုကြလော့ (တမန် ၂း၄၁၊ ၄း၄)။ တပည့်တော်တို့နောက်ကွယ်၌ ရပ်တည်သော ဘုရားသခင်ကိုမကြောက်ကြဘဲ၊ လူတို့ကိုမကြောက်ကြဘဲ လူတို့ကိုကြောက်ကြ၏။ တမန်တော်တို့ကိုလွှတ်ပေးကြပြီး သခင်ယေရှု၏နာမတော်ကို ဆက်လက်မဟောပြောကြခြင်းငှါ တားမြစ်ခြိမ်းခြောက်ခဲ့ကြပါသည်။

<u>ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန်</u>၊ တမန်တော်တို့သည် လွတ်မြောက်လာကြသောအခါ ဝါကြွားခြင်းမရှိဘဲလျက် ဖြစ်ပျက်သောအမှုသည် ဘုရားသခင်ကြောင့်ဖြစ်တော်မူသည်ကို သိမှတ်ကြ၏။ သစ္စာရှိသောသူသည် မိမိ၏ဖြောင့်မတ်ခြင်းကြောင့်မဟုတ်ဘဲ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် အောင်မြင်ခြင်းရကြ၏။ စစ်မှန်သော အံ့ဖွယ်နိမိတ်လက္ခဏာ၌ပေါ်လွင်တတ်သောအကျိုးဟူမူကား ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းပေတည်း။ ယုံကြည်သူတစ်ဦးသည် ဘုရားသခင်၏တန်ခိုးကိုခံရပြီး ဘုရားသခင်၏ဘုန်းတော်ကို မချီးမွမ်းလျှင်ထိုပြုသောအံ့ဖွယ်အမှုက သူ၏ယုံကြည်ခြင်းမှန်ကန်သည်ဟု သက်သေမထူပါ။ အချည်းနှီးဖြစ်ပါ၏။

တမန်တော်တို့သည်အသက်တာသည် “စွဲချက်တင်စရာမရှိ” ဟူသောအချက်က သက်သေခံလျက်ရှိ၏။ ထိုနည်းတူ၊ ကျွန်တော်တို့ခရစ်ယာန်တို့သည်လည်း အပြစ်တင်ခွင့်ရခြင်းငှါ စောင့်ကြည့်လျက်ရှိနေသော ရန်သူတို့၏မျက်စိအောက်၌ အပြစ်ကိုမကျူးလွန်မိစေရန် ကျွန်ုပ်တို့အသက်တာကို သတိပြုကြရပါမည်။ ခရစ်ယာန်တို့သည်အဘယ်အပြစ်ကိုမျှ ဖုံးကွယ်မထားရပါဟု ဆိုရိုးစကားရှိပါ၏။ ယုံကြည်သူကျွန်တော်တို့သည် ကျွန်ုပ်တို့၏အသက်တာကို ဖျက်ဆီးနိုင်သောအဘယ်အပြစ်မျှ မိမိအသက်တာ၌ ချန်ထားဖုံးကွယ်မထားသင့်ပါ။

ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေခြင်းငှါ ပွင့်လင်းမြင်သာသောအသက်တာဖြင့် သင်နေထိုင်အသက်ရှင်နေပါသလား။ လောကီလူတို့ရှေ့၌ သင်၏အသက်တာကို သန့်ရှင်းစင်ကြယ်စွာ သင်စောင့်ရှောက်ပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်အတွက် အကျွန်ုပ်သည်သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်နေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ဘုန်းအသရေတော်ကိုထောက်၍ အကျွန်ုပ်အား စုံစမ်းနှောင့်ယှက်ခြင်းထဲသို့ မလဲကျစေပါနှင့်။

တနင်္လာ၊ ဩဂုတ် (၁၇)
**တမန် ၄း၂၃-၂၆**
ဆာလံ ၂၄

*"ထာဝရဘုရား၏နာမတော်အားဖြင့် ငါတို့သည်မစခြင်းကျေးဇူးကို ခံရကြသတည်း"*

# ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ကြလော့

တမန်တော်တို့သည် လွတ်မြောက်ခြင်းခံကြရသောအခါ ညီအစ်ကိုတို့ထံချက်ချင်းသွားခဲ့ကြ၏။ ပြန်လည်အဖမ်းခံရမည်ကို ကြောက်ရွံ့ခြင်းမရှိကြပါ။ သူတို့ကြုံတွေ့ခဲ့ရသော ညှင်းပန်းနှိပ်စက်မှုအကြောင်းကို ဒေါသထွက်ခြင်း၊ ညည်းတွားခြင်းမရှိဘဲပြန်ပြောကြ၏။ ဆိုလိုသည်မှာ ဘုရားသခင်မည်သို့အမှုပြု၍ မိမိတို့အား လမ်းပြပံ့ဆောင်သည်အကြောင်းကို ဟောပြောကြ၏။ ဤသည်ကား သူတို့အချုပ်ခံကြစဉ် စိုးရိမ်ခဲ့ကြသောညီအစ်ကိုတို့အတွက် ခွန်အားရစရာသတင်းဖြစ်ပါသည်။

<u>ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းကြ၏</u>၊ ပေတရုနှင့်ယောဟန်တို့သည် ထိုသို့သူတို့ကြုံတွေ့ရသောအမှုကို ညီအစ်ကိုထံပြောကြသောအခါ သူတို့သည်ရှေးဦးစွာ ဘုရားသခင်ကိုချီးမွမ်းခဲ့ကြ၏။ သူတို့သည် "တညီတညွတ်တည်း" (တမန် ၄း၂၄၊ ဆိုလိုသည်မှာ စိတ်သဘောထားတထပ်တည်းကျလျက်) ဘုရားသခင်၏ဘုန်းတော်ကို ချီးမွမ်းကြွေးကြော်ခဲ့ကြ၏။

<u>ဘုရားသခင်၏နှုတ်ကပတ်တော်ကို သတိရအောက်မေ့ကြ၏</u>၊ ဘုရားသခင်အား ချီးမွမ်းခြင်းဆိုသည်မှာ မသိနားမလည်သောစကားဖြင့် အသံဗလံပြုခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း သန့်ရှင်းမှန်ကန်စွာချီးမွမ်းခြင်းဖြစ်ပါသည်။ သူတို့က ဘုရားသခင်၏အမှုတော်ကို ဆီးတားခြင်းငှါ ကြိုးစားခြင်းပြုသောလူတို့၏ အချည်းနှီးဖြစ်ခြင်းကို ဖော်ပြသော ဆာလံ ၂း၁-၂ ကို ကိုးကားခဲ့ကြ၏။ ဤမတည်မြဲသောကမ္ဘာလောက၌ရှိသော အင်အားကြီးသည်ဟုထင်ရသောသူတို့သည် ဘုရားသခင်၏အစိုးရမှုကိုမသိဘဲ အချည်းနှီးအမှုပြုကြ၏။ အရာခပ်သိမ်းကိုထာဝရအုပ်စိုးတော်မူသောဘုရားသခင်ကို မသိကြဘဲ အချည်းနှီးသောအမှုကိုတွေးတောပြုလုပ်ကြပါသည်။

<u>ဘုရားသခင်၏တန်ခိုးတော်ကိုသိမှတ်ကြ၏</u>၊ ဘုရားသခင်မပါဘဲ ဤလောကရှင်ဘုရင်တို့သည် မိမိတို့အစွမ်းဖြင့် အမှုပြုနိုင်သည်ဟုထင်ကြသောကြောင့် ဘုရားသခင်၏အနန္တတန်ခိုးတော်ကို အဓိကဖော်ပြကြပါသည်။ ဘုရားသခင်၏ကွယ်ကာစောင့်ရှောက်မှုကို ခံရကြသောဘုရားသခင်၏သားသမီးတို့သည် အဘယ်အမှုနှင့်ကြုံတွေ့ရသည်ဖြစ်စေ၊ ကျွန်ုပ်တို့၏သိုးထိန်းကြီးလက်တော်ထဲ၌ လုံခြုံမှုရှိသည်ဖြစ်သောကြောင့် ကျေးဇူးတော်ကိုချီးမွမ်းကြရပါမည်။ ခရစ်ယာန်တို့သည် ဘုရားသခင်၏ အနန္တတန်ခိုးတော်နှင့်အလုံးစုံကိုသိတော်မူခြင်းကို ချီးမွမ်းကြရပါမည်။ သမ္မာကျမ်းစာ၌ဖော်ပြတော်မူသော ဘုရားသခင်သည် မိမိ၏တန်ခိုးတော်နှင့်ဉာဏ်တော်ဖြင့် အရာခပ်သိမ်းကိုအုပ်စိုးတော်မူ၍ မိမိ၏အခွင့်မပါဘဲ အသေးဆုံးသောအရာပင်လျှင် ရွေ့လျားခြင်းမရှိနိုင်ပါ။

ဘဝ၌ကြုံတွေ့ရသော အခက်အခဲကြား၌လည်း ဘုရားသခင်ကိုသင်ချီးမွမ်းပါသလား။ ဆန့်ကျင်ခြင်းကြုံတွေ့ရသောအခါ ကိုယ်တော်၏သစ္စာရှိသောကတိတော်များကို သင်အောက်မေ့သတိရပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အနန္တတန်ခိုးတော်ကို ကျွန်တော်အမှန်ကိုးစားယုံကြည်ခြင်းရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်ကိုကွယ်ကာစောင့်ရှောက်နေသော ကိုယ်တော်၏တန်ခိုးနှင့်ပြည့်စုံသောလက်တော်ကို သိမြင်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဩဂုတ် (၁၈)

**တမန် ၄း၂၇-၂၈**

သုတ္တံ ၂၁း၃၀-၃၁

*“ထာဝရဘုရားတစ်ဖက်၌ ဉာဏ်မတည်၊ ပညာမတည်၊ အကြံတစ်စုံတစ်ခုမျှ မတည်နိုင်”*

# ဘိသိက်ပေးတော်မူသောသားတော်ကို ရန်ဘက်ပြု၍

“ခရစ်တော်” ၏အဓိပ္ပာယ်သည် “ဘိသိက်ပေးခြင်းခံရသောသူ” ဟူ၍ဖြစ်ပါသည်။ ဤစကားလုံးသည် မေရှိယဟုခေါ်သောဟေဗြဲစကားလုံးမှ ဆင်းသက်လာခြင်းဖြစ်ပါသည်။ ဤဂုဏ်ပုဒ်သည် သခင်ယေရှု၏ဂုဏ်ပုဒ်ဖြစ်ပါသည်။ အကြောင်းမှာ ယေရှုသည် ခရစ်တော်၊ အသက်ရှင်တော်မူသောဘုရား၏သားတော်ဖြစ်တော်မူ၏ (မသဲ ၁၆း၁၆)။ ဤနာမတော်က ဒါဝိဒ်၏ပလ္လင်ပေါ်၌ ထိုင်၍ ထာဝရအုပ်စိုးခြင်းအာဏာရှိခြင်းငှါ ဘိသိက်ပေးခြင်းခံရခြင်းကို ရည်ညွှန်းပါသည်။ ထို့အပြင် ဘုရားသခင်နှင့်ကျွန်တော်တို့အကြား၌ ဖျန်ဖြေပေးတော်မူသော သံတမန်တည်းဟူသော ယေရှု ယဇ်ပုရောဟိတ်ဖြစ်ခြင်းကိုလည်း ရည်ညွှန်းပါ၏။ ကျွန်ုပ်တို့အပြစ်အတွက် စုံလင်သောယဇ်ပူဇော်ခြင်းကို ကားတိုင်ပေါ်၌ပြုလျက် ကျွန်ုပ်တို့အတွက်စုံလင်သောဖြောင့်မတ်ခြင်းကို ရယူပေးတော်မူ၏။ အဦးသီးသောအသီးကဲ့သို့ သေခြင်းမှရှင်ပြန်ထမြောက်တော်မူခြင်းဖြင့် သေခြင်းငရဲနှင့်ထာဝရငရဲမီးအိုင်ကို အောင်နိုင်သောထာဝရအသက် မျှော်လင့်ခြင်းကို ကျွန်ုပ်တို့အားပေးတော်မူ၏။

လူတို့ကငြင်းပယ်ခဲ့ကြ၏၊ အစိုးရခြင်းငှါ ဘုရားသခင်ဘိသိက်ပေးတော်မူသောသူကို လူတို့သည် ဆန့်ကျင်ခဲ့ကြ၏။ ရှင်ဘုရင်၊ တစ်ပါးအမျိုးသားနှင့်ယုဒခေါင်းဆောင်တို့က ဆန့်ကျင်ခဲ့ကြ၏။ မေရှိယအဖြစ်လက်မခံကြဘဲ အသေသတ်ခဲ့ကြ၏။ သမ္မာတရားနှင့်အလင်းကို ဆန့်ကျင်ခြင်း၌သူတို့သည် စည်းလုံးခဲ့ကြ၏ “ထိုသူသည် ဤလောက၌ရှိတော်မူပြီ။ ဤလောကကိုလည်းဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည် ထိုသူကိုမသိ။ သူသည် မိမိဒေသအရပ်သို့ ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည် သူ့ကိုလက်မခံဘဲနေကြ၏” (ယောဟန် ၁း၁၀-၁၁)။

လူတို့ကစုံလင်စေခဲ့ကြ၏၊ သူတို့သည်ဘုရားသခင်ကို ဆန့်ကျင်ခြင်းငှါ မုန်းတီးခြင်း၊ ရန်ဘက်ပြုလိုခြင်းရှိကြ၏။ သို့သော်လည်း သူတို့ပြုသောအမှုသည် ဘုရားသခင်၏ကြိုတင်စီမံခွဲခန့်ခြင်းအတိုင်း ဖြစ်သည်ကိုမသိကြပါ။ ထိုသို့ဆိုသော်လည်း၊ သူတို့သည်တရားခံမဟုတ်ဟုမဆိုလိုပါ။ အကြောင်းမှာ ထိုသို့ခရစ်တော်ကို ဆန့်ကျင်ခြင်းငှါ သူတို့၏ဆိုးညစ်သောဆန္ဒနှင့်အလိုအတိုင်း ပြုကြခြင်းဖြစ်ပါ၏။ သူတို့သည်အမှောင်ထဲ၌ရှိကြပြီး သူတို့တွေးတောပြုသမျှသည် အပြစ်၊ မကောင်းမှုသာလျှင်ဖြစ်ပါသည်။ သူတို့သည် စည်းလုံးညီညွတ်စွာ ဘုရားသခင်ဘိသိက်ပေးတော်မူသောသူကိုကဲ့ရဲ့ခဲ့ကြ၏။ ဘုရားသခင်သည် အရာခပ်သိမ်းကို မိမိ၏လျှို့ဝှက်သောအကြံအစည်တော်အားဖြင့် ထိန်းချုပ်အုပ်စိုးကိုင်တွယ်တော်မူပြီး၊ ဆိုးညစ်သောလူတို့၏မကောင်းကြံစည်မှုနှင့်ပြုသောအမှုအားဖြင့်လည်း မိမိ၏အလိုတော်ကိုစုံလင်စေတော်မူတတ်၏။

အရာခပ်သိမ်းကိုဘုရားသခင်ခွဲခန့် စီမံကြံစည်တော်မူခဲ့သည်ကို သင်နားလည်ပါသလား။ သင်ပြုမည့်အရာတိုင်း၌ ဘုရားသခင်ကိုမျက်မှောက်ပြု၍ ဆက်ကပ်အပ်နှံပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကောင်းသောအစီအစဉ်အတိုင်း အကျွန်ုပ်အသက်ရှင်နေပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ လမ်းခရီးတိုင်း၌ အကျွန်ုပ်ကိုလမ်းပြပို့ဆောင်တော်မူပါ။

ဗုဒ္ဓဟူး၊ ဩဂုတ် (၁၉)
**တမန် ၄း၂၉-၃၀**
ဧဖက် ၆း၁၀-၂၀

*". . . ထိုတရားကိုဟောပြောအပ်သည်နှင့်အညီ ရဲရင့်စွာဟောပြောမည်အကြောင်း. . . "*

# တမန်တော်တို့၏ဆုတောင်းခြင်း

ဆုတောင်းခြင်းအစီအစဉ်၌ကြားရသော ဆုတောင်းတင်ပြချက်အများစုသည် ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့်အောင်မြင်မှုအတွက် ရင်ဆိုင်နေရသောအခက်အခဲအတွက်၊ သားသမီးနှင့်မိဘများ အတွက် ဟူ၍ဖြစ်ကြပါသည်။ ဤအချက်တို့သည်မှားယွင်းသောအရာမဟုတ်ပါ။ ခရစ်ယာန်တိုင်း တောင်းလျှောက်ရမည့်အရာဖြစ်ပါသည်။ သို့သော်လည်း တမန်တော်တို့၏ဆုတောင်းချက်ဖြစ်သော ဘုရားသခင်၏အမှုတော်နှင့် သူတပါးအကျိုးအတွက်ကိုမူ ကျွန်တော်တို့တောင်းလျှောက်ခဲလှပါသည်။

ရဲရင့်စွာဟောပြောခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရဲရင့်စွာဟောပြောကြခြင်းငှါ ဆုတောင်းခြင်းဖြစ်ပါသည်။ ပထမတွင် တမန်တော်တို့ခြိမ်းခြောက်ခံရမှုကို ဖော်ပြကြ၏။ ထို့နောက် တောင်းလျှောက်သင့်သည်မှာ ထိုခြိမ်းခြောက်မှု၌ ကွယ်ကာစောင့်ရှောက်တော်မူခြင်းဖြစ်ရမည်။ သို့ သော်လည်း ထိုသို့မတောင်းကြ။ ထိုခြိမ်းခြောက်မှုကို သူတို့မကြောက်ကြပါ။ သို့သော်လည်း ထိုခြိမ်း ခြောက်မှုက နှုတ်ကပတော်ဟောပြောခြင်း ထိခိုက်စေမည်ကိုမူ စိုးရိမ်ကြပါသည်။ လူတို့သည်အန္တ ရာယ်ကို ဖယ်ရှားပေးခြင်းငှါ ဘုရားသခင်ထံဆုတောင်းတတ်ကြ၏။ သို့သော်လည်း သူတို့သည် ရဲရင့် စွာတရားဟောမည်အကြောင်း ဘုရားသခင်၏ခွန်အားပေးခြင်းကို တောင်းလျှောက်ခဲ့ကြ၏။ စိုးရိမ် စိတ်ကမလွှမ်းမိုးဘဲ ဘုရားသခင်၏စုံလင်သောနှုတ်ကပတ်တော်ကို မထိမ်ချန်ဘဲ ရဲရင့်စွာနှင့်သစ္စာရှိ စွာ ဟောပြောနိုင်ခြင်းငှါ ဆုတောင်းကြပါသည်။

အနာငြိမ်းစေနိုင်သောတန်ခိုး၊ နောက်ထပ်ဆုတောင်းချက်မှာ သူတို့၏အမှုတော်စစ်မှန် ကြောင်း သက်သေပြခြင်းဖြစ်ပါသည်။ အနာငြိမ်းခြင်းတန်ခိုးသည် လူတို့ကိုဆွဲဆောင်ခြင်းငှါ မဟုတ်ပါ။ ရည်ရွယ်ချက်မှုကား လူတို့မပြုနိုင်သောအမှု၊ အံ့ဖွယ်အမှုပြုခြင်းဖြင့် သူတို့သည် ကောင်းကင်မှစေလွှတ်ခြင်းခံရသော သံတမန်များဖြစ်ကြောင်း အတည်ပြုဖို့ရန်ဖြစ်ပါသည်။ ဤဆု တောင်းချက်သည်လည်း ဟောပြောသောတရားသည် စေလွှတ်တော်မူသောဘုရားသခင်ထံမှ ဖြစ်ကြောင်းသိမှတ်စေရန် အံ့ဖွယ်အမှုကိုပြုခြင်းငှါ တန်ခိုးပေးတော်မူသောဘုရားသခင်ကို သိကြ ခြင်းဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားရန် ဖြစ်ပါသည်။ အံ့ဖွယ်နိမိတ်လက္ခဏာတို့သည် လူကို ကယ်တင်ရန်မဟုတ်ဘဲ တမန်တော်တို့ဟောပြောသော၊ ရေးသောတရားသည် ဘုရားသခင်ထံမှ ဖြစ်ကြောင်းသက်သေပြအတည်ပြုရန် ဖြစ်ပါသည်။ ယနေ့တွင် ဘုရားသခင်၏နှုတ်ကပတ်တော် ပြည့်စုံလင်ပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့ထံ ဘုရားသခင်မိမိကိုယ်ကိုဖော်ပြလိုသောအရာ လုံလောက်ပြီး ဖြစ်ပါသည်။ ထိုနိမိတ်လက္ခဏာများ ကျွန်တော်တို့မလိုအပ်တော့ပါ။

အံ့ဖွယ်နိမိတ်လက္ခဏာများ သင်ရှာနေပါသလား။ သမ္မာကျမ်းစာသည်စုံလင်သော အဆုံးစွန်အာဏာရှိတော်မူသော တရားသူကြီးဖြစ်သည်ကို သင်လက်ခံပါသလား။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တော်သည် ဘုရားသခင်၏စုံလင်မှုတ်သွင်းတော်မူသောတရားတော် ဖြစ်သည်ကို ကျွန်တော်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ စုံလင်ပြည့်စုံစွာ ကိုယ်တော်စောင့်ရှောက်ထိန်းသိမ်းတော်မူသော သမ္မာကျမ်းစာကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

ကြာသပတေး၊ ဩဂုတ် (၂၀)
**တမန် ၄း၃၁**
မသဲ ၁၈း၁၉-၂၀

*"အကြောင်းမူကား အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမကိုထောက်၍ စည်းဝေးကြ၏"*

# ဆုတောင်းခြင်းအစည်းအဝေး

ဆုတောင်းခြင်းသည် ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့က တောင်းလျှောက်ပြီး ဘုရားသခင်ကမိမိ၏နှုတ်ကပတ်တော်၊ သမ္မာကျမ်းစာအားဖြင့် အဖြေပေးတော်မူ၏။

လှုပ်ရှားစေသောဆုတောင်းခြင်း၊ ဆုတောင်းပြီးမှ သူတို့ရှိနေသောနေရာသည် လှုပ်ခတ်ခဲ့ပါသည်။ ပျက်ဆီးခြင်းမရှိဘဲ ထိုနေရာသည်လှုပ်ရှားခဲ့ပါသည်။ သူတို့နှင့်အတူ ဘုရားသခင်အတူရှိတော်မူခြင်း လက္ခဏာဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အတူပါရှိတော်မူခြင်းကို ဘုရားသခင်၏ တန်ခိုးတော်အတူပါရှိခြင်းတည်းဟူသော ထိုကြုံတွေ့ရသော လှုပ်ရှားမှုဖြင့်အတည်ပြုခဲ့ပါသည်။

ပြည့်ဝစေသောဆုတောင်းခြင်း၊ ထို့နောက် သူတို့သည်သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝကြ၏။ ပြည့်ဝစေခြင်းဆိုသည်မှာ ဘုရားသခင်ပေးတော်မူသောတာဝန်ကို ဆောင်ရွက်ခြင်းငှါ လိုအပ်သောဝိညာဉ်ခွန်အားပေးခြင်းကို ရည်ညွှန်းပါသည်။ ထင်ရှားသောလက္ခဏာသည် ဝိညာဉ်တော်၏ လမ်းပြမှု၌ ယုံကြည်သူနာခံဆက်ကပ်မှုပင်ဖြစ်ပါသည်။ ဘုရားသခင်စေခိုင်းသောအမှု ဆောင်ရွက်ခြင်းငှါ ဝိညာဉ်တော်၏လမ်းပြမှုအတိုင်း လုပ်ဆောင်ခြင်းပေတည်း။ သူတို့သည် ဧဝံဂေလိတရားဟောပြောခြင်းအမှုအတွက် ခွန်အားပေးခြင်းခံရခြင်းဖြစ်ပါသည်။

ဖွင့်ပေးတော်မူသောဆုတောင်းခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်က ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်ခြင်းနှင့်တကွ ရဲရင့်စွာဟောပြောစေခြင်းအား ခွန်အားပေးတော်မူခဲ့၏။ သူတပါးထံ သတင်းကောင်းဝေငှခြင်းငှါ သူတို့အပေါင်းသည် သတ္တိရှိလာခဲ့ကြ၏။ မသိနားမလည်သောအသံဗလံပြုခြင်းငှါမဟုတ်ဘဲ လူတို့ကိုကယ်တင်ခြင်းသို့ရောက်စေသော နှုတ်ကပတ်တော်ဟောပြောခြင်းငှါ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝကြခြင်းဖြစ်ပါသည်။ သူတို့၏ဆုတောင်းချက်က သူတို့၏သတ္တိကို ဖော်ပြခဲ့ပါသည်။ သူတို့သည် မိမိတို့၏စကားမဟုတ်ဘဲ ဘုရားသခင်၏စကားကို ဟောပြောခြင်းငှါ ရဲရင့်ခြင်းတောင်းလျှောက်ခဲ့ကြ၏။ ကြောက်ရွံ့ခဲ့ကြလျှင် ကွယ်ကာတော်မူခြင်းကို တောင်းလျှောက်ခဲ့ကြပါလိမ့်မည်။ သူတို့၏ရဲရင့်ခြင်းနှင့်ဆက်ကပ်မှုအားဖြင့် သူတို့၏တာဝန်ကို ကျေပွန်စွာဆောင်ရွက်ခြင်းငှါ ဆုတောင်းကြပါသည်။ အဓိကရည်ရွယ်ချက်မူကား၊ ဘုရားသခင်၏ မမှားနိုင်သော၊ အမှားကင်းစင်သောနှုတ်ကပတ်တော်ကို ဟောပြောသွန်သင်ရန်ဖြစ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြပို့ဆောင်မှုကို သင်တောင်းလျှောက်ပါသလား။ သတင်းကောင်းဟောပြောခြင်းငှါ ရဲရင့်ခြင်းရှိမည်အကြောင်း ဆုတောင်းပါသလား။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ဆုတောင်းသောသူဖြစ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ဘုန်းတော်အတွက် ကိုယ်တော်၏အလိုတော်အတိုင်း ဆုတောင်းခြင်းငှါ အကျွန်ုပ်ကိုသွန်သင်ပေးတော်မူပါ။

သောကြာ၊ ဩဂုတ် (၂၁)
**တမန် ၄း၃၂**
ဇဖက် ၄း၁-၆

*"ခပ်သိမ်းသောငါတို့၏အဘဖြစ်သော ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏။ . . . ခပ်သိမ်းသောငါတို့အပေါ်မှာ ရှိတော်မူ၏။ . . . ခပ်သိမ်းသောငါတို့ကို နှံ့ပြားတော်မူ၏။ ခပ်သိမ်းသောငါတို့၏အထဲ၌လည်း ရှိတော်မူ၏"*

# ယုံကြည်သူများ

ယုံကြည်သူတို့သည် သခင်ယေရှုခရစ်တော်၌ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရသောသူများဖြစ်ပါသည်။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော် ကျိန်းဝပ်တော်မူရာဖြစ်ကြ၏။ သူတို့သည်ကောင်းကင်ဘုံ၌ ရှိတော်မူသောအဘ ခမည်းတော်ဘုရား၏လက်အောက်၌ နေသောသူဖြစ်ကြ၏။ ထို့ကြောင့် သူတို့သည် စိတ်နှလုံးတညီတညွတ်တည်းရှိ၍ အချင်းချင်းဂရုစိုက်ကြရပါမည်။ သို့သော်လည်း အသင်းတော်၌ထိုသို့အစဉ်အမြဲမဖြစ်ခဲ့ပါ။ သာဓကတစ်ခုမှာ ကောရိန္သုအသင်းတော်ပင်ဖြစ်ပါသည်။ ပေါလုက သူတို့အား "ယေရှုခရစ်အားဖြင့် အပြစ်နှင့်ကင်းစင်၍ သန့်ရှင်းသူအရာ၌ ခန့်ထားသောသူ" (၁ ကော ၁း၂) ဟုဆိုခဲ့ပြီး၊ ၁ ကော ၁း၁၁ ထဲတွင် "သင်တို့သည် အချင်းချင်းမသင့်၊ ရန်တွေ့ခြင်းရှိသည်" ဟု ဆိုခဲ့ပါသည်။

<u>စိတ်နှလုံးတညီတညွတ်တည်း</u>၊ သူတို့၏ စည်းလုံးညီညွတ်မှုသည် ခန္ဓာကိုယ်အားဖြင့် အတူတကွ နေထိုင်ကြခြင်းသာမဟုတ်ဘဲ၊ တမန် ၄း၃၂ ထဲ၌တွေ့ရသည့်အတိုင်း "စိတ်နှလုံးတညီတညွတ်တည်းရှိကြ၏"။ ဝိညာဉ်ရေးရာစည်းလုံးမှုတည်းဟူသော သခင်ယေရှုခရစ်တော်၌ မိသားစုတစ်ခုအဖြစ် ချည်နှောင်သောကြိုးရှိပါသည်။ ခရစ်တော်၏ကိုယ်ဖြစ်သော ဘုရားသခင်၏အသင်းတော်သည် စိတ်နှလုံးတညီတညွတ်တည်းရှိကြရပါမည်။ ဤအချက်က သခင်ဘုရား၌တည်သော ချစ်ခြင်းမေတ္တာရှိသော ယုံကြည်သူများ၏ပုံရိပ်ကို ထင်ရှားစွာပြသလျှက် ရှိ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုချစ်နှစ်သက်ကြပြီး၊ ဤလောကီအတွေးအခေါ် တို့ကို ရှောင်ကြဉ်ခဲ့ကြ၏။ ဘုရားသခင်၏ဝိညာဉ်တော်နှင့်အတူ သွားလာခြင်းကိုနှစ်သက်ကြသောကြောင့် ဇာတိပကတိတပ်မက်ခြင်းကို မကျူးလွန်ကြပါ။

<u>အရာအားလုံးအတူတကွ သုံးဆောင်ခြင်း</u>၊ ဤအရာသည် ကွန်မြူနစ်ဝါဒမဟုတ်ပါ။ Jeffrey Khoo က ဤအမှုကို သူတို့ပိုင်ဆိုင်သောအရာများကို လိုအပ်သူထံ ဝေငှခြင်းတည်းဟူသော အတူတကွသုံးဆောင်ခြင်း (commonism) ဟု ခေါ်ခဲ့ပါသည်။ ပစ္စည်းဥစ္စာများကို မိမိဥစ္စာဟုမဆိုကြဘဲ သူသူငါငါ ခွဲခြားခြင်းမရှိဘဲ အတူတကွလိုအပ်သည်အတိုင်း မျှဝေကြခြင်းဖြစ်ပါသည်။ ဤအမှုသည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ကို ရည်ရွယ်လျက် သူတပါးအကျိုးကိုရှာသော ယုံကြည်သူတို့၏အသက်တာပင်ဖြစ်ပါသည်။ ဤတလုံးတဝတည်းဖြစ်ခြင်းသည် ဘုရားသခင်၏ အုပ်စိုးခြင်းကိုနာခံသော အဖွဲ့အစည်းဖြစ်ခြင်းကို သက်သေပြလျက်ရှိပါသည်။

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခဲ့ကြလျှင် ဤအမှုဖြစ်နိုင်သည်ဟု သင်ယုံကြည်ပါသလား။ လက်တွေ့၌ ထိုသို့အတူတကွသုံးဆောင်ခြင်းကို ဖြစ်နိုင်သည်ဟု သင်ယုံကြည်ပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်ပိုင်ဆိုင်သောအရာကို ညီအစ်ကိုတို့အား ကျွန်တော်မျှဝေလိုပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ထာဝရနှင့်ဆိုင်သောအရာကို မျှော်လင့်ရင်းအသက်ရှင်မည့်အကြောင်း မစတော်မူပါ။

စနေ၊ ဩဂုတ် (၂၂)

**တမန် ၄း၃၃**

ယောဟန် ၂၀း၂၆-၂၉

*“ငါ့ကိုမမြင်ဘဲ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏”*

---

# ရှင်ပြန်ထမြောက်ခြင်းသက်သေ

သခင်ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတရားသည် ထိုကယ်တင်ရှင်သခင်၏ စုံလင်သောအသက်တာနှင့် အသေခံခြင်းကဲ့သို့ပင် အလွန်အရေးကြီးသောသမ္မာတရားဖြစ်ပါသည်။ ပေါလုက “သေလွန်သောသူတို့သည် ထမြောက်ခြင်းမရှိလျှင် ခရစ်တော်သည်ထမြောက်တော်မမူ၊ ခရစ်တော်သည် ထမြောက်တော်မမူလျှင် သင်တို့သည်ယုံကြည်သော်လည်း အကျိုးမရှိ၊ဒုစရိုက်အပြစ်အောက်၌ ရှိကြသေး၏။ ထိုမှတပါး၊ ခရစ်တော်ကို ယုံကြည်၍ အိပ်ပျော်သော သူတို့သည် ဆုံးရှုံးခြင်းသို့ ရောက်ကြပြီ။ ငါတို့သည် ခရစ်တော်ကို အမှီပြု၍ ယခုဘဝ၌သာ မျှော်လင့်စရာရှိလျှင် အခြားသောသူ အပေါင်းတို့ထက် သာ၍ဆင်းရဲသောသူ ဖြစ်ကြ၏” (၁ ကော ၁၅း၁၆-၁၉)။ ရှင်ပြန်ထမြောက်ခြင်းမရှိလျှင် ကျွန်တော်တို့သည် လူအပေါင်းတို့တွင် အမှန်တကယ်ဆင်းရဲသောသူဖြစ်ကြပါ၏။

<u>ကြီးသောတန်ခိုး</u>၊ လုကာက တမန်တော်တို့၏ သတင်းကောင်းဟောပြောလိုခြင်းစိတ်အားထက်သန်မှုသည် လုံးဝလျော့သွားခြင်းမရှိကြောင်း ဖော်ပြခဲ့ပါသည်။ အသစ်သောခွန်အားတန်ခိုးနှင့် အားဖြည့်ခြင်းခံရကြ၏။ ဤကြီးသောတန်ခိုးသည် ရှင်ပြန်ထမြောက်ခြင်းအကြောင်း သက်သေခံခြင်းငှါ ခွန်အားပေးခဲ့သော သန့်ရှင်းသောဝိညာဉ်တော်ထံမှဖြစ်ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းမရှိမီ တမန်တော်တို့သည် အလွန်သူရဲဘောကြောင်သောသူဖြစ်ကြကြောင်း၊ ကျွန်တော်တို့ သတိရအောက်မေ့ကြမှာပါ။ သို့သော်လည်း ဝိညာဉ်တော်နှင့်ပြည့်ဝကြသောအခါ သခင်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းအကြောင်း ဟောပြောခြင်းငှါ ကြီးသောတန်ခိုးရရှိကြ၏။

<u>ကြီးသောကျေးဇူးတော်</u>၊ ဤသည်ကား တမန်တော်တို့၏အသက်တာအပေါ် ဘုရားသခင်၏ ကျေးဇူးပြုတော်မူခြင်းဖြစ်ပါသည်။ ဘုရားသခင်စေခိုင်းသည့်အတိုင်း ရှင်ပြန်ထမြောက်ခြင်း အကြောင်း ဟောပြောခြင်းငှါ နာခံခြင်းရှိကြသောကြောင့် သူတို့လိုအပ်သောအရာတို့ကို ဘုရားသခင်က မစထောက်ပံ့ပေးတော်မူခဲ့၏။ အထက်ကျမ်းချက်အရ သူတို့အပေါင်းသည် လိုအပ်သောအရာများကို ဘုရားသခင်ထံမှရရှိကြပါသည်။ အနည်းငယ်ရှိသောသူသည် လုံလောက်ခြင်းရှိ၍ များစွာရှိသောသူကလည်း လိုအပ်သောသူတို့ထံဝေမျှခဲ့ကြပြီး မိမိတာဝန်ကိုကျေပွန်စွာ ဆောင်ရွက်ခဲ့ကြ၏။ ဘုရားသခင်၏လုံလောက်သောကျေးဇူးတော်အားဖြင့် ဘုရားသခင်၏သားသမီးတို့သည် လိုအပ်သောအရာကို ရရှိခဲ့ကြ၏။ ယေရှုက “ထို့ကြောင့် ငါဆိုသည်ကား၊ အဘယ်သို့စားသောက်ရမည်ဟု အသက်အဖို့မစိုးရိမ်ကြနှင့်။ အဘယ်သို့ဝတ်ရမည်ဟုကိုယ့်အဖို့မစိုးရိမ်ကြနှင့်။ အစာထက် အသက်မြတ်သည်မဟုတ်လော။ အဝတ်ထက် ကိုယ်မြတ်သည်မဟုတ်လော” (မသဲ ၆း၂၅) ဟုမိန့်တော်မူခဲ့၏။

ရှင်ပြန်ထမြောက်ခြင်းကို မျှော်ကြည့်ရင်း သင်အသက်ရှင်နေပါသလား။ ယေရှုခရစ်တော် ရရှိခဲ့သော ဘုန်းအသရေနှင့်ပြည့်စုံသောခန္ဓာကိုယ် ရရှိမည်ဟူသောမျှော်လင့်ချက်ဖြင့် သင်အသက်ရှင်နေပါသလား။

**ဆင်ခြင်ရန်** - သေသောသူရှင်ပြန်ထမြောက်ခြင်းရှိမည်ကို ကျွန်တော်အမှန်ယုံကြည်ခြင်းရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ သေလွန်ပြီးမှ ထာဝရအသက်ရှင်ခြင်းရှိကြောင်း ကိုယ်တော်၏ ဂတိတော်ကြောင့် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။

*"စိမ်းလန်းသောကျက်စားရာအရပ်၌ ငါ့ကိုအိပ်စေတော်မူ၏"*

# ငါသည် ဆင်းရဲမစံရ

ညီအစ်ကို အကူအညီအလွန်လိုအပ်သောအခါ ခရစ်ယာန်တို့သည် မိမိ၌ရှိသောအရာကို ဝေမျှခြင်း၌ ဦးစွာတာဝန်ရှိပါသည်။ ထို့ကြောင့် တမန်တော်ယောဟန်က "အကြင်သူသည် လောကီစည်းစိမ်ဥစ္စာရှိလျက်ပင်၊ မိမိညီအစ်ကို ဆင်းရဲခြင်းကို မြင်၍၊သနားခြင်းဂရုဏာစိတ်ကို ချုပ်တည်း၏။ ထိုသူ၌ဘုရားသခင်၏ မေတ္တာတော်သည် အဘယ်သို့တည်မည်နည်း" (၁ ယော ၃း၁၇-၁၈) ဟုဆိုခဲ့ပါသည်။ ကနဦးခရစ်ယာန်တို့၏ တစ်ဦးပေါ် တစ်ဦးပြုသောအမှုကို ကျွန်တော်တို့အတုယူကြရပါမည်။

မိမိ၌ရှိသောအရာကို ပေးဝေကြ၏၊ ဤအချက်က သူတို့သည်သခင်ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအကြောင်း သက်သေခံခြင်းတည်းဟူသော ရည်ရွယ်ချက်အတွက် အချင်းချင်း ထောက်ပံ့ကူညီကြခြင်းကို ဖော်ပြခဲ့ပါသည်။ ထိုသို့အချင်းချင်းကူညီထောက်ပံ့ခြင်း၌ မိမိတို့၏အိမ်နှင့် လယ်မြေတို့ကို မိမိဆန္ဒအလျောက် ရောင်းချခဲ့ကြ၏။ ထိုသို့ပြုခြင်း၌ အတင်းခိုင်းစေခြင်းမဟုတ်ပါ။ ဤဂရုဏာအမှုအတွက် ဥစ္စာရှိသောသူတို့အား ထိုသို့ပြုခြင်း၌ သန့်ရှင်းသောဝိညာဉ်တော်က နှိုးဆော်ခြင်းဖြစ်ပါသည်။ ညီအစ်ကိုတို့၏ လိုအပ်ချက်ကို သိမြင်သောကြောင့် မိမိတို့၏ဥစ္စာပစ္စည်းကို ရောင်းခဲ့ကြ၏။ ထိုသို့တညီတညွတ်တည်း ရှိနေကြခြင်းသည် အသစ်သောသီးခြားလူနေမှုကို ဖန်တီးရန်မဟုတ်ဘဲ၊ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအကြောင်း သက်သေခံဖို့ရန်ဖြစ်ပါသည်။

လိုအပ်သောအရာရရှိကြ၏။ ညီအစ်ကိုတို့သည် မိမိပိုင်ဆိုင်သောပစ္စည်းဥစ္စာကို ရောင်းကြသောအခါ ရရှိသောငွေကြေးကို တမန်တော်တို့ထံ အပ်နှံခဲ့ကြ၏။ မိမိတို့အဖို့မထားဘဲ တမန်တော်တို့မှတစ်ဆင့် အသင်းတော်ဘဏ္ဍာသို့ ထည့်ဝင်ခဲ့ကြပါသည်။ ဘုရားသခင်ထံ ပေးလှူခဲ့ကြသောအရာကို ဘုရားသခင်၏ဝိညာဉ်တော်လမ်းပြမှုအတိုင်း တမန်တော်တို့သည် ပေးကမ်းဝေမျှကြမည်ကို သူတို့ယုံကြည်စိတ်ချမှုရှိ၏။ ဤသို့သော ယုံကြည်စိတ်ချမှုကို ယုံကြည်သူစိတ်နှလုံးထဲ၌ ရှိရပါမည်။ မှန်ပါ၏။ ထိုသို့ဝေမျှပေးကမ်းကြသောအခါ လူတိုင်းသူတို့လိုအပ်သည်အတိုင်း ပေးဝေခဲ့ကြပါသည်။ ခွဲခြားခြင်းမရှိဘဲ ညီအစ်ကို၏နေ့စဉ်လိုအပ်ချက်အတိုင်း ပေးဝေခဲ့ကြပါသည်။ သူတို့အတွက် ဘုရားသခင်ခွဲဝေပေးထားသောအရာကို တမန်တော်တို့၏လက်ဖြင့် ဘုရားသခင်၏ဝိညာဉ်တော်ဦးဆောင်မှုဖြင့် လူတိုင်းအားပေးဝေခဲ့ကြပါသည်။

ခက်ခဲသောနိုင်ငံ၌ ရှိသောညီအစ်ကိုတို့ကို ထောက်ပံ့ခြင်း၌ ဘုရားသခင် ဝိညာဉ်တော်၏ နှိုးဆော်ခြင်းကိုသင်ခံရပါသလား။ ထိုသို့တို့၏လိုအပ်မှုကို ထောက်ပံ့ပေးခြင်း၌ သင်စတေးလိုသောစိတ်ရှိပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ကပ်စေးနည်းသောခရစ်ယာန်ဖြစ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်တော်ပိုင်သမျှသောအရာတို့သည် ကိုယ်တော်ထံမှဖြစ်ကြောင်း သိမှတ်ခြင်း၌ မစတော်မူပါ။

တနင်္လာ၊ ဩဂုတ် (၂၄)
**တမန် ၄း၃၆-၃၇**
မသဲ ၁၉း၂၇-၃၀

*"ထိုသူသည် အဆတရာသောအကျိုးကိုရ၍ ထာဝရအသက်ကိုအမွေခံရလတ္တံ့"*

# ဗာနဗ

ယုဒနာမည်တို့သည် အဓိပ္ပာယ်ရှိကြ၏။ "ဗာနဗ" ၏အဓိပ္ပာယ်သည် "နဗ၏သား" ဟု အဓိပ္ပာယ်ရ၏။ "နဗ" ဟူသောစကားလုံးသည် "Nabee" ခေါ် ပရောဖက်မှဆင်းသက်လာခြင်းဖြစ်ပါသည်။ ဗာနဗ၏အမည်သည် အန္တိအုတ်အသင်းတော်၏ဆရာများနှင့် ပရောဖက်များ၏နာမည်စာရင်းတွင် ရှေ့ဆုံး၌တွေ့ရပါသည် (တမန် ၁၃း၁)။ လုကာက ဗာနဗအား "သူတော်ကောင်း" (တမန် ၁၁း၂၄) ဟုဖော်ပြခဲ့ပါသည်။ ပေါလုသည် ပြောင်းလဲပြီးမှ ယေရုရှလင်မြို့ကိုပြန်လာသောအချိန်၌ ဗာနဗကသူ့အား တမန်တော်တို့ထံ မိတ်ဆက်ခဲ့ခြင်းဖြစ်ပါသည် (တမန် ၉း၂၇)။

သက်သာစေခြင်း၏သား၊ ဗာနဗသည် ပေးကမ်းခြင်း၌ စံနမူနာဖြစ်ပါသည်။ အရင်ကျမ်းပိုဒ်တို့တွင် ညီအစ်ကိုတို့၏ပေးကမ်းဝေမျှခြင်းအကြောင်းကို တွေ့ရပါသည်။ ထို့နောက် ကျမ်းစာက ဗာနဗအား စံနမူနာအဖြစ် ယခုဖော်ပြခဲ့၏။ သူသည် လေဝိအမျိုးမိဘများမှ မွေးဖွားခဲ့ပါသည်။ သူသည် ကုပရုပြည်သားဖြစ်၍ ထိုအရပ်၌မြေပိုင်ရှိခဲ့၏။ လေဝိအမျိုးသားတို့သည် အစအဦး၌ပိုင်ဆိုင်မှုမရှိကြပါ။ "လေဝိသား ယဇ်ပုရောဟိတ်အစရှိသော လေဝိသားအပေါင်းတို့သည် ဣသရေလအမျိုးသားတို့နှင့်ရော၍ အဘို့မရှိအမွေမခံရဘဲ၊ ထာဝရဘုရား၏ အမွေတည်းဟူသော မီးဖြင့်ပြုသောပူဇော်သက္ကာတို့ကို စားရကြမည်" (တရား ၁၈း၁)။ သို့သော်လည်း နောက်ပိုင်း၌ လေဝိအမျိုးသားတို့သည် မြေပိုင်ကြကြောင်း တွေ့ရပါသည် (ယေရမိ ၃၂း၇-၁၂)။ ပို၍အရေးကြီး သောအချက်မှ ဗာနဗသည် မိမိမြေကိုရောင်းခဲ့ပါသည်။ ထိုသို့ပြုခြင်းသည် မိမိ၏ဂုဏ်အတွက် မဟုတ်ဘဲ ညီအစ်ကိုတို့၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးခြင်းငှါ ရောင်းချခြင်းဖြစ်ပါသည်။

နာခံခြင်းအသက်တာရှိသောသူ၊ ဗာနဗသည် မိမိမြေကိုရောင်း၍ရသောငွေကို တမန်တော်တို့ခြေရင်း၌ ထားလေ၏။ ဤနာခံခြင်းအသက်တာကို အတုယူကြရပါမည်။ သူသည် မိမိ၏လိုအပ်မှုကို အလေးမထား မစိုးရိမ်ခဲ့ပါ။ ညီအစ်ကိုများစွာတို့သည် ထောက်ပံ့ခြင်းလိုအပ်ကြကြောင်း သိခဲ့၏။ ဤသည်ကား ခရစ်ယာန်တိုင်း၏ စိတ်သဘော ဖြစ်ရပါမည်။ "သူတစ်ပါးအားပေးကြလော့။ ပေးလျှင် သူတပါးသည် သင်တို့အားပေးကြလိမ့်မည်။ အမှန်ခြင်ရုံမှုမက၊ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့်သင်တို့ရင်ခွင်၌ ပေးကြလိမ့်မည်။ အကြောင်းမူကား၊ အကြင်ချိန်တင်းပမာဏနှင့် သင်တို့သည် သူတပါးအားပေး၏။ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်"" (လုကာ ၆း၃၈)။

သင်၌ရှိသော အရာကို ဝေမျှခြင်းငှါ သင်ဆန္ဒရှိပါသလား။ ဗာနဗကဲ့သို့ သင်ဖြစ်လိုပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် သက်သာစေခြင်း၏သားဖြစ်ပါသလား။
**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ အကျွန်ုပ်အား "ရယူသောသူ" မဟုတ်ဘဲ၊ "ပေးကမ်းသောသူ" ဖြစ်စေတော်မူပါ။

အင်္ဂါ၊ ဩဂုတ် (၂၅)

**တမန် ၅း၁-၂**

၁ တိ ၆း၆-၁၀

*"အကြောင်းမူကား၊ ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သတည်း"*

## အတုအယောင်

စာတန်သည် သန့်ရှင်းသူတို့၏သန့်ရှင်းသောသက်သေခံချက်ကို ဖျက်ဆီးခြင်းငှါ အာနနိနှင့် ရှဖိရေတို့အားဖြင့် တိတ်တဆိတ်ဝင်ရောက်လာခဲ့ပါသည်။ ဤဇနီးမောင်နှံသည် အသင်းတော်၌ ပါဝင်ကြသောသူဖြစ်ကြ၏။ သူတို့သည်ခေါင်းဆောင်တို့နှင့် သိကျွမ်းသောသူဖြစ်ကြဟန် တူပါသည်။ သူတို့၏ဆက်ကပ်မှုသည် မှားယွင်းခဲ့သော်လည်း ဘုရားသခင်အား သူတို့မုသားပြောကြသည်ကို သန့်ရှင်းသောဝိညာဉ်က ပေတရုထံဖော်ပြသောအချိန်၌သာ သိခဲ့ကြ၏။ အာနနိဟူသောနာမည်သည် "ထာဝရဘုရားသည် ကျေးဇူးတော်နှင့်ပြည့်စုံတော်မူ၏" ဟု အဓိပ္ပာယ်ရသော ဟေဗြဲနာမည်နှင့်အတူတူပင်ဖြစ်ပါသည်။ ရှဖိရေဟူသောနာမည်သည် ဂရိနာမည်ဖြစ်၍ ကျောက်မျက်ရတနာ၊ မြ ဟုအဓိပ္ပာယ်ရှိပြီး ဟေဗြဲစကားတွင် "လှပသော" ဟုအဓိပ္ပာယ်သက်ရောက်၏။ သမ္မာကျမ်းစာက "ကောင်းသောအသရေ (နာမည်) သည် နံ့သာဆီထက်သာ၍ကောင်း၏" (ဒေ ၇း၁) ဟုဆိုသော်လည်း ဤဇနီးမောင်နှံတို့သည် သူတို့၏နာမည်နှင့်ကိုက်ညီလိုက်ဖက်သော အသက်တာမရှိကြပါ။

<u>ပိုင်ဆိုင်သောအရာကို ရောင်းခဲ့ကြ၏</u>၊ ဗာနဗသည် မြေကိုပိုင်၍ရောင်းပြီးမှ အသင်းတော်ထံပေးအပ်ခြင်းဖြင့် ချီးကျူးခြင်းကိုခံခဲ့ရပါသည်။ အတုယူသင့်သောအမှုဖြစ်ပါသည်။ အာနနိနှင့်ရှဖိရေကလည်း ထိုကောင်းသောအမှုကိုလိုက်တုကြပါသည်။ သို့သော်လည်း အာနနိနှင့်ရှဖိရေသည် အချို့ကိုတိတ်တဆိတ်ဝှက်ထား၍ အကုန်လုံးပေးသကဲ့သို့ ဟန်ဆောင်ကြခြင်းဖြင့် လိမ်လည်မှုကို ပြုခဲ့ကြ၏။ ချီးကျူးခြင်းခံလိုသောကြောင့် ပေးခဲ့ကြ၏။ ဘုရားသခင်ကို ဘယ်သူမှလိမ်၍မရပါ။ သူတို့သည် ခရစ်ယာန်ဖြစ်ပါသလား။ ဖြစ်ကြသည်ဟုကျွန်တော်ယုံပါသည်။ တမန် ၂း၄၇ ထဲတွင် ဘုရားသခင်က ကယ်တင်ခြင်းခံမည့်သူတို့ကို အသင်းတော်ကိုနေ့စဉ်ထပ်၍ အသင်းဝင်စေ၏ဟု တွေ့ရပါသည်။

<u>တမန်တော်တို့ခြေရင်း၌ချထားကြ၏</u>၊ ဗာနဗသည် တမန်တော်တို့ခြေရင်း၌ မိမိရသောငွေကို ချထားသကဲ့သို့ ဤဇနီးမောင်နှံကလည်း သူတို့၏ငွေကိုချထားခဲ့ကြ၏။ ခြားနားချက်ကား ဗာနဗသည် အကုန်လုံးချထား၍ အာနနိနှင့်ရှဖိရေတို့သည် တစ်ဝက်ကိုဝှက်ထားပြီးမှ အကုန်လုံးချထားသကဲ့သို့ ဆိုကြ၏။ ထိုသို့ပြုခြင်းငှါ နှစ်ဦးစလုံးဆုံးဖြတ်ခဲ့ကြပါသည်။ သူတို့စိုးရိမ်ခြင်းမရှိခဲ့သလော။ ထိုသို့ပြုခြင်းငှါ အစီအစဉ်ဆွဲနေစဉ် မှားယွင်းသည်ဟုမခံစားကြခဲ့သလော။ အချို့တစ်ဝက်ကို ယူဆောင်လာသောအချိန်၌ တုန်လှုပ်ခြင်းမရှိခဲ့ကြသလော။ ထိုသို့လုံးဝမရှိခဲ့ပါ။ ထိုအမှုကို သူတို့နှစ်ဦးမှလွဲ၍ အဘယ်သူမျှမသိဟု သေချာယုံကြည်ခဲ့ကြ၏။ များစွာသောယနေ့အမည်ခံခရစ်ယာန်တို့သည် ဘုရားသခင်ထံမှ တစ်စုံတစ်ရာသိုဝှက်ထားနိုင်မည်ဟု ထင်မှတ်ထားကြ၏။ အပြင်ပန်းသဏ္ဌာန်၌ ဘာသာတရားကိုင်းရှိုင်း၍ အပြုအမူ၌ဘုရားကြောက်ရွံ့ဟန်ရှိသော်လည်း သူတို့၏စိတ်နှလုံးအကျင့်သည် အလွန်ယိုယွင်းပျက်စီးခြင်းရှိကြ၏။

ဘုရားသခင်ထံမှ တစ်စုံတစ်ရာသင်ဖုံးကွယ်ဝှက်ထားပါသလား။ သမ္မာကျမ်းစာ၌ တောင်းဆိုထားသောပေးရမည့်အရာကို ရိုးသားသောစိတ်နှင့် သင်ပေးလှူပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဟန်ဆောင်ကောင်းသောခရစ်ယာန်ဖြစ်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ စိတ်သဘောဖြောင့်မတ်စွာနှင့် မှန်ကန်စွာအသက်ရှင်မည့်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဩဂုတ် (၂၆)
**တမန် ၅:၃-၄**
ထွက် ၂၀:၁၆

*"ကိုယ်နှင့်စပ်ဆိုင်သောသူတစ်ဘက်၌ မမှန်သောသက်သေကိုမခံနှင့်"*

# ဘုရားသခင်အား မုသာပြောခြင်း

ဘုရားသခင်ကိုလိမ်၍ရပါသလား။ လိမ်၍ရပါသည်ဟု လူက မိမိကိုယ်ကိုလိမ်လျက် ထင်နိုင်ပါသည်။ သို့သော်လည်း စစ်မှန်သောဒုတိယမွေးဖွားခြင်းခံသောသူသည် ထိုသို့မထင်သင့်ပါ။ အဘယ်သူမျှ ဘုရားသခင်ကိုလိမ်၍မရပါ။ မိမိကိုယ်ကို ဖုံးကွယ်ထား၍မရပါ။ အရာခပ်သိမ်းကို ဘုရားသခင်မြင်တော်မူ၍ အဘယ်အရာမျှ ဖုံးကွယ်၍မရပါ။

စာတန်သည် သူတို့၏စိတ်နှလုံး၌ပြည့်ခဲ့၏၊ စာတန်သည် သမ္မာကျမ်းစာဖော်ပြသော ဘုရားသခင်၏အဓိကရန်သူဖြစ်ပါသည်။ သူသည် လူကိုလှည့်စားခြင်း၌ မိမိ၏လှည့်ဖြားသွေးဆောင်ခြင်းအမျိုးမျိုးကို အသုံးပြုတတ်၏။ ပထမဆုံးလူသား အာဒံနှင့်ဧဝကိုလှည့်ဖြား၍ အောင်မြင်ခဲ့ပါသည်။ စာတန်သည် မိမိ၏အချိန်ကုန်ဆုံးတော့မည်ကို သိသဖြင့် ကြိုးစားအမှုပြုလျက်ရှိပါသည်။ တမန်တော်ပေတရုက ဤသို့သတိပေးခဲ့ပါသည်။ "သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟု၍ လှည့်လည်ရှာဖွေလျက်ရှိ၏" (၁ ပေ ၅:၈)။ ပေတရုက အပြစ်ကိုရှုံ့ချခဲ့ပါသည်။ ထိုအပြစ်နှင့်ပတ်သက်၍ ပေတရုမည်သို့ သိသည်ကို မဖော်ပြခဲ့ပါ။ သူ့ကိုအသိပေးသောသူသည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါလိမ့်မည်။ ပေတရုကသူတို့ကို ကြမ်းတမ်းစွာမပြုဘဲ သူတို့အား ဘုရားသခင်အပေါ် အပြစ်ပြုကြသည်ကို ထောက်ပြခဲ့ပါသည်။ သူတို့ကလည်း အမှန်တရားကို ထုတ်ပြောသင့်ပါသည်။ အကြောင်းမှာ ဘုရားသခင်က ရောင်းရသောငွေအကုန်လုံးကို ပေးရမည်ဟု မတောင်းခဲ့ပါ။ ထိုလိမ်လည်မုသာပြောခြင်းသည် ပေတရုနှင့်အဖွဲ့ကိုသာ လိမ်သည်မဟုတ်ဘဲ သုံးပါးတစ်ဆူဘုရားမှ တတိယမြောက်ပုဂ္ဂိုလ်ဖြစ် သော သန့်ရှင်းသောဝိညာဉ်တော်အပေါ် ပြုသောအမှုလည်းဖြစ်ပါသည်။

စိတ်နှလုံးထဲ၌ကြံစည်ခဲ့၏၊ ပေတရုက အာနနိအားအမှန်အတိုင်းဖွင့်ပြောခဲ့လျှင် မိမိပိုင်သောဥစ္စာ၊ မိမိအတွက်သိမ်းထားခြင်းသည် အပြစ်မဟုတ်ကြောင်းဆိုခဲ့၏။ ဆယ်ဖို့တစ်ဖို့နှင့် မိမိတို့လှူချင်သလောက်ပေးလှူခြင်း၌ သူတို့၌အခွင့်ရှိပါ၏။ များယွင်းသောအရာဟူမူကား ဗာနဗကဲ့သို့ ပေးလှူကြသည်ဟု လူတို့ထင်မြင်သတ်မှတ်ခြင်းခံလိုကြခြင်းပင် ဖြစ်ပါသည်။ အမှန်မှာ သူတို့သည် ဟန်ဆောင်ခြင်းအမှုကိုပြုကြ၏။ ထိုသို့ပြုခြင်း၌ စိတ်နှလုံးထဲ၌ကြံစည်ခဲ့ကြ၏။ ဤအမှုအတွက် ဆုမတောင်းခဲ့ကြ။ သန့်ရှင်းသောဝိညာဉ်တော်၏ဉာဏ်အလင်းပေးခြင်းကို မတောင်းလျှောက်ခဲ့ကြပါ။ "စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသော သဘောရှိ၏။ စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း" (ယေရမိ ၁၇:၉)။ ယေရှုကလည်း "လူအတွင်းနှလုံးထဲကမကောင်းသော ကြံစည်ခြင်း၊ သူ့မယားကို ပစ်မှားခြင်း၊ မိန်းမလွတ်နှင့် မှားယွင်းခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ လောဘလွန်ကျူးခြင်း၊ မနာလိုခြင်း၊ လှည့်စားခြင်း၊ ညစ်ညူးခြင်း၊ ငြူစူခြင်း၊ သူ့အသရေဖျက်ခြင်း၊ ထောင်လွှားစော်ကားခြင်း၊ လျှပ်ပေါ်ခြင်း" (မာကု ၇:၂၁-၂၂) ဟုမိန့်တော်မူ၏။

သင့်စိတ်နှလုံးသည် ဘုရားသခင်အတွက် ရိုးသားဖြောင့်မှန်စွာနေထိုင်ခြင်း၌ အလိုရှိပါသလား။ ဘုရားသခင်အတူ ပါရှိတော်မူခြင်းနှင့်အလုံးစုံသိတော်မူခြင်းကို သင်သတိရပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် လိမ်လည်မုသာပြောသောသူဖြစ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်တော်နောင်တရခြင်း၌ အကျွန်ုပ်၏လျှို့ဝှက်အပြစ်တို့ကို အကျွန်ုပ်အား သိစေတော်မူပါ။

## ဘုရားသခင်၏တရားစီရင်ခြင်း

ထာဝရဘုရားသခင်သည် မြေကြီးတစ်ခုလုံးကိုစီရင်ပိုင်တော်မူသော တရားသူကြီးဖြစ်ကြောင်းကို အာဗြဟံသိမှတ်တော်မူ၏ (ကမ္ဘာ ၁၈း၂၅)။ ဘုရားသခင်သည် မှန်ကန်ဖြောင့်မတ်တော်မူသည်ဖြစ်၍ အမှန်စီရင်တော်မူလိမ့်မည်။ ထို့ကြောင့် "မာရ်နတ်နှင့်သူ၏တမန်တို့အဖို့ ပြင်ဆင်သော" (မသဲ ၂၅း၄၁)၊ ငရဲနှင့်ထာဝရငရဲမီးအိုင် တည်ရှိကြခြင်းဖြစ်ပါသည်။

သေခြင်း၊ အာနနိသည် ပေတရု၏ပြစ်တင်စကားကို ကြားခဲ့ပြီးလျှင် သေခဲ့ပါသည်။ အာနနိသည် အသက်ဘယ်လောက်ရှိကြောင်းကို မသိရသော်လည်း၊ သူသည် ရုတ်တရက်လဲကျသေဆုံးခဲ့ခြင်းဖြစ်ပါသည်။ အပြစ်တင်ခြင်းကြားနာနေစဉ် အပြစ်ဒဏ်ခံရခြင်းဖြစ်ပါသည်။ အပြစ်ဒဏ်စီရင်ခြင်းသည် ချက်ချင်းဖြစ်ပွားခဲ့ပါသည်။ ထိုသို့ဘုရားသခင်ပြုတော်မူခြင်းသည် ကနဦးအသင်းတော်အား သန့်ရှင်းစင်ကြယ်စွာအစပြုစေလိုသောကြောင့် ဖြစ်ပါသည်။ ဤသည်ကား မိမိအသင်းတော်အတွက် ဘုရားသခင်၏အလိုတော်ဖြစ်ပါသည်။ ဤဇနီးမောင်နှံတို့၏အသက်ကို နှုတ်ယူခြင်းကြောင့် ဘုရားသခင်သည်အလွန်ကြမ်းကြုတ်သောသူဟု သင်ထင်ပါသလား။ မထင်ပါနှင့်၊ "အပြစ်၏အခကား သေခြင်းပေတည်း" (ရောမ ၆း၂၃)။ ထို့ကြောင့် လူသားတိုင်းခံရမည့်အရာဖြစ်ပါသည်။ ဘုရားသခင်က ဤဇနီးမောင်နှံကိုအသုံးပြုလျှက် စာတန်က ကနဦးအသင်းတော်၏ပုံသက်သေဖျက်ဆီးမည်ကို မလိုလားခဲ့ပါ။ ဘုရားသခင်ကိုယ်တိုင်က ပြစ်ဒဏ်စီရင်ခြင်းကို ချမှတ်တော်မူခဲ့၏။

ကြောက်လန့်ခြင်း၊ အာနနိ၏ ရုတ်တရက်သေဆုံးခြင်းအကြောင်း ကြားသိသောသူအပေါင်းတို့သည် အလွန်ကြောက်လန့်ခြင်းရှိခဲ့ကြ၏။ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ပညတ်တော်မူကား "သင်တို့နှင့်သားမြေးတို့သည် သင်တို့၏ဘုရားသခင်ထာဝရဘုရားကို ကြောက်ရွံ့၍၊ ငါပေးထားသောပညတ်တရားတော်ရှိသမျှတို့ကို တသက်လုံးစောင့်ရှောက်မည်အကြောင်းနှင့် သင်တို့၏အသက်တာရှည်စေမည်အကြောင်း၊ သင်တို့သွား၍ ဝင်စားလတံ့သောပြည်၌ ကျင့်ဘို့ရာ သင်တို့အား ငါသွန်သင်စိမ့်သောငှါ သင်တို့၏ဘုရားသခင်ထာဝရဘုရားမှာထားတော်မူသော စီရင်ထုံးဖွဲ့ချက်ပညတ်တရားဟူမူကား" (တရား ၆း၁-၂) ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသဘောသည် ပညာအသိဉာဏ်၏အချုပ်အခြာဖြစ်ပါသည် (သုတ္တံ ၁း၇၊ ၉း၁၀)။ ရှောလမုန်က ဤသို့နိဂုံး ချုပ်ခဲ့၏။ "အချုပ်အခြာစကားဟူမူကား ဘုရားသခင်ကို ကြောက်ရွံ့၍ ပညတ်တော်တို့ကို စောင့်ရှောက်လော့။ ဤရွေ့ကား၊ လူနှင့်ဆိုင်သော အမှုအရာအလုံးစုံတို့ကို ချုပ်ခြာသတည်း။ အကြောင်းမူကား ဘုရားသခင်သည် ခပ်သိမ်းသောဝှက်ခြင်းမှစ၍၊ အလုံးစုံသောအမှု ကောင်းမကောင်းရှိသမျှတို့ကို စစ်ကြော၍၊ တရားသဖြင့်စီရင် တော်မူလတံ့သတည်း" ( ဒေ ၁၂း၁၃-၁၄)။

ဘုရားသခင်၏စီရင်ခြင်းကို သင်ကြောက်လန့်နေပါသလား။ ဘုရားသခင်သည် မိမိပြုသောအမှုတိုင်း၌ ဖြောင့်မတ်မှန်ကန်၍တရားသဖြင့် ပြုတော်မူကြောင်းကို သင်သိပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကျွန်တော်ကြောက်ရွံ့ခြင်းရှိပါသလား။
**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ ကိုယ်တော်၏တရားမျှတမှုကို အကျွန်ုပ်အား သတိရအောက်မေ့စေတော်မူပါ။

သောကြာ၊ ဩဂုတ် (၂၈)
**တမန် ၅း၇-၉**
ရောမ ၁း၁၉-၂၀

*"လောကီသားအပေါင်းတို့သည် စကားတခွန်းကိုမျှ မပြောနိုင်ဘဲ ဘုရားသခင့်ရှေ့တော်၌ အပြစ်သင့်သောသူဖြစ်ကြ၏"*

# ဇနီးမောင်နှံပြုသောအပြစ်

သန့်ရှင်းသောဝိညာဉ်တော်ကို ငြင်းပယ်ခြင်းသည် ခွင့်လွှတ်၍မရသောအပြစ်ဖြစ်ပါသည်။ ထိုအပြစ်သည် သခင်ယေရှုခရစ်တော်အား နောင်တရ၍မိမိ၏ကယ်တင်ရှင်သခင်အဖြစ် ယုံကြည်ခြင်းငှါ အပြစ်သားအား ဘုရားသခင်အသိပေးတော်မူခြင်းကို ငြင်းဆန်ခြင်းဖြစ်၏။

နှစ်ဦးသဘောတူခဲ့ကြ၏၊ ဤဇနီးမောင်နှံသည် ထိုအမှုကိုဘုရားသခင်၏ဝိညာဉ်တော်က မသိဟုထင်လျက် ကြံစည်၍အစီအစဉ်ဆွဲခဲ့ကြခြင်းဖြစ်ပါသည်။ သူတို့၏ဆုံးဖြတ်ချက်ကို သတိမဲ့စွာ ချမှတ်ခဲ့ကြ၏။ သမ္မာတရား၌ မျက်ကန်းဖြစ်ခဲ့ကြပြီး ကျော်ကြားမှုကိုသာ ခံမင်ရူးသွပ်ခဲ့ကြ၏။ ဒေသနာ ၄း၉-၁၀ ထဲတွင် ဤသို့ဖော်ပြခဲ့ပါသည် - "လူသည်တယောက်တည်းထက် နှစ်ယောက်သာ၍ ကောင်း၏။ ကြိုးစားအားထုတ်လျှင် ကောင်းသောအကျိုးကိုရတတ်၏။ တယောက် လဲလျှင် တယောက်ထူလိမ့်မည်။ တယောက်တည်းသော သူလဲလျှင်မူကား အကျိုးနည်းပြီ"။ သေချာသည်မှာ တစ်ဦး၏အမှားကို တစ်ဦးထောက်ပြခြင်းမပြုဘဲ နှစ်ဦးလုံးသဘောတူခဲ့ကြပြီး အတူတူမှားခဲ့ကြခြင်းပေတည်း။ ရှောလမုန်က "သုံးလွန်းတင်သောကြိုးသည်လည်း အလွယ်တကူ မပျက်တတ်" (ဒေ ၄း၂၂) ဟုမှတ်သားဖွယ်ဆိုခဲ့ပါသည်။ ဝိညာဉ်ရေးရာခွန်အားယူဖို့ရန် ဇနီးမောင်နှံ နှစ်ဦးအကြား၌ သခင်ယေရှုခရစ်တော်အတူပါရှိခြင်း လိုအပ်ပါသည်။ ဘုရားသခင်အတူပါရှိသော အိမ်ထောင်သည် လွယ်လွယ်မပြိုကွဲ၊ မပျက်ဆီးတတ်ပါ။

စုံစမ်းခြင်းအတူတကွ ခံခဲ့ကြ၏၊ ထိုဆုံးဖြတ်ချက်၌ ရှဖိရေသည်လည်း သဘောတူခဲ့သောကြောင့် သူ့ခင်ပွန်းကဲ့သို့အပြစ်ရှိပါ၏။ သူသည်ဘုရားသခင်ကို ကြောက်ရွံ့ခြင်းရှိခဲ့လျှင် အာနနိကို သတိပေးခဲ့ပါလိမ့်မည်။ သို့သော်လည်း သူသည် သူ့ခင်ပွန်း၏ဆန္ဒကို သဘောတူခဲ့၏။ ပေတရုက အမှန်တရားပြောပြစေခြင်းငှါ အခွင့်အရေးပေးခဲ့ပါသည်။ ချက်ချင်းအပြစ်မတင်ဘဲနေသော်လည်း သူသည် မကောင်းမှုဆုံးဖြတ်ချက်ကို မှန်သည်ဟုစွဲကိုင်ခဲ့ပါ၏။ "ထာဝရအရှင် ဘုရားသခင်ကလည်း ယောကျာ်းသည် တယောက်တည်းမနေကောင်း၊ သူနှင့်တော်သော အထောက်အမကိုသူ့ဘို့ငါ လုပ်ဦးမည်ဟုအကြံရှိတော်မူ၏" (ကမ္ဘာ ၂း၁၈)။ သူသည် သူ့ခင်ပွန်းအတွက် အထောက်အမကောင်းဖြစ်ခဲ့သင့်ပါသည်။ ယောကျာ်းတို့သည် ကြွယ်ဝချမ်းသာ၍ကျော်ကြားလိုခြင်းရှိတတ်ကြ၏။ ဇနီးသည်များက ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း မှန်ကန်စွာသူတို့ပြုနိုင်ရန် အကူအညီပေးရပါမည်။ ထိုနည်းတူ ယောကျာ်းတို့ကလည်း ဇနီးသည်တို့အား ဤလောကီအရာတို့၏ သွေးဆောင်ခြင်းခံရသောအခါ သတိပေးကူညီရပါမည်။

ယောကျာ်းမိန်းမဖြစ်သည်အလျောက် ဘုရားသခင်ရှေ့၌ ရိုးသားဖြောင့်မတ်စွာ အသက်ရှင်ခြင်းငှါ အချင်းချင်းကူညီကြပါသလား။ သင့်ညီအစ်ကို၏အသက်တာကို သင်ဂရုစိုက်ပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသော ဇနီးယောကျာ်းဖြစ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်ကိုချစ်သော ကိုယ်တော်၏ချစ်ခြင်းမေတ္တာကဲ့သို့သော ချစ်ခြင်းဖြင့် ချစ်မည်အကြောင်းမစတော်မူပါ။

**တမန် ၅း၁၀-၁၁**

ရောမ ၂း၁၁-၁၂

*"ဘုရားသခင်သည် အဘယ်သူ၏မျက်နှာကိုမျှ မှတ်တော်မမူ"*

## တရားမျှတသောစီရင်ခြင်း

ဘုရားသခင်သည်တရားစီရင်ခြင်းသောအခါ မျက်နှာလိုက်ခြင်းရှိတော်မမူ။ လူမျိုး(သို့) စီးပွားရေးအခြေအနေပေါ်မှာ အခြေခံ၍စီရင်ခြင်းပြုတော်မမူ။ အသားအရေကိုလည်း ခွဲခြားဆက်ဆံခြင်းပြုတော်မမူ။ ထို့ကြောင့် တမန်တော်ပေါလုက ကောလောသဲ ၃း၂၅ ထဲတွင်ဤသို့နှိုးဆော်ထားပါသည် - "မတရားသော အမှုကို ပြုသောသူမည်သည်ကား၊ မိမိပြုသောအမှု၏ အကျိုးအပြစ်ကို ခံရလိမ့်မည်။ အဘယ်သူ၏ မျက်နှာကိုမှတ်တော်မမူ"။

သေခြင်းကျရောက်ခဲ့၏၊ ရှဖိရေသည် ခွင့်လွှတ်၍မရပါ။ သူမ၏အပြစ်သည် သူ့ခင်ပွန်း၏အပြစ်နည်းတူဆိုးရွားလှပါသည်။ ဘုရားသခင်၏လူ့မျက်နှာကို ထောက်တော်မမူ။ "ပြစ်မှားသောသူသည် အသေခံရမည်။ သားသည်အဘ၏ အပြစ်ကိုမခံရ။ အဘသည်သား၏ အပြစ်ကိုမခံရ။ တရားသောသူသည် တရားစွာပြုခြင်းအကျိုးကိုငင်း၊ မတရားသောသူသည် မတရားစွာပြုခြင်းအပြစ်ကိုငင်းခံရလိမ့်မည်" (ယေဇ ၁၈း၂၀)။ အသင်းတော်သည် ဘုရားသခင်အပိုင်ဖြစ်တော်မူကြောင်းကို ဖော်ပြအတည်ပြုခြင်းဖြစ်ပါသည်။ ယောရှု ၇ ထဲတွင် အာခန်၏အပြစ်သည် အင်အားနည်းသောရန်သူရှေ့၌ ဣသရေလစစ်ရှုံးရခြင်းအကြောင်းအရင်းဖြစ်ကြောင်း တွေ့ရပါသည်။ ထိုအပြစ်ကို စီရင်စစ်ကြောဖယ်ရှားပြီးနောက်တွင် ဘုရားသခင်က ယောရှု နှင့် သူ့လူတို့အား ခါနန်ပြည်သိမ်းပိုက်ခြင်းအမှု၌ အောင်မြင်ခြင်းကိုပေးတော်မူခဲ့၏။

အသင်းတော်လူတို့အားလုံး၌ ကြောက်လန့်ခြင်းရှိခဲ့၏၊ လူတစ်ဦးပြစ်ဒဏ်စီရင်ခံရခြင်းသည် လူအပေါင်းအတွက် သင်ခန်းစာဖြစ်ပါသည်။ အသင်းတော်သည် ဘုရားသခင်အား ကြောက်ရွံ့ခြင်းရှိစေရန် ဘုရားသခင်ကထိုစီရင်ခြင်းကို ပြုတော်မူခြင်းဖြစ်ပါသည်။ အာနနိအမှုတွင် ကြားသောသူတို့သည် ကြောက်လန့်ခြင်းရှိကြပြီး၊ ယခု ရှဖိရေအမှုတွင် အသင်းသူအသင်းသားအပေါင်းနှင့် ကြားသိသောသူအပေါင်းတို့သည် အလွန်ကြောက်ရွံ့ခြင်းရှိခဲ့ကြပါသည်။ ဘုရားသခင်၏သန့်ရှင်းစင်ကြယ်မှုကို အသင်းတော်လက်တွေ့သင်ယူခဲ့ရပါသည်။ အသင်းတော်ပြင်ပလူတို့ကလည်း ဘုရားသခင်သည် မည်သို့သောဘုရားဖြစ်သည်ကို သိခဲ့ကြပါလိမ့်မည်။ အသင်းတော်၌ အပြစ်စီရင်ခြင်းပြုသောအခါ ဘုရားသခင်၏သန့်ရှင်းမှုကို ချီးမြှောက်ရာရောက်၏။ သစ္စာရှိသောသူသည် ဘုရားသခင်ကိုလုံး၀ကြောက်ရွံ့ရိုသေခြင်းရှိရပါမည်။ ဤဘုရားသခင်၏ပြစ်ဒဏ်စီရင်ခြင်းအားဖြင့် သူတို့သည်ဆုံးမသွန်သင်ခြင်းခံရကြ၏။ အပြစ်ပြုသောသူတို့ကို ယေရှုကနှစ်ကြိမ်သတိပေးတော်မူခဲ့၏။ "သာ၍အပြစ်ရှိသည်မဟုတ်။ သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ရောက်ကြလိမ့်ဟု ငါဆို၏။ သာ၍အပြစ်ရှိသည် မဟုတ်။ သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်၊ ငါဆိုသည်ဟု မိန့်တော်မူ၏" (လုကာ ၁၃း၃၊ ၅)။

ဘုရားသခင်၏ပြစ်ဒဏ်စီရင်ခြင်းအကြောင်းကို သင်သတိထားမိပါသလား။ မိမိသားသမီးတို့အပေါ် ဖြောင့်မတ်မှန်ကန်သောဘုရားသခင်၏ စီရင်ဆုံးမခြင်းကို သင်သိမှတ်ပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသက်တာသည် ဘုရားသခင်၏ဒေါသအမျက်ထွက်ခြင်း စီရင်ခြင်းအောက်၌ ရှိနေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်အား စင်ကြယ်သောလက်၊ သန့်ရှင်းသောစိတ်နှလုံးနှင့် အသက်ရှင်သောသူဖြစ်စေတော်မူပါ။

တနင်္ဂနွေ၊ ဩဂုတ် (၃၀)
**တမန် ၅း၁၂-၁၄**
ယောဗြ ၂း၁-၄

*"ဘုရားသခင်သည် . . . ထူးဆန်းသောတန်ခိုး အထူးထူးအပြားပြားအားဖြင့်၎င်း. . . . သက်သေခံတော်မူပြီ"*

# ကြီးမြတ်သောအံ့ဘွယ်နိမိတ်လက္ခဏာများ

တမန်တော်တို့၏အမှုတော်မြတ်၌ ကြီးမြတ်သောအံ့ဘွယ်နိမိတ်လက္ခဏာများ ဘုရားသခင် ထင်ရှားစေခြင်းသည် သူတို့ဟောပြောသောတရားနှင့် အမှုတော်ကို စစ်မှန်ကြောင်း အတည်ပြုခြင်း ဖြစ်ပါသည်။ ထိုအမှုအားဖြင့် ဤလောကီပညာမတတ်သော အနည်းငယ်သောလူတို့သည် ဘုရားသခင်၏ မြတ်သောတန်ခိုးနှင့်ဘုန်းတော်ကို ထင်ရှားစေခဲ့ကြ၏။ အာနနိနှင့် ရှဖိရေအပြစ်ပြု သောအခါ အနည်းငယ်ရှုပ်ထွေးမှုရှိသော်လည်း တမန်တော်တို့သည် သစ္စာရှိစွာသတင်းကောင်း ဟောပြော၍အပြစ်ကို ဘုရားသခင်အလိုတော်အတိုင်း စီရင်ခဲ့ကြသောကြောင့် ကနဦးအသင်းတော် ကို ဘုရားသခင်က ကြီးထွားစေတော်မူ၏။

<u>တမန်တော်တို့က ပြုကြ</u>၏၊ ယုံကြည်သူ၏အဖွဲ့အစည်းထဲမှ အဘယ်သူကမျှမပြုဘဲ တမန် တော်တို့၏လက်တော်ဖြင့်သာ ထိုအံ့ဘွယ်နိမိတ်လက္ခဏာတို့ကို ပြုကြ၏။ ဤသည်ကား တမန်တော် တို့အပေါ်ကျရောက်သော အထူးကျေးဇူးတော်တည်းဟူသော အတည်ပြုခြင်းအတွက်ဖြစ်ပါသည်။ "ယုံကြည်သောသူတို့၌ ဖြစ်အံ့သော နိမိတ်လက္ခဏာဟူမူကား၊ ငါ၏နာမကို အမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်ကြလတ့်။ ထူးခြားသော ဘာသာစကားမျိုးတို့ကို ပြောကြလတ့်" (မာကု ၁၆း၁၇)။

<u>လူတို့က ကောင်းကြီးပေးကြ</u>၏၊ လူတို့သည် တမန်တော်တို့၏ဟောပြောသောစကားကို ဘုရားသခင်ထံမှ စကားဖြစ်သည်ဟု လက်ခံယုံကြည်ကြခြင်း၎င်း ဘုရားသခင်ကိုမြင်တွေ့ကြခြင်း၎င်း သူတို့အလယ်၌အံ့ဘွယ်အမှုဖြစ်ပျက်ခြင်းဖြစ်ပါသည်။ ဘုရားသခင်ကိုထောက်ရှုလျက် တညီတညွတ် ပြုကြခြင်းဖြစ်၏။ သခင်ယေရှုသူတို့နှင့်အတူ ရှိတော်မူစဉ်၌ တမန်တော်တို့အကြား၌ ဖြစ်ခဲ့သော မနာလိုခြင်း(မသဲ ၂၀း၂၀-၂၈) သူတို့၌မရှိခဲ့ပါ။ ထို့ကြောင့် သံသယရှိသောသူတို့သည် သူတို့နှင့် မပေါင်းဘော်ရဲကြပါ။ သို့သော်လည်း ယုံကြည်သူတို့သည် တမန်တော်တို့ကိုချီးမြှောက်ခဲ့ကြ၏။

<u>ဘုရားသခင်က တိုးပွားစေတော်မူ</u>၏၊ ဘုရားသခင်သည် အသင်းတော်အပေါ် ကျေနပ် နှစ်သက်ခြင်းရှိတော်မူ၏။ အသင်းတော်သို့များစွာသောလူတို့သည် အသင်းဝင်ဖြစ်လာခဲ့ကြပါသည်။ အသင်းတော်သို့ ဘုရားကျောင်းလာသောသူ၊ လူဦးရေများပြားလာခြင်း သာသာမဟုတ်ဘဲ သူတို့သည် အမှန်ယုံကြည်သူဖြစ်ကြ၏။ ဘုရားသခင်ပြုသောအမှုတော်၊ အံ့ဘွယ်အမှုလေ့လာဖို့ရန်မဟုတ်ဘဲ ခရစ်တော်၌ ဒုတိယမွေးခြင်းခံသောပြောင်းလဲသောသူဖြစ်ကြပါသည်။

ညီအစ်ကိုတို့အတွက် ကောင်းကြီးမင်္ဂလာယူဆောင်သောသူ သင်ဖြစ်လိုပါသလား။ သင့် အနီးအနား၌ရှိသောသူတို့က သင့်အသက်တာကြောင့် ကျေးဇူးတော်ချီးမွမ်းကြပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသက်တာက ဘုရားသခင်ပြုတော်မူသောအံ့ဘွယ်အမှုကို သက်သေ ခံပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ သူတပါးကောင်းကြီးမင်္ဂလာခံစားရခြင်း၎င်း အကျွန်ုပ်အား ကိုယ်တော်၏ အသုံးတော်ခံတန်ဆာပလာဖြစ်စေတော်မူပါ။

တနင်္လာ၊ ဩဂုတ် (၃၁)
**တမန် ၅း၁၅-၁၆**
ယောဟန် ၁၄း၁၂-၁၃

*“ထိုအမှုတို့ထက် သာ၍ကြီးသောအမှုတို့ကိုလည်း ပြုလိမ့်မည်”*

## အားလုံးအတွက် အနာငြိမ်းစေခြင်း

အနာငြိမ်းစေခြင်းသည် တမန်တော်တို့၏အမှုတော်ကို ဘုရားသခင်အသိအမှတ်ပြုခြင်း လက္ခဏာဖြစ်သည်သာမက မိမိလူတို့အပေါ် ဘုရားသခင်၏ချစ်ခြင်းမေတ္တာ ထင်ရှားစေခြင်းလည်း ဖြစ်ပါသည်။ ထို့ပြင် မိမိ၏မူလရည်ရွယ်ချက်ဖြစ်သော ဖန်ဆင်းခြင်း၌တွေ့ရသောအခြေအနေသို့ လူတိုင်း ပြန်ရောက်စေခြင်းငှါ ဆန္ဒရှိကြောင်းကိုလည်း ထင်ရှားစေပါ၏။ အနာငြိမ်းစေခြင်းဖြင့် ဘုရားသခင်က ဤခန္ဓာကိုယ်ရောဂါများအပေါ် မိမိ၏တန်ခိုးရှိခြင်းကို ပြသတော်မူ၏။ လူသည် မိမိ၏အပြစ်များကို နောင်တရ၍ ယေရှုခရစ်တော်အား မိမိ၏အရှင်ကယ်တင်ရှင်အဖြစ် လက်ခံ ယုံကြည်ဖို့လိုပါသည်။

<u>တမန်တော်တို့အားဖြင့်</u>၊ တမန်တော်တို့သည် အနာငြိမ်းစေခြင်းနှင့်အခြားအံ့ဘွယ်အမှု နိမိတ်လက္ခဏာတို့ကို ပြုကြ၏။ လူတို့သည် ဘုရားသခင်၏တန်ခိုးတော်ကိုမြင်ကြ၍ လူနာများကို လမ်းပေါ်သို့ခေါ်ဆောင်လာကြ၏။ ပေတရုသည် လမ်း၌လျှောက်သွားစဉ် သူ၏အရိပ်လွှမ်းမိုးစေခြင်း ငှါ လူနာတို့ကို ကုတင်၊ မွေ့ယာတို့နှင့်ထမ်းကြပြီး လမ်းဘေး၌ချထားကြ၏။ ပေတရု၏အရိပ်၌ တန်ခိုးမရှိပါ။ ဘုရားသခင်၌သာ တန်ခိုးရှိတော်မူ၏။ “အရိပ်လွှမ်းမိုးစေခြင်း” ဟူသည် ပေတရုထံ နီးကပ်စွာ ချဉ်းကပ်ခြင်းကိုဖော်ပြခြင်းဖြစ်ပါသည်။ “အရိပ်လွှမ်းမိုးခြင်း” သည် ပံ့ဆောင်ခြင်းအားဖြင့် ဘုရားသခင်ပါရှိတော်မူခြင်းတန်ခိုးကို ရည်ညွှန်းပါ၏ (မသဲ ၁၇း၅၊ မာကု ၉း၇၊ လုကာ ၁း၃၅၊ ၉း၃၄)။ ပေတရုသည် အနာငြိမ်းစေခြင်း၊ တန်ခိုးပေးခြင်းခံရကြသော တမန်တော်တို့ကို ကိုယ်စားပြု ခြင်းဖြစ်ပါသည်။

<u>လူများအတွက်</u>၊ ဂရိစကားလုံး “လာကြ” သည် စုဝေးခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် လူတို့သည် အတူတကွစုဝေး၍ ဆက်တိုက်လာနေကြခြင်းဖြစ်ပါသည်။ အနာစွဲသောသူနှင့် နတ်ဆိုး ညှဉ်းဆဲသောသူတို့ကို ခေါ်ဆောင်လာကြ၏။ သခင်ယေရှုက ဤလောက၌အမှုတော်ဆောင်စဉ် အနာ ရောဂါငြိမ်းစေခြင်းအမှုပြုခြင်းသည် မိမိ၏တန်ခိုးအာဏာတော်ကို ပြသရန်သာမက လူတို့ကို သနား ခြင်းရှိသောကြောင့် ပြုခြင်းဖြစ်ပါသည်။ “ယေရှုသည်ထွက်ကြွ၍လူများအပေါင်းတို့ကို တွေ့မြင်တော် မူလျှင် သနားခြင်းစိတ်တော်ရှိ၍ လူနာရှိသမျှတို့ကို ချမ်းသာပေးတော်မူ၏” (မသဲ ၁၄း၁၄)။ ထိုနည်းတူ တမန်တော်တို့ပြုသော အံ့ဘွယ်နိမိတ်လက္ခဏာတို့သည်လည်း လူတို့အား ဘုရားသခင်၏ တန်ခိုးအာဏာကို သိစေရုံသာမက ထိုလူတို့အပေါ် ဘုရားသခင်၏ သနားကြင်နာမှုကို ပြသခြင်း ဖြစ်ပါသည်။

ယေရှုသည် ကြီးမြတ်သောသမားတော်ဖြစ်တော်မူသည်ကို သင်ယုံကြည်ပါသလား။ သင့်ကို ဝိညာဉ်အရာ၌သော်လည်းကောင်း၊ ခန္ဓာကိုယ်အရာ၌လည်း ဂရုစိုက်ပြုစုချစ်တော်မူသောကြောင့် ကိုယ်တော်ကို သင်ကျေးဇူးတင်ပါသလား။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏ဝိညာဉ်ရေးရာအနာရောဂါများ ကျန်းမာသက်သာခြင်းရှိကြပါသလား။
**ဆုတောင်းချက်** - ဘုန်းကြီးတော်မူသောအဘဘုရား၊ ဘုန်းတော်ဝင်စားမည့်ခန္ဓာကိုယ်နှင့် ပတ်သတ် သော ကိုယ်တော်၏ဂတိတော်ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

**တမန် ၅း၁၇-၁၈**
မသဲ ၅း၁၀-၁၂

*"ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ရှက်ညှဉ်းဆဲခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိကြ၏"*

## ယဇ်ပုရောဟိတ်မင်းထံမှညှဉ်းပန်းနှိပ်စက်ခြင်း

ယဇ်ပုရောဟိတ်မင်းသည် ဓမ္မဟောင်းထဲ၌ထင်ရှားသော ဂုဏ်ပုဒ်ရာထူးဖြစ်ပါသည် (ဝတ် ၂၁း၁၀)။ အာရုန်သည် "ယဇ်ပုရောဟိတ်" ဟု အစဉ်ခေါ်တွင်ခြင်းခံရပြီး ဓမ္မသစ်ကျမ်းမှ ယဇ်ပုရောဟိတ်မင်းနှင့်တန်းတူဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော်၌ လူတို့အတွက်အမှုတော်ဆောင်ခြင်းငှါ ရာထူးခန့်အပ်ခြင်းဖြစ်၍ အပြစ်အတွက် ပူဇော်သက္ကာနှင့်ယဇ်ပူဇော်ခြင်းများ ပြုလုပ်ပေးရန်ဖြစ်ပါသည်။ ဘုရားသခင်နှင့်လူတို့သင့်မြတ်ခြင်းငှါ လူတို့ကိုယ်စားရပ်တည်၍ ယဇ်ပူဇော်ခြင်းပြုလုပ်ပေးပြီး (ဝတ် ၉) လူတို့အားဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာပေးခဲ့ပါသည်။ သို့သော်လည်း ယနေ့ကျမ်းပိုဒ်တွင် ယဇ်ပုရောဟိတ်မင်းသည် ဘုရားသခင်၏လူတို့ကိုဆန့်ကျင်ခြင်းပြုကြောင်း ဖော်ပြခဲ့ပါသည်။ သူသည် တမန်တော်တို့ပြုသောအမှုကြောင့် အမြတ်ထွက်ခဲ့ပါသည်။ တမန်တော်တို့အားဖြင့် အံ့ဖွယ်အမှုပြုတော်မူသောဘုရားသခင်၏ လက်တော်ကိုသူမမြင်နိုင်ခဲ့ပါ။

<u>ဒေါသအမြတ်နှင့်ပြည့်ကြ၏</u>၊ လုကာက ဤယဇ်ပုရောဟိတ်မင်းသည် ဇဒ္ဒုကဲအဖွဲ့မှဖြစ်သကဲ့သို့ ဖော်ပြခဲ့ပါသည်။ ဇဒ္ဒုကဲတို့သည် အတွေးအခေါ်သမားများဖြစ်ကြ၏။ ကောင်းကင်တမန်နှင့် ဝိညာဉ်တို့ကိုမယုံကြည်ကြပါ။ ထို့ကြောင့် ရှင်ပြန်ထမြောက်ခြင်းကိုလည်း မယုံကြည်ကြ (မသဲ ၂၂း၂၃)။ သူတို့သည် ယနေ့ခရစ်ယာန်အဖွဲ့အစည်း၌ သမ္မာကျမ်းစာကိုမယုံကြည်သော ခေတ်သစ်ဝါဒဆွဲကိုင်သူများကဲ့သို့ ဖြစ်ပါသည်။ အံ့ဖွယ်နိမိတ်လက္ခဏာတို့ကိုပြုသော တပည့်တော်တို့ကို မနာလိုဖြစ်ခဲ့ကြ၏။ တမန်တော်တို့၏ လူတို့၏အာရုံစိုက်ခြင်းခံရမှုကိုလည်း မနာလိုဖြစ်ကြ၏။ လူတို့၏ ကြည်ညိုလေးစားခံရမှုလျော့နည်းလာသည်ကို သူတို့သိမြင်ခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် စိတ်ဆိုးရုံမျှမက ခရစ်တော်၏တမန်တော်တို့အပေါ်၌ ဒေါသအမျက်ထွက်၍ မုန်းတီးခြင်းနှင့်ပြည့်နှက်ခဲ့ကြ၏။

<u>ဖမ်းဆီးချုပ်နှောင်ခြင်း</u>၊ တပည့်တော်တို့သည် ထောင်ထဲ၌လှောင်ထားခြင်းခံရကြ၏။ ဖမ်းဆီးခြင်းဆိုသည်မှာ နူးညံ့သိမ်မွေ့သောအပြုအမူမဟုတ်ဘဲ ထောင်သို့ခေါ်ဆောင်ခံရစဉ် တပည့်တော်တို့သည် ရိုက်နှက်ခြင်းလည်းခံရကြောင်းကို ဆိုလိုပါသည်။ လူတို့၏အာရုံပြုခြင်းကိုရရှိစေသော အံ့ဖွယ်အမှုများပြုလုပ်ကြသောကြောင့် ထိုသို့ပစ်မှတ်ထားကြခြင်းဖြစ်ပါသည်။ ယဇ်ပုရောဟိတ်မင်းက သူတို့၏ခေါင်းဆောင်များကို ဖမ်းဆီးချုပ်နှောင်ခြင်းဖြင့် လူထုကိုဖြိုခွဲနိုင်မည်ဟု ထင်ခဲ့ပါသည်။ သူသည် အရာခပ်သိမ်းကိုထိန်းချုပ်တော်မူသော အနန္တတန်ခိုးရှင်ဘုရားသခင်၏ မမြင်နိုင်သော အထက်မှလက်တော်ကို မသိခဲ့ပါ။

ဖြောင့်မတ်ခြင်းတရားအတွက် ညှဉ်းဆဲခြင်းခံရခြင်းငှါ သင်အဆင်သင့်ဖြစ်ပါသလား။ ထိုအရာများ သင့်အသက်တာ၌ဖြစ်ခဲ့လျှင် အခွင့်ပေးတော်မူသောဘုရားသခင်၏လက်တော်ကို သင်သိမြင်နိုင်ပါမည်လော။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဖြောင့်မတ်စွာနေထိုင်အသက်ရှင်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်အဖို့အခက်အခဲဒုက္ခနှင့် ဆန့်ကျင်ခြင်းများ ရင်ဆိုင်ခြင်းငှါ အကျွန်ုပ်စိတ်နှလုံးကို ပြင်ဆင်ပေးတော်မူပါ။

**တမန် ၅း၁၉-၂၁**
မသဲ ၂၈း၁၈-၂၀

*"ကိုယ်ခန္ဓာကိုသာ သတ်နိုင်သောသူတို့ကို မကြောက်ကြနှင့်"*

# ဘုရားသခင်၏ကယ်လွှတ်တော်မူခြင်း

ဘုရားသခင်၏မိမိလူတို့အပေါ် ကွယ်ကာစောင့်ရှောက်ကျွေးမွေးခြင်းအမှု၌ ကျွန်ုပ်တို့အတွက် မိမိအလိုတော်နှင့်အညီ အကောင်းဆုံးပြင်ဆင်ပေးထားခြင်းအပေါ်၌ မူတည်၍ရည်ရွယ်ချက်အမျိုးမျိုးရှိနိုင်ပါသည်။ အချို့သည် ထောင်ထဲ၌အရိုးဆွေးသည်အထိ နေကြရသည်။ အချို့သည် လွတ်လမ်းမရှိဟုထင်ရသော အမှောင်တိုက်ထဲမှလည်း ဘုရားသခင်ကယ်နုတ်ပြန်၏။ ဘုရားသခင်သည် မိမိ၏အကြံအစည်တော်အတိုင်း အမှုပြုတော်မူ၏။ အဘယ်အမှု၌ဘဲဖြစ်ဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ချစ်ခြင်းအားဖြင့်စောင့်ရှောက်ခြင်းကြောင့် ကျေးဇူးတော်ချီးမွမ်းကြရပါမည်။

<u>အံ့ဖွယ်လွတ်မြောက်စေခြင်း</u>၊ အံ့ဖွယ်အမှုပင်ဖြစ်ပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်သည်လာ၍ အစောင့်များကိုလည်း ပြဿနာမလုပ်၊ ထောင်ကိုမဖျက်ဆီးဘဲလျက် သူတို့ကို ကယ်နုတ်ခဲ့ပါသည်။ ဘုရားသခင်ကတမန်တော်တို့ကို ထောင်ထဲမှကယ်ထုတ်တော်မူခဲ့၏။ ရန်သူတို့ကိုအပြီးချေမှုန်းခြင်းငှါ မဟုတ်ပါ။ အကြောင်းမှာသူတို့သည် ထပ်၍အဖမ်းခံရကြပြီး ရိုက်နှက်ခြင်းကိုခံခဲ့ရ၏။ ဤအံ့ဖွယ်အမှုအားဖြင့်ဘုရားသခင်ဖော်ပြလိုသောအချက်မှာ သူတို့သည် မိမိလက်တော်ထဲ၌ရှိကြကြောင်း သိစေလို၍ဖြစ်ပါသည်။ မိမိ၏အမှုတော်ဆောင် ကောင်းကင်တမန်တို့ကို သူတို့ကိုခေါ်ထုတ်ခဲ့ပါသည်။ ထောင်တံခါးဖွင့်ပေးသောကြောင့် အခြားတရားခံတို့သည်လည်း ထွက်ပြေးလွတ်ရသောအခွင့်ရှိသော်လည်း၊ တမန်တော်တို့သာလျှင် ထွက်လာခဲ့ကြ၏။

<u>တိကျစွာအမိန့်ပေးခြင်း</u>၊ ကောင်းကင်တမန်က ထွက်သွား၍ဗိမာန်တော်၌ရပ်လျက် လူတို့ထံ "အသက်ရှင်ခြင်းတရားစကားအလုံးစုံ" (တမန် ၅း၂၀) ဟောပြောခြင်းငှါ မိန့်တော်မူ၏။ ထိုတရားစကားသည် "ငါသည်သင်တို့အားပေးသမျှသော ပညတ်တော်" (မသဲ ၂၈း၂၀) ဖြစ်ပါသည်။ ယေရှုက "လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရသည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟု" (မသဲ ၄း၄) ဖော်ပြခဲ့ပါသည်။ သူတို့သည် ထိုသို့အံ့သြဖွယ်လွတ်မြောက်ခဲ့ကြသောကြောင့် ထိုသို့ လွတ်မြောက်ခြင်း၏ရည်ရွယ်ချက်ကို သိကြသဖြင့် သူတို့အသက်တာ၌ ဘုရားသခင်၏အလိုတော် ကို လိုက်လျှောက်ပြည့်စုံစေကြ၏။

<u>ချက်ချင်းနာခံခဲ့ကြ၏</u>၊ မိန့်တော်မူချက်ကို ကြားနာပြီးမှ ချက်ချင်းနာခံလိုက်လျှောက်ခဲ့ကြ၏။ သက်သေခံခြင်းငှါ နံနက်စောစောထွက်သွားခဲ့ကြ၏။ တပည့်တော်တို့သည် မိန့်တော်မူသည်အတိုင်း ဗိမာန်တော်သို့သွားခဲ့ကြပါသည်။ သူတို့သည် ထောင်မှထွက်ပြေးသောသူဖြစ်ကြသောကြောင့် သေဒဏ်ခံနိုင်ကြသော်လည်း ခြိမ်းခြောက်မှုအလယ်၌ ရဲရင့်ခြင်းရှိခဲ့ကြပါသည်။ လူတို့ကို သင်ပေးကြပြီး သြဝါဒပေးခဲ့ကြပါသည်။ သွန်သင်ခြင်းသည် သင်ကြားသောနှုတ်ကပတ်တော်ကို လက်တွေ့အသုံးပြုရန် နှိုးဆော်ခြင်းလည်းဖြစ်ပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို သွန်သင်ပေးခြင်းငှါ ကြောက်ရွံ့ခြင်းမရှိနာခံမည်ဟုသင်ဆုံးဖြတ်ချက်ချပါသလား။ ထောင်ချခြင်းငှါ ခြိမ်းခြောက်ခြင်းခံရလျှင်လည်း ဆက်လက်လုပ်ဆောင်မည်ဟုဆန္ဒရှိပါသလား။

**ဆင်ခြင်ရန်** - ခရစ်တော်၏ဘုန်းကြီးသောတန်ခိုးတော်သည် ကျွန်ုပ်တို့အားဘုန်းတော်ထဲသို့ ပို့ဆောင်ပါလိမ့်မည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏ကြီးမြတ်သောတန်ခိုးတော်များကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

**တမန် ၅း၂၂-၂၃**

လုကာ ၂၄း၃၁-၃၂

*"သူတို့သည် မျက်စိပွင့်လင်း၍ ကိုယ်တော် ဖြစ်သည်ကို သိကြ၏"*

# အံ့သြခြင်းရှိကြ၏

ဘုရားသခင်ပြုတော်မူသောအံ့ဘွယ်အမှုသည် ရန်သူကြီး၏တပည့်များပင်လျှင် အံ့အားသင့်စေခဲ့ပါသည်။ ဘုရားသခင်၏တန်ခိုးတော်ကိုယုံကြည်လျက် စာတန်၏လက်နက်တို့အပေါ် အောင်မြင်ခြင်းရှိကြောင်းကို သိမှတ်ကြပါစို့။ စာတန်၏ရှုံးနိမ့်ခြင်းကို သမ္မာကျမ်းစာထဲ၌ ပရောဖက်ပြုထားခဲ့ပါသည်။ ဤတရားကိုသိလျက် ခရစ်ယာန်တို့သည် သခင်ယေရှုခရစ်တော်၌ အောင်နိုင်သောသူဖြစ်ကြောင်းကို အစဉ်အမှတ်ရကြပါစို့။ "ထာဝရဘုရားကလည်း၊ သူတို့ကိုမကြောက်နှင့်။ သင်၏လက်၌ ငါအပ်မည်။သင်ရှေ့မှာလူတစုံတယောက်မျှ မခံမရပ်နိုင်ရာဟု ယောရှုအား မိန့်တော်မူ၏" (ယောရှု ၁၀း၈)။

<u>တမန်တော်တို့သည် အပြင်သို့ရောက်ကြ၏</u>၊ တာဝန်ရှိသောသူတို့သည် ထောင်သို့ရောက်ကြသောအခါ၊ တမန်တော်တို့သည် ထိုအရပ်၌မရှိကြတော့ပါ။ ထောင်ကိုစောင့်သောသူတို့ကလည်း ဘာမှမသိခဲ့ကြပါ။ အခြားထောင်သားတို့ကပင် တမန်တော်တို့ မည်သို့ထွက်သွားကြသည်ကို မသိခဲ့ကြပါ။ ဘုရားသခင်ကမိမိ၏တန်ခိုးတော်ကို လူတို့ထံပြသခြင်းဖြစ်ပါသည်။ အဘယ်သူသည် ဘုရားသခင်ကိုတိုက်ခိုက်၍ အောင်နိုင်သနည်း။ ဘုရားသခင်ကမိမိ၏အနန္တတန်ခိုးကို ပြသသောအခါ လူသည် ဆွံ့အသွားခဲ့ပါသည်။ သမ္မာကျမ်းစာကိုမယုံကြည်သော လီဘရယ်တို့သည် ဤအမှုကို မဖြစ်နိုင်သောအမှုဟု မှတ်ယူကြပါလိမ့်မည်။ သို့သော်လည်း ဘုရားသခင်ကိုသိသော ကျွန်တော်တို့အဖို့ ဤအမှုသည်နေ့စဉ်ဖြစ်နိုင်သောအမှုဖြစ်ကြောင်း သိမှတ်ကြပါ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အသက်တာ၌ ထိုအမှုထက်ကြီးမားသောအမှုကိုလည်း ပြုတော်မူနိုင်၏။

<u>ထောင်တံခါးတို့သည် ပိတ်လျက်ရှိကြ၏</u>၊ ထောင်တံခါးတို့သည် သေချာပိတ်လျက်ရှိကြောင်းတွေ့ရပါသည်။ ဆိုလိုသည်မှာ ထောင်တံခါးတို့ကိုသေချာပိတ်ပြီး ထောင်ကိုစောင့်သောသူတို့သည် မိမိတို့တာဝန်သေချာဆောင်ရွက်ခဲ့သော်လည်း ထောင်မှတစ်စုံတစ်ယောက်ထွက်သွားသည်ကို မသိခဲ့ကြခြင်းဖြစ်ပါသည်။ ထောင်စောင့်တို့သည် အပြင်၌ရှိခဲ့ကြပြီး ထောင်တံခါးပျက်ဆီးခြင်းတို့ မတွေ့ကြ။ သူတို့ကိုယ်တိုင်က တာဝန်ရှိသောသူတို့ကို တံခါးဖွင့်ပေးခဲ့ကြ၏။ သို့သော်လည်း ထိုသို့ဝင်ရောက်ကြသောအခါ အထဲ၌တမန်တော်များမရှိကြပါ။ ထိုအဖြစ်အပျက်ကြောင့် သူတို့သည် အံ့သြတွေဝေခြင်းရှိခဲ့ကြ၏။ ဤအမှုက သူတို့၏စိတ်နှလုံးကိုစိုးရိမ်ပူပန်စေလျက် ဤအံ့ဖွယ်တန်ခိုးတော်ကြောင့် ဘုရားသခင်၏လက်တော်ကို သိမှတ်ခဲ့ကြသင့်ပါသည်။

ယနေ့၌လည်း မဖြစ်နိုင်သောအမှုကို ဘုရားသခင်ပြုတော်မူနိုင်ကြောင်း သင်ယုံကြည်ပါသလား။ သင့်အသက်တာ၌ဘုရားသခင်၏ကောင်းသောလက်တော်ကို သင်ကြုံတွေ့ခံစားရပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏လမ်းပြပို့ဆောင်မှုကို ကျွန်တော်ခံစားသိနိုင်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကြောက်ရွံ့ခြင်းနှင့်သံသယအကျဉ်းထောင်ထဲမှ အကျွန်ုပ်ကို ကယ်ထုတ်တော်မူပါ။

# ရှုပ်ထွေးသောအခြေအနေ

လူတို့သည် တွေဝေရှုပ်ထွေးသောအခါ နားလည်သဘောပေါက်၍မရသော အဖြစ်အပျက် ဖြစ်ပွားသောကြောင့်ဟု ထင်မှတ်ကြ၏။ သို့သော်လည်း ယုံကြည်သူအတွက် ရှင်းပြ၍မရသောအရာ မရှိပါ။ ဘုရားသခင်တတ်နိုင်တော်မမူသော အမှုဟူ၍မရှိပါ။ ဘဝ၌ကြုံတွေ့ရသောအရာတို့တွင် အဓိကကျသောပုဂ္ဂိုလ်သည် ဘုရားသခင်ဖြစ်ကြောင်းကို လူကသိမှတ်ပါလျှင် ရှုပ်ထွေးသောအခြေအနေနှင့် မေးခွန်းတို့သည် ရိုးရှင်းကြပါလိမ့်မည်။

ဖြစ်ပျက်သောအမှု၌ကြောက်လန့်ခြင်း၊ ထိုရှုပ်ထွေးသောအခြေအနေက ဘာသာရေးခေါင်းဆောင်တို့ကို ကြောက်လန့်တွေဝေစေခဲ့ပါသည်။ ဤအဖြစ်အပျက်နောက်ကွယ်၌ ဘုရားသခင်၏ တန်ခိုးတော်ရှိမည်ကို အချို့သည် ထင်မှတ်နိုင်သော်လည်း သူတို့၏မာနကြောင့် မယုံကြည်လိုဘဲ နေကြခြင်းဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်၏လက်ထောက်ဖြစ်မည်ကို မယုံကြည်လိုကြပါ။ သူတို့စိုးရိမ်သောအရာကား နောက်ဆက်တွဲအကျိုးပင်ဖြစ်ပါသည်။ ဤအမှုကို လူတို့သိကြလျှင် ယေရှုနောက်လိုက်အဖွဲ့သည် ကြီးထွားလာမည်ဖြစ်၏။ လူတို့၏ထောက်ခံအားပေးခြင်းမရှိလျှင် သူတို့၏ အသက်မွေးဝမ်းကျောင်း ထိခိုက်မည်ဖြစ်၍နောက်မျိုးဆက်ဇဒ္ဒုကဲတို့အတွက် စိုးရိမ်စရာဖြစ်လာလိမ့်မည်။

သွန်သင်ချက်ကိုကြောက်လန့်ခြင်း၊ ချုပ်နှောင်ခြင်းခံခဲ့သောတမန်တော်တို့သည် ဗိမာန်တော်၌ရပ်လျက် လူတို့ကိုသွန်သင်လျက်ရှိကြောင်း သတင်းရရှိကြ၏။ ဘာသာရေးခေါင်းဆောင်တို့သည် ထိုသွန်သင်ခြင်းပျံ့နှံ့ခဲ့ပါလျှင် သူတို့သည် မှားပြောသောသူများဖြစ်ကြောင်း ထင်ရှားမည်ကို စိုးရိမ်ခဲ့ကြ၏။ တမန်တော်တို့၏သွန်သင်ခြင်းသည် အံ့ဖွယ်နိမိတ်လက္ခဏာအားဖြင့် မှန်ကန်ကြောင်း သက်သေပြနေစဉ် သူတို့သည်ထိုတမန်တော်တို့အား အာဏာသုံး၍ တမန်တော်တို့ကိုညှဉ်းပန်းနှိပ်စက်ခဲ့ကြ၏။ သူတို့သည် သူတို့၏ရာထူးဖြစ်သော ယဇ်ပုရောဟိတ်ဖြစ်ခြင်းနှင့် တရားရေးရာ၌ အသင်းဝင်ဖြစ်ခြင်း စသည်တို့ကိုအားကိုးခဲ့ကြ၏။

လူတို့ကိုကြောက်လန့်ခြင်း၊ တမန်တော်တို့ကို ပယ်ရှင်းလိုကြသော်လည်း အလွယ်တကူ အန္တရာယ်မပေးနိုင်ကြ။ ငြိမ်သွားအောင် မပြုနိုင်ကြပါ။ လူတို့သည်ထ၍ မိမိတို့အားပုန်ကန်ဆန့်ကျင်မည်ကို စိုးရိမ်ကြ၏။ "အနိုင်အထက်မပြုဘဲ" (တမန် ၅း၂၆) ဟူသောစကားစုသည် ဖမ်းဆီးခေါ်ဆောင်ခြင်းမပြုခြင်း၊ တောင်းဆိုခြင်းသဘောဖြင့် တရားစီရင်ခြင်းအဖို့ ခေါ်ဆောင်သွားခြင်းကို ဖော်ပြပါသည်။ ဘုရားသခင်၏ကြီးမြတ်သောကယ်ထုတ်တော်မူခြင်းကို ကြုံတွေ့ခဲ့ကြသောတမန်တော်တို့သည် ဗိမာန်တော်မှူးနှင့် မင်းလုလင်တို့၏နောက်သို့လိုက်၍ ယဇ်ပုရောဟိတ်မင်းနှင့် ယဇ်ပုရောဟိတ်တို့ကို သွားတွေ့ခဲ့ကြ၏။

အနည်းငယ်လွတ်မြောက်ပြီးမှ ဘုရားသခင်၏အမှုတော်၌ နောက်တဆင့်ပါဝင်ဆောင်ရွက်ခြင်းငှါ သင်အဆင်သင့်ရှိပါသလား။ ဘုရားသခင်၏အမှုကိုဆောင်ရွက်ခြင်းငှါ အချိန်တိုင်းကို အခွင့်ထူးဖြစ်သည်ဟု သင်ခံယူပါသလား။

**ဆင်ခြင်ရန်** - အချိန်တိုင်း ဘုရားသခင်၏အမှုကို ကျွန်တော်ဆောင်ရွက်နေပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ သေသည်တိုင်အောင် အကျွန်ုပ်ကိုသစ္စာရှိသောသူဖြစ်စေတော်မူပါ။

စနေ၊ စက်တင်ဘာ (၅)

**တမန် ၅း၂၇-၂၉**

၆ ရာ ၁၈း၁၂-၁၃

*"... ဘုရားသခင်မိန့်တော်မူသောစကားကိုသာ ငါပြန်ပြောရမည်"*

## အမြတ်ဆုံးသောနာခံမှု

ဘုရားသခင်က ခရစ်ယာန်တို့အားမိမိတို့အပေါ် အစိုးရသောအာဏာစက်ကို နာခံခြင်းရှိရန် ပညတ်ထားတော်မူ၏။ "သခင်ဘုရား၏ မျက်နှာတော်ကိုထောက်လျက် အထွဋ်အမြတ်တည်းဟူသော ရှင်ဘုရင်ဖြစ်စေ၊ လူဆိုးတို့ကိုဒဏ်စီရင်စေခြင်းငှါ၎င်း၊ လူကောင်းတို့ကို ချီးမွမ်းစေခြင်းငှါ၎င်း၊ ရှင်ဘုရင် ခန့်ထားသောဝန်မင်းဖြစ်စေ၊ လူတို့တွင်စီရင်ခန့်ထားသမျှသောမင်း၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့။ အကြောင်းမူကား၊သင်တို့သည်ကောင်းသောအကျင့်ကိုကျင့်သောအားဖြင့် လူမိုက်တို့၏ မိုက်မဲသော စကားကိုချေစေခြင်းငှါ၊ ဘုရားသခင်သည် ထိုသို့သောအလိုတော်ရှိ၏" (၁ ပေ ၂း၁၃-၁၅)။ သို့သော်လည်း အစိုးရကဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆန့်ကျင်သော အခါတွင် ယုံကြည်သူတို့သည် အမြင့်ဆုံးသောအာဏာကို နာခံရမည်ဖြစ်ပါသည်။

<u>အစိုးရသောသူတို့အား နာခံခြင်းသည်ကောင်း၏၊</u> တမန်တော်တို့သည် တရားရေးရာအဖွဲ့ ရှေ့၌ လာရောက်ခြင်းငှါ တောင်းလျှောက်မှုကိုမငြင်းပယ်ခဲ့ကြပါ။ သူတို့ရှေ့သို့ ကြွရောက်လာခဲ့ကြ ပါသည်။ ဤအမှု၌တမန်တော်တို့သည် ချီးကျူးစရာကောင်းလှပါသည်။ ပုံမှန်အားဖြင့် တရားမမျှတ သော နှိပ်စက်တတ်သောတရားစီရင်ခြင်းကို လူတို့သည်ငြင်းပယ်၍ ရှောင်ရှားတတ်ကြပါသည်။ သို့သော်လည်း သခင်ယေရှုပင်လျှင် ဤယုဒတရားစီရင်ရေးအဖွဲ့သာမက ရောမတရားရုံး ပိလတ်မင်း နှင့် ဟေရုဒ်ရှေ့၌ရပ်နေခဲ့သည်ကို သူတို့ကောင်းကောင်းသိခဲ့ကြပါသည်။ ထိုသို့တရားစီရင်ရေး အဖွဲ့ဆီသို့ သွားရောက်ခဲ့ကြခြင်းက သူတို့အသက်တာ၌ဘုရားသခင်အတူပါရှိတော်မူခြင်းကို သေချာ သိထားကြကြောင်း ပေါ်လွင်စေပါသည်။ ဘုရားသခင်၏အံ့ဘွယ်အမှုကို သူတို့ကြုံတွေ့ခံစားခဲ့ကြပြီး ဖြစ်ပါသည်။

<u>ဘုရားသခင်အား နာခံခြင်းသည်အကောင်းဆုံးဖြစ်၏၊</u> ထိုသို့ တမန်တော်တို့သည် တရား ရေးရာအဖွဲ့ရှေ့၌ ခေါ်ခဲ့ကြပြီး ယုဒဘာသာရေးတွင်အမြင့်ဆုံးဖြစ်သော ဤတရားရေးရာအဖွဲ့၏ လမ်းညွှန်မှုကိုမလိုက်လျှောက်ကြကြောင်း ပြစ်တင်ခံရကြ၏။ ခရစ်တော်ကားတိုင်ပေါ်၌ အသေသတ် ခံရခြင်းတွင် ယုဒလူတို့သည် တရားခံဖြစ်သည်ဟု မဟောပြောကြရန် တားမြစ်ခဲ့ကြ၏။ "ပေတရု နှင့်အခြားသောတမန်တော်တို့ကလည်း၊ လူ၏စကားထက် ဘုရားစကားတော်ကိုနားထောင်သင့်ပါ၏" (တမန် ၅း၂၉) ဟုဆိုခဲ့ကြပါသည်။ သူတို့၏တောင်းဆိုမှု ကိုလိုက်နာခြင်းထက် တမန်တော်တို့သည် သေခြင်းကိုသာရွေးခဲ့ကြပါသည်။ ကျွန်ုပ်တို့၏ ဘုရားသခင်၏ စကားနာခံခြင်းသည် အရာခပ်သိမ်း ထက်ကြီးမြတ်သောနာခံခြင်းဖြစ်ရပါမည်။ ခရစ်ယာန်တို့သည် မိမိတို့၏အစိုးရကို နာခံရကြမည်ဟု နှိုးဆော်တိုက်တွန်းထားပါသည်။ သို့သော်လည်း ဘုရားသခင်၏ ပညတ်တော်နှင့် ဆန့်ကျင်သော အမှုတွင် ယုံကြည်သူသည်လူထက် ဘုရားသခင်၏စကားကို နာခံရပါမည်။

လူထက် ဘုရားသခင်၏စကားကိုနာခံခြင်းငှါ သင်ကြောက်လန့်ခြင်းရှိပါသလား။ ထောင်နှင့်ငရဲတွင်ဘယ်အရာသည် ပို၍ကြောက်စရာကောင်းသည်ဟု သင်ထင်ပါသနည်း။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကျွန်တော်ကြောက်ရွံ့ရိုသေခြင်းရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏စကားတော်ကို နာခံမည့်စိတ်နှလုံးအကျွန်ုပ်အား ပေးသနားတော်မူပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၆)

**တမန် ၅း၃၀-၃၂**

လုကာ ၂၄း၄၆-၄၈

*"သင်တို့သည်လည်း ဤအကြောင်းအရာတို့၏သက်သေဖြစ်ကြ၏"*

# ဘုရားသခင်၏စကားတော်နာခံခြင်းအကြောင်း

"လူ၏စကားထက် ဘုရားသခင်၏စကားတော်ကို နားထောင်သင့်ပါ၏" ဟု ရဲရင့်စွာပေတရုပြောရခြင်းအကြောင်းကို ဖော်ပြခဲ့ပါသည် (တမန် ၅း၂၉)။ တရားစီရင်ရေးအဖွဲ့တို့ပင်လျှင် သူတို့၏ခံယူချက်တို့ကိုပယ်၍ ဘုရားသခင်ကိုနာခံခြင်းရှိကြရန် ပေတရုဟောပြောခဲ့ပါသည်။ သတင်းကောင်းကို သူတို့ထံပေတရုပြောကြားခဲ့၏။ သူတို့သည် စိတ်နှိမ့်ချခြင်းရှိခဲ့လျှင် သူတို့သည်လည်း ကယ်တင်ခြင်းခံရခဲ့လိမ့်မည်။

ဘုရားသခင်က ယေရှုကိုထမြောက်စေခဲ့၏၊ ကရာနီကားတိုင်ပေါ်၌ ယေရှုသည် အသေသတ်ခြင်းခံရခဲ့၏။ အကျွန်ုပ်တို့၏အပြစ်လွှတ်ခြင်းအတွက် မိမိ၏မြတ်သောအသွေးတော်ကို သွန်းလောင်းခဲ့ပါသည်။ လူတို့ကယ်တင်ခြင်းခံရခြင်းငှါ ဝေဒနာခံလျက်အသေခံတော်မူခဲ့၏။ သင်္ဂြိုလ်ခြင်းခံရသော်လည်း "ငါတို့ဘိုးဘေးများ၏ဘုရားသခင်သည် ထမြောက်တော်မူပြီ" (တမန် ၅း၃၀)။ ပေတရုက ထိုဘုရားသည်အာဗြဟံ၊ ဣဇက်နှင့်ယာကုပ်တို့၏ ဘုရားသခင်ထာဝရဘုရားဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။

ဘုရားသခင်ကယေရှုကို ချီးမြှင့်တော်မူ၏၊ ယေရှုသည် လူတို့၏လက်ဖြင့် အသေသတ်ခြင်းခံရသော်လည်း၊ ဘုရားသခင်၏တန်ခိုးတော်ဖြင့် အမြင့်ဆုံးသောချီးမြှောက်ခြင်းခံရန် ထမြောက်စေတော်မူ၍၊ ထိုသခင်သည် ဘုရားသခင်၏လူတို့ကို အစိုးရသည်သာမက၊ သူသည် ကယ်တင်ရှင်ဖြစ်တော်မူကြောင်းကို ပြသခဲ့ပါသည်။ "သစ္စာစောင့်သော သက်သေခံဖြစ်တော်မူထသော၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူထသော၊ လောကီဘုရင်တို့၏အထွဋ်ဖြစ်တော်မူသော ယေရှုခရစ် . . ." (ဗျာ ၁း၅)။ မိမိအား ယုံကြည်ခြင်းအားဖြင့် အပြစ်လွှတ်ခြင်းရှိကြောင်း နောင်တရခြင်းနှင့် ယုံကြည်ခြင်းက အပြစ်လွှတ်ခြင်းကိုဖြစ်ပွားစေ၏။

ဘုရားသခင်က ဝိညာဉ်တော်ကိုပေးတော်မူ၏၊ တမန်တော်တို့က သူတို့သည်နာခံသောသူထံ ဘုရားသခင်ပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့် ယေရှုခရစ်တော်၏ သက်သေများဖြစ်ကြကြောင်း ဖော်ပြခဲ့ပါသည်။ ထို့ပြင်၊ ပေတရုက ဘုရားသခင်၏စကားကိုနာခံခြင်းက သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးဖြင့် နိုးထစေတော်မူသော အသစ်တဖန်မွေးဖွားခြင်းအသက်တာကို ဖြစ်ပွားစေကြောင်း ရှင်းပြခဲ့ပါသည်။ ထိုသူသည် အသစ်သောစိတ်နှလုံးပိုင်ဆိုင်၍နောင်တရပြီး သခင်ယေရှုခရစ်တော်ကိုယုံကြည်ခဲ့ပါသည်။

သင့်နိုင်ငံ၏ဘုရင်နှင့် အစိုးရသောသူတို့ထံ သင်သက်သေခံလိုပါသလား။ ထိုသို့သောအခွင့်ရရှိရန် သင်ဆုတောင်းပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ခရစ်တော်၏သစ္စာရှိသောသက်သေခံဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ဧဝံဂေလိဟောပြောရသောအခွင့်ကို အကျွန်ုပ်အားပေးသနားတော်မူပါ။

တနင်္လာ၊ စက်တင်ဘာ (၇)
**တမန် ၅:၃၃**
ဟေဗြဲ ၄:၁၂

*“ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြည့်ပြင်ခြင်း၊ သံလျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍. . . ”*

# နှလုံးသည် ကွဲပြတ်မတတ်ဖြစ်၏

ယေရှုခရစ်တော်၏ သတင်းကောင်းသည် မယုံကြည်သူတို့အတွက် ထိုသို့မကောင်းပါ။ အမှန်မှာ သူတို့အတွက် တုန်လှုပ်ခြောက်ခြားစရာဖြစ်ပါ၏။ မယုံကြည်သူတို့က သိပ်လက်မခံလိုကြသော်လည်း ခရစ်ယာန်တို့သည် သတင်းကောင်းဝေငှခြင်းကို လက်မလျှော့ရပါ။ ဘာပဲဖြစ်ဖြစ် သမ္မာတရားကိုကျွန်တော်တို့ ဟောပြောကြရပါမည်။

ကြားခဲ့ကြ၏၊ တပည့်တော်တို့သည် ကြားကောင်းအောင်တရားမဟောကြပါ။ သခင်ဘုရားဟောစေလိုသမျှအတိုင်း ဟောပြောကြ၏။ “နှလုံးသည် ကွဲပြတ်မတတ်ဖြစ်၍” (တမန် ၅:၃၃) ဟူသော စကားစုသည် တရားစီရင်ရေးအဖွဲ့များ လွှနှင့်ဖြတ်ခြင်းခံရကြသကဲ့သို့ ရည်ညွှန်းလိုပါ၏။ ဘုရားသခင်၏လူတို့သည် ရန်သူကိုတိုက်ခြင်း၌ မိမိတို့၏အကြီးမားဆုံးသောလက်နက်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ကြောင်း အစဉ်သတိပြုကြရပါမည်။ တပည့်တော်တို့သည် သစ္စာရှိသောသက်သေများဖြစ်ကြသောကြောင့် ကယ်တင်ရှင်၏နှုတ်ကပတ်တော်ကို သစ္စာရှိစွာ ဟောပြောခဲ့ကြ၏။

အမြွတ်ထွက်ခဲ့ကြ၏၊ သခင်ယေရှုခရစ်တော်ယုံကြည်ဖို့ရန် သူတို့၏လိုအပ်ချက်ကိုမသိဘဲ ဒေါသအမြွတ်ထွက်ခဲ့ကြပါသည်။ သူတို့မှားမှန်းသိကြသော်လည်း သူတို့၏မိုက်မဲယိုယွင်းမှုက ယုံကြည်ခြင်းသို့မပို့ဆောင်ဘဲ သူတို့အားလမ်းပြနေသော တမန်တော်တို့ကို သတ်ပစ်လိုခြင်းသို့ ခေါ်ဆောင်ခဲ့၏။ ဤသည်ကား အသစ်တဖန်မွေးဖွားခြင်းကို ဖြစ်စေသော ဘုရားသခင်၏ဝိညာဉ်တော်မပါရှိလျှင် လူ၏စစ်မှန်သောအခြေအနေဆိုးပင်ဖြစ်ကြောင်း ပြသလျှက်ရှိ၏။ လူသည် လုံးဝပျက်ဆီးယိုယွင်းခဲ့ပါသည်ဟူသော တရားကို ငြင်းပယ်ခြင်းက ထိုလူ၏လုံးဝပျက်ဆီးယိုယွင်းမှုကို ပြသလျှက်ရှိပါသည်။

ကြံ့ပ်မျက်ခြင်း၊ သူတို့၏မှားယွင်းမှုကို ဖုံးကွယ်ဖို့ရန် ထိုသို့ပြုခြင်းသည် တစ်ခုတည်းသောနည်းလမ်းဖြစ်ပါသည်။ သူတို့သည်တမန်တော်တို့အား အဘယ်နည်းနှင့်မဆို သတ်ပစ်လိုကြ၏။ တမန်တော်တို့၏ အပြစ်ဖော်ပြခြင်းတရားကို ဖယ်ရှားခြင်း၌ ချက်ချင်းသူတို့အား ဖယ်ရှားလိုခြင်းရှိကြ၏။ ဤသည်ကား ဘုရားသခင်၏သစ္စာရှိသောသက်သေခံများအပေါ် ပြုလိုသောရန်သူတို့၏ဆန္ဒပင်ဖြစ်ပါသည်။ ယေရှုက ရှေးကပရောဖက်တို့အပေါ် ထိုသို့ယုဒလူတို့ပြုကြကြောင်း ဖော်ပြခဲ့ပါသည် - “ထို့ကြောင့်ဖြောင့်မတ်သော အာဗေလ၏အသွေးမှစ၍၊ အတွင်းဗိမာန်တော်နှင့်ယဇ်ပလ္လင်၏ အကြား၌သင်တို့သတ်ကြသော ဗာရခိသားဇာခရိ၏ အသွေးတိုင်အောင် မြေကြီးအပေါ်၌ သွန်းပြီးသမျှသော သူတော်ကောင်းတို့၏ အသွေးသည်သင်တို့ခေါင်းပေါ်သို့ ရောက်လိမ့်မည်” (မသဲ ၂၃:၃၅)။

သင်ဟောပြောသောတရားကို နားကြားကောင်းအောင် သင်သကြားရောထည့်ပါသလား။ ဘုရားသခင်၏အကြံအစည်တော် နှုတ်ကပတ်အလုံးစုံကို ဟောပြောခြင်း၌ သင်သတ္တိရှိပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် “ယားယံတတ်သောနား” ရှိသောသူဖြစ်ပါသလား။
**ဆုတောင်းချက်** - အို အဘဘုရား၊ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ဝေငှဟောပြောခြင်း၌ အကျွန်ုပ်အား မစတော်မူပါ။

**တမန် ၅း၃၄-၃၉**
ဖေက် ၅း၁၁-၁၃

*"ထင်ရှားစေတတ်သော အရာရှိသမျှသည်လည်း အလင်းဖြစ်၏"*

## ဂါမလျေလ၏အကြံပေးချက်

ဘုရားသခင်သည် လူတို့၏အကြံအစည်များကို မိမိ၏အလိုတော်နှင့် ဆန္ဒပြည့်စုံစေခြင်းအဖို့ အသုံးပြုတော်မူနိုင်၏။ ဒံယေလခေတ်၌ ရှင်ဘုရင်နှင့် အစိုးရ၏အကြံအစည်က ဒံယေလ၏ဆုတောင်းခြင်းအမှု၌ မြဲမြံတည်ကြည်ခြင်းနှင့် ခြင်္သေ့ခံတွင်းထဲမှ သူ့ကိုကယ်နှုတ်ခဲ့သော ဘုရားသခင်၏ တန်ခိုးတော်ကို ထင်ရှားစေပါသည် (ဒံ ၆း၄-၂၃)။ "ထာဝရဘုရားသည် အဇရှလုန်၌ ဘေးရောက်စေခြင်းငှါ" (၂ ရာ ၁၇း၁၄) အဟိသောဖေလ၏အကြံကို ဟုရှဲ၏အကြံကနိုင်ခဲ့၏။

<u>ပြင်သို့ခဏထွက်စေပြီး</u>၊ ဘုရားသခင်ကတပည့်တော်တို့အား ခဏတာညှဉ်းပန်းနှိပ်စက်ခြင်းမခံကြစေခြင်းငှါ နိသရည်းဆရာ ဂါမလျေလကို အသုံးပြုခဲ့ပါသည်။ ဂါမလျေလက "တမန်တော်တို့ကို ပြင်သို့ခဏထွက်စေခဲ့ပါသည်" (တမန် ၅း၃၄)။ ဘုရားသခင်က ဂါမလျေလကို အသုံးပြု၍ ဟိုဟိုဒီဒီမနားတမ်း ယဇ်ပုရောဟိတ်မင်း၏လုလင်တို့၏ဆွဲခေါ်ခံရခြင်းမှ ခဏအနားပေးတော်မူခဲ့၏။ ဘုရားသခင်က မယုံကြည်သူတို့ကိုလည်း အသုံးပြုနိုင်ပါ၏။ သို့သော်လည်း ထိုသူတို့သည်ခဏတာ "ဘုရားသခင်၏အသုံးတော်ခံ"ဖြစ်သောကြောင့် သူတို့အပြစ်မှလွတ်မြောက်ကြသည်ဟု အပြစ်ကင်းသည်ဟုမဆိုလို။ ဤအချက်က ကျွန်ုပ်တို့၏ဘုရားသခင်သည် အနန္တတန်ခိုးရှိတော်မူသောသူ၊ အရာခပ်သိမ်းအပေါ်၌ အဆုံးစွန်အာဏာရှိတော်မူသောသူဖြစ်ကြောင်း ပြသလျက်ရှိ၏။

<u>သူတို့သည်ကွဲပြားပျောက်ပျက်ကြသည်</u>၊ ပုံဥပမာနှစ်ခုဖော်ပြခဲ့ပါသည်။ သုဒ၌ နောက်လိုက်လေးရာရှိခဲ့သော်လည်း သူအသတ်ခံရသောအခါ ထိုနောက်လိုက်တို့သည် ကွဲပြားပျောက်ပျက်ခဲ့ကြ၏။ အခြားတစ်ယောက်မှာ ဂါလိလဲလူယုဒဖြစ်၍ နောက်လိုက်များစွာရှိခဲ့သော်လည်း ထိုနည်းတူ သူသေသောအခါ ထိုနောက်လိုက်တို့သည် ပျောက်လွင့်ခဲ့ကြ၏။ ဆိုလိုသည်မှာ ဂါမလျေလက လူ၏တန်ခိုးသည် ကြာရှည်မခံကြောင်း ဖော်ပြလျက်ရှိ၏။ ခရစ်ယာန်တို့ကိုဆန့်ကျင်မှုပြုသော လှုပ်ရှားမှုသည် စာတန်၏တန်ခိုးခွန်အား ပေးခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏လူတို့ကိုမည်သို့ဘုရားသခင်ကွယ်ကာတော်မူကြောင်း သိခြင်းငှါ ဘုရားသခင်၏ဉာဏ်တော်နှင့်လမ်းပြပို့ဆောင်မှုကို ဘုရားသခင်ထံတောင်းလျှောက်ရှာဖွေကြရပါမည်။

<u>ဘုရားသခင်ကိုဆန့်ကျင်ခြင်းမပြုကြနှင့်</u>၊ ဂါမလျေလက ". . . ဘုရားသခင်၏အကြံအမှုဖြစ်လျှင် သင်တို့သည် မဖျက်ဆီးနိုင်ကြ၊ သင်တို့သည်ဘုရားသခင်၏အာဏာတော်ကို ဆန်သောသူမဖြစ်မည်အကြောင်း သတိပြုကြလော့" (တမန် ၅း၃၉) ဟုဆိုခဲ့ပါသည်။ Rev Tow က "ဂါမလျေလသည် ခရစ်ယာန်နှင့်ပတ်သတ်၍ အသက်ရှင်တော်မူသောဘုရားသခင်၏ တန်ခိုးတော်ကို သိမြင်သော ပညာရှိနိုင်ငံရေးသမားဖြစ်ပါသည်" ဟု မှတ်ချက်ပြုခဲ့၏။ သူသည် ဣသရေလ၏ထာဝရဘုရားကို သိခဲ့၏။ ဘုရားသခင်ထက် အင်အားကြီးသောတန်ခိုးမရှိ။ အဘယ်သူမျှ ဘုရားသခင်၏အလိုတော်ကို မဆန့်ကျင်နိုင်ကြပါ။

အဘဘုရား၏ ခွင့်ပြုချက်မပါဘဲ အဘယ်သူကမျှ သင့်ကိုမထိနိုင်ကြောင်းကို သင်ယုံကြည်ပါသလား။ ကပ်ကမ္ဘာဆုံးသည်တိုင်အောင် သင်နှင့်အတူရှိတော်မူမည်ဟူသော ဂတိတော်ကို သင်ယုံကြည်ကိုးစားခြင်းရှိပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အကြံအစည်တော်ထဲသို့ ကျွန်တော်မိမိကိုယ်ကို ဆက်ကပ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ သေသည့်တိုင်အောင် ကိုယ်တော်၏နောက်သို့လိုက်မည်အကြောင်း မစတော်မူပါ။

**တမန် ၅း၄၀**

၂ ကော ၄း၉-၁၁

*"ညှဉ်းဆဲခြင်းကိုခံရသော်လည်း ရှုံးခြင်းမရှိ၊ အောက်သို့လဲခြင်းခံရသော်လည်း ဆုံးရာသို့မရောက်"*

## ညှဉ်းဆဲခြင်းခံရသော်လည်း ပျက်စီးခြင်းသို့မရောက်

လူတို့၏အကြံအစည်က ဘုရားသခင်၏အမှုတော်ကို ထိခိုက်စေသည်ဟုထင်ရသော်လည်း ထိုအရာတို့ကို ခွင့်ပြုတော်မူသောကျွန်ုပ်တို့ဘုရားသခင်သည် အလုံးစုံကိုသိတော်မူသောဉာဏ်နှင့်ပြည့်စုံသောသူဖြစ်သည်ကို ယုံကြည်လိုက်ပါ။ ရန်သူ၏အကြံထမြောက်သည်ဟု ထင်ကြသော်လည်း နောက်ဆုံးတွင် ဘုရားသခင်၏အကြံအစည်တော် စုံလင်ဖို့သာဖြစ်ပါ၏။ ထိုအချက်ကို သင်သိလျှင် ရန်သူ၏အကြံအစည်အမှု၌ သင်မြည်တမ်းခြင်း ပြုမည်မဟုတ်ပါ။ အလုံးစုံကိုသိတော်မူသော ဘုရားသခင်က အရာခပ်သိမ်းကို အစမှအဆုံးတိုင် သခင်ယေရှုနှင့်ကျွန်တော်တို့ မျက်နှာချင်းဆိုင် ဆုံတွေ့သည်အချိန်နှင့် ထို့နောက်၌ဖြစ်မည့်အရာတိုင်အောင် သိကျွမ်းတော်မူ၏။

ရိုက်နှက်ခဲ့ကြ၏၊ တမန်တော်တို့သည် ရိုက်နှက်ခြင်းခံကြရ၏ (တမန် ၅း၄၀)။ အပြစ်ရှိသည်ဟု မထင်ရှားသေးသောသူကို ထိုသို့ရိုက်နှက်ခြင်းအား ရှေးရောမဥပဒေ၌ ခွင့်ပြုမထားပါ။ သို့သော်လည်း မယုံကြည်သူတို့၏ မတရားသောဆက်ဆံခြင်းကို ခံရနိုင်ကြောင်း သိထားရပါမည်။ တမန်တော်တို့ကျူးလွန်သည်ဟု စွပ်စွဲခံရသောအပြစ်သည် တရားစီရင်ရေးအဖွဲ့၏စကားကို နာမခံဘဲ ဘုရားသခင်၏စကားကို နာခံခြင်းပင်ဖြစ်ပါသည်။ သူတို့သည် ဂါမလျေလ၏အကြံကို သဘောတူကြသော်လည်း စိတ်ထဲ၌ဒေါသထွက်လျက်ရှိကြ၏။ သခင်ယေရှုကြုံတွေ့ခဲ့သော ပို၍ညှဉ်းဆဲနှိပ်စက်ခြင်းခံရမှုကို သူတို့အောက်မေ့ကြပါလိမ့်မည်။ "ယေရှုကိုကိုင်စွဲသောသူတို့သည် ကိုယ်တော်ကိုပြက်ယယ်ပြု၍ ရိုက်ပုတ်ကြ၏။ မျက်နှာတော်ကိုဖုံးပြီးလျှင် လက်နှင့်ပုတ်လျက်၊ ကိုယ်တော်ကို အဘယ်သူပုတ်သည်ကို ပရောဖက်ပြု၍ ဟောတော်မူပါဟုဆိုကြ၏။ အခြားသော စကားများဖြင့်လည်း ကိုယ်တော်ကို ကဲ့ရဲ့၍ပြောဆိုကြသေး၏" (လုကာ ၂၂း၆၃-၆၅)။

အမိန့်ပေးကြ၏၊ တမန်တော်တို့အား ယေရှုနာမတော်အားဖြင့် နောက်ထပ်တရားမဟောကြရန် အမိန့်ပေးတားမြစ်ခဲ့ကြ၏။ သူတို့သည်ယေရှု၏နာမတော်ကို မုန်းတီးကြသောကြောင့် ထိုသို့ပြုခြင်းကို ပြစ်မှုခံယူထားကြ၏။ ဤသည်ကား ယုံကြည်သူအတွက် မဖြစ်နိုင်သောအရာဖြစ်ပါသည်။ သူတို့၏စကားကို နာခံခြင်းသည် ယေရှု၏ချစ်ခြင်းမေတ္တာ၊ ဂရုဏာတော်နှင့်ကျေးဇူးတော်ကို ငြင်းပယ်ခြင်းနှင့်တူပါ၏။ တရားမဟောဘဲနေခြင်းသည် အသက်ရှင်ခြင်းနှင့်ဆိုင်သော ကောင်းကြီးမင်္ဂလာကို လူတို့အား မကြားသိစေခြင်းဖြစ်ပါ၏။ ဧလိရှဲခေတ်၌လည်း နူနာစွဲသောသူတို့သည် သူတို့ကြုံတွေ့ရသော သတင်းကောင်းကို သူတပါးထံမပြောဘဲနှုတ်ဆိတ်နေခြင်းသည် မကောင်းကြောင်းသိနားလည်ကြ၏ (၄ ရာ ၇း၉)။ ထို့ကြောင့် တမန်တော်တို့သည် ခရစ်တော်အားဖြင့် သူတို့ရရှိလက်ခံရကြသော ဝိညာဉ်ရေးရာသတင်းကောင်းကို မဟောပြောဘဲ နှုတ်ဆိတ်နေကြလျှင် မကောင်းကြောင်းကို ပို၍သိကြပါလိမ့်မည်။

သင်သည်ခြိမ်းခြောက်ခံရလျှင်ပင် ဆက်လက်၍သက်သေခံရပါမည်လော။ ထိုသို့သော ခြိမ်းခြောက်တားမြစ်ခြင်းကို သင်မည်သို့တုံ့ပြန်ပါမည်နည်း။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် သူရဲဘောကြောင်သော သက်သေခံဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ယေရှုအတွက် သတ္တိရှိသောသူဖြစ်မည်အကြောင်း မစတော်မူပါ။

**တမန် ၅း၄၁-၄၂** *"သည်းခံခြင်းစိတ်သည် အကုန်အစင် ပြုပြင်ပါစေ"*

ယာကုပ် ၁း၁-၄

# ဘုရားသခင်အတွက် ကြိုးစားအားထုတ်မှု

ဘုရားသခင်အတွက် ခရစ်ယာန်၏ကြိုးစားအားထုတ်မှုသည် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ဆီးတားခြင်းတို့ကြောင့် ပျက်ပယ်မသွားရပါ။ ညှဉ်းဆဲခြင်းခံရသောအခါ ဘုရားသခင်က ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကြံ့ခိုင်သန်မာစေခြင်းဖြစ်သည်ဟု မှတ်ယူကြရပါမည်။ ခြိမ်းခြောက်တားမြစ်ခြင်းတို့အလယ်၌ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကြီးထွားခြင်းရှိသည်ကို သတိပြုကြပါစို့။

အခက်အခဲကြား၌ဝမ်းမြောက်ခြင်း၊ မေးမြန်းခြင်းခံရသော နေရာမှသူတို့ထွက်လာခဲ့ကြသောအခါ ရိုက်နှက်ခံရခြင်းကြောင့် သူတို့သည် ဝမ်းနည်းငိုကြွေးခြင်းမပြုကြပါ။ ဝမ်းမြောက်ခြင်းရှိကြ၏။ ဤသည်ကား ယုံကြည်သူနှင့်ထိုတရားစီရင်ရေး အဖွဲ့ဝင်တို့ရှေ့၌ အံ့ဖွယ်ရာအမှုဖြစ်ပါသည်။ ခရစ်တော်၏နာမတော်ကြောင့် အရှက်ကွဲခြင်းခံထိုက်ကြသည်ဟု သတ်မှတ်တော်မူသောကြောင့် သူတို့သည် ဝမ်းမြောက်ခြင်းရှိကြ၏။ ယေရှုမိန့်တော်မူခဲ့သည့်အတိုင်း သူတို့အတွက် မင်္ဂလာဖြစ်ပါ၏- "ဖြောင့်မတ်ခြင်းတရားကြောင့်၊ နှောင့်ရှက်ညှဉ်းဆဲခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏" (မသဲ ၅း၁၀)။ တမန်တော်တို့ စိတ်နှလုံးထဲ၌ မုန်းတီးခြင်း၊ အငြိုးထားခြင်းများမရှိပါ။

သွန်သင်ခြင်းနှင့်ဟောပြောခြင်း၊ သူတို့ကြုံတွေ့ခဲ့ကြသော အခက်အခဲနှင့်ရိုက်နှက်ခြင်းတို့ကြောင့် အနည်းငယ်အနားယူ၍ တိတ်တဆိတ်နေကြရန် အလိုမရှိကြပါ။ ထိုသို့သော အနားယူခြင်း သူတို့စိတ်ထဲ၌ မတွေးထားကြပါ။ ဆက်လက်၍သွန်သင်ဟောပြောခြင်းကို ပြုခဲ့ကြ၏။ ခရစ်တော်၏ မဟာစေခိုင်းချက်ကိုလိုက်၍ အမှုဆောင်ရွက်ခဲ့ကြပါသည်။ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ခြင်းငှါ ဝိညာဉ်တော်၏နှိုးဆော်ခြင်းနှင့်မစမှုကို အစဉ်ခံရကြ၏။ ထိုသို့ပြုခြင်းသည် သူတို့သခင်၏ ခြေရာကို လိုက်၍ပြုကြခြင်းဖြစ်၏-"ငါ့ကိုစေလွှတ်တော်မူသောသူ၏အမှုကို နေ့အချိန်ရှိစဉ်တွင် ငါပြုရမည်။ အဘယ်သူမျှ အမှုမပြုနိုင်သောအချိန်တည်းဟူသော ညဉ့်အချိန်လာသေး၏" (ယောဟန် ၉း၄)။ နေ့စဉ်သွန်သင်ခြင်းနှင့် ဟောပြောခြင်းအမှုကို ပြုကြ၏။ တစ်ရက်မှာ (၂၄) နာရီ၊ တစ်ပတ်မှာ (၇) ရက် အမှုတော်ဆောင်ရန်ဆန္ဒရှိခဲ့ကြ၏။ နေရာတိုင်းသည် သူတို့သွန်သင်ဟောပြောရမည့်နေရာဖြစ်ပါသည်။ ယေရှုခရစ်တော်အကြောင်းသည် သူတို့၏ အဓိကတရားတော်ဖြစ်၏။ ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်သခင်၏ အမှုတော်ကို ဆောင်ရွက်ကြကြောင်း သိမှတ်ကြသဖြင့် ဝမ်းမြောက်ရွှင်လန်းခြင်း ရှိကြ၏။

ဘုရားသခင်၏နှုတ်ကပတ်တော်ကိုစိတ်အားထက်သန်စွာ သင်ဟောပြောပါသလား။ သင်အဆင်ပြေသောအချိန်၌သာ သင်ထိုသို့ပြုနေပါသလား။

**ဆင်ခြင်ရန်** - သူတပါးထံဘုရားသခင်၏နှုတ်ကပတ်တော်ဝေငှခြင်း၌ သင်ဝမ်းမြောက်ခြင်းရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ယေရှု၏အကြောင်း ဟောပြောလိုသောဆန္ဒရှိသည့် စိတ်နှလုံးကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

သောကြာ၊ စက်တင်ဘာ (၁၁)

**တမန် ၆း၁**

ဖိလိ ၂း၁၄-၁၆

*“ပြုလေသမျှတို့၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲ ပြုကြလော့”*

# မြည်တမ်းခြင်း

အသင်းတော်ပြိုကွဲစေမည်ဟု ထင်ရသောပြဿနာပေါ်လာသောအခါ ဘုရားသခင်သည် မိမိလူတို့အား အသုံးပြု၍ဖြေရှင်းတော်မူတတ်၏။ ဘုရားသခင်၏ဉာဏ်တော်အားဖြင့် ပြဿနာသည် အကောင်းဆုံးပြောင်းလဲခဲ့ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းကြရပါမည်။ ပြဿနာပေါ်လာသောအခါ ကျွန်တော်တို့သည် ဘုရားသခင်ထံတိုးဝင်၍ အကောင်းဆုံး စီမံလုပ်ဆောင်ပေးတော်မူ၏။ “ဘုရားသခင်ကိုချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်းပြုစုကြသည်ကို ငါတို့သိကြ၏” (ရောမ ၈း၂၈)။

လူဦးရေတိုးပွားလာသောအခါ၊ တပည့်တော်အရေအတွက် များပြားလာခဲ့ပါသည်။ အနည်းငယ်တိုးလာခြင်းမဟုတ်ဘဲ အဆပေါင်းများစွာ တိုးပွားလာခြင်းဖြစ်ပါသည်။ ဤတိုးပွားများပြားလာခြင်းကြောင့် ဘုရားသခင်ကိုချီးမွမ်းကြပါစို့။ လူဦးရေတိုးပွားခြင်းသည် လိုချင်စရာကောင်းသော်လည်း ထိုယုံကြည်သူတို့အား မည်သို့စောင့်ရှောက်ရမည်အကြောင်း အသင်းတော်၌မိမိတာဝန်ကို သိရပါမည်။ အသင်းဝင်လူဦးရေတိုးပွားလာသည်နှင့်အမျှ အခြေခံလိုအပ်ချက်များ ပိုမိုများပြားလာတတ်၏။ ထိုသို့သော အခြေအနေတွင်ဘုရားသခင်က မည်သို့ဆောင်ရွက်ရမည်ကို အကောင်းဆုံးသိတော်မူပြီ။ ယေရုရှလင်မြို့၏ ကနဦးအသင်းတော်အား မည်သို့စောင့်ရှောက်ပြုစုခဲ့သည်ကို တွေ့ရပါသည်။

လိုအပ်သောအရာ လျစ်လျူရှုသောအခါ၊ မည်သို့ပင် စုံလင်စွာ စီမံခန့်ခွဲခြင်းပြုသည်ဆိုပါစေ၊ လိုအပ်ချက်တော့ရှိတတ်စမြဲပါ။ ဤအမှုကို ကနဦးအသင်းတော်၌လည်း တွေ့ရ၏။ နေ့စဉ်အလုပ်အကျွေးပြုသောအခါ အချို့လူတို့ကို လျစ်လျူရှုမိခဲ့ကြ၏။ ဟေလေနစ်ဆိုသည်မှာ ဂရိဘာသာစကားပြောသော ယုဒလူတို့ဖြစ်ပါသည်။ ဟေဗြဲလူဆိုသည်မှာ ဟေဗြဲစကားပြောသော ယုဒလူများဖြစ်ကြ၏။ မုဆိုးမတို့သည် အသင်းတော်၌စောင့်ရှောက်ဖို့လိုသောသူများ ဖြစ်ကြ၏။ အထူးသဖြင့် စောင့်ရှောက်မည့်ဆွေမျိုးသားချင်းမရှိသော မုဆိုးမတို့ကို အသင်းတော်ကထောက်ပံ့ပေးရပါမည်။ ထိုသို့ အသင်းတော်ကထောက်ပံ့ကျွေးမွေးပြုစုပေးနေစဉ် လူများသောကြောင့် ထိုသို့လျစ်လျူရှုခြင်းခံရခြင်းဖြစ်နိုင်ပါသည်။ ဘုရားသခင်၏အချိန်ကိုက်ဝင်ရောက်ဖြေရှင်းပေးတော်မူခြင်းသည် စုံလင်သော အမှုဖြစ်ပြီး ဘုရားသခင်သာလျှင် ဘုန်းတန်ခိုးအာနုဘော်နှင့် ရှိသေခြင်းအပေါင်း ခံထိုက်ပါ၏။

မတရားဆက်ဆံခံရခြင်းကြောင့် သင်အလွယ်တကူမြည်တမ်းခြင်းပြုပါသလား။ ဘယ်သူ့အပေါ် သင်မြည်တမ်းပါသလဲ။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာကို ကျွန်တော်ဝမ်းမြောက်စွာ ခံယူပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းအပေါင်းအတွက် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

စနေ၊ စက်တင်ဘာ (၁၂)
**တမန် ၆း၂-၄**
ကောလော ၁း၉-၁၃

*"ငါတို့သည်ကြားရသည်နေ့မှစ၍ သင်တို့အဖို့ အလိုငှါ အစဉ်မပြတ် ဆုတောင်းပဌနာ ပြုလျက်နေကြ၏"*

# တမန်တော်၏အမှုတော်

"ဘုရားသခင်အမှုပြုတော်မူသောအခါ စာတန်သည်လည်း နှစ်ဆကြိုးစားအားထုတ်၍ အလုပ်လုပ်တတ်၏"။ ဤအချက်ကို အထူးသဖြင့် အသင်းတော်ခေါင်းဆောင်များအစဉ်သတိထားရပါမည်။ "မြည်တမ်းခြင်း" (တမန် ၆း၁) သည် မကျေနပ်ချက်ကို ဖော်ပြခြင်းဖြစ်ပါသည်။ လျစ်လျူရှုခြင်းကြောင့် ပြဿနာပေါ်ပေါက်ခဲ့၏။ သတင်းကောင်းဟောပြောခြင်းအမှုတော်ကို စာတန်သည် ပြင်ပမှတိုက်ခိုက်၍ မအောင်မြင်သောအခါ ယခု အတွင်းမှဖြိုခွဲရန် ကြိုးစားအားထုတ်လာခဲ့၏။ ဤအမှုက တမန်တော်တို့အား ကူညီမည့်သူရှာရန် တွန်းအားပေးခဲ့၏။ သူတို့သည် များစွာသော အမြင်နှင့်အိုင်ဒီယာကို မရှာ၊ မတောင်းကြပါ။ သူတို့သည် ဘုရားသခင်ခန့်ထားတော်မူသောသူဖြစ်ကြသောကြောင့် သဘောတူညီကြသောဆုံးဖြတ်ချက်ကိုချပြီး လူထုထံကောင်းမွန်စွာ အသိပေးခဲ့ကြ၏။

<u>ဆုတောင်းပဌနာပြုခြင်းအမှု</u>၊ ဆုတောင်းခြင်းသည် အသင်းတော်၏အသက်ဖြစ်ပါသည်။ တမန်တော်တို့က ဆုတောင်းခြင်း၏အရေးပါမှုကို ကောင်းကောင်းသိကြ၏။ ဆုမတောင်းဘဲနေလျှင် ဘုရားသခင်နှင့်အဆက်အသွယ်ပျက်၍ အသင်းတော်သည် ဒုက္ခရောက်ပါလိမ့်မည်။ ဆောင်ရွက်ခြင်းငှါ ခန့်ထားခြင်းခံရသောအမှုကို လျစ်လျူမရှုသင့်ပါ။ ထိုအခါ လူတို့သည် ဝိညာဉ်တော်နှင့်ဋ္ဌင်း၊ ပညာနှင့်ဋ္ဌင်း အသရေရှိသောလူခုနစ်ယောက်ကို ရှာဖွေခဲ့ကြ၏။ "စားပွဲ" ဟူသော စကားလုံးသည် ဤနေရာ၌ (တမန် ၆း၂) ငွေရေးကြေးရေးကိစ္စတစ်လုံးတည်းဖြစ်၍ အမှုတော်ကို ကြိုးစားအားထုတ်၍ ကြံ့ကြံ့ခံဆောင်ရွက်မည်ဟု အဓိပ္ပာယ်သက်ရောက်ပါ၏။

<u>နှုတ်ကပတ်တရားတော်ဟောပြောခြင်းအမှု</u>၊ အမှုတော်မြတ်၌ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အဓိကအရေးကြီးသောအရာဖြစ်သည်ကို ဘုရားသခင်၏အစေခံကျွန်တိုင်းက သိရှိလျက် အဓိကထားကြရပါမည်။ တမန်တော်တို့သည် မိမိတို့၏အဓိကတာဝန်ဖြစ်သော ဆုတောင်းခြင်းနှင့် သွန်သင်ခြင်းကို မမေ့လျော့ခဲ့ကြပါ။ အသင်းတော်၌ မိမိ၏တာဝန်ကိုသိကြ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုလေ့လာဆည်းပူး၍ သွန်သင်ခြင်းငှါ ဘုရားသခင်ခန့်ထားတော်မူခြင်းဖြစ်၏။ ထိုဘုရားသခင်၏နှုတ်ကပတ်တော်ကို သစ္စာရှိစွာ၊ မှန်ကန်စွာ ဟောပြောသင်ထားခြင်းရှိမရှိ သတိပြုစောင့်ကြည့်ကြရပါမည်။ အခြားအမှု၌ ပါဝင်ခြင်းက ဟောပြောမည့်နှုတ်ကပတ်တော်လေ့လာပြင်ဆင်ဖို့ရန် အချိန်ကိုလုယူမည်ဖြစ်၍ လူတို့၏ဝိညာဉ်အသက်တာထိခိုက်စေမည် ဖြစ်ပါသည်။ သင်းအုပ်ဆရာတိုင်းနှင့် တရားဟောဆရာတိုင်းသည် မိမိအသက်တာ၌ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အရေးကြီးဆုံး ပထမနေရာ၌ထားရပါမည်။ ဒုတိယနေရာ၌ ထားမိလျှင် အသင်းတော်ပျက်ဆီးသွားပါလိမ့်မည်။

သင်၏သင်းအုပ်ဆရာသည် ဆုတောင်းပဌနာပြုခြင်းနှင့် နှုတ်ကပတ်တော်၌ အာရုံစိုက်နိုင်ခြင်းငှါ အသင်းတော်၌သင်ပါဝင်ကူညီမှုပြုပါသလား။ အမှုတော်ဆောင်ရွက်ရန် ဘုရားသခင်က သင့်ကိုအဘယ်ဆုကျေးဇူးပေးပါသနည်း။

**ဆင်ခြင်ရန်** - အသင်းတော်၌ အကျွန်ုပ်ပြုသောအမှုဘယ်လိုရှိပါသနည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အမှုတော်ကို အကျွန်ုပ်အား ဆောင်ရွက်လိုခြင်း ပို၍ ပို၍ ရှိစေတော်မူပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၁၃)

**တမန် ၆း၅-၆**

၁ တိ ၃း၈-၁၃

*"ထိုနည်းတူ သင်းထောက်တို့သည် တည်ကြည်သောသူ ဖြစ်ရကြမည်။ လျှာနှစ်ခွနှင့်ပြောသောသူ . . . မဖြစ်ရကြ"*

## သင်းထောက်များ

တမန်တော်တို့က သင်းထောက်တို့၏အရည်အချင်းများကို ချမှတ်၍ လူတို့ကတပည့်တော်တို့တွင် ရွေးချယ်ခဲ့ကြ၏။ လူထုက မည်သို့သောပုဂ္ဂိုလ်ရှာရမည်ကို သိလျက် ရှာဖွေခဲ့ကြပါသည်။ ထိုသို့ရှာဖွေခြင်း၌ လူမျိုးရေး၊ နိုင်ငံရေး လွှမ်းမိုးမှုမရှိစေရန် စံနှုန်းကိုတမန်တော်တို့က ချမှတ်ပေးခဲ့ပါသည်။

သန့်ရှင်းသူတို့က ရွေးချယ်ခဲ့၏၊ တမန်တော်တို့က လူထုအား လူခုနစ်ယောက်ကိုရှာခြင်းငှါ ဆုံးဖြတ်အသိပေးပြီးနောက် ထိုတမန်တော်တို့ချမှတ်ထားသော အရည်အချင်းအတိုင်း ရွေးချယ်ခြင်းငှါ သဘောတူခဲ့ကြ၏။ ခုနစ်ယောက်စလုံးတို့သည် ဂရိလူမျိုးများဖြစ်ကြ၏ (ဂရိနာမည်ရှိကြ၏)။ ဂရိစကားပြော ယုဒမုဆိုးမတို့ကို စိတ်ထဲမှထား၍ ရွေးချယ်ကြခြင်းဖြစ်နိုင်ပါသည်။ လူထုသဘောတူညီမှုဖြင့် ရွေးချယ်ခဲ့ကြခြင်းဖြစ်၏။ သူတို့အားလုံးသည် တမန်တော်တို့ချမှတ်သော အကျင့်သီလနှင့် ပြည့်ဝကြ၏။ ဤသင်းထောက်အမှုကို သူတို့ကဲ့သို့သော ဘုရားသခင်၏ဝိညာဉ်တော်သို့ လုံးဝနာခံ ဆက်ကပ်သောသူမှသာ သစ္စာရှိစွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သင်းထောက်တို့၏အဓိကတာဝန်သည် အသင်းတော်၏ဘဏ္ဍာရေးနှင့် ခန္ဓာကိုယ်နှင့်ဆိုင်သောအရာများ ဖြစ်ပါသည်။ ခေါင်းပေါ်၌လက်တင်ခြင်းက သူတို့ဆောင်ရွက်မည့်အမှုကို ကျေပွန်စွာဆောင်ရွက်နိုင်ခြင်းငှါ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာတောင်းလျှောက်ပေးခြင်း၊ ဘုရားသခင်အတူပါရှိခြင်းကို အတူပါရှိလျက် ရှိ၏။

တမန်တော်တို့က ခန့်ထားကြ၏၊ လူထုက ထိုခုနစ်ယောက်ကို ရွေးချယ်၍ တမန်တော်တို့က သူတို့အပေါ် ဆုတောင်းပေးခဲ့ကြ၏။ ဤဆုတောင်းခြင်းသည် ထိုသူတို့ကို ဆက်ကပ်ခြင်းနှင့်ဘုရားသခင်၏အတည်ပြုခြင်းတည်းဟူသော ဘိသိက်ပေးခြင်းပင် ဖြစ်ပါသည်။ တမန်တော်တို့သည် ဆုတောင်းခြင်းဖြင့် သူတို့အားဘုရားသခင်ထံ ဆက်ကပ်လျက် ဘုရားသခင်ကိုယ်စားသူတို့ကို တာဝန်ပေးအပ်ခြင်းအနေဖြင့် သူတို့ခေါင်းပေါ်မှာ လက်တင်ခဲ့ကြ၏။ ဤသည်ကား ခေါ်တော်မူခြင်းခံရာ တာဝန်ကို ထမ်းဆောင်ခြင်းငှါ မိမိကိုယ်ကိုဆက်ကပ်သောသူတို့အား ထိုအထူးတာဝန်ဆောင်ရွက်ခြင်းငှါ လက်တင်ဘိသိက်ပေးခြင်းမင်္ဂလာဖြစ်ပါသည်။ "ဗျာဒိတ်တော်ကိုခံ၍ သင်းအုပ်များတို့သည် လက်တင်ခြင်းနှင့်တကွ သင်၌အပ်ပေးသောဆုကျေးဇူးကို မပြုစုဘဲမနေနှင့်။ သင်၏တိုးပွားခြင်းကို လူအပေါင်းတို့အား ထင်ရှားစေခြင်းငှါ ဤအရာများကို စိတ်စွဲလမ်း၍ကြိုးစားအားထုတ်လော့။ ကိုယ်ကိုဂရု၊ ကိုယ်ဆုံးမဩဝါဒကိုဂရု၊ သတိပြု၍အမြဲတည်နေလော့။ ထိုသို့ပြုလျှင် ကိုယ်ကိုဂရု၊ နားထောင်သောသူတို့ကိုဂရု ကယ်တင်လိမ့်မည်" ( ၁ တိ ၄း၁၄-၁၆)။

အသင်းတော်၌ မိမိတတ်နိုင်သောအမှုတော်ကို ဆောင်ရွက်ခြင်းငှါ သင်ဆန္ဒရှိပါသလား။ ထိုသို့ အမှုဆောင်ရွက်ခြင်း၌ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြပို့ဆောင်မှုကို သင်ခံစားသိရှိပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဝိညာဉ်တော်နှင့် ကျွန်တော်ပြည့်ဝပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အမှုကို ဆောင်ရွက်ခြင်းငှါ အကျွန်ုပ်အား ခေါ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

တနင်္လာ၊ စက်တင်ဘာ (၁၄)
**တမန် ၆း၇**
ရောမ ၁၀း၁၇

*“သို့ဖြစ်၍ ယုံကြည်ခြင်းသည် ကြားနာခြင်း အားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏စကားတော်အားဖြင့် ဖြစ်၏”*

# ဘုရားသခင်၏အသိအမှတ်ပြုခြင်း

ဘုရားသခင်သည် တမန်တော်တို့၏ ဆုံးဖြတ်ချက်ကိုနှစ်သက်တော်မူ၏။ ထိုသို့သော သင်းထောက်တာဝန်ခန့်အပ်ခြင်းဖြင့်၊ သဘောထားကွဲလွဲခြင်း လျော့သွားခဲ့ပြီး၊ မုဆိုးမတို့သည် ပြုစုခြင်းခံရလျက်၊ တမန်တော်တို့သည် ဆုတောင်းပဌနာပြုခြင်းနှင့် သွန်သင်ခြင်းအမှုကို ပြုခဲ့ကြရ၏။ အသင်းတော်၌ ဘုရားသခင်၏စီမံချက်အတိုင်း ဆောင်ရွက်လျှင် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာသည်လည်း အမှန်ကျရောက်တတ်၏။ ဤသို့ဖြင့် ဝိညာဉ်ရေးရာရင့်ကျက်မှု မင်္ဂလာသက်ရောက်ခဲ့ပါသည်။

<u>ဘုရားသခင်၏နှုတ်ကပတ်တော်သည် တိုးပွားခဲ့၏</u>၊ ဤတိုးပွားခြင်းသည် အရေအတွက်များပြားလာခြင်းမဟုတ်ဘဲ၊ အသင်းတော်၌ နှုတ်ကပတ်တော်၏အဓိကကျမှုနှင့် နေရာယူမှုကိုဆိုလိုခြင်းဖြစ်ပါသည်။ အမှုတော်တိုင်း၌ နှုတ်ကပတ်တော်က အဓိကနေရာရယူလာခဲ့၏။ ဆုတောင်းခြင်း၊ မိဿဟာယဖွဲ့ခြင်း၌လည်း ဘုရားသခင်၏နှုတ်ကပတ်တော်သည် အဓိကကျလာခဲ့၏။ လူတို့ကလည်း ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပို၍သိလိုခြင်းရှိကြ၏။ လူတို့၏ စိတ်နှလုံးထဲတွင် နှုတ်ကပတ်တော်က နေရာယူလာခဲ့ပြီး၊ ထိုနှုတ်ကပတ်တရားတော်ကို ပို၍ငတ်မွတ်ခြင်းရှိကြ၏။ များစွာသောသူတို့သည် ခရစ်ယာန်ယုံကြည်ခြင်းတရားများကို စိတ်ဝင်စားခဲ့ကြပြီး၊ သွန်သင်ချက်နှင့်တရားဟောချက်တို့ကို စိတ်အားထက်သန်စွာ နှလုံးသွင်းခဲ့ကြ၏။

<u>တပည့်တော်များ အလွန်ပွားများလာ၏</u>၊ ဘုရားသခင်၏နှုတ်ကပတ်တော်တိုးပွားခြင်းကြောင့် တပည့်တော်အရေအတွက် ပွားများလာခဲ့ပါသည်။ သူတို့၏သစ္စာရှိခြင်းကို ဘုရားသခင်က ကောင်းကြီးပေးတော်မူ၍ ယေရုရှလင်မြို့၌ အလွန်များပြားလာခဲ့ကြ၏။ နှုတ်ကပတ်တော်တိုးပွားခြင်းက တပည့်တော်များကို ပွားများစေ၏ဟူသောတရားသည် သမ္မာကျမ်းစာနှင့်ညီသော အသင်းတော်တိုးပွားခြင်းလမ်းစဉ်ဖြစ်ပါသည်။ ယနေ့များစွာသော အသင်းတော်သည် သမ္မာတရားကိုမျက်ကွယ်ပြုလျက်၊ အသက်ရှင်၍ စစ်မှန်သောဘုရားသခင်ကိုးကွယ်ခြင်းမဟုတ်ဘဲ၊ အမျိုးမျိုးသောလှုပ်ရှားမှုနှင့် အစီအစဉ်အားဖြင့် အသင်းတော်လူဦးရေတိုးပွားအောင် လုပ်လာခဲ့ကြ၏။

<u>ယဇ်ပုရောဟိတ်တို့ကလည်း ယုံကြည်ခဲ့ကြ၏</u>၊ ယဇ်ပုရောဟိတ်အပေါင်းတို့သည် ယုံကြည်ခြင်းတရားကို နားထောင်ခဲ့ကြ၏ဟု ဖော်ပြခဲ့ပါသည်။ အခန်းကြီး ၅ ထဲတွင် ယဇ်ပုရောဟိတ်မင်းနှင့် ယဇ်ပုရောဟိတ်အကြီးတို့သည် တမန်တော်တို့ကို ဆန့်ကျင်ခဲ့ကြကြောင်း ဖော်ပြခဲ့ပါ၏။ သို့သော်လည်း၊ စုံစမ်းမေးမြန်းခြင်းများပြုစဉ် ဤယဇ်ပုရောဟိတ်တို့သည် ပေတရုနှင့်အခြားတမန်တော်တို့၏ပြောဆိုမှုကိုကြားခဲ့ကြပါလိမ့်မည်။ ဤနည်းလမ်းသည် ယနေ့များစွာသောအသင်းတော်ကျင့်သုံးသောလူတို့ကို ဆွဲဆောင်သောနည်းလမ်းမဟုတ်၊ ဓမ္မသစ်ကျမ်း၌ တွေ့ရသော နှုတ်ကပတ်တော်အခြေခံခြင်းနည်းလမ်းဖြစ်ပါသည်။ အသင်းတော်ကြီးထွားခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် စတင်ရပါမည်။

သင့်အသက်တာ၌ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အဓိကအာဏာအရှိဆုံးဖြစ်ပါသလား။ သမ္မာကျမ်းစာကို သင့်အသက်တာ၊ မိသားစုနှင့်အသင်းတော်၌ အဓိကအရေးကြီးဆုံးဖြစ်သည်ဟု သင်ခံယူပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်၏ တန်ခိုးတော်ကိုကျွန်တော်သိမှတ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ဝိညာဉ်တော်၏ဓားတည်းဟူသော သမ္မာကျမ်းစာအသုံးပြုခြင်းငှါ အကျွန်ုပ်အား သွန်သင်တော်မူပါ။

**တမန် ၆း၈-၁၅**
ဖိလိ ၁း၁၇

*"ငါသည် ဧဝံဂေလိတရားကို ထောက်မဘို့ရာ ခန့်ထားသောသူဖြစ်ကြောင်း. . . "*

## ဝိညာဉ်တော်ထံမှ အသိဉာဏ်ပညာ

ရွေးချယ်ခဲ့သောတပည့်တော်တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝကြသည်ဖြစ်၍ အသင်းတော်၏သစ္စာရှိသောဘဏ္ဍာစိုးများဖြစ်ခဲ့ကြပါသည်။ သင်းထောက်တို့၏ အဓိကတာဝန်မှာ အသင်းတော်၌ ဘုရားသခင်၏နှုတ်ကပတ်တော်ကောင်းမွန်စွာ ဟောပြောခြင်းနှင့်သွန်သင်ခြင်းရှိစေရန် ပြင်ဆင်စောင့်ကြည့်ခြင်းပင် ဖြစ်ပါသည်။ သင်းထောက်ခန့်အပ်ခြင်းက အသင်းတော်၌ ငြိမ်သက်ခြင်းသက်ရောက်စေသည်မှာ သိသာထင်ရှားလှပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော် ဟောပြောခြင်းက ယုံကြည်သူတိုးပွားများပြားစေပါ၏။

ငြင်းခုံခြင်း၊ သတေဖန်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြော၍ ကြီးစွာသော နိမိတ်လက္ခဏာတို့ကို ပြခဲ့ပါသည်။ ထိုအခါ လိဗေရတိန် (ရောမနိုင်ငံသားလွတ်လပ်သောသူဟု ထင်ရပါသည်) တို့သည်လာ၍ ငြင်းခုံခြင်းပြုကြ၏။ ယေရှုခရစ်တော်၏ သတင်းကောင်းအကြောင်း မေးလာသောသူတို့အား သတေဖန်သည်အဖြေပေးရန် အသင့်ရှိခဲ့ပါသည် (၁ ပေ ၃း၁၅)။ ယုံကြည်ခြင်းတရားဘက်၌ ရပ်တည်၍ အထက်မှလာသောဉာဏ်ပညာအားဖြင့် အဖြေပေးခဲ့ပါသည်။ ထိုလိဗေရတိန်တို့သည် သူ၏စကားတို့ကိုမချေပနိုင်ခဲ့ကြပါ။ ယုံကြည်ခြင်းရှိရမည့်အစား၊ သူတို့သည် သတေဖန်ကို မုန်းတီးလျက်၊ သတ်ပစ်လိုကြ၏။

စွပ်စွဲခြင်း၊ လူဆိုးတို့သည် ယုတ်မာသောနည်းလမ်းဖြင့် အလုပ်လုပ်ကြပါသည်။ လိဗေရတိန်တို့သည် သတေဖန်ကိုစွပ်စွဲမည့် လူသက်သေကိုရှာဖွေကြ၏။ သူ့ကိုညှဉ်းဆဲနှိပ်စက်ခြင်းငှါ ကြံစည်ဆုံးဖြတ်ခဲ့ကြပါသည်။ ဗိမာန်တော်နှင့်မောရှေ၏ပညတ်တော် ဆန့်ကျင်ပုတ်ခတ်ပြောဆိုသည်ဟု စွပ်စွဲခဲ့ကြပါသည်။ နာဇရက်မြို့သားယေရှုက ဗိမာန်တော်ကိုဖျက်ဆီး၍ မောရှေထံမှရရှိသော ထုံးတမ်းစဉ်လာကို သူဖျက်ဆီးမည်ဟု သတေဖန်ဟောခဲ့ကြောင်း စွပ်စွဲခဲ့ကြပါသည်။

ကြောက်လန့်ခြင်း၊ လွှတ်တော်၌ထိုင်သောသူအပေါင်းတို့သည် ကောင်းကင်တမန်၏ မျက်နှာကဲ့သို့ဖြစ်သော သတေဖန်၏မျက်နှာကို မြင်တွေ့ခဲ့ကြ၏။ ဤသည်ကား ဘုရားသခင်က ထိုသူတို့အား သူတို့သည်ဘုရားသခင်ကို ဆန့်ကျင်နေကြခြင်းဖြစ်သည်ကို ပြသခြင်းဖြစ်ပါသည်။ ထိုသို့ ဘုရားသခင်ကသတေဖန်အားဖြင့် အပြစ်လွှတ်ခြင်းတရားနှင့် ထာဝရအသက်မျှော်လင့်ခြင်းတရားကို ဟောပြောသိစေပြီး၊ ဂရုဏာတော်ပြနေသော်လည်း၊ သူတို့သည် မိမိတို့စိတ်နှလုံးကို မာကြောစေကြ၏။ သတေဖန်၏မျက်နှာကို ကောင်းကင်တမန်မျက်နှာကဲ့သို့ မြင်တွေ့၍ကြောက်လန့်ခြင်း ရှိကြသော်လည်း၊ သတေဖန်ညှဉ်းပန်းနှိပ်စက်ခြင်းအမှုကို ဆက်လက်လုပ်ဆောင်ခဲ့ကြပါသည်။

သင်၏ယုံကြည်ခြင်းမေးလာသောသူတို့ကို သင်အဖြေပေးခြင်းငှါ အသင့်ရှိပါသလား။ ယေရှုခရစ်တော်၏သတင်းကောင်းကို ဟောပြောခြင်းငှါ သင်ကြောက်ရွံ့ခြင်းရှိပါသလား။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းတရားကို ကာကွယ်ခြင်းငှါ ကျွန်တော်အသင့်ရှိပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ မယုံကြည်သူတို့အား တုန့်ပြန်ဟောပြောခြင်းငှါ အကျွန်ုပ်အား ရဲရင့်ခြင်းသတ္တိပေးတော်မူပါ။

ဗုဒ္ဓဟူး၊ စက်တင်ဘာ(၁၆)
**တမန် ၇း၁-၈**
ကမ္ဘာ ၁၂း၁-၅

*“. . . ငါသည်သင့်ကိုလူမျိုးကြီးဖြစ်စေမည်။*
*ငါကောင်ကြီးပေး၍. . . ”*

# ဣသရေလအစပြုခြင်း

“အာဗြဟံသည် အမွေခံရလတ္တံ့သောပြည်သို့ ထွက်သွားမည်အကြောင်း ဘုရားသခင်ခေါ်တော်မူသောအခါ သူသည် အဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲလျက်၊ ယုံကြည်ခြင်းအားဖြင့် ထွက်သွားလေ၏။ သူတပါးပိုင်သောပြည်၌ ဧည့်သည်နေသကဲ့သို့ ဂတိတော်နှင့်စပ်ဆိုင်သောပြည်၌ ယုံကြည်ခြင်းအားဖြင့် ဧည့်သည်ဖြစ်၍နေ၏။ ထိုဂတိတော်ကို အမွေခံရသော အဘော်အဖက်တည်းဟူသော ဣဇာက်၊ ယာကုပ်တို့နှင့်အတူ တဲ၌နေလေ၏။ အကြောင်းမူကား ဘုရားသခင်တည်ထောင်ပြုစုတော်မူသော ခိုင်ခံ့မြဲမြံသောမြို့ကို မျှော်လင့်သတည်း” (ဟေဗြဲ ၁၁း၈-၁၀)။

<u>အာဗြဟံအားဘုရားသခင်ခေါ်တော်မူခြင်း</u>၊ သတေဖန်သည် ယေရှုခရစ်တော်အကြောင်းကို ရှင်းပြခြင်း၌ ဣသရေလအမျိုးစတင်ခြင်းအကြောင်းမှ စတင်ဟောပြောခဲ့ပါသည်။ ဗေသောပေါတာမိတိုင်း ၃၇ မြို့၌နေသော အာဗြဟံအားဘုရားသခင်ခေါ်တော်မူခြင်းဖြင့် အစပြုခဲ့ပါသည်။ သူသည် ခါလဒဲပြည်မှထွက်၍ ခါနန်မြို့သို့မသွားမီ ခါနန်မြို့၌နေခဲ့၏။ ဤအမှုအားဖြင့် ဘုရားသခင်၏စကားတော်ပေါ်၌တည်သော အာဗြဟံ၏ယုံကြည်ခြင်းကို ကျွန်တော်တို့တွေ့မြင်ရပါသည်။ “သူသည် အဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲလျက်” (ဟေဗြဲ ၁၁း၈) နာခံခြင်းရှိခဲ့၏။

<u>အာဗြဟံအပေါ် ဘုရားသခင်၏သစ္စာရှိတော်မူခြင်း</u>၊ ဘုရားသခင်က အာဗြဟံအားတိုင်းပြည်နှင့်လူမျိုးပေးမည်အကြောင်း ကတိထားတော်မူ၏။ လူ့အမြင်၌မဖြစ်နိုင်သောအမှုဖြစ်သော်လည်း ဘုရားသခင်ကအာဗြဟံထံသို့ ဂတိတော်ပြည်နှင့် ဂတိတော်နှင့်ဆိုင်သော မျိုးဆက်ပေးတော်မူမည်ဟု ထပ်၍အတည်ပြုတော်မူခဲ့၏။ ထို့ပြင် တိုင်းတစ်ပါးလက်အောက်၌ ကျွန်ခံရကြမည့်အကြောင်းကိုလည်း အာဗြဟံထံ ပရောဖက်ပြုဖော်ပြတော်မူခဲ့၏။ သို့သော်လည်း အာဗြဟံသည် ဘုရားသခင်၏ သစ္စာရှိသောကတိတော်ကို နာခံယုံကြည်ခဲ့ပါသည်။ ဣသရေလသားသမီးတို့သည် အလွန်တိုးပွားများပြားခြင်းရှိ၍ အဲဂုတ္တုပြည်မှထွက်ခွာလာကြသောအခါ လူဦးရေတစ်သန်းကျော်ခဲ့ပါသည်။

<u>အာဗြဟံထံပြုသော ဘုရားသခင်၏ပဋိညာဉ်</u>၊ ဘုရားသခင်က မိမိ၏ဂတိတော်မှန်ကန်မှုကိုပြသရန် အာဗြဟံထံပဋိညာဉ်ပြုတော်မူခဲ့၏။ ထိုပဋိညာဉ်သည် ဘုရားသခင်တစ်ကိုယ်တည်းပြုတော်မူခြင်းဖြစ်၍ အာဗြဟံသည် လက်ခံရယူသောသူသာလျှင်ဖြစ်ပါသည်။ “သို့ဖြစ်၍ ထိုအမှုအရာ၌ လူသေနှင့်တူသော သူတစ်ယောက်သည် အရေအတွက်အားဖြင့် ကောင်းကင်ကြယ်ကဲ့သို့၎င်း၊ သမုဒ္ဒရာကမ်းနား၌ မရေတွက်နိုင်သော သဲလုံးကဲ့သို့၎င်း၊ များစွာသောသူတို့၏ အဘဖြစ်သတည်း” (ဟေဗြဲ ၁၁း၁၂)။

ဘုရားသခင်၏ခေါ်တော်မူခြင်းကို ကျွန်တော်လိုက်လျှောက်လိုပါသလား။ ဘုရားသခင်၏သစ္စာရှိသောဂ)တိတော်များကို ကျွန်တော်ယုံကြည်ကိုးစားခြင်းရှိပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် နာခံခြင်းအသက်တာရှိသော ခရစ်ယာန်ဖြစ်ပါသလား။

**ဆုတောင်းချက်** - အို အဘဘုရား၊ ကိုယ်တော်အလိုရှိတော်မူသောအရပ်သို့ အကျွန်ုပ်ကို လမ်းပြပို့ဆောင်တော်မူပါ။

**တမန် ၇း၉-၁၆**
ဟေဗြဲ ၁၃း၅-၆

*"ငါသည် သင့်ကိုမစွန့်၊ သင့်ကို အလျှင်းပစ်၍ မထား"*

# ဣသရေလကိုစောင့်ရှောက်တော်မူသောဘုရားသခင်

ဘုရားသခင်က မိမိလူတို့အား ကွယ်ကာစောင့်ရှောက်ခြင်းငှါ ဂတိထားတော်မူ၏။ ဘဝ၌ ရည်ရွယ်ချက်မရှိဘဲ မိမိသားသမီးတို့ကို အခက်အခဲဒုက္ခမကြုံတွေ့စေပါ။ ဘုရားသခင်သည် မိမိ၏ ဘုန်းတော်ထင်ရှားခြင်းနှင့် လူတို့၏ကယ်တင်ခြင်းအတွက် မိမိ၏အကြံအစည်တော်ကို စုံလင်စေတော်မူလိမ့်မည်။ ဤတရားကိုစွဲကိုင်ထားလျှင် ယုံကြည်သူသည် မိမိကြုံတွေ့ရသောအခက်အခဲဒုက္ခကြား၌ ကြံ့ကြံ့ခံသည်းခံနိုင်ခြင်းရှိ၏။ အကြောင်းမှာ ဘုရားသခင်သည် ဘယ်တော့မှအမှားပြုတော်မမူနိုင်။ မမှားနိုင်ပါ။

<u>ယောသပ်အား အဲဂုတ္တုပြည်သို့ပို့ခဲ့၏၊</u> ယောသပ်အား မည်သို့ မိမိအစ်ကိုတို့က ရောင်းစားခဲ့ကြောင်းကို ဖော်ပြခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင်သည် ယောသပ်နှင့်အတူရှိတော်မူ၏။ ဤအချက်ကို မောရှေကကမ္ဘာဦးကျမ်းတွင် အကြိမ်ကြိမ်ဖော်ပြခဲ့ပါသည်။ ဘုရားသခင်အတူပါရှိတော်မူခြင်းခံရသော ယောသပ်သည် မိမိကြုံတွေ့ရသောအရာ၏ နောက်ကွယ်အကြောင်းအရင်းကို ကောင်းကောင်းသိခဲ့ပါသည်။ "ထိုသို့ ယောသပ်သည် မိမိအဘ၏ အမျိုးသားတို့နှင့် အဲဂုတ္တုပြည်၌ နေ၍ အသက်တရာတဆယ်ကိုမှီ၏" (ကမ္ဘာ ၅ဝး၂၂)။

<u>ယောသပ်အား အဲဂုတ္တုပြည်၏ဝန်ကြီးဖြစ်စေခဲ့၏၊</u> ယောသပ်သည် အဲဂုတ္တုပြည်သို့ ချည်နှောင်ခြင်းခံရသော ကျွန်အဖြစ်ရောက်လာခဲ့သော်လည်း ဘုရားသခင်၏စုံလင်တိကျသော အချိန်၌ သူ့ကိုအဲဂုတ္တုပြည်၏ "ဝန်ကြီးချုပ်" အဖြစ် ချီးမြှင့်တော်မူခဲ့ပါသည်။ "ကျွန်ဖြစ်စေဘို့ အရောင်းခံရသောယောသပ်ကို သူတို့ရှေ့မှာ စေလွှတ်တော်မူ၏။ သူ့ကို ခြေချင်းခတ်၍ သံနှင့်ညှဉ်းဆဲကြ၏။ သူ၏စကားမပြည့်စုံမှီတိုင်အောင် ထာဝရဘုရား၏အမိန့်တော်အတိုင်း စုံစမ်းခြင်းကိုခံရ၏။ လူတို့ကို အစိုးရသော အရှင်တည်းဟူသောရှင်ဘုရင်သည် စေလွှတ်၍ သူ့ကိုနှုတ်ပြီးမှ ချမ်းသာပေးတော်မူ၏။ သူသည် မိမိအလိုရှိသည်အတိုင်း မင်းအရာရှိတို့ကို ချည်နှောင်၍ မှူးတော်မတ်တော်တို့ကို ဆုံးမပိုင်သောအခွင့်နှင့် နန်းတော်အုပ်၊ နိုင်ငံတော်အုပ်အရာ၌ ထိုသူကိုခန့်ထားတော်မူ၏" (ဆာလံ ၁ဝ၅း၁၇-၂၂)။

<u>ယောသပ်က ယာကုပ်အားအဲဂုတ္တုပြည်သို့ခေါ်ခဲ့၏၊</u> ယာကုပ်၏ မိသားစုတစ်ခုလုံး အဲဂုတ္တုပြည်သို့သွားကြခြင်း၌ အာဗြဟံထံဘုရားသခင်ပြုတော်မူသော ပရောဖက်ပြုချက် စုံလင်ခြင်းရှိခဲ့၏။ ဘုရားသခင်၏အလိုတော်နှင့်အညီ ထိုသို့သူတို့သွားဖို့လိုပါသည်။ ဘုရားသခင်က ယာကုပ်အား "... မစိုးရိမ်နှင့်။ ငါသည် ထိုပြည်၌သင့်ကိုလူမျိုးကြီးဖြစ်စေမည်၊ အဲဂုတ္တုပြည်သို့သင်နှင့်အတူ ငါသွားမည်။ တဖန် ငါဆောင်ခဲ့ဦးမည်..." (ကမ္ဘာ ၄၆း၃-၄) ဟု ဂတိပေးတော်မူခဲ့၏။ သတေဖန်သည် ဘုရားသခင်၏ကျေးဇူးတော်လက်တော် ဣသရေလအပေါ်၌ တည်တော်မူကြောင်းကို ပြန်လည်ဖော်ပြ၍ ယဇ်ပုရောဟိတ်မင်းနှင့် လွှတ်တော်ရှိလူတို့က ထိုဘုရားသခင်၏ကျေးဇူးကြီးမားမှုကို သိခဲ့ကြသော်လည်း သူတို့သည်စိတ်နှလုံးခိုင်မာခြင်းရှိ၍ ဝိညာဉ်မျက်စိကန်းလျက်ရှိကြ၏။

ယနေ့၌ ထိုသို့သောစိတ်နှလုံးခိုင်မာသောသူ၊ ဝိညာဉ်မျက်စိကန်းသောသူ သင်တွေ့ရပါသလား။ ထိုသို့သော သူတို့ထံ သင်သတင်းကောင်းဝေငှလိုသေးပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံးလည်း ထိုသို့မာကြောခြင်းရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ မြင်နိုင်သောမျက်စိနှင့် ယုံကြည်နိုင်သောစိတ်နှလုံးပေးသနားတော်မူပါ။

သောကြာ၊ စက်တင်ဘာ (၁၈)

**တမန် ၇း၁၇-၁၉** *“ ခပ်သိမ်းသောအရာတို့ကို မိမိတို့အချိန်တန်မှ လျောက်ပတ်စွာဖန်ဆင်းတော်မူပြီ”*

ဒေ ၃း၁၁

# ဘုရားသခင်၏စုံလင်တိကျသောအချိန်

များသောအားဖြင့် လူတို့သည် အရာရာအဆင်ပြေနေသောအချိန်၌ ဘုရားသခင်၏လမ်းပြပို့ဆောင်မှုကို မတောင်းလျှောက်ကြပါ။ သို့သော်လည်း ခက်ခဲသောအချိန်တွင်သူတို့တုန်လှုပ်ခြင်းရှိပြီး ဘုရားသခင်ထံမစတော်မူခြင်းကို တောင်းလျှောက်ချဉ်းကပ်တတ်ကြ၏။ ဝိညာဉ်တော်၏နှိုးဆော်မှုကြောင့် ဘုရားသခင်၏ကျေးဇူးတော်ချီးမွမ်းပါ၏။ ယုံကြည်သူကျွန်တော်တို့သည် အစဉ်သတိရှိလျက် ဘုရားသခင်ကိုအစဉ်ကိုးစားသော အစေခံကျွန်ဖြစ်ရပါမည်။

<u>ဘုရားသခင်သံမိဌာန်ချတော်မူ၏</u>၊ အာဗြဟံထံ ပရောဖက်ပြုခြင်းသည်အဲဂုတ္တုပြည်မှ က္ကသရေလလွတ်မြောက်ခြင်းမရှိမှီ နှစ်ရာကျော်ကတည်းက ဖြစ်ပါသည်။ ဘုရားသခင်မိန့်တော်မူပြီး အမှန်ပြည့်စုံခြင်းရှိ၏။ ဤသည်ကား မိမိကတိတော်၌ ဘုရားသခင်သစ္စာရှိတော်မူခြင်း ဖော်ပြပေါ်လွင်စေခြင်းဖြစ်ပါသည်။ မိမိ၏ဂတိတော်ကို ဘုရားသခင်မေ့တော်မမူ။ သူသည်နောက်ကျသည်ဟူ၍မရှိ၊ စောလျင်သည်ဟူ၍မရှိ၊ အရာခပ်သိမ်းမိမိ၏ စီမံခွဲခန့်ထားသောအချိန်၌ တိကျစွာဆောင်ရွက်ပြုတော်မူတတ်၏။ ထို့ကြောင့် ထိုဘုရားသခင်၏အချိန်နှင့်ကိုက်ညီစွာ ကျွန်တော်တို့လှုပ်ရှားတတ်ဖို့လိုပါသည်။ ဘုရားသခင်၏လူတို့သည် လူဦးရေတိုးပွားလာ၍ ကတိတော်ပြည်ကိုဝင်ရောက်ပိုင်ဆိုင်ခြင်းငှါ ပြင်ဆင်ခြင်းရှိခဲ့၏။ ထိုအခါ ထိုပြည်ရှိ ဘုရားကိုမသိသောတပါးအမျိုးသားတို့ကို မောင်းထုတ်ဖို့လိုပါသည်။ ဘုရားသခင်က သူတို့နှင့်အတူပါရှိတော်မူမည်အကြောင်း ဘုရားသခင်၏တန်ခိုးအစွမ်းဖြင့် စစ်တိုက်သောအခါသူတို့သည် အစဉ်အောင်မြင်ခြင်းရမည်အကြောင်း ဂတိပေးတော်မူ၏။

<u>ဘုရားသခင်စီမံသတ်မှတ်တော်မူ၏</u>၊ ယောသပ်ကိုမသိသောရှင်ဘုရင်အသစ်ပေါ်လာ၍ သူသည် ဘုရားသခင်လူတို့အား ညှဉ်းဆဲခြင်းပြုခဲ့၏။ သားယောက်ျားတိုင်းကို နိုင်းမြစ်ထဲသို့ပစ်ချရန် အမိန့်ထုတ်ခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင်သည်မိမိလူတို့နှင့်အတူ ရှိတော်မူသောကြောင့် သူတို့ကို ကယ်တင်တော်မူခဲ့၏။ အလွန်ခက်ခဲသောဘဝဖြစ်သော်လည်း ထိုအမှုကသူတို့အား အဲဂုတ္တုပြည်ကိုစွန့်ခွာခြင်းငှါ အလိုရှိစေခဲ့ပါသည်။ လူ့ဉာဏ်အားဖြင့်ကြည့်လျှင် အကောင်းဆုံးနည်းလမ်းဟု မထင်ရသော်လည်း အမှန်မှာ စုံလင်သောနည်းလမ်းဖြစ်ပါသည်။ ဘုရားသခင်၏အနန္တတန်ခိုးတော်နှင့် ပြုစုစောင့်ရှောက်ခြင်းလက်တော်ကို သူတို့သိမြင်ခြင်းငှါ အကောင်းဆုံးနည်းလမ်းပင်ဖြစ်ပါသည်။

သင့်ဘဝ၌ ဘုရားသခင်၏စုံလင်တိကျသော အချိန်းအချက်ကို သင်မြင်တွေ့နေရပါသလား။ ထိုအခါ ဘုရားသခင်၏ကျေးဇူးတော်ကို သင်ချီးမွမ်းခြင်းပြုပါသလား။

**ဆင်ခြင်ရန်** - သန့်ရှင်းသူသည် သေခြင်းကိုကြုံတွေ့နိုင်သော်လည်း ထိုသေခြင်း၏အဆိပ်သင့်ခြင်းကိုမူ ခံရမည်မဟုတ်ပါ။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကျွန်တော်ခံစားနေရသော စိတ်ပူပန်မှုကိုကျော်လွှန်၍ ကိုယ်တော်ထားတော်မူသောဂတိတော်ဖြစ်သော ဘုန်းတော်နှင့်ပြည့်စုံသော အောင်မြင်မှုကို လှမ်းမြင်နိုင်ခြင်းငှါ မစတော်မူပါ။

**တမန် ၇း၂၀-၂၂**
ဟေဗြဲ ၁၁း၂၃

*“. . . အဆင်းလှသောသူငယ်ဖြစ်သည်ကို မိဘတို့သည် မြင်လျှင်၊ . . . သုံးလပတ်လုံး သူ့ကိုဝှက်ထားလေ၏”*

# အချိန်ကိုက်မွေးဖွားခြင်း

ဘုရားသခင်ချိန်းချက်တော်မူသောအချိန်ကို ကျွန်တော်တို့အလေးမထားဘဲ မနေသင့်ပါ။ သမ္မာကျမ်းစာထဲမှ မိမိ၏ကတိတော်များစုံလင်စေခြင်းဖြစ်သောကြောင့် ထိုအချိန်သည် စုံလင်ပြည့်စုံသော အစဉ်သစ္စာရှိတော်မူခြင်းကိုပြသော တိကျသည့်အချိန်ဖြစ်ပါသည်။ “ငါအမှန်ဆိုသည်ကား ကောင်းကင်နှင့်မြေကြီးမပျက်ဆီးမီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသော၊ စာလုံးဗိန္ဒုတစ်လုံးမျှ ပြည့်စုံခြင်းသို့မရောက်မီ မပျက်ဆီးရ” (မသဲ ၅း၁၈)။

<u>အလွန်အဆင်းလှသော</u>၊ ဘုရားသခင်၏တိကျစုံလင်သောအချိန်၌ မောရှေသည် မွေးဖွားလာခဲ့ပြီး သုံးလလုံးလုံးမိဘတို့က ဝှက်ထားရလောက်အောင် အလွန်အဆင်းလှသောသူဖြစ်ပါသည်။ ယုဒလူတို့က မောရှေအားအဲဂုတ္တုပြည်မှ မိမိတို့ကိုကယ်နှုတ်သောသူဟု လေးစားခဲ့ကြ၏။ သတေဖန်က ထိုသို့မောရှေအကြောင်းကို ဖော်ပြခြင်းမှာ ယဇ်ပုရောဟိတ်တို့သည် ဓမ္မဟောင်းကျမ်းကို သတိရအောက်မေ့၍ မောရှေထက်ကြီးမြတ်တော်မူသောသူ ပေါ်ထွန်းမည့်ဂတိတော်ကို ပြန်အမှတ်ရစေခြင်းငှါ ဖြစ်ပါသည်။ ကြွလာတော်မူမည့်မေရှိယကို စောင့်မျှော်နေမည့်ဘာသာရေးခေါင်းဆောင်တို့သည် ထိုမေရှိယအား ကားတိုင်၌တင်သတ်သောသူဖြစ်ခဲ့ကြ၏။ မိမိခေတ်၌ လူတို့ကိုကယ်နှုတ်ခြင်းငှါ ခန့်ထားခြင်းခံရသော မောရှေသည် ထိုလူတို့၏ဒဏ်ကိုခံရသကဲ့သို့ ခရစ်တော်သည်လည်း ခံခဲ့ရပါသည်။

<u>ဖာရောဘုရင့်သမီးတော်၏ကျွေးမွေးခြင်း</u>၊ ဘုရားသခင်၏ကွယ်ကာစောင့်ရှောက်စီမံတော်မူခြင်းအားဖြင့် မောရှေသည် မိမိ မိသားစု၏ကျွေးမွေးခြင်းကို ခံခဲ့ရ၏။ ဤသည်ကား အံ့သြစရာကောင်းလှပါသည်။ အခြားသောဖြေရှင်းချက်မရှိပါ။ မိမိလူတို့ကိုကယ်နှုတ်ခြင်းငှါ ဘုရားသခင်က မိမိ၏အစေခံကျွန်အား ကောင်းမွန်၍ကျွေးမွေးပြုစုခြင်း၊ ပညာသင်ကြားခြင်းခံစေရန် အရာခပ်သိမ်းကို မိမိ၏တန်ခိုးတော်လက်တော်ဖြင့် ပြင်ဆင်စီမံဖြစ်ပျက်စေခြင်းပေတည်း။ ထိုသားကို ထိန်းသိမ်းစောင့်ရှောက်သောမိခင်အရင်းပင်လျှင် စောင့်ရှောက်ခအခကြေးငွေရရှိခဲ့ပါသည်။

<u>အဲဂုတ္တုအတတ်ပညာအလုံးစုံကို သင်ကြားခဲ့၏</u>၊ မောရှေသည် ဖာရောသမီး၏မွေးစားသားဖြစ်သောကြောင့် အဲဂုတ္တုပြည်ရှိအကောင်းဆုံးကျောင်းတွင် ပညာသင်ကြားခဲ့ရပါသည်။ အဲဂုတ္တုလူတို့၏ပညာအလုံးစုံကို သင်ကြားရရှိခဲ့ပါသည်။ သူသည် နှုတ်သတ္တိ၊ လက်သတ္တိနှင့်ပြည့်စုံခဲ့ပါသည်။ သူကဘုရားသခင်အား - “အို ဘုရားရှင် အကျွန်ုပ်သည် နှုတ်သတ္တိမရှိပါ။ အထက်ကလည်းမရှိပါ။ ကိုယ်တော်ကျွန်အားမိန့်တော်မူသောအခါ၌ပင် မရှိပါ။ နှုတ်လေးသောသူ၊ စကားနှေးနှေးပြောတတ်သောသူဖြစ်ပါ၏ဟု ထာဝရဘုရားအား လျှောက်ဆို၏” (ထွက် ၄း၁၀) ဟုဆိုခဲ့သည်ကို ကျွန်တော်တို့သိကြပါ၏။ ဘုရားသခင်ကမိမိ၏ရည်ရွယ်ချက်အတိုင်း ပြုတော်မူ၍ မိမိလူတို့အား ထွက်သွားစေခြင်းငှါ ဖာရောဘုရင်အား အမိန့်ပေးရန်အတွက် မောရှေကို အသုံးပြုခဲ့ကြောင်း ကျွန်တော်တို့သိထားပါသည်။

သင့်အသက်တာ၌ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို ခံစားရပါသလား။ သင်လိုအပ်သောအရာများကို နေ့စဉ်ဖြည့်စည်းပေးတော်မူသော ဘုရားသခင်ကိုသင်ကျေးဇူးတင်ပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်မွေးဖွားလာသောအချိန်သည် အချိန်ကိုက်မဟုတ်ဟု သင်ထင်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အသက်တာ၌ခံစားရသော ကိုယ်တော်၏အချိန်ကိုက် မစပြုစုထောက်ပံ့ခြင်းကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

*"ထာဝရဘုရားကိုမျှော်လင့်၍ လမ်းတော်ကိုလျှောက်သွားလော့။ ပြည်တော်ကိုအမွေခံရသောအခွင့်နှင့် ချီးမြှောက်တော်မူ၏"*

# စောင့်မျှော်ရသောအချိန်

အကောင်းဆုံးအချိန်ဟု ကျွန်တော်တို့ထင်ရသော်လည်း ဘုရားသခင်၏အချိန်အရ ထိုသို့မဟုတ်သောအချိန်ရှိနိုင်ပါသည်။ ထို့ကြောင့် နှုတ်ကပတ်အားဖြင့် ကိုယ်တော်နှင့်အတူ အစဉ်ရှိလျက်ကိုယ်တော်၏အလိုတော်နှင့်အချိန်ကို သိဖို့လိုပါသည်။ များစွာခရစ်ယာန်တို့သည် ဘုရားသခင်ကိုကျော်လွန်လျက်ရှေ့သို့ပြေးကြသောကြောင့် လဲကျခဲ့ကြ၏။ ဘုရားသခင်၏တိကျမှန်ကန်သောအချိန်ကို ကျွန်တော်တို့စောင့်မျှော်တတ်ခြင်း၌ သင်ယူကြရပါမည်။

<u>ညီအစ်ကိုတို့ကို အကြည့်အရှုသွားခဲ့၏</u>၊ မောရှေသည် မိမိညီအစ်ကို ဘုရားသခင်၏လူတို့အား သွားရောက်ကြည့်ရှုလိုသော စိတ်ဆန္ဒရှိခဲ့၏။ ဖာရောသမီးတော်၏မွေးစားသားဖြစ်သောကြောင့်ညီအစ်ကိုတို့သည် အဲဂုတ္တုပြည်၏ကြမ်းကြုတ်သော အလုပ်သမားခေါင်းဆောင်တို့လက်အောက်၌ကျွန်အဖြစ်နေကြစဉ် သူသည်နန်းတော်ထဲ၌ဇိမ်ခံလျက် နေနိုင်သောအခွင့်ရှိခဲ့ပါ၏။ မိမိလူတို့ညှင်းဆဲခံရခြင်းကို မြင်၍ မောရှေသည်သူတို့ကို လွတ်မြောက်စေလိုသောစိတ်ဆန္ဒပြင်းထန်ခဲ့ပါသည်။ သူတို့ကို သနားညှာတာခြင်းရှိ၍ သက်သာခြင်းကိုပေးလို၏။ သူတို့ခံစားနေရသော ထိုဝန်ထုပ်ကြီးကိုဖယ်ရှားလျက် လွတ်မြောက်စေလိုသောစိတ်ဆန္ဒရှိခဲ့ပါသည်။

<u>ညီအစ်ကိုအတွက် လက်တုန့်ပြန်ခြင်း</u>၊ ထိုသို့မောရှေသွားကြည့်စဉ် လူတစ်ဦးညှဉ်းဆဲခံရသည်ကို တွေ့ခဲ့၏။ ထိုသူကိုကာကွယ်လျက် ညီအစ်ကိုအတွက် လက်တုန့်ပြန်၍ အဲဂုတ္တုလူကိုသတ်ခဲ့၏။ ဘုရားသခင်၏အနန္တတန်ခိုးတော်မပါဘဲ မိမိအစွမ်းဖြင့် သူတို့ကိုကယ်တင်နိုင်မည်ဟုထင်မှတ်ထားခဲ့၏။ သို့သော်လည်း ကယ်နှုတ်တော်မူခြင်း၌ ဘုရားသခင်၏အချိန်မကျရောက်သေးပါ။

<u>ညီအစ်ကိုတို့က နားလည်မှုလွဲခဲ့၏</u>၊ မောရှေက သူပြုခဲ့သောသတ္တိကြောင့် အသိအမှတ်ပြုခြင်းခံရမည်ဟု ထင်မှတ်ခဲ့ပါသည်။ ဤနည်းဖြင့် သူတို့ကိုကယ်ထုတ်နိုင်မည်ဟု ထင်မှတ်ထားခဲ့၏။ ညီအစ်ကိုတို့ကလည်း မိမိအား သူတို့ကိုအဲဂုတ္တုပြည်မှ ကယ်နှုတ်ခြင်း၌ ဘုရားသခင်လွှတ်သောသူဖြစ်သည်ဟု သိမှတ်ကြမည်ကို မျှော်လင့်ခဲ့ပါ၏။ သတေဖန်က မောရှေအကြောင်း ရည်ညွှန်းပြောဆိုခြင်းမှာ ကြားနာသူတို့အား ဘုရားသခင်ကဤလောကသို့ ယေရှုခရစ်တော်ကို မိမိ၏စုံလင်သောအချိန်၌ စေလွှတ်တော်မူခဲ့သော်လည်း၊ သူတို့သည် မသိဘဲငြင်းပယ်ခဲ့ကြောင်း သိစေခြင်း၌ ရည်ညွှန်းခြင်းဖြစ်ပါသည်။ "အချိန်ကာလစေ့သောအခါ ငါတို့သည် သား၏အခွင့်အရာကိုခံရမည်အကြောင်းပညတ်တရားလက်၌ရှိသော ငါတို့ကိုရွေးနှုတ်စေခြင်း၌ မိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ်တရားအောက်၌ဖွားမြင်ရသော၊ သားတော်ကိုဘုရားသခင်သည် စေလွှတ်တော်မူ၏" (ဂလာတိ ၄း၄-၅)။

သင့်ဘဝ၌ ဘုရားသခင်၏စုံလင်ပြည့်စုံသောအစီအစဉ်ကို သင်မြင်ပါသလား။ ထိုသို့ဘုရားသခင်စီစဉ်တော်မမူလျှင် သင့်ဘဝမည်မျှလောက် ထိတ်လန့်စရာကောင်းမည်ကို သင်နားလည်ပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏စုံလင်ပြည့်စုံသောအချိန်ကို စိတ်ရှည်စွာကျွန်တော်စောင့်နေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏စီမံချမှတ်ထားတော်မူသောအစီအစဉ်ကို ကျွန်ုပ်အသက်တာ၌ စောင့်နိုင်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ စက်တင်ဘာ (၂၁)
**တမန် ၇း၂၆-၂၉**
ယောရှု ၂၆း၁-၄.

*“စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ခိုလှုံသောကြောင့် ငြိမ်သက်ခြင်းသက်သက်ရှိမည့်အကြောင်း စောင့်ရှောက်တော်မူလိမ့်မည်”*

# လ မစေ့မွေးဖွားခြင်း

ဘုရားသခင်၏အလိုတော်နှင့်နည်းလမ်းကို မရှာဘဲ၊ မိမိတို့၏အစီအစဉ်နှင့်နည်းလမ်းအတိုင်း ဘုရားသခင်၏အမှုကို ကျွန်တော်တို့ဆောင်ရွက်ကြသောအခါ ဝမ်းနည်းစရာဖြစ်ပေါ်လာတတ်၏။ အချို့သည် စိတ်ပျက်အားငယ်ခြင်းရှိလာ၍ ရှုံးနိမ့်သူဟု မိမိကိုယ်ကိုထင်လျက် အမှုတော်မှ နှုတ်ထွက်တတ်ကြ၏။ သို့သော်လည်း အချို့သည်မိမိတို့၏ အမှားသိမြင်လျက် ဘုရားသခင်ထံ သစ္စာရှိစွာဆက်လက်တည်နေတတ်ကြပါသည်။ သူတို့၏အမှားကို နောင်တရပြီး၊ ဘုရားသခင်၏အချိန်ကိုစောင့်ခဲ့ကြ၏။

<u>အကဲအမှူး</u>၊ မောရှေသည် မိမိကိုယ်ကို ညီအစ်ကိုတို့၏အကဲအမှူးအဖြစ် ဖော်ပြလိုခြင်းနှင့် လွတ်မြောက်ခြင်းငှါ မိမိမျှော်လင့်သောအချိန်သည် မှားယွင်းခဲ့ပါသည်။ ဘုရားသခင်က ထိုသို့မဖော်ပြသေး၊ လူတို့ကလည်း သူ၏အာဏာကိုလက်မခံခဲ့ပါ။ သူသည် အဲဂုတ္တုလူမျိုးမင်းသားတပါး၊ ဘုရားသခင်၏လူတို့အပေါ် သနားခြင်းရှိသောသူဟုသာ မြင်ကြပါ၏။ ညီအစ်ကိုအချင်းချင်း တိုက်ခိုက်ခြင်းမပြုရန် သူကကောင်းသောအကြံကိုပေးခဲ့ပါသည်။ သို့သော်လည်း၊ အဲဂုတ္တု၏သားသတ်ဖြတ်ခြင်းဖြင့် သူကိုယ်တိုင်က မှားယွင်းသောပုံသက်သေပြသခဲ့ခြင်းသည် ပြဿနာဖြစ်၏။ သူသည် သနားကြင်နာခြင်းနှင့်ချစ်ခြင်းကို ကြွေးကြော်သော်လည်း၊ သူတို့ရှေ့မှောက်၌ လူသတ်ခြင်းကိုသရုပ်ပြခဲ့ပါသည်။

<u>တရားသူကြီး</u>၊ မိမိညီအစ်ကိုပေါ်၌ သူ၏အာဏာရှိခြင်းအကြောင်းကို မောရှေမေးမြန်းခြင်းခံခဲ့ရ၏။ “အဘယ်သူသည် သင့်ကိုငါတို့အပေါ်မှာ အကဲအမှူးတရားသူကြီးအရာ၌ ခန့်ထားသနည်း” (တမန် ၇း၂၇)။ သူ၌ ဘာမျှပြောစရာစကားမရှိ။ မောရှေ၏ပညတ်တရားအောက်၌ မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ထင်ကြသောယဇ်ပုရောဟိတ်တို့သည် ဤအမှုအားဖြင့် စိတ်နှလုံးပူပန်ခြင်း ရှိခဲ့ကြသင့်ပါသည်။ သူတို့သည် ဘုရားသခင်၏လူတို့အပေါ်၌ အဘယ်အာဏာမျှမရှိကြပါ။ သူတို့သည် ဘုရားသခင်နှင့်ဆိုင်သောသူများ မဟုတ်ကြပါ။ သူတို့သည် သမ္မာတရားကိုသိမြင်ကြခြင်းငှါ အရင်ကယ်တင်ခြင်းခံရကြဖို့ လိုပါ၏။

<u>ဧည့်သည်</u>၊ အဲဂုတ္တုလူတစ်ယောက်အပေါ် မောရှေပြုခဲ့သောအမှု၌ မျက်မြင်သက်သေရှိသောကြောင့်၊ သူသည်ကြောက်လန့်ခြင်းရှိခဲ့ပါသည်။ ဖာရောမင်း၏ပြစ်ဒဏ်ခံရမည်ကို ကြောက်ရွံ့ခဲ့ပါသည်။ လူကိုကြောက်သောစိတ်က သူ့ကိုချက်ချင်းဖမ်းချုပ်ထားပါသည်။ ဘုရားသခင်ခိုင်းစေခြင်းမပါဘဲ မိမိကိုယ်ကိုအမှုပြုသောသူ၏ အခြေအနေပင်ဖြစ်ပါသည်။ သူသည် လွယ်ကူစွာနောက်ဆုတ်၍ လူ၏အာဏာကို ကြောက်လန့်ခြင်းရှိခဲ့ပါသည်။ ပို၍ကြီးမြတ်အားကြီးသောအာဏာ၊ ခရစ်ယာန်ပိုင်ဆိုင်သောဓားတည်းဟူသော၊ ဝိညာဉ်တော်ဓား၊ သမ္မာကျမ်းစာကို မေ့လျော့ခဲ့ပါသည်။

ကိုယ်တော်၏အမှုတော် သင်ဆောင်ရွက်ခြင်း၌ သင်နှင့်အတူ ဘုရားသခင်အတူပါရှိတော်မူပါသလား။ ကိုယ်တော်၏အလိုတော်နှင့် နည်းလမ်းကိုသိရခြင်းငှါ ဘုရားသခင်ကိုသင်စောင့်လျက်နေပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် စိတ်ရှည်သည်းခံခြင်းရှိသောသူဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အသက်တာအတွက် ကိုယ်တော်၏ကြိုတင်စီမံချမှတ်တော်မူသောအလိုတော်ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

အင်္ဂါ၊ စက်တင်ဘာ (၂၂)

**တမန် ၇း၃၀-၃၆**

ဟေဗြဲ ၁၁း၂၄-၂၆

*“အဲဂုတ္တုပြည်၏စည်းစိမ်ထက် ခရစ်တော်ကြောင့် ကဲ့ရဲ့ခြင်းဒုက္ခသည် သာ၍မြတ်သောစည်းစိမ် ဖြစ်သည်ကို စိတ်ထင်သဖြင့်. . . ”*

## အချိန်းအချက်

မောရှေအတွက် အချိန်အခါမဟုတ်သော်လည်း၊ ဘုရားသခင်က ကယ်နှုတ်ခြင်းအမှု ပြုမည့်သူသည် “တောထဲ၌” အရင်သင်တန်းတတ်၍ ပို့ချခြင်းခံရမည်မှာ လိုအပ်ကြောင်း သိတော်မူ၏။ အဲဂုတ္တုပြည်မှ လူတို့ကို ခေါ်ထုတ်မည့်မောရှေသည် “သင်တန်းတတ်နေခြင်း” ဖြစ်ပါသည်။ အဲဂုတ္တုပြည်၏နန်းတော်ကို စွန့်၍ သိုးနတောင်၏တောထဲ၌နေထိုင်ရမည်ဖြစ်ပါ၏။

ထာဝရဘုရားထင်ရှားတော်မူ၏၊ ဘုရားသခင်ကို နှစ်ပေါင်း ၄၀ လုံးလုံးနာခံခြင်းဖြင့် စောင့်နေပြီးမှ၊ စုံလင်သောအချိန်းအချက် အချိန်အခါ ရောက်လာခဲ့ပါသည်။ ထာဝရဘုရားသည် တောထဲ၌ မောရှေထံသို့မီးလောင်သောချုံအားဖြင့် ထင်ရှားတော်မူခဲ့၏။ မောရှေသည် သင်ခန်းစာကောင်းကောင်းရခဲ့ပါသည်။ မိမိကိုယ်ကို ထိုက်တန်သည်ဟု ညီအစ်ကိုထံ မဖော်ပြတော့ပါ။ ထွက်မြောက်ရာကျမ်း ၃ နှင့် ၄ ထဲတွင် ထိုအမှုကိုဆောင်ရွက်ခြင်းငှါ မိမိ၌တန်ဖိုးမရှိကြောင်းကို သိသဖြင့်အကြောင်းအမျိုးမျိုးပြခဲ့ပါသည်။ မောရှေ၏ စိတ်သဘောသည် မားယွင်းသောနှိမ့်ချမှုမဟုတ်ပါ။ မိမိကြုံတွေ့ခဲ့ရသောအဖြစ်အပျက်၌ အခြေခံထားသောမိမိကိုယ်ကို ဘာမှမဟုတ်ကြောင်း အမှန်သိမြင်ခြင်းဖြစ်ပါသည်။

ထာဝရဘုရား၏ခိုင်းစေမှု၊ ထာဝရဘုရားက မောရှေအား ဘုရားသခင်၏လူတို့ကို ကယ်ထုတ်ခြင်းငှါ အဲဂုတ္တုပြည်သို့ ပြန်သွားရန် မိန့်တော်မူ၏။ ဤခိုင်းစေချက်သည် မောရှေက ကြိုတင်စီစဉ်ထား၍မဟုတ်၊ ထာဝရဘုရားက မိမိရွေးကောက်တော်မူသောလူတို့၏ဆင်းရဲမှုနှင့် မြည်တမ်းခြင်းအသံကို ကြားသိတော်မူခဲ့သောကြောင့် ခိုင်းစေခြင်းဖြစ်ပါသည်။ လူတို့သည် ထွက်ခွာခြင်းငှါ အဆင်သင့်ရှိနေပြီဖြစ်သောကြောင့်၊ ထွက်ခွာဖို့အချိန်ကျရောက်ပြီဖြစ်ပါသည်။ သူတို့လိုအပ်သည်မှာ ခေါ်ထုတ်၍ ကတိတော်ပြည်သို့ခေါ်ဆောင်မည့် ဘုရားသခင်စေလွှတ်တော်မူသော ခေါင်းဆောင်သာလျှင်ဖြစ်ပါသည်။ ဤသည်ကား ဘုရားသခင်၏ဂရုဏာတော်နှင့် ကျေးဇူးတော်ပင်ဖြစ်ပါသည်။ အဘယ်သူမျှ ဘုရားသခင်ကိုမေ့လျော့သောသူဟု မစွပ်စွဲနိုင်ပါ။ အကြောင်းမှာ ဘုရားသခင်သည် မိမိလူတို့ကို ကယ်နှုတ်ခြင်းငှါ စုံလင်ပြည့်စုံသောအချိန်၌ ကြွလာတော်မူခဲ့၏။

ထာဝရဘုရားက ကယ်နှုတ်တော်မူခဲ့၏၊ ဘုရားသခင်သည် မိမိ၏အချိန်၌ ဖာရောဘုရင်အား အဲဂုတ္တုပြည်ရှိဘုရားတို့အထက်၌ မိမိ၏တန်ခိုးအာဏာရှိခြင်းအကြောင်းကို ပြသတော်မူခဲ့၏။ လူတို့ကလည်း မိမိတို့အား ကျွန်ဘဝမှခေါ်ထုတ်ခြင်းငှါ မောရှေကိုခေါ်တော်မူသောဘုရားသခင်၌ သူတို့၏လွတ်မြောက်ခြင်းအခြေခံကြောင်း သိမြင်ကြပါသည်။ ထိုသို့ကယ်နှုတ်ရုံသာမက၊ ထာဝရဘုရားသည် နေ့အချိန်၌ မိုးတိမ်တိုင်အားဖြင့်၎င်း၊ ညအချိန်၌ မီးတိုင်အားဖြင့်၎င်း သူတို့နှင့်အတူပါရှိတော်မူ၏။ ပင်လယ်နီကို ထက်ခြမ်းကွဲစေပြီး၊ သောက်သုံးရေသော်၎င်း၊ ကောင်းကင်မှမန္နမုန့်နှင့် အသားတို့ကိုလည်း ချပေးသနားတော်မူခဲ့ပါသည်။ အလွန်အံ့ဘွယ်အမှုပင်ဖြစ်ပါ၏။ ဘုရားသခင်ကယ်နှုတ်တော်မူသောအခါ အဘယ်လိုအပ်ချက်မျှ မရှိတော့ပါ။

အရာခပ်သိမ်းကို ဘုရားသခင်၏လက်တော်မှရရှိခြင်းဖြစ်ကြောင်း သင်သိမှတ်ပါသလား။ သင်ခံစားရသောဘုရားသခင်၏ ချစ်ခြင်းမေတ္တာလက်တော်ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါသလား။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာ၌ တွေ့ရသောချစ်ခြင်းမေတ္တာတော်ရှင် ဘုရားသခင်ကို ကျွန်တော်ယုံကြည်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ကောင်းကြီးမင်္ဂလာတော်ကြောင့် ကိုယ်တော့်ကို အကျွန်ုပ်နှုတ်မှ အစဉ်ချီးမွမ်းပါမည်။

*". . . ပရောဖက်မောရှေကဲ့သို့ နောက်တဖန်
ဣသရေအမျိုး၌ သူနှင့်တူသော ပရောဖက်တစုံတပါးမျှ
မပေါ်မထွန်း"*

## ပရောဖက်တို့၏ပရောဖက်

မောရှေက တရား ၁၈း၁၅ နှင့် ၁၈း၁၈ ထဲတွင် ဤသို့ရေးသားထားပါသည် - "သင်၏ဘုရားသခင်ထာဝရဘုရားသည် သင်၏အမျိုးသားချင်းတို့အထဲ၌ ငါနှင့်တူသော ပရောဖက်တပါးကို သင့်အဖို့ ပေါ်ထွန်းစေမူမည်။ ထိုပရောဖက်၏စကားကိုနားထောင်ရမည်။ - သူတို့အမျိုးသားချင်းတို့အထဲ၌ သင်နှင့်တူသော ပရောဖက်တပါးကို သူတို့အဖို့ ငါပေါ်ထွန်းစေ၍ ထိုပရောဖက်တို့၌ ငါ့စကားကို ငါအပ်သဖြင့် ငါမှာထားသမျှတို့ကို သူတို့အားဆင့်ဆိုရလိမ့်မည်"။

သူ၏စကားကို နားထောင်ရမည်၊ မောရှေက မိမိထက်ပို၍ကြီးမြတ်သော ပရောဖက်ကြွလာမည်ဟု ပရောဖက်ပြုခဲ့ပါသည်။ ဤအကြီးမြတ်ဆုံးသော ပရောဖက်သည် သခင်ယေရှုခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ "ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည် ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ" (ဟေဗြဲ ၁း၁)။ နောက်ဆုံး ဗျာဒိတ်တော်ဟူမူကား ဘုရားသခင်၏သားတော်ဖြစ်၍၊ ထိုသခင်ယေရှုနောက်တွင် အခြားသောပရောဖက်လာတော့မည်မဟုတ်ပါ။ ထိုသူသည် ပရောဖက်ဖြစ်သောကြောင့်၊ သူ၏စကားကိုနားထောင်ကြခြင်းငှါ မောရှေဆိုခဲ့၏။ ယဇ်ပုရောဟိတ်မင်းတို့ကလည်း နားထောင်ကြရမည်ဖြစ်ပါသည်။

သူ့ကိုလက်ခံကြရပါမည်၊ မောရှေသည် ဘုရားသခင်ထံမှစကားတော်ကို လက်ခံရရှိခဲ့ပါသည်။ ပညတ်တော်ဆယ်ပါးသည် လူကိုအသက်ရှင်ခြင်းသို့ပို့ဆောင်သင့်ပါသည်။ ဤပညတ်တော်သည် အသက်ကိုမပေးနိုင်၊ သို့သော်လည်း အသက်ရှင်ခြင်းသို့ လမ်းညွှန်ပေးပါသည် - "ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှါ ပညတ်တရားသည် ခရစ်တော်ထံသို့ ငါတို့ကိုပို့ဆောင်၍ ငါတို့၏အထိန်းဖြစ်သတည်း" (ဂလာတိ ၃း၂၄)။ လူသည် ပညတ်တော်ဆယ်ပါးကို လက်ခံ၍၊ ထိုပညတ်တော်ညွှန်ပြသော ခရစ်တော်ထံသို့ယုံကြည်ခြင်းဖြင့် မသွားလျှင်၊ ထိုသူသည် သေလျက်ရှိပါ၏။ ခရစ်တော်ကို လက်ခံယုံကြည်ရပါမည် - "ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏" (ယောဟန် ၁း၁၂)။

သူ့ကို ကိုးကွယ်ရပါမည်၊ မေရှိယကို ငြင်းပယ်သောသူတို့သည် အခြားသောဘုရားများကို ကိုးကွယ်တတ်ကြ၏။ ပညတ်ဆယ်ပါးဖြင့် မောရှေညွှန်ပြသောယေရှုကို လက်မခံနိုင်ကြပါ။ မေရှိယကြွလာတော်မည်ကို အာရုံမထားခဲ့ကြ၊ ထိုသူသည် သခင်ယေရှုခရစ်တော်ဖြစ်ပါသည်။ သူတို့လက်ဖြင့် လုပ်သောရုပ်တုဆင်းတုများကို ကိုးကွယ်၍ ပူဇော်ခဲ့ကြ၏။ ယဇ်ပုရောဟိတ်မင်းနှင့် လွှတ်တော်ရှိ လူတို့သည် မြင်နိုင်သောရုပ်တုကို မကိုးကွယ်ကြသော်လည်း၊ လူတို့တီထွင်သော ထုံးတမ်းစဉ်လာတို့ကို ကိုးကွယ်ခဲ့ကြပါသည်။

ပညတ်တော်ဆယ်ပါးသည် ယနေ့ယုံကြည်သူများအဖို့ အရေးကြီးသည်ဟု သင်ထင်ပါသလား။ အသက်ရှင်၍ စစ်မှန်သောဘုရားသခင်ကို သင်ကိုးကွယ်ပါသလား။

**ဆင်ခြင်ရန်** - ကျွန်ုပ်အသက်တာ၌ ရုပ်တုဆင်းတုရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်တပါးတည်းကိုသာ သားတော်အားဖြင့် ဝတ်ပြုကိုးကွယ်ခြင်းငှါ အကျွန်ုပ်အားမစတော်မူပါ။

# ရုပ်တုကိုးကွယ်ခြင်းအပြစ်

ဘုရားသခင်က မောရှေအားဖြင့်ရုပ်တုဆင်းတုကိုးကွယ်ခြင်းနှင့်ပတ်သတ်၍ ဤသို့ တရား ၄း၂၃-၂၄ ထဲတွင် သတိပေးခဲ့ပါသည် - "သင်တို့၏ ဘုရားသခင်ထာဝရဘုရားသည် သင်တို့၌ထား တော်မူသော ပဋိညာဉ်တရားကိုမေ့လျော့၍ သင်တို့ဘုရားသခင်ထာဝရဘုရား၊ ဘုရားမြစ်တားတော်မူ သောအရာတို့၏ သဏ္ဌာန်ရှိသောရုပ်တုကို မလုပ်မည်အကြောင်း ကိုယ့်ကိုကိုယ် သတိပြုကြလော့။ အကြောင်းမူကား သင်တို့၏ဘုရားသခင်ထာဝရဘုရားသည် လောင်သောမီး၊ အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရားဖြစ်တော်မူ၏"။

<u>ကောင်းကင်တန်ဆာများကို ကိုးကွယ်ခဲ့ကြ၏</u>၊ ဘုရားသခင်က ကောင်းကင်တန်ဆာကဲ့သို့ သော ရုပ်တုဆင်းတုပြုလုပ်ခြင်းကို ပြင်းထန်စွာတားမြစ်ထားတော်မူခဲ့ပါသည်။ "မိုးကောင်းကင်ကို မျှော်၍ နေ၊ လ၊ ကြယ်များတည်းဟူသော မိုးကောင်းကင်တန်ဆာရှိသမျှတို့ကို မြင်သောအခါ သင်တို့ ၏ ဘုရားသခင်ထာဝရဘုရားသည် မိုးကောင်းကင်အောက်၌ ရှိသမျှသောလူမျိုးတို့အား ဝေငှပေးကမ်း တော်မူသော ထိုတန်ဆာတို့ကို ဝတ်ပြုကိုးကွယ်စေခြင်းငှါ သူတပါးတို့သည်သွေးဆောင်၍ မရနိုင်မည် အကြောင်း၊ ကိုယ့်ကိုကိုယ် သတိပြုကြလော့" (တရား ၄း၁၉)။ သို့သော်လည်း ဘုရားသခင်၏ လူတို့သည် ကောင်းကင်တန်ဆာများကို ကိုးကွယ်ခဲ့ကြ၏။

<u>ရုပ်တုဆင်းတုများကို ကိုးကွယ်ခဲ့ကြ၏</u>၊ ထာဝရဘုရားက မိမိလူတို့၏စိတ်နှလုံးအား ရုပ်တု ဆင်းတုများအစား အသက်ရှင်၍ စစ်မှန်သောဘုရားသခင်ကို ကိုးကွယ်ကြစေခြင်းငှါ ပြင်ဆင်တော်မူ ခဲ့၏။ ဤအချက်ကို တဲတော်တည်ဆောက်ခြင်းအမှု၌ ပုံဆောင်ပြသခဲ့ပါသည်။ ဤတဲတော်၊ ဗိမာန် တော်တည်ဆောက်ခြင်းအတွက် ပုံသဏ္ဌာန်လည်းဖြစ်သောအရာက ခရစ်တော်ကိုပုံဆောင်ရည်ညွှန်း ခဲ့ပါသည်။ ခရစ်တော်ပြုမည့်အမှုနှင့် တာဝန်ကိုဖော်ပြခဲ့ပါသည်။ ဤလွှတ်တော်တရားစီရင်ရေးအဖွဲ့ ၌ ပါဝင်ကြသောပုဂ္ဂိုလ်တို့သည် ထိုသန့်ရှင်းရာဌာနပုံသဏ္ဌာန်တို့က သခင်ယေရှုခရစ်တော်၊ ဧမာနွေလကို ရည်ညွှန်းကြောင်းနားလည်သိမှတ်ခဲ့သင့်ပါသည်။ ရုပ်တုကိုးကွယ်ခြင်းက မျက်ကန်း ခြင်းနှင့် အကျင့်ပျက်ခြင်းသို့ ခေါ်ဆောင်တတ်၏။ ဤအပြစ်၏ ဆိုးကျိုးသည် နောင်မျိုးဆက်သုံးဆက် မှ လေးဆက်အထိ ကျရောက်တတ်ပါသည်။ ရုပ်တုဆင်းတုကိုးကွယ်သောသူတို့အား သူတို့ကိုးကွယ် သော၊ အသက်မရှိသော ထိုရုပ်တုများကဲ့သို့ဖြစ်ကြကြောင်း ခိုင်းနှိုင်းထားပါသည်။

သင့်အသင်းတော်၏ထင်ရှားသော ပုဂ္ဂိုလ်တို့၏ရုပ်တုများကို သင်ကိုးကွယ်ဝတ်ပြုပါ သလား။ ထိုသူတို့ကို စံထားကိုးကွယ်ခြင်းပြုပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံးထဲ၌ တစုံတယောက်သောသူကို ကျွန်တော်ခံစားကိုးကွယ်ခြင်း ပြုပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ရုပ်တုဆင်းတုကိုးကွယ်ခြင်းမျိုးစုံထဲမှ အကျွန်ုပ်ကို သန့်ရှင်းစင်ကြယ် စေတော်မူပါ။

သောကြာ၊ စက်တင်ဘာ (၂၅)

**တမန် ၇း၄၅-၅၀**

ထွက် ၂၅း၈-၉

*"ငါသည် သင်တို့တွင်ကျိန်းဝပ်ရာဘို့ သန့်ရှင်းရာဌာနကို လုပ်ကြစေ"*

# ဘုရားသခင်၏အိမ်တော်

ခရစ်တော်သည် တဲတော်ထက်သာ၍ ကြီးမြတ်တော်မူ၏။ "ပဌမတဲတော်မပျက်မီတိုင်အောင် သန့်ရှင်းရာဌာနသို့သွားသော လမ်းမဖွင့်သေးသော အကြောင်းကိုထိုအမှုအရာအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် အရိပ်ပေးတော်မူ၏။ ထိုတဲတော်ကား ပူဇော်သက္ကာနှင့် ယဇ်များတို့သည် ကိုယ့်ကိုကိုယ် သိသောစိတ်ကိုထောက်လျှင်လည်း ဝတ်ပြုသောသူအား စုံလင်ခြင်းအကျိုးကို မပေးနိုင်သည်ဖြစ်၍ စားစရာ၊ သောက်စရာအမျိုးမျိုးသော နှစ်စရာတည်းဟူသော ကိုယ်ခန္ဓာနှင့်ဆိုင်သောအထုံးအဖွဲ့များနှင့်တကွ အသစ်ပြုပြင်ခြင်းကာလတိုင်ရုံမျှသာ တည်ရကြ၏။ ယခုမှာ လူလက်ဖြင့်မလုပ်၊ ဤလောကဓံနှင့်မစပ်ဆိုင်၊ သာ၍ကြီးမြတ်စုံလင်သောတဲတော်၌ နောက်မင်္ဂလာအကျိုး၏ ယဇ်ပုရောဟိတ်မင်းဖြစ်သော ခရစ်ယာန်သည် ငါတို့အဖို့ ထာဝရရွေးနုတ်ခြင်းကျေးဇူးကို ခံရ၍ ဆိတ်အသွေး၊ နွားကလေးအသွေးတော်နှင့်မဟုတ်၊ မိမိအသွေးတော်နှင့် သန့်ရှင်းရာဌာနထဲသို့ တခါတည်းဝင်တော်မူ၏" (ဟေဗြဲ ၉း၈-၁၂)။

<u>တဲတော်</u>၊ ဤတဲတော်သည် ဘုရားသခင်က မိမိလူတို့နှင့်အတူရှိတော်မူကြောင်း ထင်ရှားစေသောအားဖြင့် တည်ဆောက်ရန် မိန့်တော်မူသောအိမ်တော်ဖြစ်ပါသည်။ "ငါသည် သင်တို့တွင်ကျိန်းဝပ်ရာဘို့ သန့်ရှင်းရာဌာနကို လုပ်ကြစေ။ ငါပြသမျှသောတဲတော်ပုံ၊ တဲတော်တန်ဆာပုံနှင့်အညီ လုပ်ရမည်" (ထွက် ၂၅း၈-၉)။ ဘုရားသခင်က မိမိလူတို့အား မိမိကိုသာဝတ်ပြုကိုးကွယ်စေလိုခဲ့ပြီး၊ တောထဲရှိအသင်းတော်အား တဲတော်၌ ပူဇော်သက္ကာတို့ကို ယူဆောင်လာခြင်းဖြင့် ကိုးကွယ်ခြင်းပြုရသောအခွင့်ကို ပေးတော်မူခဲ့၏။

<u>ဗိမာန်တော်</u>၊ ဒါဝိဒ်က ထာဝရဘုရားအတွက် အိမ်တော်ဆောက်လုပ်ပေးခြင်းငှါ မိမိ၌ဆန္ဒရှိကြောင်း ဖော်ပြသောအခါ၊ ပရောဖက်နာသန်က သင်ဆောက်ဖို့မလိုကြောင်း၊ သင့်သားက ဘုရားသခင်အတွက် ဗိမာန်တော်တည်ဆောက်မည်အကြောင်း ပြောကြားခဲ့ပါသည်။ "သင်သည် အသက်ကာလစေ့၍ ဘိုးဘေးတို့နှင့်အတူ အိပ်ပျော်သောအခါ သင်၏ရင်သွေး၊ သင်မှဆင်းသက်သော သားကိုငါချီးမြှောက်၍ သူ၏နိုင်ငံကိုတည်ထောင်မည်။ ထိုသားသည် ငါ၏နာမအဖို့ အိမ်ကိုဆောက်လိမ့်မည်။ သူထိုင်သော ရာဇပလ္လင်ကို အစဉ်အမြဲငါတည်စေမည်" (၂ ရာ ၇း၁၂-၁၃)။

<u>ပလ္လင်တော်</u>၊ ယုံကြည်သူလိုအပ်သောအရာကား တဲတော်မဟုတ်၊ ဗိမာန်တော်လည်းမဟုတ်ဘဲ၊ ပလ္လင်တော်ပေါ်၌ ထိုင်တော်မူသောဘုရားသခင်သာလျှင် ဖြစ်ပါသည်။ အဘယ်အဆောက်အဦးကမျှ ဘုရားသခင်အတူပါရှိတော်မူခြင်းကို အမှန်ကိုယ်စားမပြုနိုင်ပါ။ ဗိမာန်တော်တည်းဟူသော သခင်ယေရှုခရစ်တော်မှ တပါးအဘယ်သူမျှ ကိုယ်စားမပြုနိုင်ပါ။

ဝတ်ပြုကိုးကွယ်ခြင်း၌ ဘုရားသခင်ထက် နေရာကပို၍အရေးကြီးပါသလား။

**ဆင်ခြင်ရန်** - ဝတ်ပြုကိုးကွယ်ခြင်း၌ ကျွန်တော်သည်နေရာကြီးကျယ်ခမ်းနားမှုကို ဦးစားပေးသောသူဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော့်ကို ဝိညာဉ်တော်နှင့်ငှင်း၊ သမ္မာတရားနှင့်ငှင်း ကိုးကွယ်ဝတ်ပြုသောသူဖြစ်မည်အကြောင်း အကျွန်ုပ်အားမစတော်မူပါ။

စနေ၊ စက်တင်ဘာ (၂၆)

**တမန် ၇း၅၁-၅၃**

ယောဟန် ၁၀း၂၅-၂၈

*"ငါ့သိုးတို့သည် ငါ့စကားသံကိုနားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏"*

## လည်ပင်းခိုင်မာ၍အရေဖျားလှီးခြင်းမခံသောသူ

ခေါင်းမာသော၊ နာခံခြင်းမရှိသောသူတို့သည် ဘုရားသခင်၏အမှုတော်နှင့် ဘုရားသခင်၏ လူတို့အတွက် အဆိုးအတားနှင့်ရန်သူများကြပါသည်။ ထိုသို့သော လူတို့သည် ကမ္ဘာဦးကျမ်းမှစ၍တွေ့ရခဲ့ပြီး၊ ဗျာဒိတ်ကျမ်းဖော်ပြသောအချိန်အထိ ရှိနေကြပါလိမ့်မည်။ တမန်တော်များကဲ့သို့ ကျွန်တော်တို့သည် ထိုသို့သောစိတ်ခိုင်မာသောသူ၊ စိတ်နှလုံးနှင့်နားအရေဖျားလှီးခြင်းမခံသောသူတို့ကို ရင်ဆိုင်ရန်အသင့်ပြင်ဆင်ကြရပါမည်။

<u>သန့်ရှင်းသောဝိညာဉ်တော်ကို ဆန့်ကျင်ခြင်း</u>၊ ဤလူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ဆန့်ကျင်သောသူဖြစ်ကြ၏။ လူသည် ဘုရားသခင်ဝိညာဉ်တော်၏တန်ခိုးကို ဆီးတားနိုင်ပါမည်လော။ ဘုရားသခင်သည် အနန္တတန်ခိုးရှင်မဟုတ်သလော။ လည်ပင်းခိုင်မာသောသူ၊ အရေဖျားလှီးခြင်းမခံရသောသူတို့သည် ဒုတိယမွေးဖွားခြင်းမခံရသောသူဖြစ်၍ အပြစ်ဒုစရိုက်ထဲ၌ သေလျက်ရှိကြပါ၏။ ထို့ကြောင့် ဝိညာဉ်တော်၏နှိုးဆော်မှုကို မတုန့်ပြန်နိုင်ကြပါ။ သို့ဆိုလျှင်၊ ဘုရားသခင်၏အသက်ပေးနိုင်သောတန်ခိုးရှိသည်မဟုတ်လောဟု သင်မေးနိုင်ပါသည်။ ရှိပါ၏။ သို့သော်လည်း ဘုရားသခင်သည် ဤကမ္ဘာမတည်မရှိမှီကတည်းက မိမိရွေးနှုတ်ခဲ့သောသူတို့ထံသို့သာ အထူးကျေးဇူးတော်ကို ခံစားစေတော်မူ၏။ ဤလည်ပင်းခိုင်မာသော၊ အရေဖျားလှီးခြင်းမခံသောသူတို့သည် တုန့်ပြန်နိုင်စွမ်းမရှိသောကြောင့် အစဉ်ဆန့်ကျင်ခြင်းကိုပြုနေကြရ၏။

<u>ပရောဖက်တို့ကို ညှဉ်းဆဲခြင်း</u>၊ သူတို့သည် ဘုရားသခင်၏လူမဖြစ်ကြသောကြောင့်၊ စာတန်၏ လူဖြစ်ကြသောကြောင့် ဘုရားသခင်၏လူတို့ကို မုန်းတီးခဲ့ကြ၏။ သူတို့သည် ဘုရားသခင်၏လူတို့ကို ကာလ္တနခေတ်မှစ၍ အနာဂတ်အန္တိခရစ်၏ ခေတ်တိုင်အောင်ညှဉ်းဆဲနှိပ်စက်ကြပါလိမ့်မည်။ ပေါလုက ထိုသို့သောလူတို့အား - "သခင်ယေရှုမှစ၍ ပရောဖက်များကို အသေသတ်ကြပြီး ငါတို့ကိုလည်း ညှဉ်းဆဲကြပြီ။ ဘုရားသခင်၏အလိုတော်သို့မလိုက်၊ ခပ်သိမ်းသောလူတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ကြ၏။ တပါးအမျိုးသားတို့သည် ကယ်တင်ခြင်းသို့ရောက်စေခြင်းငှါ ငါတို့သည်ဟောပြောကြသည်ကို သူတို့သည်ဆီးတား၍၊ မိမိတို့အပြစ်ကို ပြည့်စုံစေကြ၏။ သူတို့အပေါ်၌ အမြတ်တော်သည် အကုန်အစင်ရောက်ရ၏" (၁ သက် ၂း၁၅-၁၆) ဟု ရည်ညွှန်းဖော်ပြခဲ့ပါသည်။

<u>ပညတ်တရားတော်ကို ငြင်းပယ်ခြင်း</u>၊ ဤလူတို့သည် ဘုရားသခင်၏ပညတ်တရားတော်မှ လမ်းလွဲသောသူဖြစ်ကြ၏။ ဤလူတို့ကို ယုဒဘာသာထဲ၌ ကနဦးအသင်းတော်ခေတ်တွင် တွေ့ရပြီး၊ ပေါလုသတိပေးခဲ့သည်အတိုင်း ခရစ်ယာန်အသင်းတော်များ၌လည်း များပြားစွာတွေ့ရနိုင်ပါသည် - "နောင်ကာလသည် ခဲယဉ်းသောကာလဖြစ်မည်ဟု သိမှတ်လော့" (၂ တိ ၃း၁)။

နောင်တရ၍ ယုံကြည်ခြင်းငှါဘုရားသခင်၏နှိုးဆော်တော်မူခြင်းကို သင်အစဉ်အမြဲ ဆန့်ကျင်နေပါသလား။ သမ္မာကျမ်းစာကို မယုံကြည်နိုင်၊ သံသယဝင်လျက် သင်ရှိနေပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် စိတ်နှလုံးခိုင်မာသောသူဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို လက်ခံလိုသောစိတ်နှလုံးကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၂၇)
**တမန် ၇း၅၄**
ယောဟန် ၁၆း၇-၁၁

*"ဥပဇ္ဈာယ်ဆရာသည် ရောက်လာလျှင်၊ ဒုစရိုက်အပြစ်ကိုဎင်း၊ အပြစ်ကင်းခြင်းကိုဎင်း၊ အပြစ်စီရင်ခြင်းကိုဎင်း၊ လောကီသားတို့အား ထင်ရှားစွာဘော်ပြမည်"*

# အပြစ်ရှိသောလူများ

အပြစ်ရှိသောဤလူတို့သည် အမျက်ထွက်ခဲ့ကြ၏။ အပြစ်ရှိသောသူ၏ သဘောသဘာဝအတိုင်း သူတို့သည် မုန်းတီးခြင်းနှင့်ပြည့်ဝကြ၏။ အပြစ်၏ကျေးကျွန်ဖြစ်ကြသောကြောင့် ကောင်းသောအမှုကို မပြုနိုင်ကြပါ။ မကောင်းမှုပြုခြင်း၌ အစီအစဉ်ရှိကြသည်ဖြစ်၍၊ သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၌ ကြံစည်ကြ၏။ ဤလူတို့သည် သတိပြုကြပါ။ ထိုကာလ၌ ဤလူတို့ရှိခဲ့ကြသည်ဖြစ်၍ ယနေ့တွင် ဘယ်လောက်များရှိကြလိမ့်မည်နည်း။

<u>နှလုံးကွဲပြတ်မတတ်ဖြစ်၍</u>၊ သူတို့သည် ဝိညာဉ်ရေးရာ၌ သေလူဖြစ်ကြသောကြောင့်၊ အသက်ရှင်ခြင်းနှင့်ဆိုင်သောအရာကို မတုန့်ပြန်နိုင်ခဲ့ကြပါ။ သူတို့၏ဆိုးသွမ်းသော၊ မုန်းတီးခြင်းနှင့် ပြည့်နှက်နေသောစိတ်နှလုံးသည် သတ်ဖြတ်ခြင်း၌သာ အားယူခြင်းရှိပါသည်။ စာတန်၏နှိုးဆော်ခြင်းခံရ၍၊ ထိုစာတန်၏အလိုအတိုင်း အမှုပြုတတ်ကြ၏။ သူတို့၏စိတ်နှလုံးသည် သတေဖန်ဟောပြောသောဘုရားသခင်၏ နှုတ်ကပတ်တော်က ကွဲပြတ်မတတ်ဖြစ်စေခဲ့ပါသည် (ဟေဗြဲ ၄း၁၂)။ သူတို့၏မာနကို ဟောပြောသောတရားတော်က ထိုးနှက်ခဲ့ပါသည်။ သူတို့၏အပြစ်ကိုမမြင်ခဲ့ကြ၊ သူတို့ပြုသောအမှုမှန်သည်ဟု ထင်လျက်ဒေါသထွက်ခဲ့ကြ၏။ သူတို့ဘဝ၌ ဘုရားသခင်၏အဆုံးစွန်အာဏာရှိတော်မူခြင်းကို နားလည်သဘောပေါက်ခြင်းမရှိခဲ့ကြပါ။

<u>အံသွားခဲကြိတ်ခြင်း</u>၊ ဝမ်းမြောက်သောကြောင့် သူတို့၏သွားပေါ်စေကြသည်မဟုတ်ဘဲ၊ မုန်းတီးခြင်းကြောင့် အံသွားခဲကြိတ်ခြင်းပြုကြ၏။ ဤသည်ကား အလွန်အမျက်ဒေါသထွက်ခြင်း၏လက္ခဏာဖြစ်ပါသည်။ သူတို့သည် မိုက်မဲခြင်း၏ဖုံးလွှမ်းခြင်းကို ခံခဲ့ရ၏။ တောရိုင်းတိရစ္ဆာန်ကဲ့သို့ ပြုမူလိုခြင်းရှိကြ၏။ သတ်ဖြတ်ခြင်း၌၊ သွေးထွက်စေခြင်း၌၊ အဆင်သင့်ရှိနေကြ၏။ ဘုရားသခင်၏သားသမီးတို့ကို ဖယ်ရှားသုတ်သင်လိုသောစာတန်၏ ဝိညာဉ်သည် သူတို့ကိုချည်နှောင်ထားလျက်ရှိ၏။ သူတို့၏သွေးသည် ဆူပွက်လျက်ရှိပါ၏။ အောက်၌ဖော်ပြထားသောစကားတော်တို့ကို အမှတ်ရ၍ခွန်အားယူခြင်း၌ ဘုရားသခင်သည်အကျွန်ုပ်တို့အား ကျေးဇူးတော်ခံစားစေတော်မူပါစေသော် - "ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့် ငါတို့ကို အဘယ်သူကွာစေမည်နည်း၊ အကယ်စင်စစ် ကိုယ်တော်အတွက် အကျွန်ုပ်တို့သည် အစဉ်မပြတ်အသေသတ်ခြင်းကို ခံရကြပါ၏။ သတ်ဖို့ရာထားသောသိုးကဲ့သို့ကျွန်ုပ်တို့ကို သူတပါးမှတ်တတ်ကြပါ၏ဟု ကျမ်းစာလာသည်နှင့်အညီ ဆင်းရဲငြိုငြင်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ မွတ်သိပ်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဘေးနှင့်တွေ့ဆုံခြင်း၊ ကွပ်မျက်ခြင်းတို့ကို ခံရသော်လည်း ထိုအမှုတို့တွင် ဘယ်အမှုတို့သည်ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်နှင့် ငါတို့ကို ကွာစေမည်နည်း။ မကွာစေသည်သာမက၊ ငါတို့ကိုချစ်တော်မူသော သူ၏ကျေးဇူးတော်ကြောင့်၊ ငါတို့သည်ထိုအမှုခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့်အောင်မြင်ကြ၏ " (ရောမ ၈း၃၅-၃၇)။

ထိုသို့သောဆန့်ကျင်ခြင်း ကြုံတွေ့ခြင်း၌ သင်အဆင်သင့်ရှိပါသလား။ ခရစ်တော်၏ သတင်းကောင်းအတွက် အရာခပ်သိမ်းကိုပေးဆပ်ခြင်း၌ သင်အဆင်သင့်ရှိပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့်သူ၏လူတို့အပေါ်၌ မုန်းတီးခြင်း အကျွန်ုပ်၌ရှိပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အပြစ်ကို ဖော်ပြသိမြင်စေလျက် နောင်တရခြင်း၌ အကျွန်ုပ်အား ကျေးဇူးတော်ချပေးသနားတော်မူပါ။

**တမန် ၇း၅၅-၅၆**
ယောဟန် ၁၄း၁-၄

*"... တဖန်လာပြန်၍ ငါရှိရာအရပ်၌သင်တို့ရှိစေခြင်းငှါ သင်တို့ကိုငါ့ထံသို့ သိမ်းဆည်းမည်"*

## ဝိညာဉ်တော်နှင့်ပြည့်စုံသော သန့်ရှင်းသူ

သန့်ရှင်းသောဝိညာဉ်ကို ဆန့်ကျင်ဆီးတားသောသူအား စိတ်နှလုံးခိုင်မာသောသူ၊ စိတ်နှလုံးအရေဖျားလီးခြင်းမခံသောသူဟု ဖော်ပြထားပြီး ဝိညာဉ်တော်နှင့်ပြည့်ဝသောသူသည် ဝမ်းမြောက်သောအချိန်၌ဖြစ်စေ၊ သေခြင်းကြုံတွေ့ရသောအချိန်၌ဖြစ်စေ၊ ဘုရားသခင်၏အလိုတော်သို့ အစဉ်ဆက်ကပ်သောသူဖြစ်ပါသည်။ သင်သည် အဘယ်တစ်ယောက်ဖြစ်ပါသနည်း။ တစ်စုံတစ်ယောက်က သင့်အပြစ်ဖော်ပြလျှင် အလွယ်တကူဒေါသထွက်လျက် ထိုသူကိုသင်ဖျက်ဆီးလိုပါသလား၊ သို့မဟုတ် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆုတောင်းခြင်းနှင့်တကွ ဆင်ခြင်တွေးတောလျက် မိမိကိုယ်ကို သုံးသပ်ခြင်းပြုပါသလား။

ဘုရားသခင်၏ဘုန်းတော်ကိုမြင်ခဲ့၏၊ ယနေ့ကျမ်းပိုဒ်၌ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဘုရား၏လူတို့ကို မုန်းတီးခြင်းမရှိကြောင်းတွေ့ရပါသည်။ မိမိကိုဖျက်ဆီးလိုသောလူတို့၏ ကြောက်စရာကောင်းမျက်နှာကိုမြင်ပြီးမှ သတေဖန်သည် တည်ငြိမ်စွာကောင်းကင်သို့ စေ့စေ့ကြည့်ခဲ့ပါသည်။ ဘုရားသခင်ကို ကိုးစားခြင်းရှိ၍။ ထို့ကြောင့် ဆာလံဆရာက ဤသို့ရဲရင့်စွာဆိုခဲ့ပါသည် - "ငါ့ကိုမစခြင်းအကြောင်းကို ပေါ်ထွက်ရသောတောင်ရိုးကို ငါမျှော်ကြည့်၏။ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသော ထာဝရဘုရားထံတော်မှ ငါ့ကိုမစခြင်းအကြောင်းသည် ပေါ်ထွက်ရ၏။ သင်၏ခြေကို ချော်စေခြင်းငှါ အခွင့်ပေးတော်မမူ၊ သင့်ကိုစောင့်သောသူသည် အိပ်တော်မမူ၊ အကယ်စင်စစ် ဣသရေလအမျိုးကို စောင့်သောသူသည် ငိုက်မြည်းအိပ်ပျော်ခြင်းရှိတော်မမူ၊ ထာဝရဘုရားသည် သင့်ကိုစောင့်တော်မူ၏။ ထာဝရဘုရားသည် သင်၏လက်ျာဘက်၌ ရှိသော သင်ခိုလှုံရာအရိပ်ဖြစ်တော်မူ၏" (ဆာလံ ၁၂၁း၁-၅)။ သတေဖန်သည် ဘုရားသခင်၏ ဘုန်းတော်နှင့်ဘုရားသခင်လက်ယာဘက်၌ ရပ်လျက်ရှိသောယေရှုကို မြင်ခဲ့ပါသည်။ မိမိကြုံတွေ့နေရသောအမှုကို ဘုရားသခင်သိတော်မူကြောင်း သူကောင်းကောင်းသိခဲ့ပါ၏။ မိမိအပေါ် ဂရုဏာသက်သောအမူအရာဖြင့် ယေရှုကိုသူမြင်ခဲ့၏။ ဘုရားသခင်သည် မိမိအပေါ်သစ္စာရှိသောသူတို့ကို ချစ်ခြင်းမေတ္တာတော်နှင့် ဖေးမနှစ်သိမ့်စောင့်ရှောက်တော်မူ၏။

လူသားကိုမြင်ခဲ့ပါသည်၊ သတေဖန်သည် ကောင်းကင်ဖွင့်လှစ်သည်ကို မြင်တွေ့ခဲ့၏။ မိမိအား ကြိုဆိုရန်အသင့်ရှိနေသော၊ ရပ်လျက်နေသောယေရှုကိုလည်း သူမြင်တွေ့ခဲ့၏။ မိမိချစ်သောကားတိုင်ပေါ်၌အသေခံခြင်းဖြင့် ရွေးနှုတ်ခဲ့သောသူကို စောင့်မျှော်လျက် ရပ်နေသောသခင်ယေရှုကို သတေဖန်မြင်တွေ့ခဲ့၏။ ယုံကြည်သူတို့သည် ပျောက်ဆုံးသောသူမဟုတ်ပါ။ ဘုန်းတော်ဝင်စား၍ ဘုရားသခင်နှင့်ထာဝရနေခြင်းငှါ ကောင်းကင်ဘုံရှင်သခင်သည် မိမိရွေးကောက်သောလူတို့ကို ကြိုဆိုလက်ခံရန်အသင့်ရှိတော်မူခဲ့၏။ ထို့ကြောင့် ဆာလံဆရာက ဤသို့ဆိုခဲ့၏-"ထာဝရရှေ့တော်၌ မိမိသန့်ရှင်းသူတို့၏သေခြင်းအရာသည် အဘိုးကြီးလှ၏" (ဆာလံ ၁၁၆း၁၅)။

ကောင်းကင်ဘုန်းတော်ဝင်စားခြင်းငှါ သင်သေချာပါသလား။ သခင်ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင်အဖြစ် သင်ယုံကြည်ကိုးစားခြင်းရှိပါသလား။

**ဆင်ခြင်ရန်** - ခရစ်တော်၌ ကျွန်တော်ထာဝရစိတ်ချမှုရှိပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ကြီးမြတ်တော်မူသော ကယ်တင်ခြင်းကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

**တမန် ၇း၅၇-၅၈**

ရောမ ၁း၂၈-၃၂

*“ဆဲရေးသောသူ၊ ဘုရားသခင်ကိုမုန်းသောသူ၊ ကြမ်းတမ်းသောသူ၊ မာနထောင်လွှားသောသူ၊ ဝါကြွားသောသူ . . . ”*

# ဘုရားသခင်ကိုမုန်းသောသူ

ဘုရားသခင်ကိုမုန်းသောသူသည် ကောင်းသောအမှုပြုခြင်း၌ ဝိညာဉ်တော်၏လမ်းပြမှု မခံရနိုင်ပါ။ သူတို့၏စိတ်နှလုံးသည် ဇာတိပကတိနှင့်ဆိုင်သော အပြစ်လိုအင်ဆန္ဒ၏ချုပ်နှောင်ခြင်းကို ခံရပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကဲ့ရဲ့တတ်ကြ၏။ သူတို့ပြုလိုသောအရာသည် အစဉ်မကောင်းမှုသာဖြစ်၍ သမ္မာတရားနှင့်ကောင်းသောအမှုကို သိနိုင်စွမ်းမရှိပါ။ “သူတို့ခြေသည် လူအသက်ကိုသတ်ခြင်း၌ လျင်မြန်၏၊ သူတို့သွားရာလမ်း၌ ပျက်ဆီးခြင်း၊ ဒုက္ခဆင်းရဲခြင်းရှိ၏။ ချမ်းသာလမ်းကို သူတို့မသိကြ၊ ဘုရားသခင်ကိုကြောက်ရွံ့ရသောအကြောင်းသည် သူတို့မျက်စိ၌ မထင်ဟု ကျမ်းစာလာသတည်း” (ရောမ ၃း၁၅-၁၈)။

<u>အော်ဟစ်၍နားကို ပိတ်ထားကြ၏</u>၊ ပြင်းစွာသောအသံဖြင့် ဟစ်ကြော်ခဲ့ကြပါသည်။ သူတို့၏ စိတ်နှလုံးကိုကွဲပြတ်မတတ်ဖြစ်စေသော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ထပ်၍မကြားလိုကြတော့ပါ။ ဘုရားသခင်နှင့်ဆိုင်သောအမှုကို မပြုလိုကြပါ။ ဘုရားသခင်ထံမှ ဘယ်အရာမျှ မကြားရတော့အောင် နားကိုပိတ်ထားကြပါသည်။ နှုတ်ကပတ်တော်က သူတို့အပြစ်ကိုဖော်ပြသောကြောင့် ထပ်၍မကြားလိုခဲ့ကြပါ။ စာတန်၏ဝိညာဉ်နှင့်ပြည့်ဝခဲ့ကြ၏။ ဝိညာဉ်တော်၏စကားကို မကြားလိုကြ၊ မပြောင်းလဲလိုကြဘဲ သူတို့စိတ်ထဲ၌ရှိသောအရာမှုကား ဖျက်ဆီးရန်ဆန္ဒသာလျှင် ဖြစ်ပါသည်။ ထို့ကြောင့် တညီတညွတ်တည်း သတေဖန်ဆီသို့ တဟုန်တည်းပြေးခဲ့ကြ၏။ သူတို့သည် သတေဖန်၏ဘုရားသခင်ကို မုန်းကြသောကြောင့် သူ့ကိုသတ်ခြင်း၌ စိတ်ပိုင်းဖြတ်ခဲ့ကြပါသည်။

<u>မြို့ပြင်သို့ထုတ်၍ ကျောက်ခဲဖြင့်ပစ်ခဲ့ကြ၏</u>၊ သတေဖန်ကို ဖမ်းဆီးကြပြီး မြို့ပြင်သို့ ထုတ်ခဲ့ကြပါသည်။ မြို့ပြင်၌အသေသတ်ခြင်းခံရသော မိမိ၏သခင်ယေရှုခရစ်တော်နည်းတူ သူ့ကိုလည်း မြို့ပြင်သို့ထုတ်ခဲ့ကြပါသည်။ သူတို့အား ကယ်တင်ခြင်းအကြောင်း ဟောပြော၍အလင်းသို့ ခေါ်ဆောင်လိုသော အပြစ်မဲ့သောသူကိုအကြောင်းမရှိဘဲ ကျောက်ခဲဖြင့် ပစ်သတ်ခဲ့ကြ၏။ မိမိကိုယ်ကို ထာဝရပြစ်ဒဏ်စီရင်ခြင်းခံရန် ပြုခဲ့ကြပါသည်တကား။ ထာဝရင၏မီးအိုင်သွားခြင်း၌ သူတို့၏ နာမည်ကို ရေးထိုးခဲ့ကြ၏။ ထိုနေရာ၌ ရှောလုဟူသော လုလင်တစ်ယောက်ရှိနေခဲ့ပါသည်။ သတေဖန်၏စကားကို ကြားခဲ့ရပါ၏။ သို့သော်လည်း၊ ထိုသူအဖို့အလင်းတွေ့ရှိခြင်း၌ ဘုရားသခင်ချိန်းချက်တော်မူသောအချိန်အခါ မဟုတ်သေးပါ။ ဘုရားသခင်သည် သတေဖန်နှင့်ရှောလု အသက်တာအတွက် ရည်ရွယ်ချက်အသီးသီးရှိတော်မူခဲ့၏။

ဘုရားသခင်၏နည်းလမ်းကို သင်မုန်းတီးပါသလား။ ဘုရားသခင်ကိုမုန်းတီးသောသူတို့ကို သင်မည်သို့ကိုင်တွယ်ဖြေရှင်းပါမည်နည်း။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသက်တာ၌ ဘုရားသခင်ပြုသောအမှုကို တခါတရံကျွန်တော်အလိုမရှိဖြစ်ခဲ့ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နည်းလမ်းတို့ကို သဘောပေါက်နားလည်ခြင်း၌ အကျွန်ုပ်အား ဉာဏ်ပညာပေးသနားတော်မူပါ။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၃၀)

**တမန် ၇း၅၉-၆၀**

လုကာ ၂၃း၃၄-၃၈

*"အိုအဘ၊ သူတို့၏အပြစ်ကိုလွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကိုမသိကြ"*

## သန့်ရှင်းသောသူများ

"သန့်ရှင်းသော" ဟူသောစကားလုံးက သန့်ရှင်းစင်ကြယ်ခြင်းနှင့်ဖြောင့်မတ်ခြင်းကို ရည်ညွှန်းပါသည်။ သန့်ရှင်းသောသူဆိုသည်မှာ ဘုရားသခင်ကခရစ်တော်အားဖြင့် ဖြောင့်မတ်စေတော်မူသော သန့်ရှင်းစင်ကြယ်စေခြင်းကို ခံရသောသူဖြစ်ပါသည်။ သူသည်ကျေးဇူးတော်ကြောင့် သခင်ယေရှုခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ရှေ့၌ဖြောင့်မတ်စေခြင်းကို အရင်ခံရခဲ့၏။ သန့်ရှင်းသောသူကို ဖော်ပြခြင်း၌ ကျွန်တော်တို့အမျိုးမျိုးအသုံးပြုနိုင်ပါသည်။ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းခံရသောအပြစ်သားဟု ခေါ်၍လည်းရပါ၏။ ဤကျမ်းပိုဒ်နှစ်ပိုဒ်တွင် သတေဖန်အား ဘုရားသခင်၏သန့်ရှင်းသောသူဟု မှတ်သားဖွယ်အချက်နှစ်ချက်ရှိပါ၏။

သေခြင်း၌ အသင့်ရှိခဲ့၏၊ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရသောသူဖြစ်သောကြောင့် သတေဖန်သည် မိမိအတွက် ခရစ်တော်ပြုတော်မူသော ကယ်တင်ခြင်းကို လုံးဝယုံကြည်ကိုးစားခြင်းရှိ၏။ ထို့ကြောင့် သူသည် ဘုရားသခင်ခေါ်တော်မူခြင်းခံရသောအချိန်၌ ဤဆိုးညစ်သောကမ္ဘာလောကမှ ထွက်သွားခြင်း၌ အသင့်ရှိခဲ့ပါသည်။ "ဘုရားသခင်၏ ပညတ်တို့ကိုင်၊ ယေရှု၏ယုံကြည်ခြင်းကိုင်၊ စောင့်ရှောက်သောသန့်ရှင်းသူတို့သည် ဤအရာ၌သည်းခံစရာ အကြောင်းမရှိ၊ တဖန်တုံ ကောင်းကင်အသံကား၊ ယခုမှစ၍ သခင်ဘုရား၌သေသောသူတို့ကို မင်္ဂလာရှိကြ၏ဟု ရေးထားလော့ဟု ပြောဆိုသည်ကိုငါကြား၏။ ဝိညာဉ်တော်ကလည်း ထိုသို့မှန်ပေ၏။ ထိုသူတို့သည် ပင်ပန်းခြင်းငြိမ်းမည့်အကြောင်းရှိ၍ သူတို့၏အကျင့်တို့သည်လည်း သူတို့နှင့်အတူ လိုက်ကြ၏ဟု မိန့်တော်မူ၏" (ဗျာဒိတ် ၁၄း၁၂-၁၃)။ သူသည် ဤကမ္ဘာလောကကို မခင်တွယ်ဘဲ ဘုရားသခင်က မိမိသားသမီးတို့အတွက် ပြင်ဆင်တော်မူသော ထာဝရအိမ်တော်ကိုသာ စိတ်အာရုံ ရောက်ခဲ့ပါသည်။

ခွင့်လွှတ်ခြင်း၌ အသင့်ရှိခဲ့၏၊ အခြားအံ့ဖွယ်လက္ခဏာတစ်ခုမှာ ခွင့်လွှတ်လိုသောစိတ်သဘောပင်ဖြစ်ပါသည်။ သတေဖန်သည် မိမိသခင်ကယ်တင်ရှင် ဆုတောင်းခဲ့သည့်အတိုင်း "ဤသူတို့ ပြုသောဒုစရိုက်အပြစ်ကို မှတ်တော်မမူပါနှင့်" (တမန် ၇း၆၀) ဟု ဆုတောင်းခဲ့ပါသည်။ ယေရှုက - "ငါ့စကားကို ကြားရသောသူတို့အား ငါဆိုသည်ကား သင်တို့၏ရန်သူတို့ကိုချစ်ကြလော့၊ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကိုကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို နှောက်ယှက်သောသူတို့အဖို့ ဘုရားသခင်ကို ဆုတောင်းကြလော့" (လုကာ ၆း၂၇-၂၈) ဟု မိန့်တော်မူ၏။ ယေရှုက တပည့်တော်တို့အား ဆုတောင်းခြင်းသင်ပေးတော်မူစဉ် - "သူတပါးသည် အကျွန်ုပ်တို့ကို ပြစ်မှားသောအပြစ်များကို အကျွန်ုပ်တို့သည်လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏အပြစ်များကိုလွှတ်တော်မူပါ" (မသဲ ၆း၁၂)ဟု သင်ပေးခဲ့ပါသည်။ ကျွန်တော်တို့သည် အမုန်းတရားများကို ဘဝ၌သိမ်းထားနေသေးခဲ့လျှင် ဘုရားသခင်ထံမှ ခွင့်လွှတ်တော်မူခြင်းကို ကျွန်တော်တို့အမှန်ရရှိခြင်း ရှိမရှိ မိမိကိုယ်ကို ဆန်းစစ်ဖို့လိုပါသည်။ စစ်မှန်သောယုံကြည်သူတိုင်းသည် ကျွန်ုပ်တို့၏အပြစ်ကြွေးကို ဘုရားသခင် ခွင့်လွှတ်ပေးတော်မူခဲ့ကြောင်း သေချာသိထားခဲ့ပါသည်။

ခွင့်လွှတ်ခြင်း၌ သင်အသင့်ရှိပါသလား။ သင့်အပြစ်များကို သခင်ယေရှုခရစ်တော် သွန်းလောင်းတော်မူသော အသွေးတော်အားဖြင့် ခွင့်လွှတ်ခြင်းခံခဲ့ရကြောင်း သင်သတိရအောက်မေ့ပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် သခင်ယေရှု၏အသွေးတော်ဖြင့် ဆေးကြောခြင်းခံရပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အား ကိုယ်တော်ခွင့်လွှတ်တော်မူသည့်အတိုင်း သူတပါးကို ခွင့်လွှတ်ခြင်း၌ အကျွန်ုပ်အား မစတော်မူပါ။



စာရေးဆက်သွယ်လိုပါက

Email - firstbpcmm@gmail.com
First Bible-Presbyterian Church
1271/B, Minkonkyaung St, Taungthugone, Insein.